www.burmeseclassic.com



# ရှင်မြတ်နိုး
၏
ကလောင်ခွဲ

လုံးချင်းဝတ္ထုသစ်

# သင်မြတ်နိုး

## နင်ဟာငါ့ရဲ့နတ်သားလေးပါ

ပန်းချီ သိန်းရွှေကြည်
2012

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ ● ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချမ်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ● ဦးကျင်ရင်(ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် ၁၇၉၊ ၃၁ လမ်း၊ ၁၁ ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ။

အုပ်ရေ ● ၅၀၀ အုပ်

တန်ဖိုး ● ၁၀၀ ကျပ်

ဖြန့်ချိရေး ● မိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 0951.63764, 095089894

၈၉၅.၈၃

သင်မြတ်နိုး
နင်ဟာ ငါ့ရဲ့ နတ်သားလေးပါ/ သင်မြတ်နိုး ။- ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၁။
(၂၅၆) စာ၊ ၁၂ စင်တီမီတာ x ၁၇.၇ စင်တီမီတာ
(၁) နင်ဟာ ငါ့ရဲ့ နတ်သားလေးပါ


## (၁)

မင်းအဓိပတိတဲ့…။ နှာတံချွန်ချွန်မြမြ ဆံပင်လေးတွေက ခွေခွေလိမ်လိမ် နဖူးလေးပေါ် ခွေကျရင်း မျက်ဝန်းတောက်တောက် တွေနှင့် ယောကျ်ားပီသစွာ ခန့်ညားချောမောလွန်းနေသော ယောကျ်ား တစ်ယောက်ကို ရွှေသုန္ဒရီ စတင်မြင်တွေ့လိုက်ရစဉ်မှာပင် အသက် ဆယ့်ငါးနှစ်အရွယ် ရွှေသုန္ဒရီနှင့် သက်တူရွယ်တူ ဖြစ်နေသော သူ့ကို စိတ်ဝင်တစားဖြစ်သွားရကာ သဘောကျနှစ်သက်မိသွားရလေသည်။

‘ဒီသူငယ်က မင်းအဓိပတိတဲ့ မိုးသက်စံ၊ အဓိပတိအဖေက ကိုယ့်သူငယ်ချင်းပဲ၊ တစ်ယောက်နဲ့တစ်ယောက် ကျေးဇူးမကင်းကြဘူး၊ အခု အဓိပတိရဲ့အဖေက ဆုံးသွားတော့ မိဘမဲ့ကလေးဖြစ်နေတယ်၊ ဒါကြောင့် သူ့အဖေက ကိုယ့်လက်ထဲ အပ်ထားခဲ့တာပဲ၊ ကိုယ်တို့ စောင့်ရှောက်ပေးရမယ်နော်’

‘ကိုရယ်… မိုးတို့မှာလည်း သားမှမရှိတာ၊ မင်းအဓိပတိအဖေ



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းကျော်က မိုးနဲ့လည်း ခင်မင်တာပဲ၊ အိမ်ထောင်ကျမှ ကွဲသွားခဲ့ကြတာလေ၊ စိတ်ချ… သားအဖြစ်နဲ့ မွေးစားပါ့မယ်၊ မိုးတာဝန်ယူပါတယ်နော်၊ သားလေး မင်းအဓိပတိ ဘာမှအားမငယ်နဲ့နော် မေမိုးတို့အိမ်မှာ လွတ်လွတ်လပ်လပ်ပျော်သလိုနေ၊ မင်းအိမ်လို သဘောထားပါ၊ ဒါက မေမိုးတို့ရဲ့ တစ်ဦးတည်းသောသမီးလေး ရွှေသုန္ဒရီတဲ့၊ မင်းအဖေနဲ့ မေမိုးတို့က ကျောင်းနေဘက်သူငယ်ချင်းတွေ၊ သားလေးကို မတွေ့ဖူးပေမယ့် လွန်ခဲ့တဲ့တစ်နှစ်လောက်ကတောင် မင်းအဖေနဲ့ တွေ့ဖြစ်သေးတယ်ကွယ်'

ကိုမင်းကျော်နှင့် တွေ့ခဲ့တုန်းက သားရေးသမီးရေးကိစ္စတွေ ပြောဖြစ်ခဲ့သေးတာပါ။ သတိရမိနေသည်။ သူ့သားနှင့် မိုးတို့သမီးလေး ရွှေသုန္ဒရီကို လက်ထပ်ပေးဖို့ပါ။ တစ်နေ့မှာပါ။ မင်းအဓိပတိဆိုတဲ့ကောင်လေးက မျက်နှာထားတည်တည်လေးနှင့် ချောတယ်၊ ကျောင်းစာမှာလည်း တော်တယ်လို့ပြောတယ်။ ဒေါ်မိုးသက်စံ သဘောတူနေမိသည်

'အဓိပတိ… သား ဘာမှအားနာစရာမလိုဘူးနော်၊ အောက်ထပ်မှာပဲ သားအတွက် အိပ်ခန်းပြင်ပေးထားတယ်၊ လွတ်လွတ်လပ်လပ်နေပါ၊ ကိုယ့်အိမ်လိုသဘောထားပါကွယ်'

'ဟုတ်ကဲ့ အန်ကယ်ညီ'





'အုတ်ခရေ… ဒီမှာ ပစ္စည်းတွေ အခန်းထဲထည့်ပေးပါဦး၊ …လေးက မောင်အုပ်ခတဲ့၊ သား ခိုင်းချင်တာ ခိုင်းလို့ရတယ်နော်၊ …အပ်တာလည်း ပြောပါ၊ အန်ကယ်ညီ့တိုက်က မင်းအားနာစရာမလို…အောင် နေထိုင်စားသောက်လို့ရတယ်'

'ဟုတ်ကဲ့'

မင်းအဓိပတိကို မျက်တောင်လေးပင် ခတ်ဖို့သတိမေ့လျော့ပြီး …မမျက်တောင်ခတ်တဲ့ အချိန်လေးအတွင်းမှာ မင်းအဓိပတိပုံရိပ်လေး …ပျောက်ကွယ်သွားမှာ ကြောက်မိသလိုလို။ မင်းအဓိပတိရဲ့ပုံရိပ်က …ရွှေသုန္ဒရီလေးရဲ့ နှလုံးသားအထိ စွဲငြိသွားရလေပြီ ဖြစ်သည်။ ရွှေသုန္ဒရီ …လည်း မာနတစ်ခွဲသားနှင့် ယောကျ်ားလေးတွေကို အရေးတယူလုပ်…တတ်တာမဟုတ်။ ကျောင်းမှာလည်း အပေါင်းအသင်းနည်းပြီး ရွှေသုန္ဒရီ…ာ အထာကြီးကြီးနဲ့ နေတတ်တာပါ။

'အစ်ကိုလေးအတွက် အခန်းအဆင်သင့်ဖြစ်ပါပြီ'

'လိုက်သွားလေ မင်းအဓိပတိ၊ သားလိုအပ်တာတွေလည်း ခိုင်းလို့ရတယ်၊ အုတ်ခ… မင်းအစ်ကိုလေးကို ဂရုစိုက်နော်'

'ဟုတ်ကဲ့… စိတ်ချပါခင်ဗျာ'

အုတ်ခဆိုတဲ့ အလုပ်သမားကောင်လေးက လာ၍ မင်းအဓိပတိအတွက် အခန်းအဆင်သင့်ဖြစ်ကြောင်းပြောသဖြင့် သူ ထလိုက်သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မဆီမဆိုင် အုတ်ခအား ဒေါသတွေဖြစ်သွားရလေသည်။ တော်တော် လေး အလိုက်ကန်းဆိုးမသိတဲ့ အုတ်ခ။ မင်းအဓိပတိ သူမရှေ့က ပျောက်ကွယ်သွားစေရန် လုပ်ဆောင်သည်။

'အန်ကယ်ညို-အန်တီစံ ခွင့်ပြုပါဦး'

'အေးကွယ်'

'အေး အေး'

မေမေ့ဘေးနားမှာ ငုတ်တုတ်လေးထိုင်နေတဲ့ ရွှေသုန္ဒရီကိုတော့ မင်းအဓိပတိက နှုတ်ဆက်ဖို့နေနေသာသာ လှည့်၍ပင်မကြည့်။ ဘယ် လောက်များ ဒေါသဖြစ်စရာကောင်းလဲ။ သူမနှုတ်ခမ်းလေး မသိမသာ စူထော်သွားရသည်။

'ကောင်စုတ်... ကြီးကျယ်ခမ်းနားနေလိုက်တာ၊ သူများအိမ် လည်း ကပ်နေသေးတယ် အရှုးကောင်'

သုန္ဒရီစိတ်ထဲကနေ မကျေမနပ်နှင့်ကြိတ်ပြီး ပြောဆိုပစ်မိသည်။ မင်းအဓိပတိ မာနတွေပြတာလား။ ဖေဖေနှင့်မေမေကလည်း သုန္ဒရီကို ဘေးမှာထားပြီး သမီးချောလေးတစ်ယောက် ရှိတယ်လို့များ ထင်မှတ် ကြသေးရဲ့လား။ မေမေဆို မင်းအဓိပတိအကြောင်း ချီးမွမ်းစကား ပြောမဆုံးနိုင်တော့။ မင်းအဓိပတိအရိပ် ပျောက်သွားလို့ သုန္ဒရီနှလုံးသား တွေ နာကျင်ကျင် ရှုံးနင့်နင့်လေး ခံစားနေရသည်။





'ကိုညိုရယ် ကိုမင်းသားလေးက ချောလိုက်တာ၊ မျက်နှာထား လေးကလည်း တည်တည်တင်းတင်းလေးနဲ့ လူကြီးတစ်ယောက်လိုပဲ နော်၊ ဣန္ဒြေရှိလိုက်တာ၊ မျက်နှာလေးကလည်း ယောကျ်ားပီသတယ်၊ အသားအရေလေးကလည်း ဝင်းဖန့်နုဖတ်နေတာပဲ၊ စာလည်း အရမ်း တော်တယ်ဆို'

'ဟုတ်တယ်စံ၊ သနားစရာကောင်းပါတယ်ကွာ၊ မိဘအမွေအနှစ် တွေ ဘယ်လောက်ပဲကျန်ပါစေ မိဘနှစ်ပါးစလုံးမရှိကြတော့ မင်းအဓိပတိ လေး အားငယ်နိုင်တယ် ဂရုစိုက်ကွာ'

'စိတ်ချ... စံတို့မှာလည်း သားမှမရှိတာ၊ သုန္ဒရီ... သမီး... မောင်မင်းအဓိပတိကို အားကျစမ်း၊ စာအရမ်းတော်တာပဲ၊ အတန်းထဲမှာ အဆင့်တစ်ချည်းပဲတဲ့၊ ကြားလား'

မေမေက သူမခေါင်းလေးကို ပုတ်ပြီး ထွက်သွားသဖြင့် သုန္ဒရီ တစ်ယောက်တည်း ငေါင်စင်းစင်းလေး ကျန်ခဲ့သည်။ ဖေဖေကလည်း ကုမ္ပဏီကို ထွက်သွား၏။ မင်းအဓိပတိရှိနေတဲ့ အောက်ထပ်က အခန်း လေးအား လွမ်းလွမ်းဆွတ်ဆွတ် ငေးမောကြည့်မိနေရင်း သုန္ဒရီ အပေါ် ပြန်တက်ရမှာ သူ့ခန္ဓာကိုယ်ကြီး လေးလံနေသလိုပင်။ သူမအခန်းဆီ ပြန်သွားရမှာ ဝန်လေးလာ၍ မင်းအဓိပတိအခန်းထဲ အကြောင်းမရှိ အကြောင်းရှာ သွားရန် စဉ်းစားနေမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'သုနန္ဒရီကို အဖက်မလုပ်သလို နှုတ်တောင်မဆက်တဲ့ကောင်စုတ်၊ ကြီးကျယ်ခမ်းနားနေတယ်၊ ဝင်ကို တွေ့ပစ်မယ်'

မင်းအဓိပတိလုပ်ရပ်အတွက် သုနန္ဒရီ နည်းနည်းလေးမှ မကျေနပ်မိ။ သူများအိမ်မှာလည်း ကပ်နေသေးတယ်၊ ဖေဖေပြောတာကတော့ မင်းအဓိပတိလည်း ခြံနဲ့တိုက်ရှိတယ်တဲ့။ သူ့အဖေရဲ့မှာစကားကြောင့် သုနန္ဒရီတို့မိဘတွေ အုပ်ထိန်းမှုအောက်မှာ လာနေတာတဲ့။ သူလည်း ချမ်းသာတာပဲဆိုပြီး ဘဝင်မြင့်နေတာဖြစ်မယ်။ သူမ နည်းနည်းလေးမှ မကျေနပ်မိ။ သူမ စားသောက်ခန်းထဲ ဝင်လာခဲ့သည်။

'အုတ်ခ'

'ဗျာ… မမလေး'

'နင်ဘာလုပ်နေတာလဲ'

'အစ်ကိုလေးက မိုက်ဆာတယ်ဆိုလို့ပါ၊ ခေါက်ဆွဲပြုတ်ပေးနေတာပါ မမလေး'

အုတ်ခက ခေါက်ဆွဲပြုတ်ကို ပန်းကန်ထဲထည့်နေရင်း အစ်ကိုလေးက သေသေသပ်သပ်လေး စားသောက်နေထိုင်တတ်တယ် မမလေး၊ သူ့အဝတ်အစားတွေ၊ အသုံးအဆောင်တွေကို ထားတာလည်း စိစိရိရိနဲ့ စည်းကမ်းကြီးပုံရတယ် မမလေးဟု ပြောနေသဖြင့် သူမနှုတ်ခမ်းလေး ကွေးညွှတ်တွန့်မဲ့သွားရသည်။ အဲ့ဒါဆိုရင်တော့ သေပြီပဲ။ သုနန္ဒရီက





[illegible]ပတာ။ အဝတ်အစားတွေဝတ်ပြီး ဟိုပစ်ဒီပစ်နှင့် အိမ်ဖော်ကောင်မလေးတွေ လိုက်သိမ်းပေးရသည်။ ပျင်းမလေး။ ဒါပေမဲ့ သူသိတာမှ ဟုတ်တာပဲ။

'ဟဲ့ အုတ်ခ… ပေး သူ့အခန်းထဲ မမလေး သွားပို့ပေးမယ်၊ ကိုယ့်အိမ်မှာ လာနေတဲ့သူဆိုတော့ မမလေးလည်း မာနပြနေလို့မဖြစ်သေးဘူးလေဟယ် နော်၊ နင်လုပ်စရာရှိတာ သွားလုပ်တော့'

'မမလေး'

'ဘာလဲ'

'အစ်ကိုလေးက ကြိုက်ပါ့မလား'

'ဘာပြောတယ်၊ ငါက ဘာမို့လို့လဲဟဲ့၊ အိမ်ရှင်လေ၊ သွား… စကားမရှည်နဲ့၊ ကြိုက်ကြိုက်မကြိုက်ကြိုက် နင်နဲ့မဆိုင်ဘူး၊ သွားတော့'

အုတ်ခ ဟုတ်ကဲ့ ဟုတ်ကဲ့ဆိုပြီး ကြောက်ကြောက်လန့်လန့် မျက်နှာလေးငယ်သွားကာ ထွက်သွားသည်။

'မင်းအဓိပတိ ကြိုက်ကြိုက် မကြိုက်ကြိုက် သုနန္ဒရီကတော့ နင်နဲ့ ခင်မင်ရင်းနှီးအောင် ကြိုးစားရမှာပဲလေ၊ မိတ်ဆွေအဆင့်လောက်လေးများ တစ်တိုက်တည်းမှာနေပြီး အဖြစ်သည်းမနေစမ်းပါနဲ့မင်းအဓိပတိ'

သူမ ခေါက်ဆွဲပြုတ်ပန်းကန်လေးကိုယူပြီး မင်းအဓိပတိအခန်းထဲ ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဝင်လာခဲ့မယ်နော် မင်းအဓိပတိ'

သူ့အခန်းက သော့ပိတ်မထား၍ သူမ ဝင်လာခဲ့ရာ သူလဲအိပ်နေရာကနေ ကပျာကယာထပြီး အလိုမကျတဲ့ မျက်နှာသုန်သုန်မှုန်မှုန်ဖြင့် ဖော်ရွေမှုကင်းစွာဖြင့် မင်း ဘာဖြစ်လို့ ဝင်လာတာလဲဟု တင်းတင်းပြတ်ပြတ် မေးသည်။

'မင်းအဓိပတိပဲ ဗိုက်ဆာလို့ဆို၊ အတ်ခက ဘာလုပ်တတ်မှာလဲ၊ သုန္ဒရီပြုတ်ပေးပြီး ယူလာခဲ့တာလေ'

'အမ်'

'ပြော'

'နောက်တစ်ခါ ကိုယ့်အခန်းထဲကို ဘယ်လိုအကြောင်းနဲ့မှ ဝင်မလာပါနဲ့'

'ဘာဖြစ်လို့လဲ'

'မင်းက မိန်းကလေးလေ'

'တစ်တိုက်တည်းနေကြတဲ့သူပဲဟာ၊ ပြီးတော့ သုန္ဒရီက အိမ်ရှင်ဖြစ်နေလို့ မင်းအဓိပတိကို ဧည့်ဝတ်ပြုတာပါနော်၊ အားမနာပါနဲ့၊ ခင်ခင်မင်မင်နေကြမယ်လေ'

'မင်းသွားတော့'

'ဟင်'





'ကိုယ်က မိန်းကလေးတွေနဲ့ ခင်ခင်မင်မင်မနေတတ်ဘူး၊ မင်းတို့တိုက်မှာ လာနေတာ ကိုယ့်အရွယ်သမီးမိန်းကလေး မရှိဘူးထင်လို့'

'ဘာပြောတယ်'

'ကိုယ့်အဖေကလည်း မသေခင် သားကို သူ့သူငယ်ချင်း ဦးမောင်မောင်ညိုတို့အုပ်ထိန်းမှုအောက်မှာပဲ စိတ်ချတယ်ဆိုလို့ လာနေတာ၊ မင်းကို မခင်ချင်ဘူး၊ မင်းသိထားဖို့ ပြောတာပါ'

မင်းအဓိပတိစကားသံတွေက မာထန်ပြတ်တောက်နေသလို အားနာမှုမရှိဘဲ မညှာမတာ၊ မျက်နှာမထောက်မထားပြောနေ၍လည်း သုန္ဒရီ မျက်နှာထူထူပူပူကြီး ဖြစ်သွားရလေသည်။ ခေါက်ဆွဲပြုတ်ပန်းကန်လေးကို သူ့ရှေ့မှာချပေးပြီး အရမ်းကို ချောမောလှပနေတဲ့ မင်းအဓိပတိရဲ့ မျက်နှာကိုကြည့်ချင်မိတဲ့စိတ်တွေ တားမရဆီးမရ ဖြစ်ပေါ်လာတော့လည်း သုန္ဒရီ ငေးမောကြည့်မိသွားသေးသည်။

'မင်းထွက်သွားတော့လေ'

'သွားတော့မှာပါ မင်းအဓိပတိ၊ သုန္ဒရီက ဒီတိုက်ပိုင်ရှင် ဦးမောင်မောင်ညိုနဲ့ ဒေါ်မိုးသက်စံတို့ရဲ့ တစ်ဦးတည်းသောသမီးလေးနော်၊ မျက်နှာကျောကြီးက တင်းမနေစမ်းပါနဲ့'

သုန္ဒရီမျက်တောင်းဝဲဝဲလေးနှင့်ပြောပြီး ထွက်လာခဲ့လေသည်။ ဆော်တော်လေး ဘဝင်မြင့်နေပုံပဲ။ အခြေက ခပ်ကြီးကြီး။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



လည်း သုနန္ဒရီ့စိတ်ခံစားမှုတွေ အံ့သြထူးဆန်းစွာ မင်းအဓိပတိအပြုအမူတွေအပေါ် စိတ်မဆိုးတဲ့အပြင် ခင်မင်ရင်းနှီးကျွမ်းဝင်လိုတဲ့ဆန္ဒတွေပဲ ဖြစ်ပေါ်နေခဲ့၏။

သုနန္ဒရီလည်း မိန်းမချောလေးပါပဲ။ မြင်ရသူငေးယူရတာပါ။ ချမ်းသာကြွယ်ဝတဲ့ လုပ်ငန်းရှင်မိဘတွေရဲ့ တစ်ဦးတည်းသော သမီးလေး။ မင်းအဓိပတိက အဖက်မလုပ်ပေ။ ဒေါသတွေ ဖြစ်သွားရသည်။

◆

'သုနန္ဒရီလေး… မိုက်ဆာနေပြီလား၊ စားသောက်ခန်းထဲဝင်လာပြီး မျက်နှာလေးက သုန်မှုန်မှုန်ပုပ်နေတာပဲ၊ မကျေနပ်စရာ ဘာတွေရှိနေလို့လဲကွယ်'

ဒေါ်ဒေါ်ခင်ထားက သူမကို ချစ်ပြီး အမြဲတမ်းတယုတယနှင့် လိုအပ်တာတွေ ဖြည့်စွမ်းပေးတတ်တဲ့ မေမေ့ရဲ့ ဝမ်းကွဲညီမပါ။ ငယ်စဉ်လေးကတည်းက သုနန္ဒရီတို့အိမ်မှာ နေထိုင်ခဲ့ကာ သုနန္ဒရီကို ထိန်းကျောင်းစောင့်ရှောက်နေသူဖြစ်သည်။

'ဘာမှမဟုတ်ပါဘူး၊ ဟုတ်တယ် သုန်လေး မိုက်ဆာနေပြီ ပေါင်မုန့်မီးကင်ပေး၊ ထောပတ်သုတ်ပေး'

'လုပ်ပေးမှာပေါ့ကွယ်၊ ဒီနေ့ သုန်လေးအစားအသောက်တွေက ထူးခြားတယ်ဟော့၊ ညှော်သည်ကောင်လေး မင်းအဓိပတိစားတဲ့ အစားအစာပဲ'





တကယ်ဆို သုနန္ဒရီက မုန့်ဟင်းခါးတွေ၊ အသုပ်တွေပဲ စားတာ။ ပေါင်မုန့်ဆို လုံးဝမကြိုက်တာ။ ဒါပေမဲ့ ဒီမနက်တော့ ပေါင်မုန့်ထောပတ်သုပ်ကို စားချင်စိတ်တွေ ပြင်းပြကာ ကြိုက်နေသည်။

'သုန်လေးအတွက်ဆို ဒေါ်ဒေါ်ထားက လုပ်ပေးပြီးသားပဲ၊ ကလေးမျက်နှာလေး သုန်မှုန်မထားစမ်းပါနဲ့၊ ဒေါ်ဒေါ်ထားပါ ငိုချင်လာလို့'

ဒေါ်ဒေါ်ထားကတော့ သုနန္ဒရီကို အလိုလည်းလိုက်တယ်၊ ချစ်လည်း ချစ်တယ်။ ဖေဖေကသာ မျက်နှာကြီးတင်းတင်းနဲ့ ဖခင်တာဝန်ကျေပြွန်ပေမယ့်လည်း သမီးကို မျက်နှာသာမပေးခဲ့။ မေမေကတော့ သုနန္ဒရီဘက်က။ မင်းအဓိပတိရဲ့ အဖေနဲ့က ဖေဖေက ပိုရင်းနှီးတာတဲ့။ ဖေဖေက မင်းအဓိပတိကို သမက်လောင်းအဖြစ် ရွေးချယ်ရင် ဘယ်သောက်ကောင်းမလဲ။

'သုန်လေး'

'အမလေး… လန့်လိုက်တာ ဒေါ်ဒေါ်ထားရယ်'

'သုန်လေး အတွေးတွေနဲ့ ဘာတွေများဒီလောက်အထိ စဉ်းစားနေရတာလဲ၊ မျက်ဝန်းလေးညှိုညှိုမှိုင်းမှိုင်းနဲ့ ဘာအလိုမကျတာများရှိနေလို့လဲကွယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟို… မင်းအဓိပတိဆိုတဲ့ ကောင်စုတ်လေး ဘဝင်မြင့်နေတယ် ထင်တယ်၊ ပြီးတော့လေ သုန်လေး အသက်ငယ်နေသေးတာကို မုန်းတယ်၊ မကျေနပ်ဘူးသိလား ဒေါ်ဒေါ်ထား'

'ဘာဖြစ်လို့လဲ သုန်လေးရဲ့၊ အသက်ဆယ့်ငါးနှစ်က အပျိုကြီး ဖားဖားလိုပဲ၊ သုန်လေးက ထွားကျိုင်းတယ်'

သုန်လေးစိတ်ထဲမှာ မြန်မြန်ကြီးချင်နေလေသည်။ ဖေဖေနှင့် မေမေတို့ရဲ့ အတွင်းစိတ်ထဲမှာ မင်းအဓိပတိကို ဘယ်လိုများသတ်မှတ်ထားးလဲ။

အရမ်းတော်ပြီး ထက်မြက်တဲ့ယောက်ျားတစ်ယောက်ကို မေမေက သမက်တော်ချင်နေတာတဲ့။ သုန္ဒရီက ရုပ်ရည်ချောမောခန့်ညားတဲ့ ယောက်ျားမှ သုန်လေးကကြိုက်မှာနော်ဆိုတော့ အရာအားလုံး ပြည့်စုံတဲ့ ယောက်ျားမှ ဖြစ်မှာနော်တဲ့။ ဒါဆို သမီး အပျိုကြီးပဲ ဖြစ်သွားလိမ့်မယ် ဆိုတော့ မေမေက ရယ်သည်။

ဖူးစာနဲ့ ကံကြမ္မာတွေကလည်း လိုအပ်ပါသေးတယ်တဲ့။ သမီးနဲ့ ဖူးစာဖက်ရမယ့်ယောက်ျား ဆိုရင် အကြောင်းအမျိုးမျိုးနဲ့ တွေ့ဆုံဖို့ ဖြစ်လာလိမ့်မယ်တဲ့လေ။ မင်းအဓိပတိဖြစ်နိုင်မလားပဲ။ သူမနှုတ်ခမ်းလေးပြုံးသွားတော့ ဒေါ်ဒေါ်ထားက ခုတစ်မျိုး တော်ကြာတစ်မျိုး တော်တော်ဆိုးတဲ့ကောင်မလေးဟု ပြောသည်။

☺



(၂)

မင်းအဓိပတိစိတ်ထဲမှာ ရွှေသုန္ဒရီဆိုတဲ့ ကောင်မလေးရဲ့ …်းယောက်ျားလေးတစ်ယောက်အပေါ် ကြည့်တဲ့ ရဲရဲတင်းတင်း …ကြည့်ရှုးရှုးတွေကို မနှစ်သက်မိ။

ဘယ်လိုကောင်မလေးမှန်းမသိပါဘူး။ မင်းအဓိပတိနဲ့က မနက် … တွေ့ကြတာ။ သူ့အခန်းထဲကိုလည်း အကြောင်းအရွှမရှိ ဝင်လာ…သည်။ အုတ်ခပြောတာတော့ မမလေးသုန်က အိမ်ရှင်ဧည့်ဝတ် …ပြန်ရမယ်ပြောပြီး အတင်းယူသွားတာတဲ့။

မိန်းကလေးဆိုတာ ဣန္ဒြေကြီးပြီး မာနရှိမှ တန်ဖိုးကြီးမားတဲ့ …လေး ဖြစ်မှာပါ။ ကိုယ့်ကိုကိုယ် တန်ဖိုးနှိမ့်ချထားတဲ့ မိန်းမမျိုးကို …တိ အမုန်းဆုံးပဲ။

'မောင်ညီနဲ့ မြသက်စံတို့အရိပ်မှာ သားနေထိုင်ခိုလှုံရမယ်၊ …ရေးမှာ ထူးချွန်ထက်မြက်အောင် သား ကြိုးစားရမယ်၊ ကျန်တ…



www.burmeseclassic.com

www.burmeseclassic.com



တော့ သားကိုယ်ပိုင်အခွင့်အရေးရှိပါတယ်၊ သားကိုယ်တိုင် လွတ် ပျော်ရွှင်စွာနေထိုင်ပါ'

ဖေဖေက နောက်ဆုံးအချိန်လေးမှာပင် အန်ကယ်ညီတို့ အုပ် မှုအောက်မှာ နေထိုင်ဖို့ ကတိတွေတောင်းခဲ့၍ အဓိပတိလက် ကတိတွေ ပေးလိုက်ရသည်။

ကျန်ခဲ့တဲ့အမွေပစ္စည်းတွေအားလုံး အန်ကယ်ညီက အုပ် ထား၏။ ဖေဖေဆုံးပြီး တစ်လပြည့်တဲ့နေ့မှာပင် ပြင်ဦးလွင်မြို့ သူ ရန်ကုန်သို့ လိုက်ခဲ့ရ၏။

အန်ကယ်ညီရော၊ အန်တီစံရော နွေးထွေးပျူငှာစွာ ဆီးကြို ပေမယ့် အဓိပတိစိတ်ထဲမှာ မနှစ်သက်တာက ရွှေသုန္ဒရီကို အကြည့်ရူးရူးတွေ မျက်တောင်မခတ် သူ့ဆီ ကျရောက်နေသ ရှန်းလက်တောက်ပနေတဲ့ မျက်ဝန်းတွေကတစ်ဆင့် သူမအတွင်းစိ ပေါ်တင်ကြီး ပြသနေ၏။ အဓိပတိတောင် အနေရခက်တယ်။

ထို့ကြောင့်ပင် ရွှေသုန္ဒရီကို အရောတဝင် မနေထိုင်ဖို့ ဆုံးဖြတ် လိုက်သည်။

'ကိုယ်က ဘဝင်မြင့်ပြီး ကြီးကျယ်ပြနေတာမဟုတ်ဘူး ရွှေ ယောကျ်ားလေးတစ်ယောက်ကို အရှက်သိက္ခာမရှိ ဝင်ရောချင်တဲ့ မိ တစ်ယောက်ကို အထင်သေးတာ'





စောစောစီးစီးကတည်းက အရောတဝင်မနေထားမှ လူကြီးချင်း သဘောတူလို့ လက်ထပ်ပေးတာတွေ ဘာတွေ မဖြစ်မှာ။

ကိုယ်အမြင်အကပ်ဆုံးမိန်းမတွေထဲမှာ ပညာရေးညံ့ဖျင်းပြီး လက်ကြောမတင်းဘဲ ယောကျ်ားလေးကို အကြောက်အလန့်မရှိ ရင်းနှီး ကျွမ်းဝင်အောင် လုပ်တာရယ်၊ မာနမရှိတာရယ်ပဲ။ မင်းလို မိန်းကလေး မျိုးလေ။

ဖေဖေ့ဆန္ဒ အရသာ သူ လာရောက်နေထိုင်ရပေမယ့် သမီးပျို လေးတစ်ယောက် ရှိနေ၍ မလွတ်လပ်ပေ။

'ဆရာလေး မနက်စာအတွက် ဘာဟင်းတွေများ စားချင်လဲလို့ ဒေါ်ဒေါ်ထားက မေးခိုင်းလိုက်ပါတယ်'

သူ တံခါးပိတ်ထား၍ အပြင်မှ အုတ်ခက မေးနေသည်။ အန်ကယ်ညီတို့ကတော့ ဂရုစိုက်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေ ရှိကြ၍ နှစ်ယောက်လုံး မအားလပ်ကြ။ ရွှေသုန္ဒရီပဲ သူ့စိတ်တွေကို အနှောက်အယှက်ပေးနေသည်။

'ဘာပဲဖြစ်ဖြစ် စားတယ် အုတ်ခ၊ အထူးအထွေမလုပ်ပါနဲ့လို့'

'အစ်ကိုလေး အားမနာနဲ့နော်၊ ဖေဖေညီရော မေမေစံကရော မှာထားတယ်၊ အစ်ကိုလေးကို ဂရုစိုက်ပါတဲ့'

'ကျေးဇူးပါပဲကွာ အစ်ကိုလေးက ကြေးမများပါဘူး အုတ်ခ၊ အဆင်ပြေတာပဲ စီစဉ်ပါလို့ ပြောပေးကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့'

အိမ်ပတိက စားသောက်စရာတွေလည်း မက်မက်မောမောမရှိ။ သူ့ဝေယျာဝစ္စတွေလည်း ကိုယ်တိုင်ပဲလုပ်တယ်။ သူငယ်ငယ်လေးကတည်းက မေမေ လေ့ကျင့်ပေးထားတာပါ။ တစ်ဦးတည်းသောသားဆိုတာ ကိုယ့်အားကိုယ်ကိုးတတ်ရမယ်တဲ့။ အခု သူ့မှာ မိဘတွေမရှိတော့တဲ့အချိန်တွင် တစ်ယောက်တည်း နေတတ်သည်။

'ရှူး… ဖောက်… ဖောက်'

'ဖောက်… ဖောက်'

'ရှူး'

'ဖောက်… ဖောက်'

ခြံထဲမှအသံတွေကြောင့် ဘာသံတွေလဲဆိုပြီး အိမ်ပတိ ထကြည့်၏။ နေရာမှထကာ ပြတင်းပေါက်ကနေ ခြံထဲလှမ်းကြည့်မိတော့ ရွှေသုန္ဒရီနှင့် ကောင်လေးတစ်ယောက် ကြက်တောင်ရိုက်နေကြတာပဲ။ ခြံကြီးထဲမှာ ရေကူးကန်ရော၊ ကြက်တောင်ကွင်းရော ရှိနေသည်။

'ရှူး… ဖောက်… ဖောက်'

'ကံသာ… နင်အရမ်းညံ့တယ်၊ မိန်းကလေးတစ်ယောက်ကို တောင် နိုင်အောင် မရိုက်နိုင်ဘူး၊ အသုံးမကျတဲ့ကောင်ပဲ'

ရွှေသုန္ဒရီက ကောင်လေးလက်မောင်းကို ရိုက်ပုတ်နေတာ





အိမ်ပတိ တွေ့လိုက်ရသဖြင့် ယောကျ်ားလေးတစ်ယောက်နှင့် အရောတဝင်နေတာ အကျင့်လိုဖြစ်နေပြီဟု ထင်နေမိသည်။ အိမ်ပတိ မနှစ်သက်ဆုံးပဲ။ မိဘတွေကလည်း မရှိတော့ ပိုပြီးလွတ်လပ်နေ၏။ တံခါးကို မြန်ပိတ်၍ လိုက်ကာနှင့်ပါ ကာထားပစ်လိုက်သည်။

'ရှူး… ဖောက်… ဖောက်'

'ဖောက်'

'ကံသာ… နင် ထဘီဝတ်ထားဖို့ကောင်းတယ်၊ သုန္ဒရီကို တောင် နိုင်အောင်မကစားနိုင်ဘူး အရူး'

'သုန္ဒရီနော် နင့်ကို အလျှော့ပေးထားတာ သိလား'

'အစိပ္ပာယ်မရှိလိုက်တာ၊ အသုံးမကျရင် အသုံးမကျဘူးပြော၊ ဘာမှအရှုံးပေးစရာမလိုဘူး၊ နိုင်အောင်ကစား'

'ဟား… ဟား… ဟား'

အိမ်ပတိ ကြားနေရတာ စိတ်ပျက်မိသည်။ ရွှေသုန္ဒရီ ဝတ်ထားတဲ့ အဝတ်အစားကလည်း ကြည့်ဦး။ ပေါင်တံဖွေးဖွေးနုနုတွေ အရင်းအထိ မြင်နေရပြီ။ ဝတ်ထားတဲ့ ဘောင်းဘီက တိုလွန်းနေ၏။ အရှက်မရှိတဲ့ကောင်မလေး။ အန်ကယ်ညိုက အလိုလိုက်လွန်းသည်ဟု ထင်သည်။

'ဟား… ဟား… ဟား'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်း… ဟင်း… ဟင်း'

ရယ်သံတွေကို ဥပေက္ခာပြုဖို့ စာအုပ်တစ်အုပ်ကိုယူပြီး ဖတ်နေတာ စိတ်က မဝင်စား။ ရွှေသုန္ဒရီ့အပြုအမူတွေကို ခြံထဲဆင်းပြီး တားဆီးပစ်လိုနေသည်။ အဓိပတိနဲ့တော့ မဆိုင်ပါဘူး။ ပျံ့တန်တန် နန့်တန်တန်နဲ့ မိန်းကလေးဖြစ်ပြီး ဣန္ဒြေသိက္ခာကို မရှိဘူးဟု ထင်သည်။

'တော်ပြီဟာ နှင်းကညှို့တယ်၊ အသုံးကိုမကျဘူး၊ အလကားကောင်စုတ်၊ ဒေါ်ဒေါ်ထားရေ… ခြံထဲကို အအေးလာချပေးပါ'

'အေး အေး'

ပြတင်းပေါက်လိုက်ကာလေး လှင့်ခနဲဖြစ်သွားပြီး မင်းအဓိပတိ ထွက်ကြည့်တာ သုန္ဒရီတွေ့လိုက်ရ၍ မနာလိုဝန်တိုဖြစ်သွားမှာပဲဟု တွေးကာ ကျေနပ်သွားရသည်။

'သုန္ဒရီ'

'ပြော'

'နှင်းတို့တိုက်မှာ ကောင်လေးတစ်ယောက် လာနေတယ်ဆို'

'အင်း'

'ဘယ်ကလဲ၊ ဘာကောင်လဲ၊ နှင်းတို့နဲ့ ဘယ်လိုပတ်သက်နေတာလဲ သုန်'

'အမလေး နှင့်မေးခွန်းတွေကလည်း များလိုက်တာဟာ၊ သိချင်မနေပါနဲ့ နှင်းနဲ့မဆိုင်ပါဘူး'





'နှင်းနဲ့မဆိုင်ဘူး ဟုတ်လား သုန္ဒရီ၊ ဘာဖြစ်လို့များ ဒီလိုရက်စက်စက် ပြောရတာလဲဟာ၊ ကံသာ ချစ်မြတ်နိုးရတဲ့ သုန္ဒရီ့အနားမှာ ကောင်လေးတစ်ယောက် အနိုးကပ်ရှိနေတာ ငါနဲ့မဆိုင်ဘူးလား'

'ကံသာ… အရှုး ပေါက်ကရတွေ လျှောက်ပြောမနေနဲ့၊ သူကြီးက မင်းအဓိပတိတဲ့၊ ဖေဖေ့သူငယ်ချင်းရဲ့သား၊ သူ့မိဘတွေက ဆုံးသွားကြလို့ ဖေဖေ့လက်ထဲ အပ်ခဲ့တာ၊ သူကချမ်းသာတယ်နော်၊ တွေတိုက်တွေ ရှိတယ်'

'နှင်က အထင်ကြီးနေတာလား သုန္ဒရီ'

ကံသာ ထိတ်ထိတ်ပြာပြာ မျက်လုံးပြူးမျက်ဆံပြူးနှင့် စိုးရိမ်ကြီးမေးနေသဖြင့် သုန္ဒရီ ရယ်ပစ်သည်။

'နှင် ဘာရယ်နေတာလဲ၊ ဒီကောင်ရောက်လာတာက နှင် အရမ်းပျော်စရာကောင်းလား'

'အင်းလေ'

'ဘာပြောတယ်'

'ကံသာရယ် ဘာဖြစ်တာလဲဟဲ့ အလန့်တကြား၊ မင်းအဓိပတိ ပတ်သက်ပြီးတော့ သုန္ဒရီ့ကို လာမကန့်ကွက်နဲ့နော် ဒါပဲ'

ကံသာ မကျေနပ်။ သုန္ဒရီကိုယ်တိုင်က မင်းအဓိပတိဆိုတဲ့ ကောင်ကို အရေးတယူပြောဆိုဆက်ဆံနေလေသည်။ သူကြိတ်ပြီးချစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ သုန္ဒရီကို ထိပါးလို့ကတော့ မင်း သေပြီသာမှတ်။ မင်းဟာ ဘယ်လောက်အထိပဲ ချမ်းသာချမ်းသာ။ စိတ်ထဲကနေကြိတ်ပြီး ကြ ပစ်သည်။

'ကလေးတွေ အအေးသောက်ကြဦးနော်၊ ဘယ်လိုလဲ အ ပင်ပန်းသွားကြပြီလား၊ မောင်ကံသာကရော သုန်လေးကို မနိုင်ပြန် ထင်တယ်'

'ကျွန်တော်က အမြဲတမ်း သုန္ဒရီအပေါ် အနိုင်မယူဖို့ ဆုံးဖြ ထားတယ်၊ အရှုံးပေးတာပါ'

'ဘာပြောတယ် ကောင်စုတ်၊ ဘာတမင်အရှုံးပေးတာလဲ၊ ထ ပြန်ကစားမယ်၊ အနိုင်ကစား၊ နင်ရှုံးရင် ညံ့ဖျင်းတဲ့ယောကျ်ားတ ယောက်အဖြစ် သတ်မှတ်ပြီး သူငယ်ချင်းအဖြစ်က စွန့်လွှတ်မ ကြားလား'

ညံ့ဖျင်းတဲ့ ခပ်ညံ့ညံ့ယောကျ်ားတွေကို သုန္ဒရီမုန်းတယ်။ ကံသ ဘာကောင်လဲ မသိဘူး။ သုန္ဒရီနှင့် ကစားတိုင်း အမြဲတမ်းမနိုင်ဘူ တမင်အရှုံးပေးတာတဲ့။ အမြင်ကတ်လိုက်တာ။ သူမက မကျေမနပ် ထနိုင်းပေမယ့် ကံသာက ဆက်ထိုင်နေသည်။

'ထလေ ကောင်စုတ်၊ ပြန်ကစားမယ်၊ ရှုံးရဲရှုံးကြည့် နင်သ မယ်'





'တော်ပြီ သုန္ဒရီ ပြန်တော့မယ်ဟာ၊ စိတ်မပါတော့ဘူး'

'မရဘူး ကစားရမယ်၊ ငါ့ကို အနိုင်ကစားရမယ်၊ ရှုံးရဲ ရှုံးကြည့်'

'ရှုံးမှာပဲ'

'စိတ်ဓာတ်ပျော့တဲ့ကောင်၊ တော်ပြီ နင့်ကိုမခေါ်တော့ဘူး၊ မုန်းတယ်'

ကံသာ့စိတ်တွေထဲမှာ မင်းအမိပတီဆိုတဲ့ကောင်ကြောင့် စိုးရိမ်ပူပန်မှုတွေ လောင်မြိုက်သွားသည်။ သူ့နှလုံးသားထဲမှာ သုန္ဒရီကို ချစ်မြတ်နိုးမိတာ ဖွင့်မပြောရဲဘဲ ဖြစ်နေရ၏။ သုန္ဒရီ သိသွားရင် သူ့ကို မုန်းသွားမှာပါ။

ငယ်သူငယ်ချင်း ကျောင်းနေဘက် မူကြိုအရွယ်ကတည်းက အတူတူကျောင်းတက်လာခဲ့ကြတဲ့ တစ်ရပ်ကွက်တည်းမှာ နေထိုင်လာကြတဲ့ သူတွေပါ။ သုန္ဒရီ့အနားမှာ ယောကျ်ားလေးတစ်ယောက် ရှိနေတယ်ဆိုတဲ့အသိက ကံသာ့စိတ်တွေကို လေးလံထိုင်းမှိုင်းသွားစေလေသည်။

'ပြန်တော့မယ် သုန္ဒရီ'

'ပြန်'

'ငါပြန်ပြီး သုန္ဒရီကို အနိုင်ရဖို့ ကြိုးစားလေ့ကျင့်လိုက်ဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကြိုးစား ကြိုးစား... သုန္ဒရီအကြောင်း သိတယ်နော်'

'စောင့်ကြည့်လေ နောက်ဆို သုန္ဒရီကို အနိုင်ယူပြမယ်'

သုန္ဒရီက အသုံးမကျတဲ့သူ၊ အမြဲတမ်းအရှုံးတွေနှင့် ခပ်ညံ့ညံ့ ယောကျ်ားမျိုးတွေကို မနှစ်သက်တတ်။

ကံသာကလည်း ကံသာပဲ သုန္ဒရီကို ဘယ်လိုနည်းနှင့်မှ အနိုင်မယူရက်။ အရှုံးပဲပေးနေမိသည်။ ကံသာချစ်မြတ်နိုးရတဲ့ သုန္ဒရီ အောင်နိုင်သူကြီးအဖြစ် အပြုံးဝင့်ဝင့်ကြွား ကြွားတွေ ပိုင်ဆိုင်စေလိုခဲ့၏။ သူရှုံးသွားတိုင်း သူ့ကို ပျစ်ပျစ်နှစ်နှစ် နှိမ်နှိမ်ချချပြောဆိုပြီး ရယ်မောတတ်သူ။ နောက်ပိုင်းတော့ သူ အရှုံးပေးနေလို့ မဖြစ်တော့ဘူး။ အနိုင်ယူရမယ်။ မင်းအဓိပတိနဲ့ ယှဉ်ပြိုင်ရမယ့်။

ကံသာ နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။

'ကံသာ ကောင်စုတ် ဘယ်တော့မှ တက်တက်ကြွကြွမရှိဘူး၊ နင်ကြိုးစားလေ့ကျင့်လာခဲ့၊ မိန်းကလေးကိုတောင်ရှုံးတဲ့ကောင် အခြောက်ပဲ'

'သမီးသုန်လေးရယ် မောင်ကံသာက သမီးလေးအပေါ်တော့ သံယောဇဉ်ကြီးရှာပါတယ်၊ အမြဲတမ်းအလျှော့ပေးတယ်၊ အရမ်းလည်း ပြောဆိုမနေပါနဲ့ကွယ်'

'သုန်လေးကတော့ ဒီကောင့်ကို အထင်မကြီးပါဘူး၊ မိန်းကလေး





အစ်ယောက်ကို အရှုံးပေးတာကြီးကတော့ အမြင်ကတ်တယ်'

သူမ သတိရသွားမိတာက မင်းအဓိပတိကိုပင်။ သူရော ကြက်တောင်ရိုက်တတ်လား။ သွားခေါ်ကြည့်ရင် ကောင်းမယ်။ အလကား တနေပြနေတဲ့ကောင်။ အနိုင်ရိုက်ပြရမယ်။ ခေါ်ခေါ်ထားက အထဲပြန်ဝင်သွားသည်။

'ဟုတ်တယ်... မင်းအဓိပတိနဲ့ ပြိုင်ရမယ်၊ သူနဲ့ ရင်းနှီးအောင် လုပ်ချင်တယ်၊ သွားမယ်'

စောစောက လိုက်ကာဖွင့်ကြည့်ကတည်းက သူစိတ်ဝင်စားလို့ပဲပေါ့။ မနာလိုဝန်တိုဖြစ်သွားမှာ သေချာတယ်။ သုန္ဒရီစိတ်ထဲမှာ မင်းအဓိပတိနဲ့ ကြက်တောင်ရိုက်ချင်တဲ့ ဆန္ဒတွေ ပြင်းပြစွာဖြစ်ပါလာနေတာ တားမရ ဆီးမရ။

ထို့ကြောင့်ပင် တိုက်ကြီးထဲပြန်ဝင်လာခဲ့သည်။ မင်းအဓိပတိ အခန်းဝမှာ ခြေစုံရပ်ပစ်လိုက်၏။ တံခါးပိတ်ထားသဖြင့် အဖြစ်သည်းလွန်းတဲ့သူဆိုပြီး အမြင်ကတ်ကတ်နှင့် တံခါးကို ထုပစ်လိုက်သည်။

'ဒုန်း... ဒုန်း'

'ဒုန်း'

'အဓိပတိ တံခါးခဏဖွင့်ပါ၊ ပြောစရာရှိလို့'

သူမ ထုနေပေမယ့် တံခါးကမဖွင့်ပေ။ အထဲမှာ ဘာသံမှလည်း



www.burmeseclassic.com

www.burmeseclassic.com



ခြောအေး ကြီးကျယ်နေတာပါ။ ရွှေသုန္ဒရီကိုများ အဖက်မတန်သလိုနဲ့၊ ဆါသခြစ်ခြစ်နှင့် သူ့အခန်းတံခါးကို သူမခန္ဓာကိုယ်လေးနှင့် ဆောင့်တွန်းတွင်းဖွင့်လိုက်သည်။

'ဝုန်း'

'အမလေး'

'ဟင်'

တံခါးက အလိုက်သင့်ပွင့်သွားပြီး သူမခန္ဓာကိုယ်လေးပါ သူ့အခန်းထဲ တံခါးနှင့်အတူပါသွားပြီး ကြမ်းပြင်ပေါ် ဝုန်းခနဲပြိုလဲကျသွားလေသည်။

'အား... ကျွတ်... ကျွတ်'

သူမအဖွင့်မှာ သူက တံခါးဖွင့်လိုက်တာပါ။ သုန္ဒရီ ရုတ်တရက်မထနိုင်တော့။ နာလိုက်တာ။ ကြမ်းပြင်ပေါ် ဖင်ထိုင်ကျသွားသဖြင့် သူမခါးက နာကျင်နေသည်။

'အား... ကျွတ်... ကျွတ်'

သူမမျက်နှာလေး ရှုံ့မဲ့ပြီး ထဖို့ပြင်ပေမယ့် မထနိုင်။ ဒီလောက်နာကျင်စွာအော်ဟစ်ရင်း မထနိုင်တာကိုပင် ကူညီခြင်းမရှိဘဲ သူရပ်ကြည့်နေသည်။

'နင်... နင်... အရမ်းရက်စက်တယ် အဓိပတိ၊ တမင်အကျင့်





လုတ်ပြီး သုန္ဒရီတွန်းနေမှန်းသိလို့ ဖွင့်လိုက်တာမဟုတ်လား၊ အား... နာလိုက်တာ'

သုန္ဒရီမျက်နှာကို သူ ရှုးခနဲတစ်ချက်ကြည့်ပြီး ပြန်လှည့်ထွက်သွားသည်။

'အဓိပတိ'

'မင်းဟာမင်းဖြစ်တာ လူကိုမတရားလာစွပ်စွဲမနေနဲ့နော်'

'အား... ကျွတ်... ကျွတ်'

မင်းအဓိပတိက လှည့်တောင်မကြည့်ဘဲ အပြင်ကို ထွက်သွားသည်။ သုန္ဒရီ ဘာမှမတတ်နိုင်တော့။ လဲနေရာကနေ ကြိုးစားပြီး ထလိုက်ရ၏။ ခါးဆီမှ နာကျင်လွန်းနေ၍ ခဏရပ်နေပြီးမှ အပြင်ကို ဖြည်းဖြည်းလျှောက်၍ ထွက်လာရလေသည်။

☺



www.burmeseclassic.com

www.burmeseclassic.com

## (၃)

သုန္ဒရီဆိုတဲ့ကောင်မလေးက ဘယ်လိုကောင်မလေး
ယောကျ်ားလေးတွေနှင့် သိပ်မစိမ်းသလိုပင်။ ကံသာဆိုတဲ့ကော
လည်း ပုတ်လိုက်ခတ်လိုက်နှင့်။ သူ အသံတွေကြားနေရတာ သ
မကျသလို ဖြစ်နေသည်။

အခုလည်း မိန်းကလေးဖြစ်ပြီး သူ့အိပ်ခန်းထဲ ဘာလာလုပ်
လဲ။ ရဲတင်းလွန်းတယ်။ အဓိပတိမကြိုက်။ သုန္ဒရီက အရမ်းလှ
ချောမောတဲ့ကောင်မလေးဖြစ်နေပေမယ့် သူမကိုယ်သူမ တန်
မမြှင့်တင်တတ်တဲ့ အပေါစားမိန်းကလေးတစ်ယောက်အဖြစ် အ
အမြင်သေးနေမိလေသည်။

'မင်းလို ရုပ်ပလာ ရုပ်ပလာ ကောင်မလေးတွေကို အ
မကြိုက်ဘူး ရွှေသုန္ဒရီ၊ မင်းမှာ မာနတွေ ရှိသင့်တယ်၊ ဝတ်စားထား
လည်း ကြည့်ပါဦး၊ ယောကျ်ားလေးတွေကို တမင်မြူဆွယ်ပြနေ





မင်းအဓိပတိ စိတ်ထဲမှ ဒေါသတွေနှင့် ရွှေသုန္ဒရီကို အထင်သေးနေမိသည်။ ဣန္ဒြေသိက္ခာကင်းမဲ့လွန်းသည်ဟု သူထင်နေမိ၏။ အားကစားလုပ်နေတာဆိုပေမယ့်လည်း သူမပေါင်တံဖြူဖြူဖွေးဖွေးတွေက မမြင်ချင်မှအဆုံး။ ဘာကောင်မလေးမှန်းမသိဘူး။

သူ့အခန်းထဲလည်း ဝင်ချင်သလိုဝင်၊ ထွက်ချင်သလိုထွက်။ အဓိပတိမနှစ်သက်မိ။ သုန္ဒရီ လဲပြိုကျသွားတာ ထနိုင်ပါ့မလားဟု သူတွေးမိပြီး ပူပန်သွားရပေမယ့် သူ အပြင်ကို ထွက်လာခဲ့သည်။

'အစ်ကိုလေး'

'ဟင်… အတ်ခ ဘာဖြစ်လို့လဲ၊ ရွှေသုန္ဒရီ လုံးဝမထနိုင်တော့ဘူးလား'

'ဗျာ… အစ်ကိုလေး'

'မင်း အရေးတကြီး နောက်ကနေလိုက်လာတာ ရွှေသုန္ဒရီ ဘာဖြစ်နေလို့လဲ ပြောလေ အတ်ခ'

'မမလေးကြောင့် မဟုတ်ပါဘူး၊ ကျွန်တော့်ကို အစ်ကိုလေး ခေါ်ထားတာ အခန်းထဲမှာမတွေ့လို့ ခြံထဲလာရှာတာပါ'

'ဟာကွာ'

ရွှေသုန္ဒရီအတွက် မဆင်မခြင်စိုးရိမ်တကြီးဖြစ်သွားရသည့် သူ့မျက်နှာက တင်းသွားသည်။ ရွှေသုန္ဒရီနှင့်ပတ်သက်လာလျှင်တော့ တည်ငြိမ်ငြိမ်ရှိနေဖို့ အရေးကြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



'မမလေးဘာဖြစ်လို့လဲဟင်'

'စောစောက ချော်လဲသွားတာတွေလို့'

'မမလေးက ဒီလိုပဲအစ်ကိုလေး၊ အရမ်းကလေးဆန်တယ်၊ ချစ်စရာကောင်းတယ်မဟုတ်လား အစ်ကိုလေး'

'အုတ်ခ... မင်းကိုခေါ်တာ ငါ့အခန်းသန့်ရှင်းရေးလုပ်ခိုင်းဖို့ပဲ သွားတော့'

သူ ခြံထဲမှာပဲ ဆက်ထိုင်နေမိလေသည်။ ရွှေသုန္ဒရီတို့ ကြက်တောင်ရိုက်တဲ့ကွင်းက သူ့ရှေ့မှာပါ။ သူ့မျက်လုံးတွေထဲမှာ ရွှေသုန္ဒရီ ပုံရိပ်တွေ မကြာခဏ ထင်ဟပ်လာတတ်၍ ဆက်မထိုင်လိုတော့။ ရွှေသုန္ဒရီ ခါးရိုးများ ကျိုးသွားပြီလားဟု တွေးမိတော့လည်း သူ ဥပေက္ခာပြုထားခဲ့တာ အရမ်းရိုင်းပျလွန်းသည်ဟု တွေးမိပြန်သည်။ ရွှေသုန္ဒရီအကြောင်း မတွေးတော့ဘူးဟု သူ့စိတ်တွေကို ထိန်းချုပ်ထားပစ်လိုက်၏။ ယောက်ျားလေးတွေနှင့် အရောတဝင်နေထိုင်တတ်တဲ့ အကျင့်စရိုက်တွေကို သူ အမြင်ကတ်သည်။

'မောင်ရင်... မောင်ရင် ဒီမှာ... မင်း ကားမောင်းတတ်လား ကွယ်၊ သုန်လေး ခါးနာလို့တဲ့ အရမ်းအော်နေတယ်'

'ဗျာ'

'သူ့အဖေဆီ ဖုန်းဆက်တာလည်း မရဘူး၊ သုန်လေး ချော်လဲလာလို့ပါ၊ ခါးရိုးကျိုးသွားပြီတဲ့'





'ဟုတ်လား'

'ဒီမှာ အုတ်ခ ကျောပိုးခေါ်လာပြီ၊ မောင်ရင်လေး ကားမောင်းတတ်လားလို့ပါ'

အုတ်ခက ကျောချပိုး၍ ရွှေသုန္ဒရီကို ခေါ်ထုတ်လာတာ တွေ့လိုက်ရသည်။ သူ စိတ်တော့ပူပေမယ့် ရွှေသုန္ဒရီ ဘာမှမဖြစ်ဘဲ ဓာယာများမှာ ကြောက်၍ သူ ကားမမောင်းတတ်ကြောင်း ပြောလိုက်၏။ သုန္ဒရီကတော့ မျက်နှာလေး ရှုံ့မဲ့နေသည်။

'အား... ကျွတ်... ကျွတ် နာတယ်၊ အဓိပတိ ကားမောင်းလိုက်ပို့ပေးပါ၊ You ကြောင့် နာတာလေ'

'ဟင်... သမီးသုန်လေး ချော်လဲတာ မောင်ရင်လေးတွန်းချလိုက်တာလား'

'မဟုတ်တာပဲ၊ ကျွန်တော် ဘာမှမလုပ်ပါဘူး၊ သူ့ဟာသူ လဲတာပါ'

'ဟုတ်တယ်လေ၊ You အခန်းထဲဝင်တာ You က တံခါးကို ဆောင့်မခြင်ဖွင့်လိုက်လို့ အရှိန်နဲ့ လဲတာပဲ'

'ကိုယ် ကားမမောင်းတတ်ဘူး၊ ကိုယ့်အသက်က ကားမောင်းတတ်တဲ့အရွယ်မှ မဟုတ်တာပဲ၊ အုတ်ခ Taxi ငှားပေးလိုက်လေ'

'အား Taxi မစီးချင်ပါဘူး၊ ကြမ်းတယ်၊ ခါးနာနေပါတယ်ဆို'



www.burmeseclassic.com

www.burmeseclassic.com



မင်းအဓိပတိ ကားမကောင်းတတ်ဘူးဆိုတာ မဖြစ်နိုင်ပါဘူး သက်သက်ကပ်တာပဲ။ သူ့မိဘတွေကလည်း ကိုယ်ပိုင်ကားရှိတာပဲ နေလည်း နေနိုင်တဲ့ကောင်။

'မင်းအဓိပတိက လူကောင်ထွားတာပဲ၊ ဘယ်သူက အသ ၁၅ နှစ်လို့ ထင်မှာလဲ၊ မောင်းတတ်တယ်မဟုတ်လား၊ ကိုယ့်ကား သွားမယ်'

'ကိုယ်မမောင်းတတ်ဘူးလို့ ပြောနေတယ်လေ၊ ဒါဆိုလည် ဆရာဝန်ကို ဖုန်းဆက်ခေါ်လိုက်၊ အိမ်အထိ ဝန်ဆောင်မှုပေးနေ ကိုယ်ပိုင်ဆေးခန်းတွေရှိတယ်'

'နင် အရမ်းကို နေနိုင်တဲ့ကောင်ပဲ၊ လူမှုရေးမရှိဘူး၊ တော် ဘယ်ဆေးခန်းမှ မသွားတော့ဘူး ကျိုးပစေ'

'မဟုတ်တာပဲ သုန်လေးရယ်၊ မောင်မင်းအဓိပတိပြောသလို ဆေးခန်းကြီးတွေဆီ ဖုန်းဆက်ပြီး အိမ်အထိ ခေါ်လိုက်ရမလား'

'ရတယ် ရတယ် ဖေဖေတို့ပြန်လာမှပဲ သွားတော့မယ်၊ အုတ် အထဲပြန်ဝင်မယ်'

တကယ်တော့ သူမခါးက နာနေတာပင်ပျောက်သွား၍ မ မနပ်ဖြစ်ရသည်။ မင်းအဓိပတိက သူမ ဘာဖြစ်သွားသေးလဲလို့ စိုး တကြီးမေးကြောင်း အုတ်ခပြော၍ ချက်ချင်းခါးကျိုးသလိုလို ထ





ပြီး ဆေးရုံသွားဖို့ လုပ်တာပါ။ ခါးက အနာသက်သာသွား၍ တိုက်ထဲ ပြန်ဝင်လာခဲ့သည်။

'ဟဲ့… အုတ်ခ နင်ပြောတော့ မမလေး ဘာဖြစ်လဲလို့ စိုးရိမ် တကြီး မေးတယ်ဆို'

'မေးတယ်လေ၊ ကျွန်တော်က အစ်ကိုလေးလို့ပဲ ခေါ်ရသေး ဘယ် သူက ရွှေသုန္ဒရီ ဘာဖြစ်လို့လဲလို့ စိုးရိမ်တကြီးမေးတာ၊ ကျွန် တော်တောင် ကြောင်ပြီး ဘာဖြစ်လို့လဲမေးတော့ စောစောက ချော်လဲ လို့တဲ့'

'သူ့အခန်းထဲမှာလေ၊ အကြင်နာတရားမရှိတဲ့လူ၊ အခြောက် တိုက်ဘဝင်မြင့်နေတဲ့ ကောင်စုတ်'

'မမလေးက ခါးမနာဘဲ အစ်ကိုလေးရှေ့မှာ ပဲများပြတာကိုး'

'တော်စမ်း သွားတော့'

သူမ အိပ်ခန်းထဲရောက်တော့ အုတ်ခကို မောင်းထုတ်ပစ်လိုက် သည်။ ဒေါ်ဒေါ်ထား ဝင်လာ၏။ သုန္ဒရီကို အရမ်းစိတ်ပူနေသည်။

'သုန်လေး နေလို့ရရဲ့လား၊ မောင်မင်းအဓိပတိအခန်းထဲအဝင်မှာ ချော်လဲတာလား၊ ယောကျ်ားလေးတစ်ယောက်အခန်းထဲ ဘာဝင်လုပ်ရ တာလဲကွယ်'

'သူ့ကို ကြက်တောင်ရိုက်တတ်လားလို့ သွားမေးတာပါ၊ ဒီ ကောင်က အခြောက်တိုက်ဘဝင်မြင့်နေတာ သိလား'



www.burmeseclassic.com

www.burmeseclassic.com



'မောင်ကံသာကမှ သုန်လေးအပေါ် ဂရုစိုက်တာလေ၊ ဟုတ်တယ် မင်းအဓိပတိမျက်နှာထားက တင်းနေတာပဲ'

ဘဝင်မြင့်နေတဲ့ကောင်ကိုမှ သုန္ဒရီကလည်း ခင်မင်ရင်းနှီးချင်နေသည်။ ကံသာ့ကိုတော့ အထင်မကြီးပါဘူး။ ငတုံး။ သုန္ဒရီကို အလျှော့ပေးဖို့၊ အရှုံးပေးဖို့ကဲ ကြိုးစားနေတာယ်။ အစွမ်းအစမရှိဘူး။ ကျောင်းစာမှာလည်း သုန္ဒရီနဲ့အပြိုင်ညှိတာ။ အဆင့်ကို သုန္ဒရီထက် ဘယ်တော့မှ အထက်မှာမနေဘူးတဲ့။ အညှိချင်းလာပြိုင်နေသေးတယ်။ ကံသာကတော့ သုန္ဒရီ့ခိုင်းဖတ် ဖြစ်နေသည်။

'သုန်လေး အသာငြိမ်နေမယ်၊ ဖေဖေတို့ ပြန်လာမှ ဆေးခန်းပြသင့်ရင် ပြမယ်လေ ထားခဲ့တော့'

'ဒေါ်ဒေါ်ထား ဆားကြပ်ထုတ် ထိုးပေးရမလားကွယ်'

'မလိုပါဘူး သွားတော့'

မေမေ့ဆီ ဖုန်းဆက်တာလည်း တမင်ဖုန်းနံပါတ်လွဲဆက်နေတာကို ဒေါ်ဒေါ်ထားက မသိပေ။ မင်းအဓိပတိများ သည်းသည်းလှုပ်စိုးရိမ်တကြီး လိုက်ပို့မလားလို့ပါ။ နေနိုင်လိုက်တာ။ နှင့်မှာ အသည်းနှလုံးတွေ၊ အကြင်နာတရားတွေမှ ရှိသေးရဲ့လားဟယ်။ ရွှေသုန္ဒရီတွေးမိတိုင်း ဒေါသတွေ ထွက်နေသည်။ သူမအခန်းထဲမှာ တစ်ယောက်တည်း အိပ်နေရင်း မင်းအဓိပတိရဲ့ အပြုအမူတွေအတွက် အလိုမကျမိခင်မင်ရင်းနှီးအောင် ဘယ်လိုလုပ်ရမလဲဟု တွေးသည်။





'မင်းအဓိပတိက စာအရမ်းတော်တယ်၊ မေမေ့ကိုပြောပြီး စာသင်ခိုင်းရင်ကောင်းမယ်၊ ဟုတ်တယ်၊ တစ်နည်းနည်းနဲ့တော့ မင်းအဓိပတိနဲ့ ရင်းနှီးမှု အရယူမယ်'

သုန္ဒရီစိတ်ထဲမှာ မင်းအဓိပတိကို တဖြည်းဖြည်းနှင့် စွဲလန်းနှစ်သက်လာလေ ဖြစ်နေသည်။ အရမ်းကို တည်ခန့်တယ်။ အရွယ်နဲ့မလိုက်အောင် လူကြီးဆန်တယ်။ အရမ်းလည်း နှုတ်ချိုသွက်ချောမောနေတာပဲ။ မင်းအဓိပတိကို ရွှေသုန္ဒရီပဲ အပိုင်ရစေရမယ်။ နှင်ဘယ်လောက်အထိများ ရွှေသုန္ဒရီကို ဥပေက္ခာပြုထားနိုင်မလဲ စောင့်ကြည့်လေ။

'မမလေး… မမလေး'

'ဟင်… လန့်လိုက်တာ အုတ်ခရယ်၊ ဘာဖြစ်လာတာလဲ'

'ဟိုလေ အစ်ကိုလေးမင်းအဓိပတိက သူ့ဒွေးဆီကို ဖုန်းဆက်လိုက်လို့ မေမေကြီးစံတို့ ပြန်လာနေတယ်'

'ဟင်… ဒုက္ခပါပဲ'

'ဘာဖြစ်လို့လဲ'

'မမလေးက ဘာမှမဖြစ်တော့ဘူး၊ ဆေးရုံသွားဖို့မှ မလိုတာ'

'အစ်ကိုလေးက ခါးရိုးကျိုးသွားတယ်ပြောလို့ ပုဂ္ဂလိကဆေးခန်းကိုတောင် အိမ်အရောက် အရိုးအကြောဆရာဝန်နဲ့ ဝန်ဆောင်မှုပေးဖို့ဖုန်းဆက်ခေါ်ထားလိုက်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



'သေရောပဲ'

သုန္ဒရီ ဘယ်လိုလုပ်ရမှန်းပင် မသိတော့။ ဖေဖေရော မေမေရော ပြန်လာပြီတဲ့။ သုန္ဒရီက ဘာမှမဖြစ်တော့ဘူး။ သုန္ဒရီလို အားကစားသမားတစ်ယောက်က ဒီလောက်လေးလဲတာ ဘာဖြစ်ရမှာလဲလို့ မင်းအဓိပတိများ အဖြစ်သည်းမလားလို့ပါ။

'ဟော... ကားသံကြားတယ် မမလေး၊ ဆေးရုံကားကြီးတောင် ပါလာတယ်'

'ဟယ်... ဒုက္ခပါပဲ၊ မမလေးက ဘာမှမဖြစ်ဘူး'

'မထူးတော့ပါဘူး၊ အစမ်းသပ်ခံလိုက်ပါ မမလေးရယ်'

'အင်းလေ... ဘယ်တတ်နိုင်တော့မှာလဲ'

ဖေဖေနှင့်မေမေ စိုးရိမ်တကြီးမျက်ဝန်းတွေနှင့် အခန်းထဲဝင်လာကြပြီး သုန္ဒရီကို မေးမြန်းကြတော့သည်။

'သမီးလေးသုန် ဘယ်လိုဖြစ်ရတာလဲကွယ်၊ ခါးဘာဖြစ်သွားတာလဲ၊ ချော်လဲတာဆို'

'မကြာခင်ဆေးရုံကား ရောက်လာလိမ့်မယ် သမီး၊ ဆေးရုံတက်မလား'

'အဲ့ဒီလောက်ကြီးတော့ မဖြစ်ဘူးထင်တယ် မေမေ၊ စောစောကတော့ အရမ်းနာတာ၊ သေမတတ်ပဲ၊ အခု ဒေါ်ဒေါ်ထားက ဒဏ်ကြေလိမ်းဆေးတွေ လိမ်းပေးလိုက်လို့ထင်တယ် သက်သာနေပြီ'





'မင်းသမီးက အသည်းငယ်တာဖြစ်လိမ့်မယ် စံ၊ ဒါပေမဲ့လည်း ဆေးရုံကားက လာတော့မယ်၊ လိုအပ်တဲ့ စစ်ဆေးမှုတွေ လုပ်လိုက်၊ ကိုယ်ကတော့ ပြန်သွားရမယ်၊ ကုမ္ပဏီမှာ အလုပ်တွေရှိသေးတယ်လေ'

ဖေဖေကတော့ သုန္ဒရီအား နည်းနည်းမှ အလိုမလိုက်ဘူး။ စစ်ဆေးဖို့ပဲပြောပြီး ကုမ္ပဏီကို ပြန်ထွက်သွား၍ သုန္ဒရီ နှုတ်ခမ်းလေးက စူထော်ချင်သွားသည်။ ကိုယ့်မှာ သမီးလေးတစ်ယောက်ပဲ ရှိတာပါ။

'ဖေဖေက အလုပ်တွေများတဲ့ကြားကနေ သမီးချော်လဲလို့ဆိုတော့ အလုပ်တွေထားခဲ့ပြီး ပြေးလာတာလေ၊ သုန်လေးရယ် မေမေနှင့် စိတ်ပူလိုက်ရတာ၊ တကယ်ရောသက်သာရဲ့လား၊ မင်းအဓိပတိပွဲဆက်လို့ပေါ့၊ သမီးရော ဘာဖြစ်လို့မဆက်ရတာလဲကွယ်'

သုန္ဒရီ ငြိမ်နေလိုက်သည်။ သူမမှ မဆက်တာ။ စောစောကနည်းက ဘာမှလည်း မဖြစ်ဘူး။ ရုတ်တရက်မထနိုင်လောက်ရုံလေးပဲ ဖြစ်သည်။

ခဏကြာတော့ အထူးကုဆေးရုံကြီးမှ ဝန်ဆောင်မှုကား ရောက်လာကာ ဆရာဝန်တွေလည်း ပါလာပြီး သုန္ဒရီကို စမ်းသပ်စစ်ဆေးမှုတွေ လုပ်တော့သည်။

'သုန္ဒရီက အခန်းထဲပြေးဝင်လာတာ အရှိန်လွန်ပြီး ပြုတ်ကျတာပါ၊ စောစောကတော့ အရမ်းသေမတတ်ပဲ၊ အဟဲ... အခုတော့ ပျောက်သွားလိုက်သလိုပဲ၊ ဘာသဘောလဲ မသိဘူးနော်'



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က စစ်ဆေးဖို့မလိုသေးပါဘူးပြောလည်း မေမေ စိတ်ပူပြီး ဓာတ်မှန်တွေ ရိုက်စေသည်။

'မထူးပါဘူး၊ ဓာတ်မှန်တွေဘာတွေ ရိုက်ပေးပါ၊ စစ်ဆေးလို့ တော့ မများဘူးထင်ပါတယ်'

ဘာမှမဟုတ်ဘဲနှင့် မေမေ ပိုက်ဆံတော်တော်လေးကုန်သွား တော့သည်။ မင်းအမိပတိလေးက စိတ်ပူပြီးဆက်လို့သာပေါ့တဲ့။

အလကားပါ။ သူ့နှရိဘာမှမဖြစ်ဘူးဆိုတာသိလို့ ပြဿနာ တာပဲနေမှာ။ သူလား စေတနာရှိမှာ။ ခံစားချက်မရှိတဲ့ကော အသက်ရှူဖို့ နလုံးပဲပါမယ်၊ ခံစားတတ်မှာမဟုတ်ပါဘူး။ မေမေ ဆေးစစ်ချက်အရ ဘာဒဏ်ရာမှမရှိဘူးဆိုတာတောင် စိတ်ပူ သူမအားမှာပဲ နေသည်။

☺



(၄)

ရွှေသုနှရိ တော်တော်လေးပြဿနာရှာချင်တဲ့ ကောင်မလေးပဲ။ ဘာမှမဖြစ်ဘဲနှင့် စာစာကတော့ ခါးရိုးကျိုးသွားသလိုလို မျက်နှာကြီး ရှုံ့တွကြည့်ပြီး အော်နေတယ်။ သူ တကယ်ပဲ စိတ်ပူမိသွား၍ လူကြီးတွေ ဆီ ဖုန်းဆက်ခေါ်မိတာပါ။ အားနာစရာကောင်းတယ်။ လူကြီးတွေ အလုပ်ရှုပ်ကုန်ပြီ။ ဒီကောင်မလေးအတွက် စိတ်ပူမိနေတာကိုပဲ မင်းအမိ ပတိ သူ့ကိုယ်သူ ဒေါသထွက်ရသည်။

'ကျေးဇူးတင်ပါတယ် သားလေးရယ်၊ အန်တီ့သမီးလေး ဘာမှ မဖြစ်ဘူးဆိုတော့ ဝမ်းသာလိုက်တာ၊ သားက စိတ်ပူပြီး ဖုန်းဆက်ပေး တာပဲ ကျေးဇူးတင်ပါတယ်'

'ဟုတ်ကဲ့'

သူ လူကြီးတွေရှေ့မှာ မကောင်းတတ်၍ ရွှေသုနှရိကို ဆေးစစ် နေတာ ရပ်ကြည့်နေရသည်။ သူမျက်ဝန်းတွေကတော့ ရွှေသုနှရိနှင့်



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ချင်း မဆုံမိစေရန် ရှောင်တိမ်းထားလိုက်၏။ ဘာမှမဖြစ်ဘဲနဲ့ များ လူကြီးတွေကို ဒုက္ခပေးနေသည်။ ဆေးရုံဝန်ထမ်းတွေပြန်သွားတော့ မှ သူ အိန်တီစံကို နှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့သည်။

'ကျွန်တော့်ကို ခွင့်ပြုပါဦး အိန်တီစံ၊ ရွှေသုန္ဒရီမှ ဘာမှမဖြစ်တော့တာ၊ စာဖတ်မလို့ပါ'

'အေး… အေး… သွားလေ သားလေး၊ လွတ်လပ်သလိုနေနော်၊ ဘာမှအားနာစရာမရှိပါဘူးနော် သားလေး'

'ဟုတ်ကဲ့'

'သမီးလေးသုန္ဒရီအတွက်လည်း စိတ်ပူပေးတာ ကျေးဇူးတင်ပါတယ်ကွယ်၊ ဒီမှာ မောင်အမိပတိရှိတာ အရမ်းအားကိုးရပါတယ်'

ဟွန်း… မေမေကတော့ ချီးမွမ်းလွန်းနေပါပြီ။ သားလေး သားလေးနဲ့ သုန္ဒရီရင်ထဲမှာ ကျေနပ်ပျော်ရွှင်မိသလိုပင်။ အယ်… မေမေတို့ကတော့ ရွှေသမက်လောင်းအဖြစ်များ သတ်မှတ်ထားလေလားပဲ။

မင်းအမိပတိကို သူမ ရယူပိုင်ဆိုင်လိုတဲ့ဆန္ဒတွေ ဘယ်ချောင်ကလောင်ကနေ ထွက်လာပြီး အရမ်းပြင်းပြနေမှန်းမသိ။ သူမကို အရေးတယူလုပ်စေရန် ကြိုးစားခဲ့ပေမယ့် သူက အေးစက်စက်။ ကြည့်ခလည်း ထွက်သွားသည်။





'သမီးလေး… အိပ်ရာထဲမှာ လှဲနေဦးနော်၊ အဲ့ဒီလိုကြီး နမော်နမဲ့ သပ်တာမျိုးတွေ သတိထားပါကွယ်၊ သမီးဖေဖေက မကြိုက်ဘူး'

'ဖေဖေက သမီးလေးဒီတစ်ယောက်တည်းရှိတာတောင် နည်းနည်းလေးမှ မျက်နှာသာမပေးဘူး၊ စိတ်ပျက်တယ်'

'သုန်လေးရယ်… ဖေဖေက စည်းစနစ်သမားလေ၊ ကုမ္ပဏီမှာ ဘာပဲဖြစ်ဖြစ် တိကျတယ်၊ သမီးကိုလည်း တော်စေချင်တယ်၊ တတ်စေချင်တယ်၊ သမီးကိုချစ်လို့ အခုချက်ချင်းထလိုက်လာတာလေ၊ ဖေဖေ့မှာ အလုပ်တွေအရမ်းများတာ သမီးသိတဲ့အတိုင်းပဲ'

'ဟွန်း…'

'ကဲပါကွယ် အနားယူလိုက်နော်၊ မေမေလည်း ပြန်သွားရမယ်၊ သမီးလေး ဘာမှမဖြစ်တာပဲ ဝမ်းသာလှပါပြီ'

'မေမေ… လဲကာစက သုန္ဒရီ အရမ်းနာတာနော်၊ တကယ်၊ ဖေဖေက အရမ်းအဖြစ်သည်းနေတယ်လို့ ပြောနေဦးမယ်'

'ဖေဖေက သမီးကို ချစ်ပါတယ်ကွယ်၊ ဘာမှစိတ်မပူနဲ့၊ မောင်အမိပတိနဲ့လည်း သင့်မြတ်အောင်နေနော်၊ အားငယ်သွားမှာ စိုးရိမ်တယ်'

အဲ့ဒီလူက သမီးကို နည်းနည်းလေးမှ အရေးမစိုက်တာကတော့ အရမ်းခံပြင်းတယ်။ မေမေ့သမက်လောင်းကလေ။ သုန် မကျေမနပ် လေးနှင့် ကြိတ်ပြီး ဒေါသတကြီးပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'မေမေသွားပြီ သမီးလေး၊ မနက်စာအတွက် သေသေချာချာ ပြင်ဆင်ပေးဖို့ မထားကို မှာထားမယ်၊ မေမေ့သမီးလေး ဘာစားမလဲ'

'ဟင့်အင်း'

'မျက်နှာလေးကလည်း ညှိုးနေလိုက်တာ၊ မေမေ့သမီးလေးက အမြဲတမ်းတက်ကြွလန်းဆန်းနေတာပါ၊ ဘာတွေအလိုမကျဖြစ်နေရတာ လဲ'

မေမေက သူမနဖူးပေါ်မှ ဆံစလေးများကို ဖယ်သပ်ရင်း ချော့ချော့မော့မော့လေး ပြောနေသည်။ မေမေကတော့ သုန္ဒရီ့ဆန္ဒအတိုင်း ပျော်ရွှင်မှုတွေ ဖြည့်စွမ်းပေးတတ်၏။ သုန္ဒရီ့စိတ်ထဲမှာ ဘာတွေ မပျော်မရွှင်ဖြစ်နေတယ်ဆိုတာ မေမေ မသိတော့ဘူးလား။ မေမေ ပြန်ထွက်သွားလေသည်။

'တီ… တီ'

'တီ… တီ'

'ဟွန်း… ဘယ်ကဖုန်းလဲ၊ ဒီမှာစိတ်ရှုပ်ရတဲ့အထဲ မကိုင်ဘူး'

သူမက နှုတ်ခမ်းလေးစူတ်သပ်ပြီး ဖုန်းကို ဆတ်ခနဲကောက်ယူ၍ ပိတ်ပစ်လိုက်သည်။ ဘယ်သူနဲ့မှ စကားမပြောချင်ဘူး။ သူမစိတ်ထဲမှာ လွှမ်းမိုးနေတာက မင်းအဓိပတိ။ မေမေ့ဆီ ဖုန်းဆက်တာလည်း ပြဿနာဖြစ်အောင် လုပ်တာပဲ။ သူမအိပ်ရာပေါ် ပစ်လှဲချမိသည်။





'သုန္ဒရီ… တံခါးဖွင့်ထားတယ်၊ ငါ ဝင်လာမယ်နော်'

'ဟင်… ကံသာ'

ဒီကောင် ဘာလာလုပ်မှန်းမသိဘူး။ ဒုက္ခပါပဲ။ ဘယ်ကနေ ဆတင်းကြားပြီးရောက်လာပြန်ပြီလည်း မသိပါဘူး။ ဝင်ခဲ့ဟု အော်ပစ်လိုက်သည်။

'သုန္ဒရီ… ဘာဖြစ်တာလဲဟာ၊ နင် ချော်လဲလို့ဆို'

'ဘာမှမဟုတ်ပါဘူးဟာ၊ ငါ့မေမေက သဲသဲလှုပ်နေတာပါဟ'

ကံသာကတော့ ငယ်ငယ်လေးကတည်းက သုန္ဒရီတို့တိုက်ထဲ ခင်ထွက်သွားလာနေတတ်ကာ စားအတူ၊ သွားအတူ၊ ဆော့ကစားဖက် ပါ။ တစ်ရပ်ကွက်တည်းနေကြတာ။ သုန္ဒရီကိုလည်း အကာအကွယ် ပေးတတ်သည်။

'နင်ဘယ်မှာချော်လဲတာလဲ၊ ဒီလောက်တောင် ဆေးရုံကားကြီး ရောက်လာပြီး ဆေးကုပေးရအောင်၊ မေမေမြင်ခဲ့တာ၊ ငါ အရမ်းစိတ်ပူသွားတယ်၊ နင် ငါ့ရင်ပတ်ကို ကိုင်ကြည့်စမ်း… သုန်'

'ဘာလဲဟ'

ကံသာက သူမလက်လေးကိုဆွဲပြီး သူ့ရင်ဘတ်မှာ ကပ်လိုက် သဖြင့် သူမ ဆတ်ခနဲရုန်းဖယ်ပစ်သည်။

'ငါ့ရင်ထဲမှာ မီးတောက်နေတယ်၊ နင်ဘာများဖြစ်လို့လဲပေါ့ သုန်ရာ၊ နင် အသည်းအသန်မဖြစ်စမ်းပါနဲ့၊ ငါ အရင်သေလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်စုတ်… အပိုတွေလာပြောမနေနဲ့၊ နင့်အပူလား၊ သွား တော့ ငါဘာမှမဖြစ်ဘူး'

'ငါ စောင့်နေပေးမယ်'

'ပြန်တော့ဟာ၊ ငါတစ်ယောက်တည်း နေချင်လို့ပါ'

'နင် နေရောကောင်းရဲ့လား၊ နင့်မျက်နှာလေးက ညှိုးနေသလိုပဲ'

'ဖယ်စမ်းပါဟာ၊ စိတ်ပျက်တယ်၊ သွားတော့၊ ငါဘာမှမဖြစ် ဘူးလို့ ပြောထားတာပဲ'

ကံသာက သူမနဖူးကိုလာစမ်းတော့ သူမစိတ်ထဲမှာ မနှစ်သ သလိုကြီးဖြစ်ပြီး လက်ကို ဆတ်ခနဲဆွဲဖယ်လိုက်သဖြင့် ကံသာ မျက်လုံးပြူးကြီးနှင့် ကြည့်ရင်း နင်ဘာဖြစ်တာလဲ၊ မျက်နှာကြီး စူတ နေတယ်။ ငါတို့နှစ်ယောက်ကြားမှာ ဒါ ဆန်းလား မေးနေသည်

'နင်ပြန်တော့ဟာ၊ ငါ အနားယူချင်တယ်၊ ဘာမှမဖြစ်ဘူး ပြောထားပြီးပြီပဲ ပြန်'

'သုန္ဒရီ… နင့်အချိုးက ပြောင်းသွားသလိုပဲ၊ နင့်အတွ ငါ စိတ်ပူလို့လာတာလေ၊ အမြဲတမ်း နင်ဘာပဲဖြစ်ဖြစ် ငါပဲကာကွ ပေးထားရတာ'

အခု မလိုတော့ဘူးဟု သုန္ဒရီပြောပစ်ချင်သည်။ မင်းအဓိပတိ တစ်မျိုးထင်မှာလည်း စိုးရိမ်နေမိ၏။ ကံသာနှင့်သူမက အရင်ကတည်





ထ တရင်းတနှီးနေကြတာပါ။ မင်းအဓိပတိမျက်နှာကြီးက အမြဲတမ်း တင်းတည်နေတော့ သုန္ဒရီ အနေအထိုင်တွေတောင် ဆင်ခြင်ဖို့စဉ်းစား လာရသည်။

'ကံသာ ပြန်တော့လေ၊ နင် အလိုက်ကန်းဆိုးကို မသိဘူး၊ ငါ အနားယူချင်နေပြီဟဲ့'

သူမ တင်းတင်းလေး မာမာထန်ထန်ပြောလိုက်သဖြင့် ကံသာ မျက်နှာပျက်ပျက်နှင့် ပြန်ထသွားသည်။ သုန္ဒရီ စိတ်တော့မကောင်းပေ။ ကံသာက သူမအပေါ် သည်းခံသူပါ။ သူမ ခိုင်းစေသမျှ မညည်းမညူ လုပ်ပေးတတ်၏။

ငယ်စဉ်လေးကတည်းက သူမအား စနောက်၊ ရန်စသူမှန်သမျှ ကံသာနှင့် တိုက်ပေးလိုက်လျှင် အသေဆော်တော့တာပဲ။ သုန္ဒရီဘက်က လွန်နေရင်လည်း တခြားသူကိုပဲ ဆော်ပစ်တတ်သည်။

'တောင်းပန်ပါတယ် ကံသာရယ်၊ သုန္ဒရီလေ နင့်ကို သူငယ် ချင်းတစ်ယောက်ထက် မပိုနိုင်ဘူး၊ မင်းအဓိပတိကြောင့်လားပဲ၊ ဒါပေမဲ့ ကံသာ့ကို သုန္ဒရီ ဘယ်တုန်းကမှ အထင်မကြီးခဲ့ဘူး၊ စိတ်မဆိုးပါနဲ့ ဟယ်'

ကံသာက သူမအပေါ် အလေးအနက်ထားလွန်းနေ၍လား မသိ။ မိတ်ဆွေသူငယ်ချင်းထက်ပို၍ အထင်မကြီးခဲ့။



www.burmeseclassic.com

www.burmeseclassic.com



'နှင် တစ်ခုခုမဖြစ်အောင် နေစမ်းပါ သုန္ဒရီ၊ ငါကတော့ နှင့်ကို အမြဲတမ်း ဂရုစိုက်ပြီး စိတ်ပူနေမှာပဲ'

ကံသာလည်း သုန္ဒရီက မျက်နှာကြီးစူပုတ်ပြီး မောင်းထုတ်နေသဖြင့် သုန္ဒရီ့မျက်နှာလေး ညှိုးသွားတာပင် မနေတတ်မထိုင်တတ်ဖြစ်နေတတ်တဲ့ကောင်။ ချက်ချင်းထွက်လာခဲ့ပေမယ့် အခန်းဝရောက်မှ သတိပေးစကား ပြန်ပြောလိုက်သည်။

'အရှုး'

ပြောချင်တာပြော သုန္ဒရီ့အပေါ် ကံသာ အပြစ်မမြင်ပေ။ သုန္ဒရီနှင့် ပတ်သက်လာလျှင် ကံသာ ဘယ်တော့မှ အနိုင်မယူရက်ခဲ့။ မင်းအဓိပတိတဲ့။ ဘယ်လိုကောင်မျိုးလဲ။ သုန္ဒရီ့အနား ရောက်လာရအောင်။ ကံသာ အောက်ထပ်ကိုရောက်လာတော့ မင်းအဓိပတိဆိုတဲ့ကောင်ကို မသိမသာရှာဖွေမိသည်။

'အစ်ကိုလေးကံ... ဘာတွေရှာနေတာလဲ'

'အုတ်ခ... ဟိုကွာ မင်းအဓိပတိဆိုတဲ့ကောင် ဘယ်မှာလဲ'

'ခြံထဲမှာလေ'

'OK'

အုတ်ခကို နှုတ်ဆက်ပြီး ကံသာ ခြံထဲဆင်းလာခဲ့သည်။ ဒါန်းပေါ်မှာ စာထိုင်ဖတ်နေတဲ့သူက မင်းအဓိပတိလား။ ကံသာ သေသေ





ချာကြည့်လိုက်တော့ ရုပ်ပါဖြောင့်လွန်းနေ၍ ကံသာ မနာလိုဝန်တိုဖြစ်ရလေသည်။ မင်းအဓိပတိနားလျှောက်သွားပြီး ရှေ့မှာခြေစုံရပ်ပစ်လိုက်၏။ မင်းအဓိပတိက မော့ကြည့်သည်။

'မင်းအဓိပတိဆိုတာလား'

'ဟုတ်တယ်'

'ကိုယ့်နာမည်က ကံသာပါ၊ သုန္ဒရီနဲ့ အရင်းနှီးဆုံး၊ အချစ်ဆုံး သူငယ်ချင်းတွေပဲ၊ အခု သုန္ဒရီချော်လဲတာ ဆေးရုံကားပါ ခေါ်ရတယ်လို့ သတင်းလာမေးတာ၊ သုန္ဒရီကို ကိုယ်ပဲအမြဲတမ်း ကာကွယ်စောင့်ရှောက်ပေးနေတယ်'

'အဲဒါ ကိုယ်နဲ့ ဘာဆိုင်လို့လဲ'

'မင်းအဓိပတိသိအောင် ပြောပြထားတာပါ၊ ကိုယ်တို့ မိတ်ဆွေဖွဲ့ရအောင်'

ကံသာဆိုတဲ့ကောင်နှင့် သုန္ဒရီ ဘယ်အတိုင်းအတာအထိ ရင်းနှီးပတ်သက်နေသည်ကို သူ စိတ်မဝင်စားမိ။ အခုလည်း ကံသာ့ကို အမ်းခေါ်လိုက်တာလည်း ဖြစ်နိုင်သည်။ သုန္ဒရီ့အိပ်ခန်းထဲအထိ ဝင်ထွက်တာ တော်ရုံတန်ရုံသံယောဇဉ်တော့ မဖြစ်နိုင်ပေ။

သုန္ဒရီ နေထိုင်ပုံ ရဲတင်းလွန်းတာ အဓိပတိမကြိုက်။ သူ့ကိုလည်း အရေးတဝင်လုပ်နေ၏။ ကံသာဆိုတဲ့ကောင်ကရော ဘာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်တာလဲ။ သူ့ကို သုန္ဒရီတို့ အိမ်မှာကပ်နေတဲ့ကောင်ဆိုပြီး အထင်သေးနေတာလား။ ကံသာ့မျက်လုံးတွေထဲမှာ သူ့ကို ရန်လိုတဲ့အရိပ်အငွေ့တွေက ထင်းနေသေးသည်။

'ဒီမှာ မင်းအဓိပတိ… မင်းကိုတောင်းဆိုတာပါ၊ ကိုယ်တို့ မိတ်ဆွေဖွဲ့ရအောင်'

'ကိုယ်က တစ်ယောက်တည်းပဲ နေတတ်တယ်၊ ငယ်ငယ်လေးကတည်းက အကျင့်ပါ၊ Sorry'

'ဒီမှာ…'

'ဒီမှာလည်း ဖေဖေ့ဆန္ဒအရ လာနေရပေမယ့် ကိုယ်တစ်ယောက်တည်းပဲ နေတယ်၊ ခုထိ သုန္ဒရီနဲ့တောင် မိတ်ဆွေမဖြစ်သေးဘူး ရိုင်းတယ်လို့ မထင်ပါနဲ့၊ ကိုယ်က မိတ်ဆွေအပေါင်းအသင်းတွေနဲ့ နေထိုင်ရတာ မနှစ်သက်ဘူး'

သူ ထလိုက်သည်။ ကံသာဆိုတဲ့သူ ရောက်လာတာ ပို၍ပင် စိတ်ရှုပ်ထွေးသွားရသည်။ ကံသာ့မျက်ဝန်းတွေက ကြိုးဝိုင်းထဲမှာ လက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်ဖို့ မာန်စောင်နေကြတဲ့ ပြိုင်ဘက်ကဲ့သို့ပင်

ရှုတည်တည်နှင့် မိတ်ဖွဲ့မယ်သာပြောနေပြီး ရန်လိုတဲ့မာန ထန်ထန်အကြည့်တွေ။ သူက နူးညံ့သိမ်မွေ့သူ။ ပညာရေးကလွဲပြီး ဘာကိုမှ စိတ်မဝင်စားခဲ့။ မိန်းကလေးအပေါင်းအသင်းမပြောနှင့်





ယောကျ်ားလေး သူငယ်ချင်းပင် နန္ဒတစ်ယောက်တည်း ရှိခဲ့သည်။

'မင်းက အဆင့်အတန်းခွဲခြားတာလား မင်းအဓိပတိ၊ ကံသာက …း ဒီရပ်ကွက်ထဲမှာနေတဲ့ သူဌေးသားပါကွ'

'ကိုယ်တောင်းပန်ပါတယ်၊ အကျင့်ပါ၊ မကြာခင်တစ်ကျောင်း …း အတူတူတက်ရမှာပဲ စုံစမ်းကြည့်ပါ'

'ကောင်းပြီလေ၊ မင်း တကယ်ပဲ တစ်ယောက်တည်းနေတတ် …ကြိုက်တယ်၊ သုန္ဒရီနဲ့ မရင်းနှီးလေ ပိုကောင်းလေပဲ'

'OK'

သူပြောပြီး ကံသာ့ကို ကျောခိုင်းထွက်လာခဲ့သည်။ ဒီကောင်က …ရီကို ကြိတ်ပိုးနေတာပဲ ဖြစ်နိုင်၏။ သုန္ဒရီကလည်း ကံသာနှင့် …တွဲတဲ့ ငယ်ငယ်လေးကတည်းက တရင်းတနှီးနေထိုင်တာ အဓိပတိ …ပင်ပဲလေ။ တိုက်ကြီးထဲ ပြန်ဝင်လာခဲ့သည်။

'ကံသာဆိုတဲ့ အစ်ကိုလေးက မမလေးအနွံ့အတာကို အရမ်းခံ …၊ မမလေး နှိပ်စက်သမျှလည်း ခံတယ်၊ မမလေးကို ထိလို့က … ရန်သူပဲ၊ ငယ်ငယ်လေးကတည်းက ကစားဖော်တဲ့ တစ်ရပ်ကွက် …း နေကြတာလေ'

အုတ်ခပြောတဲ့စကားတွေကို သူ နားမထောင်။ သုန္ဒရီက …ဘာရှိနေလျက်နှင့် ဘာဖြစ်လို့များသူ့ကို ဒီလောက်အထိ အရေးတင်…



www.burmeseclassic.com

www.burmeseclassic.com



လာယုပ်နေရတာလဲ။ အုတ်ခကို လက်ပြန်နှုတ်ဆက်၍ သူ့အခန်းထဲ
လာခဲ့သည်။

သုနန္ဒရီလို ကောင်မလေးမျိုးကို အဓိပတိ လုံးဝအထင်မပြ
ဘူး။ နတ္ထုတ်အိစက်တဲ့အလှတွေ ပိုင်ဆိုင်ထားတဲ့ ရွှေသုနန္ဒရီမှာ အရှ
အချင်းဆိုတာ ဘာမှမရှိတာ။ စာကလည်း ညံ့သေးတယ်။ ပြီးတော့
ယောကျ်ားလေးတွေကိုလည်း အကြောက်အလန့်မရှိ ရင်းနှီးကျွမ်း
ဆက်ဆံချင်တယ်။ အကြောက်အလန့်လည်း မရှိဘူး။ ရွှေသု
နှင့်ပတ်သက်လာလျှင် အထင်သေးစရာ အကျင့်စရိုက်တွေက အ
ကြီးပဲ ရှိနေသည်။

ဒါပေမဲ့လည်း ရွှေသုနန္ဒရီ တစ်ခုခုဖြစ်မှာတော့ သူ စိတ်
နေသလိုပင်။ အလကားကောင်မလေးပါ။ လူကြီးတွေဆီ အပူတ
ဖုန်းဆက်ပေးခဲ့မိတာ။ မလုပ်သင့်ဟုထင်ပြီး မျက်နှာပူနေရ၏။ ရွှေသု
ရဲ့ လိမ်ညာလှည့်ဖြားသော မာယာထောင်ချောက်ထဲ သူတိုးဝင်သွာ
ရတာ မကျေနပ်သလိုကြီး ဖြစ်နေသည်။

☺



(၅)

'အဓိပတိနဲ့ သမီးသုန်လေးနဲ့က အတန်းတူတွေဆိုတော့ ကျူရှင်
း တစ်ဝိုင်းတည်းပဲ အန်ကယ်ညှိစီစဉ်ထားတယ်လေ၊ အိမ်မှာပဲ
ယ်၊ ကျောင်းသားက သုံးလေးယောက်တည်းပဲ၊ သမီးရယ်၊
ယ်၊ ကံသာဆိုတဲ့ သမီးသူငယ်ချင်းရယ်ပဲ'

'ကိုရယ် မောင်ကံသာ့ကို ထည့်မနေပါနဲ့တော့ သမီးနဲ့သား
ယောက်တည်းပဲ ကောင်းပါတယ်'

ဒေါ်မြသက်စံကတော့ မင်းအဓိပတိနှင့် ရွှေသုနန္ဒရီကို အသက်
ယ်ရလာလျှင် လက်ထပ်ပေးဖို့ ရွှေသမက်အဖြစ် ရွေးချယ်ထား၍
ယောက်ကို တစ်ယောက် သံယောဇဉ်တွယ်စေရန် နှစ်ယောက်
ည်း စာသင်စေလို၏။ ကံသာ့ကို ခင်ပေမယ့် သမက်လောင်းအဖြစ်
ည်အချင်းမရှိဟု ထင်ထားသည်။ သမီးကိုလည်း အရွယ်ရောက်
ပြီဖြစ်၍ အနေအထိုင်ဆင်ခြင်ဖို့ ပြောထားရမည်ဖြစ်၏။ ဒေါ်မြသက်စံ



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်ကို ယောက်ျားက လက်မခံပေ။ ကံသာ့မိဘတွေကို အား
သည်ဟု ပြောနေသည်။

'သမီးနဲ့ ငယ်ငယ်လေးကတည်းက စာအတူတူသင်ခဲ့တဲ့ အဓိပတိရောက်မှ ဖယ်ထားလိုက်ရင် လူကြီးတွေအချင်းချင်း မျက်နှာပျက်စရာဖြစ်မယ်၊ သုံးယောက်ပဲ သင်ပါ'

'ကံသာက စာညံ့တယ်ကိုရဲ့၊ သမီးက ဒီနှစ် တက္ကသိုလ် တန်း ဖြေရတော့မယ်၊ စာတော်တဲ့ အဓိပတိနဲ့နှစ်ယောက်တည်း တာက ပိုပြီးဉာဏ်ရည်တက်မယ်လေ'

'ကိုယ်ပြောတဲ့အတိုင်းပဲ စီစဉ်ပါ စံ၊ ကံသာ့မိဘတွေက ကို ကုမ္ပဏီမှာ ရှယ်ယာအများဆုံးပဲလေ၊ မျက်နှာပျက်ရမယ်၊ အန်ကယ် အားလုံးစီစဉ်ထားပြီးပြီမို့ မနက်ဖြန်ကစ သင်ရလိမ့်မယ်၊ အဆင်သ ပြင်ထားစေချင်တယ်ကွယ် နော်'

'ဟုတ်ကဲ့'

အန်ကယ်ညိုက ပြတ်သားပြီး ဆုံးဖြတ်ချက်တိကျခိုင်မာသူ ၏။ လူကြီးတစ်ယောက် ဆုံးဖြတ်ချက်ဖြစ်၍ အဓိပတိ မလွန်ဆန်နိုင် ကံသာပါလာ၍ စိတ်ထဲမှာတော့ နည်းနည်းလေးအောက်နေရသည် သူ့ အလိုက်အထိုက်နေထိုင်ရတော့မှာပဲ မဟုတ်လား။ စာသင်တာပဲ ဟု သူ့စိတ်ကို ဖြေလျှော့ထားသည်။





'စံ… သမီးကိုလည်း သတိပေးလိုက်၊ တက္ကသိုလ်ဝင်တန်းဆို တော့ ဒီနှစ်အရေးကြီးတယ်၊ ကြိုးစားရလိမ့်မယ်၊ စံ သမီးကိုလည်း အရမ်းအလိုမလိုက်နဲ့၊ မင်း တင်းတင်းကြပ်ကြပ် စည်းကမ်းပေးပါ'

'ဟုတ်ကဲ့ပါ'

ဒေါ်မြသက်စံကိုယ်တိုင် ယောက်ျားအား စောဒကမတက်ရဲ။ ဆိုပါပဲ။ စဉ်းစားချင့်ချိန်တတ်ခြင်း၊ မိသားစုအပေါ် ဦးဆောင်နိုင်ခြင်း တဲ့ အရည်အသွေးထက်မြက်တဲ့ ယောက်ျားပါ။ ခေါင်းညိတ်လိုက်ရ သည်။

'အဓိပတိက သမီးကို တွဲခေါ်ပေးသွားပါ၊ ဒီကောင်မလေးက ညံ့တယ်၊ စာမကြိုးစားဘူး၊ ဉာဏ်ကတော့ ကောင်းပါတယ်၊ ပျင်းလို့ လေ'

'ဟုတ်ကဲ့'

'အဓိပတိရော နေထိုင်ရတာ အဆင်ပြေရဲ့လား၊ ဘာလိုအပ် သေးလဲ ပြောနော်'

'ဘာမှမလိုပါဘူး အန်ကယ်၊ ပြည့်စုံပါတယ်၊ ကျွန်တော် နေတတ်ပါတယ်၊ အဆင်လည်းပြေပါတယ်'

'အဓိပတိ စိတ်ကျဉ်းကြပ်နေမှာ စိုးရိမ်တယ်၊ မင်းဖေဖေကတော့ အန်ကယ်ညို့ကို ယုံကြည်လွန်းလို့ အပ်ထားခဲ့တာပါ၊ မင်းအတွက် လည်း အရမ်းစိတ်ပူခဲ့တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့'

'သား သွားလို့ရပြီ၊ အန်ကယ်ညီကတော့ သားအကျိုးအတွက်ပဲ လုပ်ပေးမှာပါ'

'ဟုတ်ကဲ့… ခွင့်ပြုပါဦး'

'အေး… အေး'

စာဖတ်ခန်းမှာ မင်းအဓိပတိကို ခေါ်ပြီး ပြောခြင်းဖြစ်သည်။ ဒေါ်မြသက်စံကတော့ လိမ္မာရေးခြားရှိလွန်းတဲ့ မောင်မင်းအဓိပတိလေးကို သမက်လောင်းအဖြစ် သဘောတူရွေးချယ်ထားမိကြောင်း ခင်ပွန်းကို ပြောပြလိုက်၏။ ခင်ပွန်းက စည်းစနစ်နဲ့ တိကျတဲ့သူ။ ဒေါ်မြသက်စံ စကားကို လက်ခံပေမယ့် မင်းအဓိပတိရဲ့ ရွေးချယ်မှုပဲတဲ့။ အတင်းအကြပ်မလုပ်ဖို့ တားဆီးသည်။

'မောင်မင်းအဓိပတိပဲ ဆုံးဖြတ်ပါစေ၊ သမီးကိုလည်း နှစ်သက်မှ၊ သူတောင်းဆိုမှ လက်ခံရမယ်၊ စံ့ကိုလည်း သတိပေးထားတယ်နော်၊ ကလေးတွေဆန္ဒမပါဘဲ ဘာမှမလုပ်ပါနဲ့'

'ဖြစ်သင့်တာပဲ မဟုတ်လားကို၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်လေ'

'မင်းသမီးက ဘာအရည်အချင်းမှ မရှိဘူး၊ ညံ့ဖျင်းတယ်၊ မိန်းကလေးလည်း မပီသဘူး၊ ကံသာနဲ့ အသင့်တော်ဆုံးပဲကွ'





'ဘာပြောတယ် ကို၊ အဓိပ္ပာယ်မရှိတာပဲ၊ ကံသာက သမီးအပေါ် သည်းခံတာပဲရှိတာပါ၊ ညံ့တယ်'

'တစ်နေ့ကျရင် ကံသာလည်း ကုမ္ပဏီဒါရိုက်တာ ဖြစ်နိုင်တယ်။ ညံ့တာက ညံ့တာပဲ'

'ရူးကြောင်ကြောင်နဲ့ အမြဲတမ်း သမီးကိုအရှုံးပေးပြီး စာသင်ခန်းထဲမှာတောင် သမီးထက် ညံ့နေတယ်၊ တစ်နေ့နေ့ သမီးအတွက် အရှမ်းအန္တရာယ်ပဲလေ'

'စံက အတွေးအခေါ် ရှိသားပဲ၊ ဒါပေမဲ့ မတတ်နိုင်ဘူးလေ၊ ခပ်ညံ့ညံ့က ခပ်ညံ့ညံ့နဲ့ပဲ ပေါင်းဖက်လို့ရမယ်၊ အိုးက ရွံ့နေရင် လောင်းရွံ့နဲ့မှ ဖုံးလို့ရမယ်'

'ကိုက သမီးအပေါ် အရှမ်းစိမ်းကားလွန်းနေပြီ ထင်တယ်၊ သမီးက ဖေဖေက မချစ်ဘူးတဲ့၊ တစ်ဦးတည်းသောသမီးလေးပါကိုရယ်၊ ညံ့တဲ့သမီးမို့ တော်တဲ့သမက်ရွေးပေးသင့်တယ်လေ'

'ဖုံးစာဖက် ဖြစ်မှာကွ၊ ကိုယ်အခွင့်အရေးမယူချင်ဘူး၊ ကိုမင်းက သူ့သားကို ဒေါ်လောင်းအထိ ရွေးချယ်ပေးပါတဲ့၊ သူ့သားချစ်မြတ်နိုးပြီး မိုင်းကောင်းကျောက်ဖိ မိန်းကလေးတဲ့'

'စံ့သမီးက ဘာဖြစ်နေလို့လဲ၊ ရည်းစားတောင် တစ်ခါမှ မထားဖူးတဲ့ မိန်းကလေး၊ အရှမ်းလည်း ချောတယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'တော်ပါတော့ စံရာ၊ အားလုံးမောင်မင်းအဓိပတိဆန္ဒပဲ၊ အတင်း အကြပ်မစီစဉ်နိုင်ဘူး၊ ကိုယ်က အလုပ်တွေအရမ်းများတယ်၊ မင်းပဲ ဆုံးမသွန်သင်လေ၊ မင်းရောကိုယ်ရော အလိုလိုက်နေရင် သမီးက ပိုဆိုးလိမ့်မယ်ကွ၊ တစ်ယောက်ယောက်က တင်းထားမှ၊ ကိုယ့်သမီးပဲ မချစ်ဘဲနေပါ့မလား စံ'

ကိုညို့အား ဒီ့ထက်ပို၍ စကားပြောနေလို့မဖြစ်တော့ဘူးဆိုတာ ဒေါ်မြသက်စံ သိသည်။ မပြောတော့ပါဘူး။ စံ့သမီးလေးက အရမ်း ချောတယ်။ မြင်ရသူတွေ နှစ်ခါပြန်ကြည့်ရလောက်အောင် ချောတာပါ။ အရပ်မြင့်မြင့်၊ ခန္ဓာကိုယ်အချိုးအစားကျကျ၊ ရှိက်ဖိုကြီးငယ်အသွယ် သွယ်။

မင်းအဓိပတိရော ခံနိုင်မလား။ ဒါပေမဲ့ သမီးက တည့်တယ် ကလေးဆိုးလေး ဖြစ်နေတယ်။ ဟိုကံသာဆိုတဲ့ကောင်လေးနဲ့လည်း တရင်းတနှီး။ တားဆီးရမယ်။ ခက်နေတာက ကံသာ့မိဘတွေပဲ။ မိမိတို့စီးပွားရေးမှာ ရှယ်ယာဝင်တွေ ဖြစ်နေကြလေသည်။

'သမီးလေးသုန်'

'မေမေ ကုမ္ပဏီကို မသွားသေးဘူးလားဟင်'

'သွားရမယ်၊ ကျူရှင်ကိစ္စတွေပြောဖို့ သမီးဖေဖေက တာဝန်ပေး ထားလို့လေ'





'ဘာဖြစ်လို့လဲ မေမေ'

'သမီးတို့သုံးယောက်အတူ ကျူရှင်ဝိုင်းကြရမယ်၊ မင်းအဓိပတိ ရောပဲ'

အဓိပတိလည်း ပါမယ်ဆို၍ သုန္ဒရီ ကြိတ်ပြီးပျော်ရွှင်ပီတိတွေ ဖြာဝေသွားရသည်။

ကံသာရောလား။ ဒီကောင်ရှုပ်။ သုန္ဒရီက နှစ်ယောက်တည်းပဲ သင်ချင်တာပါ။

'ကံသာလည်းပါတယ်၊ သမီးကို မေမေ သတိပေးစရာတစ်ခု တော့ရှိတယ် သုန်လေး၊ ဘာပဲဖြစ်ဖြစ် မေမေနဲ့က ပွင့်လင်းကြတော့ ပြောရမယ်ဆိုရင် မေမေက မင်းအဓိပတိကို သမက်လောင်းအဖြစ် သတ်မှတ်ထားတာ'

'အား… ဝမ်းသာလိုက်တာ မေမေရာ၊ အရမ်းကို ကျက်သရေ မင်္ဂလာရှိတာပဲ၊ ပျော်တယ်'

'ဟဲ့… သုန်လေး… အမလေး'

မေမေ့စကားကြောင့် သုန္ဒရီ အလွန်အမင်းပျော်ရွှင်သွားရပြီး အနားမှာထိုင်နေတဲ့ မေမေ့ကို တအားပဲသိမ်းကျုံးဖက်ထားလိုက်ရာ မေမေ လဲပြိုမတတ် ကိုယ့်ယိုကားယားဖြစ်သွားရလေသည်။

'ဟား… ဟား… ဟား… ဟင်း… ဟင်း'



www.burmeseclassic.com

www.burmeseclassic.com



'သမီးသုနန္ဒရီ ဒီလောက်အထိ သရုပ်မပျက်နဲ့လေ၊ မင်းအဓိပတိလေး အထင်သေးသွားမယ်'

'ပျော်လို့ပါ မမေရာ၊ သုနန္ဒရီလေ မင်းအဓိပတိကို မြင်ရကတည်းက အရမ်းကို ကြိုက်သွားတာ အဟဲ… မမေ့ကိုပဲ အားကိုးရတော့မယ် အဟိ'

'ဖယ်စမ်းပါ၊ ဒီမှာ မေမေပြောမယ်၊ သမီးဖေဖေက မင်းအဓိပတိရဲ့ရွေးချယ်မှုပဲတဲ့၊ အတင်းအကြပ် ဘာကိုမှမလုပ်ရဘူးတဲ့၊ မေမေက သမီးနဲ့ မင်းအဓိပတိကို နီးစပ်စေချင်တယ်'

မင်းအဓိပတိက ကြီးကျယ်ခမ်းနားလွန်းစွာ သုနန္ဒရီအား အဖက်ပင်မလုပ်။ မျက်နှာကြီးက တည်တည်တင်းတင်းကြီး။ သုနန္ဒရီလည်း ခင်မင်ရင်းနှီးမှုအရယူဖို့ ကြိုးစားခဲ့တာပဲ။ သူ့က ခပ်ရှောင်ရှောင်။ ရန်တောင်လိုနေသေးတယ်။ မေမေက ဣန္ဒြေသိက္ခာအပြည့် နေထိုင်ပြောဆိုဖို့ သွန်သင်သည်။

'သမီးလေးရဲ့ အနိုင်ကျင့်မိုလ်ကျတတ်တဲ့ အကျင့်တွေ ပြင်စမ်းပါ၊ မေမေ့သမီးလေးက အရမ်းချောတယ်၊ ဒါပေမဲ့ ပညာရေးကညံ့တယ်၊ အိမ်မှုကိစ္စတွေလည်း နည်းနည်းလေး စိတ်ဝင်စားစမ်းပါ၊ မင်းအဓိပတိရှေ့မှာလေ၊ ကွယ်ရင် လုပ်ချင်မှလုပ်'

'သုနန္ဒရီတို့က ပိုက်ဆံရှိတာပဲ မမေရာ၊ အိမ်မှုကိစ္စတွေတော့ မလုပ်ချင်ပါဘူး၊ အလုပ်သမားတွေရှိတာပဲဟာ'





'မင်းအဓိပတိက တစ်မျိုး၊ ရုပ်ရည်ချောမောလှပတာကို စံထားချင်မှထားမယ်၊ သူက ရိုးသားတယ်လေ'

ဒေါ်မြသက်စံကလည်း သမီးလေး ပင်ပန်းမှာ မလိုလားမိ။ သမီးလေးမျက်နှာ အမြဲတမ်းပျော်ရွှင်သွက်လက်တောက်ပနေမှ စိတ်ချမ်းသာတဲ့အမေ။ အလိုလိုက်ထားသည်။

ဖအေက တင်းတင်းတည်တည်နေထိုင်၍ သမီးလေး ညှိုးငယ်နွမ်းလျသွားမှာလည်း စိတ်ပူသဖြင့် ယောက်ျားကို အတိုက်အခံလုပ်ကာ သမီးကို အကာအကွယ်ပေးနေမိ၏။

ဟုတ်တယ်လေ… တစ်ဦးတည်းသော သမီးလေးပဲ။ သမီးလေးကို မွေးဖက်၍ မေမေက တစ်ဦးတည်းသောသမီးလေးကိုတော့ လင်ကောင်းသားကောင်းလေးရပြီး ဘဝတစ်သက်တာလုံး ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင် နေစေချင်ခဲ့သည်။

'မင်းအဓိပတိဆိုရင် အရာရာပြည့်စုံတယ်၊ ထက်မြက်တဲ့ယောက်ျားကောင်းတစ်ယောက်ရဲ့ အစွမ်းအစတွေ အရည်အချင်းတွေပြည့်စုံနေတယ်၊ ဒါပေမဲ့ကွယ် သမီးအပေါ် သံယောဇဉ်ငြိသွားဖို့ လိုတယ်လေ'

'လူကြီးတွေက အတင်းအကြပ်လက်ထပ်ပေးပေါ့၊ မင်းအဓိပတိကြိုက်ဖို့က စံနှုန်းတွေ တအားမြင့်နေမှာ'



www.burmeseclassic.com

www.burmeseclassic.com



'လူကြီးတွေ အတင်းစီစဉ်ဖို့ မဖြစ်နိုင်ဘူး၊ သမီးဖေဖေက အခွင့်အရေးယူသလိုမျိုး အဖြစ်ခံမှာမဟုတ်ဘူး၊ မေမေ ကြိုတင်သတိပေးထားတာပါ၊ ဒီနှစ် တက္ကသိုလ်ဝင်တန်းမှာ ဂုဏ်ထူးတွေနဲ့ အောင်အောင် သမီးကြိုးစားပြလိုက်စမ်းပါ'

မေမေက ပြောတာပဲ။ သုနှရီက IQ နိမ့်တယ်ထင်တယ်။ စာအုပ်ကိုင်တာနဲ့ အိပ်ချင်နေတယ်။ စိတ်ညှို့ပညာထင်တယ်။ တခြားနေရာတွေမှာ ဉာဏ်နီဉာဏ်နက်တွေကောင်းပြီး စာကျက်တဲ့နေရာမှာတော့ မှတ်ဉာဏ်အား မကောင်းတာလား။ ဒီတစ်ချက်နဲ့ပဲ မင်းအဓိပတိကို လက်လွှတ်ဆုံးရှုံးရမှာလား။ ကြိုးစားကြည့်ဖို့တော့ ဆုံးဖြတ်လိုက်သည်။

'ကံသာနဲ့ သိပ်အရောတဝင်မနေနဲ့တော့နော်၊ မင်းအဓိပတိတစ်မျိုးထင်သွားမယ်၊ မေမေ သတိပေးချင်တာပဲ၊ သမီးတို့က အရွယ်ရောက်နေကြပြီကွယ်'

'ကံသာနဲ့တော့ စိတ်ချ မေမေ၊ သုနှရီ လုံးဝအထင်မကြီးဘူး၊ သူငယ်ချင်းတစ်ယောက်လိုပဲ ခံစားလို့ရတယ်'

'အရေးကြီးတာက ဒီနှစ် ဂုဏ်ထူးတွေနဲ့ အောင်အောင်ကြိုးစားပြလိုက်၊ ဖေဖေလည်း အရမ်းသဘောကျနှစ်သက်သွားနိုင်တယ် OK'

'OK'





မေမေက သုနှရီ့ပါးပြင်လေးအား ရွှတ်ခနဲနမ်း၍ လိမ်လိမ်မာမာ ပြလိုက်ဟုပြောပြီး ထွက်သွားသည်။ သုနှရီ ပျော်လိုက်တာ။ သူမ ...သားထဲမှာ မင်းအဓိပတိအား ပြိုင်ဆိုင်လိုတဲ့ဆန္ဒတွေ ပြည့်လျှံ ...တ်မတတ်။

မေမေက သမက်လောင်းအဖြစ် ရွေးချယ်ထားကြောင်း အတိ ...င်းထုတ်ဖော်ပြောပြလိုက်သဖြင့် အခန်းထဲမှာ တစ်ယောက်တည်း ...ခဲ့တော့မှ မတ်တတ်ရပ်၍ တဆွဆွခုန်ပစ်မိသည်။

'မင်းအဓိပတိ အရမ်းကြီး ပဲပေးမနေနဲ့နော်၊ တစ်နေ့နေ့ နင် ...က်ထပ်ယူရမှာက ရွှေသုနှရီပဲ'

သူမအတွေးနှင့်သူမ ရယ်ဘေပျော်ရွှင်နေရင်း မေမေက တက္က ...လ်ဝင်တန်းမှာ ဂုဏ်ထူးတွေနှင့်အောင်ဖို့ ကြိုးစားပြလိုက်ဆိုတာတော့ ...နှရီ နှုတ်ခမ်းလေး စူထော်သွားရကာ အားငယ်သွားမိသည်။

'ဖြစ်နိုင်ပါ့မလား၊ ငါ့ဦးနှောက်တွေ ဘာဖြစ်လို့များ ဒီလောက် ...ထိ ညံ့ဖျင်းနေရတာလဲဟယ်၊ ကြိုးစားမယ်၊ အပြတ်ကြိုးစားပြမယ်၊ ...က်ဖြန် ကျူရှင်စတက်ရမှာ၊ မင်းအဓိပတိရှေ့မှာ ညံ့ဖျင်းလို့မဖြစ်ဘူး၊ ...သုနှရီ ကြိုးစားပြလိုက်၊ မင်းအဓိပတိ လုံးဝအထင်ကြီးသွားအောင်'

သူမ လက်သီးလေးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး ...တင်းပစ်လိုက်သည်။ ဖြစ်အောင်ကြိုးစားရမယ်။ အိမ်မှုကိစ္စတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း သင်ရမယ်။ သူ့ရှေ့မှာ မိန်းကလေးပီပီသသ ဒူးကောင်း ကျောက်ဖိ နေထိုင်ပြရမယ်။

ရွှေသုန္ဒရီဆိုတဲ့ မိန်းကလေးကို လုံး၀ မင်းအဓိပတိ စိတ်ထဲမှာ လေးစားနေစေရမယ်။ ရွှေသုန္ဒရီ့နှလုံးသားထဲမှာ အပျော်တွေ စီးမျော တိုး၀င်နေလေသည်။

☺



(၆)

ကံသာကတော့ မင်းအဓိပတိပါလာတာကို မကျေနပ်မိ။ သုန္ဒရီနှင့် နှစ်ယောက်တည်းသင်ရမှာကို။ မင်းအဓိပတိကို ကံသာ အမြင်ကတ်သည်။ ဒီကောင့်ကို ဘယ်လိုပထုတ်ပစ်ရမလဲဆိုတာ စဉ်းစား သည်။ တကယ်ဆို သူ့တိုက်မှာပဲ သုန္ဒရီနဲ့ နှစ်ယောက်တည်း သင်ရမှာ ပါ။ ကံသာ့မျက်နှာ သုန်မှုန်နေလေသည်။ ရွှေသုန္ဒရီတို့တိုက်ရောက် တော့ မင်းအဓိပတိနှင့် သုန္ဒရီတို့က အခန်းထဲမှာ ထိုင်နေကြပြီဖြစ်၏။ သုန္ဒရီ့မျက်နှာ ပြုံးနေတာပဲ။ ဆရာတောင် ရောက်မလာသေးဘူး။ သူတို့နှစ်ယောက်က မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

'ကံသာ… လာလေ နင်လာတာ စောတယ်'

'နင်တို့ကရော ဘာဖြစ်လို့ အစောကြီးထိုင်နေကြရတာလဲ'

'စကားမရှည်နဲ့ လာ ထိုင်၊ သင်္ချာသင်ရမှာမို့ ငါတို့နှစ်ယောက် လေ့လာနေတာ'



www.burmeseclassic.com

www.burmeseclassic.com



ကံသာ့မျက်နှာက တင်းမာခက်ထန်နေ၍ အဓိပတိ စိတ်ဆိုး မလားဟု သူမ စိုးရိမ်သွားရသေးသည်။ သုန္ဒရီက အဓိပတိထိုင်နေ ရောယောင်ပြီး ဝင်ထိုင်တာပဲ။ ကံသာက အလိုက်ကန်းဆိုးမသိ အ ကြီးရောက်လာ၏။ ကံသာ့ကို ခပ်ခွာခွာနေမှ။ မင်းအဓိပတိကလေ သူ့စာအုပ်ကိုပဲ ငုံ့ဖတ်နေသည်။

'သုန္ဒရီ ခြံထဲသွားမယ်၊ ဆရာမ မလာသေးတာပဲ'

'လာတော့မယ်ဟာ၊ ထိုင်နေစမ်းပါ'

'လာပါဆိုဟာ၊ ဒီမှာထိုင်နေရတာ စိတ်အိုက်တယ်'

ကံသာ အတင်းခေါ်နေသဖြင့် မင်းအဓိပတိရှေ့မှာလည်း သ မပျက်စေလိုပေ။ သူမ လိုက်လာခဲ့ရသည်။

'သုန္ဒရီ... နင် ဘာဖြစ်လို့ ယောကျ်ားလေးတစ်ယောက်ရှေ့ ထိုင်နေရတာလဲ'

'တို့တွေက တစ်ဝိုင်းတည်း စာသင်ကြရမှာလေ၊ ဘာဖြစ်လို့ ကံသာ'

'ဒီကောင်က မျက်နှာကျောတင်းတယ်၊ ဟိုနေ့က ငါအောက် ခံပြီး မိတ်ဖွဲ့တာတောင် သူငယ်ချင်းမလိုဘူး၊ တစ်ယောက်တည်း နေတတ်တယ်တဲ့၊ နင် စဉ်းစားကြည့်စမ်း၊ ရေရေလည်လည် ‌ တယ်'





'သူ့ဟာသူ ဘယ်လိုပဲနေနေဟာ၊ သူက ဖေဖေ အရေးပေးထား ဟာ၊ သူနေတတ်သလို နေပါစေ ကံသာ'

'လူမှုရေး နားမလည်တဲ့ကောင်ပဲ၊ နင်လည်း အရောတဝင် မနေနဲ့ သုန္ဒရီ၊ အထင်သေးမယ်'

သုန္ဒရီနှင့် မင်းအဓိပတိ အတူထိုင်နေတာကို တွေ့လိုက်ရတာ က်စိထဲမှာ ဒေါသတွေ အလိပ်လိုက် ထွက်နေသည်။ အရိုင်းအစိုင်း င်။ သုန္ဒရီ့အနားမှာ ရှိနေတာ ကံသာအမှုန်ကြိတ်ပစ်ချင်နေ၏။ ရီကပါ အရောတဝင်လုပ်ချင်နေတာကို ကံသာ ပို၍ပင် ဒေါသ က်ချောင်းချောင်းထွက်ချင်နေသည်။

'ကံသာ'

'ပြောလေ သုန္ဒရီ'

'နင့်မျက်နှာကြီးက ဘာဖြစ်လို့ ဒီလောက်အထိ စူတင်းနေရတာ အဓိပတိကို ရန်သူလိုသဘောထားမနေနဲ့နော်၊ ဖေဖေက အဓိပတိ အဓိပတိ သိလား'

'ကံသာကတော့ နင့်အနားမှာရှိနေတဲ့ ယောကျ်ားမှန်သမျှ ရန်သူ သတ်မှတ်တယ်'

'ကောင်စုတ်... အရှူးမထနဲ့၊ နင်နဲ့ဘာဆိုင်လို့လဲ'

'သုန္ဒရီ... နင်ဘယ်လိုပြောလိုက်တာလဲ၊ နင့်ကိစ္စ ကံသာ ဆိုင်လို့လဲ ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ကံသာနော် အဓိပတိက တို့ဆီမှာနေတာ၊ သုန္ဒရီနဲ့ တစ်
တည်းနေပြီး မျက်နှာချင်းဆိုင်နေရမှာပဲလေ၊ ပြဿနာမရှာစမ်း

'အေး… နှင်နဲ့ တစ်တိုက်တည်းနေတာကတော့ နေ
ရှုပ်ရှုပ်ယှက်ယှက်တွေတော့ လာမလုပ်နဲ့၊ သတ်ပစ်မယ်'

ကံသာ့ကိုကြည့်ပြီး သုန္ဒရီပင် ကြောက်သွားရသည်။
တကြီးဖြစ်နေ၏။ ကံသာ့ကို အရမ်းလည်းမပြောရဲ၊ ငယ်သူငယ်
ဖြစ်နေ၏။ သူမတို့နှစ်ယောက်က ပြောမနာဆိုမနာ။ မင်းအဓိ
ရောက်လာမှ ကံသာ့ကို ပေါ်တင်ကြီး ပထုတ်လို့မဖြစ်သေးဘူး။
က ကံသာရှိနေတာ သုန္ဒရီအတွက် အကာအကွယ်ရပေမယ့် အနှ
အနှောင့်အယှက်ဖြစ်ရသည်။

'တို့တွေ ဒီနှစ်ကအရေးကြီးတယ်ဟ၊ စာကြိုးစားရမယ်၊ ပြဿ
မရှာစမ်းပါနဲ့ကံသာရာ'

'ဘာ… ငါက ပြဿနာကောင်လား သုန်'

'နှင် အဓိပတိကိုလိုက်ပြီး ပြဿနာရှာနေရင် သုန် အရှ
ပစ်မှာနော်၊ အဓိပတိက တို့ရဲ့ဧည့်သည်၊ သူဘယ်လိုပဲနေနေ သည်
မယ်'

ကံသာနှင့် ခြံထဲမှာမနေချင်။ အဓိပတိတစ်မျိုးထင်မှာပဲ စိ
သည်။ မေမေက ပြောထားပြီးသားပါ။ အဓိကပတိက ရှေ့သ





င်းတဲ့။ ကံသာနဲ့ ကင်းကင်းနေပြတဲ့။ ဘယ်လိုလုပ်ရမလဲ။ ကံသာ့
ပေါ်တင်ကြီးခွာပစ်လို့ကလည်း မဖြစ်သေးဘူး။ အရှုးကောင်…
ချော့မော့ပြီး တိုက်ထဲပြန်ခေါ်လာရသည်။

'ဝင်ကြမယ် ကံသာ၊ နည်းနည်းလေးစိတ်လျှော့ပါဟာ၊ အဓိပတိ
သူဟာသူနေတတ်သလိုနေတာပဲ ထားလိုက်ပါ'

'နှင် အရောတဝင်မနေနဲ့နော်'

'အင်း'

'ဒီကောင်က အနံကြီးကွင်းကျယ်ပါဟာ၊ လူတွေကို အဖက်
န်သလိုလိုနဲ့ တောက်…'

ကံသာက ဒေါသကြီးတယ်။ သုန္ဒရီနှင့် ပတ်သက်လာလျှင်
အိုက်မခံနိုင်။ သချင်တာပဲ။ သုန္ဒရီက ကံသာ့အပေါ် သူငယ်ချင်း
ယောက်ထက် မပိုခဲ့။ တိုက်ထဲပြန်ဝင်လာပြီး အခန်းထဲ ဝင်ထိုင်
သည်။

'ဆရာလာတော့မယ်ဟဲ့ ကံသာ၊ ငါကတော့ သင်္ချာညံ့တယ်၊
တစိုက် သင်ရမယ်'

အဓိပတိကတော့ စာအုပ်ကလွှဲပြီး သုန္ဒရီတို့ဘက် ယောင်လို့ပင်
ကြည့်။ သုန္ဒရီလည်း ကံသာနှင့် သူငယ်ချင်းအဆင့်ပဲရှိကြတာ သိစေ
ကံသာနှင့် ခပ်စိမ်းစိမ်းစကားတွေ ပြောရသည်။



www.burmeseclassic.com

www.burmeseclassic.com



'တို့သူငယ်ချင်းနှစ်ယောက်လုံး စာညံ့တယ်၊ ဒီနှစ်တော့ နှစ်ချ
ပေါက်ကြိုးစားကြမယ်လေဟာ'

သူမက ခပ်စိမ်းစိမ်းနှင့် သူငယ်ချင်းတွေဖြစ်ကြကြောင်း အ
ပတိရှေ့မှာ ပြောဆိုနေ၍ ကံသာ မျက်နှာကြီး စူတင်းကာ သုန္ဒရီ
စာရေး၍ပြသည်။

'မင်းအဓိပတိရှေ့မှာ နင်နဲ့ငါ သူငယ်ချင်းတွေဖြစ်ကြောင်း ဟ
ကြွေးပြနေတာလား သုန်'

သူမကလည်း စူတင်းတင်းလေးမော့ကြည့်ပြီး ကောင်စုတ်...
နင်အဓိပ္ပာယ်မရှိတာတွေ လာမပြောနဲ့ဟု စာပြန်ရေးပေးလိုက်သည်။

'မင်းအဓိပတိကို အရေးပေးရင်တော့ အသေပဲနော်၊ ငါ့
ခေါက်ဖို့တော့ မစဉ်းစားနဲ့'

'နင် စာသင်မှာလား၊ ရန်ဖြစ်မှာလား ကံသာ၊ ငါ အရ
ဒေါသတွေဖြစ်လာပြီ၊ နင်နဲ့မခေါ်ချင်တော့ဘူး၊ တို့နှစ်ယောက်က သူ
ငယ်ချင်းတွေပဲဟာ မဟုတ်လို့လား'

သူမ စာပြန်ရေးရင်း ကံသာ့အပြုအမူတွေကို ဒေါသတွေထွက်
ရသည်။ အရူးကောင်... အဓိပ္ပာယ်မရှိလိုက်တာ။ ကံသာက သူပြော
ချင်တာတွေကို စာတွေရေးပြပြီးတော့ သုန္ဒရီ့ထံ စာအုပ်ကြီး ထိုးပေ
နှင့် အဓိပတိတွေ့သွားမှာလည်း သုန္ဒရီ ကြောက်ရသေး၏။ စိတ်ညစ်
လိုက်တာ။ ဆရာရောက်လာမှ သုန္ဒရီ စိတ်သက်သာရာရသွားသည်။





'မင်းတို့တွေ ကြိုးစားကြ၊ ဆရာက စာတော်မှ ကြိုက်တယ်၊
ရီ သမီးက မိန်းကလေးဆိုတော့ ပိုပြီးကြိုးစားရမယ်၊ ခပ်ညံ့ညံ့
လေးတစ်ယောက်က တန်ဖိုးရှိတဲ့ သတို့သမီး ဖြစ်မလာနိုင်ဘူး'

'ဟုတ်ကဲ့ပါ'

'သုန္ဒရီကိုတော့ ကျွန်တော် တာဝန်ယူပါတယ် ဆရာ၊ တန်ဖိုး
ကြီးသတို့သမီးလေး အဖြစ်ပေါ့'

'ကံသာနော် ဘာတွေလာပြောနေတာလဲ၊ အရူးကောင်'

သေတော့မှာပဲ။ ကံသာစုတ်... ကြီးကြီးကျယ်ကျယ်နဲ့ နင့်လို
ကြောင်မူးကြောင်ကောင်ကို သုန္ဒရီက လက်ထပ်မယ်ထင်နေလား။
ဟာနင် ဘယ်လောက်ပဲချမ်းသာချမ်းသာ။ အဓိပတိကို မသိမသာ
ကြည့်မိတော့ သရော်တွေပဲ တွက်နေသည်။ ဆရာမေးလိုက်တိုင်း
ဓိပတိက ရနေ၏။ ကံသာနဲ့ သုန္ဒရီပဲ မရတာပါ။ ရှက်တယ်။
နှာတွေ ပူထူနေတာပဲ။ ကံသာက တစ်မျိုး။ မျက်နှာကြီး စူတင်း
နီမြန်းနေသည်။

'ကံသာနဲ့ သုန္ဒရီတို့ ကြိုးစားဖို့ အများကြီးလိုအပ်နေသေး
ယ်၊ မင်းအဓိပတိကတော့ အရမ်းတော်တယ်၊ ကိုယ်ချိုးကျူးတယ်

ကံသာက အရင်ထပ်ပြီး ပြန်သွားသည်။ ယောကျ်ားမပီသလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



တာ။ အဓိပတိတော်တယ်လို့ ဆရာက ချီးမွမ်းတာပဲ သုနန္ဒရီ ပျော်သည်။

'အဓိပတိက အရမ်းတော်တာပဲ၊ သုနန္ဒရီကိုလည်း ပြန်သင်ပေးပါဦးနော်'

'ကိုယ့်ဟာကိုယ် ကြိုးစားပါ ရွှေသုနန္ဒရီ'

'အဓိပတိ'

'ကိုယ်က ဆရာမှမဟုတ်တာ၊ မင်းတို့လိုပဲလေ၊ ဘယ်လိုလုပ်ပြီး သင်ပြပေးနိုင်မှာလဲ'

'အဓိပတိက အရမ်းတော်တယ်၊ ဉာဏ်ကောင်းတယ်လေ၊ ရှင်းပြပေးပေါ့၊ သုနန္ဒရီလေ အရင်က မကြိုးစားခဲ့တာတွေ အရမ်းနောင်တရမိတာပဲ၊ ဟိုလေ... အဓိပတိရောက်လာမှ အားကျပြီး စာတွေကြိုးစားချင်နေတယ်၊ အကူအညီပေးပါနော် အဓိပတိ၊ ဂုဏ်ထူးတွေအများကြီးနဲ့ အောင်ချင်တယ်'

သူမက အဓိပတိလက်မောင်းကို ဆုပ်ကိုင်၍ပြောနေသဖြင့် သူ အမြင်ကတ်ကတ်နှင့် ဆတ်ခနဲဖယ်ပစ်လိုက်သည်။ အဓိပတိ မကြိုက်တာ အဲ့ဒါပဲလေ။ ယောကျ်ားလေးတွေနဲ့ တရင်းတနှီးနေတိုင်တတ်တာ။ ကံသာဆိုတဲ့ ကောင်ကလည်း ဘာကောင်လဲ။ သူ့ကို အမြဲတမ်း ဘုကြည့် ကြည့်တတ်၏။ သုနန္ဒရီကြောင့်ပဲ ဖြစ်နိုင်သည်။





'မင်းကို သင်မပေးနိုင်ဘူး ရွှေသုနန္ဒရီ၊ ပြီးတော့ ကိုယ်လည်း မိနစ် အရေးကြီးတာပဲ Sorry'

'ဟွန်း'

ရွှေသုနန္ဒရီရဲ့ မျက်စောင်းပျော့ပျော့လေးက သူ့ဆီရောက်လာပေမယ့် သူ ဥပေက္ခာပြုလိုက်သည်။ နှုတ်ခမ်းသားလေး စူထော်ထော်နှင့် အရည်လဲ့သွားရတဲ့ မျက်ဝန်းလေး... တောင်းပန်ခယမှုတွေ ပြည့်နှက်နေတာ အဓိပတိသိနေခဲ့၏။ ကံသာက အန်ကယ်ညီတို့ကုမ္ပဏီမှာ ရှယ်ယာဝင်ထားသည့် ဒါရိုက်တာတစ်ယောက်ပဲ။ အဓိပတိ ကင်းကင်းပဲ နေချင်သည်။

'အဓိပတိ အဖြစ်သည်းတယ်၊ ပညာဒါနလေးတောင် ငြင်းပစ်တယ်၊ မရဘူးနော်၊ သုနန္ဒရီကတော့ ဖေဖေ့ကိုပြောပြီး အတင်းအကြပ်သင်ခိုင်းမှာပဲ၊ ဂုဏ်ထူးတွေနဲ့ အောင်ချင်လို့ပါဆို'

ရွှေသုနန္ဒရီ အော်ဟစ်ပြောနေတဲ့အသံက သူ့နားထဲ ဆူဆူညံညံဝင်လာပေမယ့် သူလှည့်မကြည့်တော့။ တက္ကသိုလ်ဝင်တန်းတောင်ရောက်နေပြီ စာမကြိုးစားဘဲနဲ့။ ကံသာက ပို၍ညံ့ဖျင်းသည်။

'မင်းလိုကောင်မလေးမျိုးကို ငါ လုံးဝအထင်မကြီးဘူး ရွှေသုနန္ဒရီ၊ ပေါ့ပျက်ပျက်နဲ့ အပျင်းကလည်း ထူသေးတယ်'

ရွှေသုနန္ဒရီရဲ့ အလုပ်တွေမှန်သမျှ ခေါ်ခေါ်ထားနှင့် အိမ်ဖော်



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေ လုပ်ပေးနေကြရသည်။ အစားတွေ့ စားလိုက်၊ အိပ်လိုက်၊ ကြက်တောင်ရိုက်လိုက်နှင့် အမိပတီ အမြင်ကတ်လာသည်။

'အမိပတီ စာသင်ပေးနော်၊ အားကိုးပါတယ်၊ အမှတ်ကောင်းကောင်း ရချင်တယ်၊ အားကိုးပါတယ်ဆို'

သူ့အခန်းထဲရောက်တဲ့အထိ ရွှေသုနှရီရဲ့ အသံလေးက ဆူညံစွာ လိုက်လာနေခဲ့သည်။ ကလေးဆိုးလေးလိုပဲ။ သူနှင့် အသက်လလောက်ပဲငယ်တဲ့ ရွှေသုနှရီ။ သူ စာကြည့်စားပွဲမှာ ထိုင်မိတော့ ရွှေသုနှရီကို ငြင်းပစ်ခဲ့တာ ရိုင်းသည်ဟု ထင်မိလာသည်။

'အား… တော်တော်စိတ်ရှုပ်စရာကောင်းတဲ့ ရွှေသုနှရီပဲ၊ ကင်းကင်းနေချင်တာတောင် မရပါလား'

အန်ကယ်ညိုနှင့် အန်တီစံတို့က အမိပတီကို သားအရင်းတစ်ယောက်သဖွယ် ပြောဆိုဆက်ဆံနေကြတာပါ။ ရွှေသုနှရီကိုတော့ ဒီလောက်လေး အကူအညီပေးသင့်သည်ဟု ထင်မိ၏။ မျက်ဝန်းနက်ကျယ်ကျယ်လေးထဲမှာ ဝမ်းနည်းရိပ်တွေ ဝေ့တက်လာပြီး မျက်ရည်ကြည်လေးပေင် လွှမ်းခြုံသွားသည်။

'ရွှေသုနှရီ့ကို အရောတဝင်နေလို့ မဖြစ်ပါဘူး၊ ကံသာဆိုတဲ့ကောင်က ထိုးကြိတ်တော့မယ့်အတိုင်း စိတ်ရှုပ်တယ်ကွာ'

ရွှေသုနှရီ့ကို သူ စာတွေရှင်းပြတာလောက်လေးတော့ ကူညီ





သင့်သည်ဟု ထင်မိသည်။ စိတ်ထဲမှာ တနုံ့နုံ့ ဘာတွေခံစားနေရတာ ထဲ၊ ရွှေသုနှရီရဲ့ အပိုးမကျိုးတဲ့ နေထိုင်မှုအကျင့်စရိုက်ကြောင့် အထင်သေးမိပေမယ့် ရွှေသုနှရီရဲ့ ပြောဆိုလှုပ်ရှားသွားလာနေတဲ့ပုံရိပ်တွေကိုတော့ အမိပတီ ဖျောက်ဖျက်လို့မရနိုင်ခဲ့။

ဒီတစ်ခါ စာတွေရှင်းပြပါလို့ တောင်းဆိုရင် လက်ခံလိုက်မယ်။ ရွှေသုနှရီ့ကိုလည်း ထူးထူးချွန်ချွန် အောင်မြင်စေချင်သည်။

'သား… ဖေဖေတို့ မရှိတော့တဲ့နောက် သားကို မိဘသဖွယ် စောင့်ရှောက်ပေးမှာက ကိုကိုညိုပဲ၊ ဖေဖေယုံကြည်တယ်၊ သူတို့ဇနီးမောင်နှံရဲ့စကားကို နားထောင်ပါ၊ သားအပေါ် ဘယ်တော့မှ မတရားလုပ်မယ့်သူတွေ မဟုတ်ဘူး၊ သားက လိမ္မာတဲ့သူပဲ'

ဖေဖေ့စကားကို မင်းအမိပတီ တစ်ကြိမ်တစ်ခါမှ လွန်ဆန်ခဲ့ခြင်းမရှိခဲ့။ စည်းစနစ်ကြီးစွာ နေထိုင်ခဲ့ရှု၍လည်း မင်းအမိပတီ ထူးချွန်ထက်မြက်သူ ဖြစ်နေရသည်။

☺



www.burmeseclassic.com

www.burmeseclassic.com

(၇)

'ဒေါ်ဒေါ်ထား… ဈေးဝယ်သွားမလို့လားဟင်၊ သုန်လေးလည်း လိုက်မယ်'

'အမလေး… ထူးထူးခြားခြား၊ သုန်လေး ဘာစိတ်ကူးပေါက်သွားတာလဲ၊ မလိုက်ပါနဲ့ကွယ်၊ လူတွေရှုပ်တယ်၊ သန့်ရှင်းမှုလည်း အားနည်းတယ်၊ သုန်လေးက အသန့်အပြန့်ကြိုက်တယ်လေ'

'သုန်လေးလိုက်မှတော့ စီးတီးမာ့ခ်မှာ သွားဝယ်ကြမယ်လေ၊ အစုံရှိတာပဲဟာ'

'မဖြစ်ပါဘူး သုန်လေးရယ်၊ ဈေးကွာတယ်၊ ပြီးတော့ ဈေးမှာလောက်တော့ ဘယ်စုံပါ့မလဲ'

'ရပါတယ်၊ လာပါ၊ သုန်လိုက်ဝယ်ချင်လို့ပါ၊ ဗဟုသုတလေနော်… ဒေါ်ဒေါ်ထား'





'ကဲပါကွယ်၊ သုန်လေးလိုက်ချင်ရင်လည်း လိုက်ခဲ့၊ စီးတီးမာ့ခ်ပဲ သွားကြတာပေါ့'

'အဟဲ… ဒေါ်ဒေါ်ထား'

'ပြော'

'မင်းအဓိပတိရှေ့မှာတော့ သုန်လေးက မိန်းကလေးပီပီသသ ဈေးဝယ်တတ်ပြီး စီးတီးမာ့ခ်မှာ သွားဝယ်တာလို့ မပြောနဲ့နော်'

'ဘာဖြစ်လို့လဲ သုန်လေးရဲ့'

'အကြောင်းရှိလို့ပေါ့၊ သမီးကို မင်းအဓိပတိ အထင်သေးလို့ မဖြစ်ဘူး၊ အဲ့ဒါကြောင့်ပါ'

'ဟုတ်တော့ ဟုတ်တယ် သုန်လေး၊ မောင်မင်းအဓိပတိ နေထိုင်ပုံကို ဒေါ်ဒေါ်ထားလည်း သဘောကျတယ်၊ ယောကျ်ားပီသတယ်၊ စာလည်းအရမ်းတော်တယ်ဆို'

'အင်း… မင်းအဓိပတိ အထင်ကြီးအောင်လေ၊ သုန်လေး ဖိန့်ဖိန့်တော့ လုပ်ပြရလိမ့်မယ်'

ဒေါ်ဒေါ်ထားကတော့ သုန္ဒရီကို ငယ်စဉ်လေးကတည်းက ချိုပိုးထိန်းကျောင်း ကျွေးမွေးပြုစုလာတဲ့သူဆိုတော့ သုန့်ဆန္ဒက ဒေါ်ဒေါ်ထားဆန္ဒပဲ။

'သုန်လေး'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

'အိမ်မှုကိစ္စတွေရော သင်ချင်လား'

'ဟင့်အင်း… မသင်ချင်ပါဘူး၊ လုံးဝစိတ်မဝင်စားဘာ၊ ပျင်းတယ်၊ ပါးပါးလေးပဲ လုပ်မယ်၊ သုန့်ကျောင်းစာတွေကလည်း အရေးကြီးသေးတယ်လေ'

'သုန်လေးရယ်… ကလေးတစ်ယောက်လို အမြဲနေတတ်တာ ဒေါ်ဒေါ်ထားသမီးလေး ဒါတွေကို စိတ်ဝင်စားလာတာ ဧကန္တတော့'

'ကိုယ်သိရင် ကိုယ့်ဝမ်းထဲထားနော် ဒေါ်ဒေါ်ထား… အဟဲ'

ဒေါ်ဒေါ်ထားကလည်း သုန္ဒရီလေးနှင့် မင်းအဓိပတိကို နီးစပ်စေချင်သည်။ အစွမ်းအစရှိတဲ့ ယောကျ်ားတစ်ယောက်နှင့်ပဲ လက်ထပ်စေလိုနေခဲ့၏။ မောင်ကံသာနဲ့တော့ သဘောမတူပါဘူး။ ငွေကြေးချမ်းသာပေမယ့် ကိုယ်ပိုင်အစွမ်းအစက မရှိ။ သုန်လေးအပေါ် အနစ်နာခံတတ်ပေမယ့် အထင်ကြီးစရာက မရှိ။ ဒေါ်ဒေါ်ထားကြိုက်တာက ကိုယ်ပိုင်အစွမ်းအစရှိတဲ့ ယောကျ်ားပဲ။

'သွားကြစို့ သုန်လေး'

သုန္ဒရီက ဆွဲခြင်းလေးဆွဲပြီး ခြံထဲဆင်းလာတော့ ခြံထဲမှာ မင်းအဓိပတိ ထိုင်နေသည်။

'ဒေါ်ဒေါ်ထား လိုတာတွေ သေသေချာချာမှတ်ခဲ့နော်၊ သုန္ဒရီ ကိုယ်တိုင်ဝယ်မှာ၊ ချက်လည်းချက်မယ်၊ လက်စွမ်းပြမလို့'





မင်းအဓိပတိကြားအောင် တမင်ပြောတာပါ။ သုန္ဒရီက ရုပ်ပလာ ရုပ်ပလာကောင်မလေးတစ်ယောက် မဟုတ်ကြောင်း သက်သေပြပစ်ရမယ်။

'မမလေး… အုတ်ခ ဆွဲခြင်းလိုက်ကိုင်ပေးမယ်'

'မလိုဘူး၊ မမလေးနိုင်တယ်၊ နင့်အစ်ကိုလေး လိုအပ်တာတွေပဲ လုပ်ပေးလိုက်'

'ဒီနေ့တော့ ထူးထူးခြားခြား'

'အုတ်ခ… အဓိပတိအခန်းကို သန့်ရှင်းရေးလုပ်ပေးလိုက်ဦး၊ သွား'

သုန္ဒရီကို စပ်ဖြဲဖြဲနှင့် အလိုက်မသိ ပြောချင်တာပြောတော့မည်ဆိုတာသိ၍ သူမ မျက်စိမှိတ်ပြလိုက်ရသည်။ သူမသွားသည့်ဈေးက နီးတီးမှာခ်။ ဝယ်စရာရှိတာတွေ ဝယ်၏။ ပျော်စရာတော့ အကောင်းသား။ သုန္ဒရီ တက်ကြွနေသည်။

'သုန်လေးကို ကြည့်ရတာ အရမ်းပျော်နေတယ်၊ ကောင်းတယ် အိမ်မှုကိစ္စဆိုတာ မိန်းကလေးတိုင်း တတ်ထားသင့်တယ်လေ၊ လုပ်လုပ် လုပ်လုပ်ပေါ့'

'အင်းနော်'

'ဈေးနှုန်းတွေဘာတွေ သိထားတော့ ကိုယ့်ကို မလိမ်နိုင်တော့ဘူး သုန်လေး'



www.burmeseclassic.com

www.burmeseclassic.com



သုန္ဒရီပျော်နေသည်။ အဓိပတိကြိုက်တတ်တာတွေ စဉ်းစား
ရွေးချယ်ရတာကလည်း ရင်ခုန်နေသည်။ မေမေက ရွှေသမက်လော
ဟု ပေါ်တင်ပြောထားပြီးသား။ အရေးထဲ ကံသာ့ဆီက ဖုန်းဆက်
သူမမျက်နှာလေး ရှုံ့မဲ့သွားသည်။

'အရေးထဲ ဒီကောင်စုတ်က အရမ်းရှုပ်တယ်'

သူမ ဖုန်းလေးကိုဖွင့်ပြီး နားထောင်လိုက်ရသည်။ ကံသာ့
လည်း ပြတ်ပြတ်သားသား ဆက်ဆံလို့ မဖြစ်သေးဘူး။ စိတ်ထဲ
လုံးဝမသက်သာ။

သူက လိုက်လာမယ်ဆို၍ ပို၍ပင်စိတ်ညစ်သွားရ၏။ မလို
လာနဲ့ဟု စွတ်အော်ပစ်လိုက်သည်။

'မလိုက်လာနဲ့၊ ငါ ဈေးဝယ်နေတာဟ၊ နောက်နေ့မှတွေ့
နော် ကံသာ'

'မရဘူး၊ နင် ဘယ်ဈေးမှာလဲ၊ ငါလိုက်လာခဲ့မယ်၊ ဘာဖြစ်
ဈေးတွေလိုက်ဝယ်နေရတာလဲ၊ မင်းအဓိပတိအတွက်လား'

'အိမ်အတွက်ပါဟာ၊ နင်ကလည်း ဒီမှာ ငါ အလုပ်တွေများ
တယ်ဟ'

'သုန္ဒရီ နင့်အချိုးတွေ ရေရေလည်လည်ပြောင်းနေတယ်၊
အခု အရမ်းကို ရင်ပူနေပြီ'





'အဓိပ္ပာယ်မရှိတာ ကံသာရာ၊ အဓိပတိကို မထိခိုက်ပါနဲ့ဟ၊
သူတ တို့တိုက်မှာနေရတာပါ၊ ဖေဖေ့ရဲ့ သားလိုပဲနော်'

'မသိဘူးဟာ၊ နင်ဘယ်မှာလဲ၊ ဈေးဝယ်တယ်၊ နင်ဘယ်တုန်း
ကများ ဒီလိုအပိုအလုပ်တွေ လုပ်ဖူးခဲ့လို့လဲ သုန်'

'အခုဝယ်တယ်ဟာ၊ ဘာဖြစ်လဲ၊ ကံသာ နင် ဘာဖြစ်လို့
သနားကို မီးခွက်ထွန်း ရှာနေရတာလဲဟ'

'နင် အရမ်းစိမ်းတယ်၊ မင်းအဓိပတိရောက်မှ ပြောင်းလဲသွား
တာ၊ ငါနဲ့က ငယ်ငယ်လေးကတည်းက စားအတူ သွားအတူလေ'

'မင်းအဓိပတိက မင်းအဓိပတိပဲ၊ ကံသာက ကံသာပဲ၊ တော်ပါ
တော့ဟာ၊ အရေးကြီးတာက တို့တွေ ဒီနှစ် အမှတ်ကောင်းကောင်းနဲ့
အောင်းပေါက်အောင်ဖို့ပဲကံသာ၊ ကြိုးစားကြမယ်လေ'

'ညနေ ငါလာခဲ့မယ်၊ ကြက်တောင်ရိုက်မယ်၊ ဒီနေ့တော့ နင့်ကို
နိုင်ကစားပြမယ်'

'ငါမအားဘူး'

'နင်က ဘာတွေများ အလုပ်များနေလို့လဲ သုန်၊ မရဘူး၊
ပြတ်မ်းအားနေတဲ့ ကောင်မလေးကများ'

ကံသာ ဒေါသတွေ ထွက်နေသည်။ မင်းအဓိပတိစာတော်တာ
လည်း နည်းနည်းလေးမှ မကျေနပ်။ သုန္ဒရီကိုယ်တိုင် မင်းအဓိပတိ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ ပဲများနေသည်ဟု ထင်၏။ ကံသာ စက္ကန့်လေးမျှပင် သူ့
အပေါ် စိတ်မချနိုင်။ ဈေးဝယ်နေတယ်ဆိုတာလည်း မင်းအဓိ
အတွက်ပဲ ဖြစ်မည်။ ကံသာ ဒေါသထွက်နေရသည်။

'သုန္ဒရီ... ညနေ ငါလာမှာနော်၊ နင့်ကို ငါ ပြောစရာရှိတ

'တော်ပါတော့ ကံသာရယ်၊ တောင်းပန်ပါတယ်ဟာ၊
ငါ့အလုပ်တွေ ရှုပ်နေတယ်ဟာ၊ ကောင်စုတ်ရ'

သူမ ဖုန်းပိတ်ပစ်လိုက်လေသည်။ ကံသာ့ကြောင့် စိတ်အနှ
အယှက်တွေ ဖြစ်နေရ၏။ တကယ်စိတ်ပိန်တယ်။ ကံသာနှင့်
အောင်နေဖို့က မလွယ်ပေ။

'ကံသာ လာဦးမယ်တဲ့ ဒေါ်ဒေါ်ထားရယ်'

'အင်းလေ... မောင်ကံသာကိုလည်း အရမ်းတင်းလို့
သေးဘူး သုန်လေး၊ သူ့အဖေနဲ့က သမီးဖေဖေ လုပ်ငန်းဆက်နွယ်
တွေ ရှိသေးတယ်လေ'

မတတ်နိုင်တော့ဘူး။ သုန္ဒရီဘက်က သူငယ်ချင်းသံယော
ပဲ ရှိနေပေမယ့် ကံသာ မရိုးသားတော့ဘူး။ အမြင်ကတ်လိုက်
နော်။ မင်းအဓိပတိနဲ့ ဘာဖြစ်လို့များ နောက်ကျမှ တွေ့ဆုံခဲ့ကြတာ
ဟယ်။ စောစောက အပျော်တွေ ဘယ်ရောက်သွားမှန်းမသိ။ သူမ
ဟင်းတွေ ဝင်ချက်ရဦးမယ်။ မင်းအဓိပတိအမြင်မှာတော့ သုန္ဒရီ



မှုကိစ္စတွေ စိတ်ဝင်စားတယ်ပေါ့လေ။ ကံသာကြောင့် သူမအကြံ
ည်တွေ ပျက်စီးရတော့မယ်။ သူမ ဈေးအမြန်ဝယ်၍ ပြန်လာခဲ့
သည်။

'ဟင်... ကံသာ နင်ဘယ်အချိန်ကတည်းက ရောက်နေဟာ
ဲ'

အမေးဆိုသွားရသည်။ ကံသာက ခြံထဲမှာရှိတဲ့ ကြက်တောင်
ွင်းမှာ ကြက်တောင်ကို တရှမ်းရှမ်း ရိုက်နေ၏။ သေချင်လိုက်တာ
။ သူမ ပြန်လာတာ တွေ့တော့ အနားသို့လျှောက်လာလေသည်။

'ကံသာရယ်... နင်ဟာလေ အလိုက်ကန်းဆိုးမသိဘူး၊ ငါ
ခုပဲ ဈေးဝယ်ပြီး ပြန်လာတာဟာ၊ နင်နဲ့ ဘယ်လိုလုပ် ကစားနိုင်မှာ
ဲ'

'နေပါဦး သုန္ဒရီ၊ နင် အခုတစ်လော ထူးခြားဆန်းပြားနေတာ
ပါလားဟာ၊ ဈေးဝယ်သွားတယ်... နင် ဘယ်တုန်းက ဒီအလုပ်တွေ
လုပ်ဖူးလို့လဲ'

'အခုလုပ်တယ်ဟာ၊ မိန်းကလေးဆိုတာ ဈေးဝယ်တဲ့အလုပ်
စိတ်အဝင်စားဆုံးပဲ၊ ဘာဖြစ်လဲ ဒါဆန်းလို့လား'

'နင့်လိုမိန်းကလေးမျိုးအတွက်ကတော့ ဆန်းတယ်၊ မီးဖိုချောင်
ကိစ္စတွေ နင် ဘယ်တုန်းကစိတ်ဝင်စားလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



‘ငါပြောပြီးပြီပဲ၊ အခု စိတ်ဝင်စားလာတယ်’

‘ဟိုကောင့်ကြောင့်လား’

‘ဘာပြောတယ်’

ကံသာက အဓိပတိအခန်းဘက် မေးငေါ့ပြီး မေးတော့ အဓိ က ပြတင်းပေါက်မှာ ထွက်ရပ်နေတာ တွေ့လိုက်ရ၍ သုန္ဒရီ အ အကျယ် ထိတ်လန့်တုန်လှုပ်သွားရသည်။ သေပါပြီ။ ကံသာ အ ဆိုးတယ်။ လူမှုရေးလည်း မသိဘူး။ အရင်ကတည်းက သဝန်တို တဲ့ ကံသာ့အမူအကျင့်တွေကို မနှစ်သက်မိပါဘဲ စိတ်တွေညစ်ရသ

‘အပိုတွေ ပြောမနေပါနဲ့ ကံသာ၊ မဆီမဆိုင်တွေ နင်ပြန်တော

‘မပြန်ဘူးဟာ၊ နင်နဲ့ စကားတွေပြောမလို့ လာတာ’

‘ပြီးရောဟာ’

ကံသာက သူမလက်လေးကို ဆွဲတော့မည်ဟန်ပြနေ၏။ သူ ကပျာကယာပင် ခြံထဲထွက်လာခဲ့သည်။ မင်းအဓိပတိက ပြတင်းပေါ မှာ ထွက်ရပ်နေရာကနေ တိုက်ထဲပြန်ဝင်သွား၏။ သုန္ဒရီ့စိတ် ပူလောင်လာသည်။ ကောင်စုတ်ကံသာ့ကြောင့်ပါ။ မလွှဲသာမရှောင် ၍ ကံသာနှင့် ထိုင်စကားပြောနေရသည်။

‘သုန္ဒရီ’

‘ပြော’



‘နင် အခုတစ်လော ငါ့ကိုတွေ့လိုက်ရင် မျက်နှာကြီးက သုန်မှုန် သွားသလိုပဲ၊ ငါတို့က ငယ်ငယ်လေးကတည်းက စားအတူ၊ အတူ ကျောင်းနေဘက်သူငယ်ချင်းတွေပါဟာ၊ နင်က အခုမှ လာတဲ့ ဟိုကောင့်အပေါ်’

‘တော်တော့ ကံသာ၊ နင် ဘာဖြစ်လို့ မင်းအဓိပတိကိုပဲ ခလုတ် နေရတာလဲဟာ၊ စိတ်ပျက်တယ်၊ ဒီနှစ်က တို့တွေအတွက် အရေး တဲ့ စာသင်နှစ်လေ’

‘ဟား… ဟား… ဟား’

‘ကံသာ’

‘စာသင်ဖို့ဆိုရင် ပျင်းတဲ့ ရွှေသုန္ဒရီ… စာအလွန်ညံ့သော နှရီ… မင်းရည်မှန်းချက်တွေက အရမ်းမြင့်မားသွားပြီထင်လား’

‘ကံသာ… နင် ဒီလိုပဲ လိုက်ရိနေမယ်ဆိုရင်တော့ နင့်ကို ယ်ချင်းအဖြစ်ကနေ စွန့်လွှတ်မှာနော်’

‘နင် အဲ့ဒီလိုလုပ်လို့ ဘယ်ရမလဲ ရွှေသုန္ဒရီ၊ ငါက နင့်ရဲ့အစေ ခံ ကိုယ်ရံတော်တပ်မှူးလေးပါ’

သူမ နှုတ်ခမ်းလေးစူထော်ပြီး ကံသာ့အား စိတ်ပျက်စွာကြည့်မိ ၏။ ဟုတ်တော့လည်း ဟုတ်တာပါပဲ။ ကံသာက သူမအနှံ့အတာ အခံဆုံးပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့လည်းဟယ် မင်းအဓိပတိအပေါ် သုန္ဒရီခံစားချက် က နင့်အပေါ်မှာထားရှိတဲ့ သူငယ်ချင်းသံယောဇဉ်မျိုးမဟုတ် နှလုံးသားထဲအထိ နက်နက်ရှိုင်းရှိုင်း စူးနစ်ပြီး ချစ်မိနေတယ်။ ကံသ ရှိနေတာပင် သူမဘဝအတွက် အနှောင့်အယှက်အဟန့်အတား ဖြစ်နေလေသည်။

မတတ်နိုင်ဘူး ကံသာ။ တကယ်ပဲ ထူးဆန်းဖွယ်ပြောင်း တွေ ဖြစ်ပေါ်နေရတာ အမှန်ပဲဟယ်။ သူမ ငြိမ်သက်နေသည်။

'ကံသာဆိုတဲ့ကောင်က ရွှေသုန္ဒရီကို ဘယ်လိုအကြောင်းမျိုး စွန့်လွှတ်မှာမဟုတ်ဘူးနော်'

ကံသာ့စိတ်ထဲမှာ နည်းနည်းလေးမှ မကျေနပ်။ သုန္ဒရီရဲ့ ဝန်းစိမ်းစိမ်းတွေကို ကံသာ သတိထားမိနေသည်။ မင်းအဓိပတိကြေ ဆိုတာ သဘောပေါက်၍လည်း သူ့အပေါ် သူငယ်ချင်းအဆင့်ထ မပိုသော ရွှေသုန္ဒရီ့ဆက်ဆံမှုတွေကိုလည်း နာကျင်ရ၏။ ကံသ ဘာကိုမှ စိတ်မဝင်စားနိုင်ဘဲ ဖြစ်နေရသည်။

'ငါ့ရင်ထဲမှာ တွယ်ငြိနေတဲ့သံယောဇဉ်က ဘယ်လိုအတို အတားနဲ့မှ ထုထည်နှိုင်းယှဉ်လို့ မရဘူး သုန်'

ကံသာ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေတောင် လည်လာ သုန္ဒရီ အထိတ်တလန့်နှင့် ကံသာ ငိုချပစ်လိုက်တော့မလားဟုကြော





သည်။ ကံသာ့စိတ်တွေ ကျေနပ်စေရန် သူမစကားတွေ လိုက်လိုက် လျော ပြောပေးရသည်။

'ကံသာရယ် သုန္ဒရီကရော နင့်ကို ငယ်ငယ်လေးကတည်းက ဇဉ်တွယ်ခဲ့ရတာပါဟာ၊ တို့တွေက သူငယ်ချင်းတွေလေ'

သူ့အကြည့်တွေက ဆတ်ခနဲ ဒေါသငွေ့တွေသမ်းပြီး သုန္ဒရီကို လိုက်သည်။ ကံသာ... ဘာကောင်လဲ။ စိတ်ရှုပ်လိုက်တာ။ ထွက်သွားချင်လာ၏။ ကြက်တောင်လည်း မရိုက်ချင်ပါဘူး။ တွေပဲ ချက်ချင်တာ။ သူမ စိတ်မသက်မသာကြီး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၈)

'သုန္ဒရီကို ပေါ့ပျက်ပျက်မိန်းကလေးတစ်ယောက်ဆိုပြီး အ
အထင်မသေးနဲ့နော်၊ အခု ဟင်းချက်နည်းတွေ သင်နေပြီ'

မင်းအဓိပတိကတော့ သုန္ဒရီ ကြိုးနေမှန်း သိသည်။ အထင်မ
ပါဘူး။ စိတ်လည်း မဝင်စားဘူး။ အဓိပတိနှင့် အရောတဝင်လု
အကြံအဖန်တွေ လုပ်နေတာပဲထင်မိ၏။ မာနမရှိတဲ့ ရွှေသုန္ဒရီ
မနှစ်သက်ဆုံးပဲ။ အကြောင်းမရှိအကြောင်းရှာ၍ သူ့ကို စာတွေရှင်
နိုင်းသည်။ တကယ်လည်း ညံ့တယ်။ ကံသာဆိုတဲ့ကောင်က ဗိုလ်
သေး။

'သုန္ဒရီက အိမ်မှုကိစ္စတွေဆိုရင် စိတ်ဝင်စားပါတယ်၊ မေမေ
မခိုင်းတာ သိလား၊ အဓိပတိ… စားကြည့်စမ်းပါဦး သုန္ဒရီကြော်ထ
တဲ့ ကြက်သား၊ ဟိုလေ… ခရုဆီတို့ ထောပတ်တို့နဲ့ ကြော်ထားတာ





'ကိုယ်မကြိုက်ဘူး'

'ဟင်'

'ကိုယ်က အကြော်တွေမစားတာ ရွှေသုန္ဒရီ'

'ဟုတ်လား… ဒုက္ခပါပဲ၊ သုန္ဒရီလက်ရာကို စားစေချင်တာ၊
ဟုတ်သားပဲ၊ အဓိပတိက အသီးအရွက်တွေ စားတယ်၊ ဒါဆို မြင်းခွာ
ရွက်သုပ်ပေးရမလားဟင်'

'တော်ပါပြီ၊ ဒီမှာစားစရာဟင်းတွေ အများကြီးရှိတာပဲ၊
တယ်'

'အို မဟုတ်တာပဲ၊ ဒီမှာအကြော်တွေပဲ ရှိတယ်၊ အရွက်သုပ်လေး
တစ်ပွဲတော့ ရှိရမှာလေ၊ မနက်က သုန္ဒ မြင်းခွာရွက်တွေ ဝယ်လာ
တယ်၊ ခဏလေးပဲစောင့်'

သုန္ဒရီ လက်စွမ်းပြချင်၍ ထမင်းစားပွဲကနေ ထလာခဲ့သည်။
မြင်းခွာရွက်သုပ်ကတော့ မခက်ဘူးဟုထင်၍ သုပ်ပေးမည်ဟု ပြော
လိုက်တာပါ။ အဲတော့ ရှည်ကြောပြီးထလာတာ မြင်းခွာရွက်တွေကြည့်
ပြီး ဘယ်ကနေ စကိုင်ရမှန်းမသိ။ အရေးထဲ ဒေါ်ဒေါ်ထားကလည်း
ဘယ်ရောက်နေမှန်း မသိပါဘူး။ သုန္ဒရီ စဉ်းစားပြီး အရွက်တွေကို
ရေဆေးသည်။ ပြီးတော့ ပါးပါးလှီး၏။ ဟုတ်ပြီ ဘာတွေထည့်ရမလဲ။
ဒေါ်ဒေါ်ထားက အသုပ်သုပ်စားလို့ရအောင် ဆီချက်တွေ ဘာတွေ
ရှိတယ်လို့ ပြောတယ်။ သူမ ပုလင်းတွေတော့ တွေ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆီချက်ထည့်ရမယ်၊ ပြီးတော့ ဘာထည့်ရမလဲ၊ အား မဖြစ်သေးပါဘူး၊ မြန်မြန်လုပ်မှ ဒါလေးတောင်မလုပ်တတ်ရင်လည်း မိန်းကလေးမပီသရာရောက်တယ်'

သူမစိတ်ထဲရှိတာတွေ ထည့်ပြီး နယ်ဖတ်၍ ထွက်လာသည်။ မင်းအဓိပတိက စောင့်နေလို့ တော်ပါသေးတယ်။ သူမ အကျအနပြင်ဆင်ကာ စားပွဲပေါ်ချပေးလိုက်သည်။

'စားနော် အဓိပတိ'

မြင်းခွာရွက်သုပ်ပန်းကန်လေးအား မင်းအဓိပတိရှေ့မှာ ချပေးလိုက်သည်။ သူက ဇွန်းလေးကိုင်ပြီး မြင်းခွာရွက်သုပ်တွေ စားတော့ သုန္ဒရီ ဝီတိဖြစ်သွားရ၏။ သူ အလိုက်အထိုက်ဆက်ဆံပေး၍ ဖြစ်သည်။

'အား... ထွီ'

'ဟင်... ဘာဖြစ်တာလဲ အဓိပတိ၊ မကောင်းဘူးလားဟင်'

မျက်နှာကြီး ရှုံ့မဲ့၍ မြင်းခွာရွက်သုပ်တွေကို ထွေးထုတ်ပစ်လိုက်၍ သူမ မျက်နှာငယ်လေးနှင့် မေးမိသွားသည်။

'မင်းအသုပ်က အငန်တွေ များနေတယ်၊ ဟန်ဆောင်မျိုချလို့တောင် မရဘူး သုန္ဒရီ'

'ဟယ်... ဟုတ်သားပဲ၊ အချဉ်တောင် မထည့်မိဘူး၊ တောင်းပန်ပါတယ် အဓိပတိရယ်'





'မင်းမလုပ်တတ်ဘဲနဲ့ ဘာလို့ကိုယ့်ရှေ့မှာ ဟန်ဆောင်ချင်နေရတာလဲ'

'ဟင်'

'မင်း အိမ်မှုကိစ္စတွေကို စိတ်လည်းမဝင်စား၊ နားလည်းမလည်ဘဲနဲ့ ဘာဖြစ်လို့ လိမ်ညာဟန်ဆောင်ချင်ရတာလဲ ရွှေသုန္ဒရီ၊ အဲ့ဒီလိုလုပ်ပါနဲ့ ကိုယ်လည်း မျက်စိနောက်တယ်'

'မင်းအဓိပတိ'

သူ ထလိုက်သည်။ ရွှေသုန္ဒရီက သူနှင့်ရင်းနှီးစေရန် ကြိုးပမ်းချက်တွေကို သူတကယ်ပဲ မျက်စိနောက်နေမိ၏။ ကံသာလည်း ခံစားမှာပဲလေ။ သူ့ကို အရောတဝင်လုပ်နေသည်။

'မင်းအဓိပတိ ခဏနေပါဦး၊ သုန္ဒရီ တောင်းပန်ချင်တယ်'

'မလိုဘူး'

'သုန္ဒရီက အဓိပတိနဲ့ ခင်မင်ချင်တယ်၊ ဝန်ခံတယ်လေ၊ သုန္ဒရီ အိမ်မှုကိစ္စတွေ စိတ်မဝင်စားဘူး၊ စာညံ့တယ်၊ အခု အိမ်မှုကိစ္စတွေကို စိတ်ဝင်စားလာတယ်၊ စာလည်း ကြိုးစားချင်တယ်၊ အဲ့ဒါ ဘာမကောင်းတာရှိလို့လဲ'

'မင်း သင်ကြားဦးလေ၊ ကြိုးစားကြည့်ပါ၊ ကောင်းတဲ့ကိစ္စတွေဆိုတာမှန်ပေမယ့် ကိုယ့်ရှေ့မှာ လုပ်ပြမနေပါနဲ့'



www.burmeseclassic.com

www.burmeseclassic.com



အဓိပတိ တော်တော်လေး ကြီးကျယ်ခမ်းနားနေတာပါလား။ မှန်းစရာကောင်းလိုက်တာ။ သုန္ဒရီကတော့ သူ့နှင့်ခင်မင်ရင်းနှီးချင်လွန်းလို့ ကြိုးစားပြနေတာကို ကြည့်ရလေ ခပ်တည်တည်နှင့် သူ့အခန်းထဲဝင်သွားသည်။ သုန္ဒရီကို အဖက်မတန်သလိုလို။

'ဒီမှာ… သုန္ဒရီကိုယ်တိုင်လေ ညစ်ပတ်ပေရေနေတဲ့ ဈေးထဲသွားပြီး အပင်ပန်းခံဝယ်လာတာ သိလား'

'အပိုတွေလာပြောမနေနဲ့ ရွှေသုန္ဒရီ၊ မင်းဝယ်လာတာတွေက City Mark ကပဲ၊ တချို့ပစ္စည်းတွေ တံဆိပ်ခွာတာ မေ့ကျန်ခဲ့တယ်ထင်တယ်'

'အယ်'

'မင်း လိမ်ချင်တယ်ဆိုရင်လည်း ပိပိရိရိလိမ်စမ်းပါ ရွှေသုန္ဒရီ၊ မင်းလား ညစ်ပတ်ပေရေနေတဲ့ ဈေးထဲသွားမှာ၊ လုပ်ပြမနေပါနဲ့၊ ဘာမှ ထူးခြားလာမှာ မဟုတ်ဘူးနော်'

အခန်းထဲဝင်ပြီး တံခါးကို ဝုန်းခနဲ ပိတ်ပစ်သည်။ သူမ အပြင်မှာ ခြေကလေးဆောင့်ပြီး ကျန်ရစ်ခဲ့တော့၏။ မင်းအဓိပတိ ရက်စက်တယ်။ စိမ်းကားလိုက်တာ။

သူများအိမ်မှာလည်း လာနေသေးတယ်။ အိမ်ရှင်သမီးချောလေးကို မတူမတန်ဘူးများ ထင်နေလား။ သူမ နှုတ်ခမ်းလေးစူပြီး





ချက်စောင်းလေး ဝေ့ဝဲသွားပေမယ့် မင်းအဓိပတိကိုတော့ မမုန်းမိ၊

ယောကျ်ားပီသသည်ဟု သုန္ဒရီစိတ်ထဲကပင် အထင်ကြီးမိနေ၏။ သူမ ဒေါ်ဒေါ်ထားရှိနေတဲ့အခန်းထဲသို့ ပြန်ဝင်လာခဲ့လေသည်။

'အို… သုန်လေး ဘာဖြစ်လာတာလဲ၊ မျက်နှာလေးပေါ်မှာ ကျေနပ်မှုတွေအပြည့်နဲ့ပါလား၊ ဒီမှာ မြင်းခွာရွက်သုပ်တွေ တွေ့တယ်၊ သုန်လေး လက်စွမ်းပြထားတာမဟုတ်လား'

ဒေါ်ဒေါ်ထားက စားလက်စ မြင်းခွာရွက်သုပ်ပန်းကန်လေးနားသွားပြီး နွမ်းနှင့်ခပ်၍ မြည်းကြည့်မယ် ပြင်လိုက်သဖြင့် သူမ အပြင်းအထန် တားမြစ်လိုက်သည်။

'မစားနဲ့ ဒေါ်ဒေါ်ထား၊ အရမ်းငန်နေလို့ ဟန်ဆောင်မျိုချလို့တောင် မရဘူးလို့ အဓိပတိက ပြောတယ်၊ သုန် အချဉ်ထည့်ဖို့ မေ့နေတယ်၊ ဒေါ်ဒေါ်ထားက ဘယ်ရောက်နေတာလဲလို့'

'သုန်လေး လွတ်လွတ်လပ်လပ် ပြောဆိုနိုင်အောင်လေ၊ ဒေါ်ဒေါ်ထားက လသာဆောင်မှာ သန့်ရှင်းရေး သွားလုပ်နေတာပါ'

'မျက်နှာရမလားလို့၊ အားလုံးအမှားတွေချည်းပဲ၊ City Mart က ဝယ်လာတဲ့ပစ္စည်းတွေ တံဆိပ်တောင် မခွာရသေးဘူးတဲ့၊ သုန္ဒရီညံ့တာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်ဒေါ်ထားလည်း နမော်နမဲ့လုပ်မိတယ်၊ သုန်လေးကို အထ
သေးခံရပြီကွယ်'

'ထပ်ကြိုးစားမယ် သိလား'

သုန္ဒရီလေးရဲ့ ပြောင်းလဲလာမှုအတွက် ဒေါ်ဒေါ်ထား ဝမ်းသာ
သည်။ ဒါကြောင့်လည်း သုန္ဒရီလေး လိမ်မာစေဖို့ မိမိအစွမ်းကု
ကူညီမိနေ၏။ မောင်အဓိပတိပဲ သုန်လေးနှင့် လိုက်ဖက်တင့်တယ်
ရှိသည်။

'အရေးကြီးတာက သုန်လေး စာကြိုးစားပြဖို့ပဲ၊ ဂုဏ်ထူးတွေ
အောင်ရင်လေ မင်းအဓိပတိ အရမ်းသဘောကျမယ်လေ နော်'

'အင်း'

အင်းဟုသာ ပြောလိုက်ရတာ သုန္ဒရီကိုယ် သုန္ဒရီ မယုံကြည်
မှတ်ဉာဏ်ကို မကောင်းတာပါ။ ကြည့်လေ... မီးဖိုချောင်သုံးပစ္စည်း
တွေကို ဈေးထဲမှာ ပင်ပင်ပန်းပန်း လိုက်ဝယ်သလိုနဲ့ တံဆိပ်
အကုန် ဖြုတ်ပစ်ရမှာကိုး။ သူမ ငုတ်တုတ်လေး ထိုင်နေမိသည်။

'သုန်လေး ထပ်ကြိုးစားကြည့်မယ်ဆို၊ စိတ်ဓာတ်မကျ
ကျူရှင်ဆရာ လာလိမ့်မယ်'

'ကံ့သာက တစ်မျိုး'

သုန္ဒရီတို့ဝိုင်းမှာ ကံ့သာ့ကြောင့် အဆင်မပြေပေ။ ဒီကောင်





တာလည်း ဖယ်ထုတ်၍မရ။ မင်းအဓိပတိနဲ့ ရန်စောင်နေတာမျိုး သုန္ဒရီ
နည်းနည်းလေးမှ မကြိုက်။

နေ့ခင်းတစ်နေ့ခင်းလုံး ညဆယ်နာရီလောက်အထိ မင်းအဓိပတိ
နှင့် တွေ့ဆုံခွင့်ရှိနေပေမယ့် ကံ့သာရှိနေ၍ မလွှပ်ရဲပေ။ ဖေဖေ
ကိုယ်တိုင်က မျက်နှာသာမပေးဘဲ ကံ့သာနှင့် ပြဿနာမဖြစ်စေနဲ့ဟု
အသေအချာမှာထားသည်။

'သုန်လေး ထမင်းစားလေ၊ ပြီးတော့ ကျူရှင်သင်ဖို့ လုပ်တော့၊
အလှအပလေး ပြင်လိုက်ဦးနော်'

'တော်ပါပြီ၊ သုန္ဒရီ အရမ်းလှပနေရင် ကံ့သာက အရမ်းကြိုက်
ဦး ကပ်နေတော့မယ်'

'သုန်လေး'

'ဟင်'

'ဖူးစာဆိုတာ ကိုယ်ဖြစ်စေချင်တာကို ဖန်တီးယူလို့တော့ မရဘူး၊
ရှေးအတိတ်ဘဝကတည်းက ဆုတောင်းတွေကြောင့် ပေါင်းဖက်ကြရ
တာပါကွယ်'

'ဒါဆို ကံ့သာကြီးနဲ့ဆို သေပြီ၊ သုန္ဒရီကလေ ကံ့သာ့ကို
သူငယ်ချင်းတစ်ယောက်အဖြစ်ပဲ သံယောဇဉ်ရှိတာ၊ အဲ... မင်းအဓိပတိ
နဲ့ ဖူးစာရှင်ဖြစ်နိုင်တယ်၊ ဒါကြောင့် လာတွေ့ကြတာလေ၊ ဟုတ်တယ်
မင်းအဓိပတိပဲ'



www.burmeseclassic.com

www.burmeseclassic.com



သူမစိတ်တွေ ပြန်၍တက်ကြွလန်းဆန်းသွားရကာ ထမင်းကို တစ်ယောက်တည်း စားသည်။ မင်းအဓိပတိတောင် သိပ်မစားရသေးဘူး။ သူမအသုပ်ကြောင့် စိတ်တိုပြီး အခန်းထဲပြန်ဝင်သွားရရှာ စိတ်မကောင်းလိုက်တာ။

သွားပို့ပြန်ရင်လည်း ကြိုက်မှာမဟုတ်ဘူး။ ဘယ်လိုလုပ်ရမလဲ မပို့တော့ပါဘူး။ ရွှေသုန္ဒရီ မာနလေးတော့ နည်းနည်းထားစမ်းဟယ်။ သူ့အခန်းထဲမှာ စားစရာတွေ ရှိပါတယ်။ သူမ စိတ်ကို တင်းထားပြီး တစ်ယောက်တည်းပဲ စားပစ်လိုက်သည်။

'အသုပ်ဆိုတာ ပုဇွန်ခြောက်ထည့်ရတယ်၊ သတ်သတ်လွတ်ဆိုရင် မြေပဲလှော်လေး ထောင်းထည့်ရတယ်၊ အငန်တွေ အရမ်းမသုံးနဲ့လေ၊ မန်ကျည်းနှစ်လေးဖျော်ပြီး ထည့်သုပ်ရင် ပိုကောင်းတယ် သုန်လေး'

'ဟား... ဟား... ဟား သုန်လေးမြင်းခွာရွက်သုပ်စားပြီး အဓိပတိလေ မျက်နှာကြီး ရှုံ့မဲ့သွားတာပဲ၊ ဟန်တောင်မဆောင်နိုင်ဘူး ထွေးထုတ်တယ်'

'သုန်လေးက ချစ်စရာကောင်းပါတယ်ကွယ်၊ မောင်မင်းအဓိပတိက မမုန်းပါဘူး၊ အရမ်းကိုလည်း လှပလွန်းတယ်'

'ဟွန်း... အလှအပနဲ့တော့ မင်းအဓိပတိကို စွဲဆောင်နိုင်မှာ





မဟုတ်ဘူး ခေါ်ခေါ်ထားရ၊ မေမေက ဗိုင်းကောင်းကျောက်ဖိ နေပြီရယ်တဲ့လေ၊ ဘယ်လိုနေရမလဲဟင်'

'အရူးမလေး အခုခေတ်မှာ အဲ့ဒီလောက်ကြီး သုန်လေးနေပြီမှာမဟုတ်ပါဘူး၊ အရမ်းချစ်စရာကောင်းတဲ့ ရွှေသုန္ဒရီကို ဘယ်လိုယောက်ျားမျိုးက ဥပေက္ခာပြုထားနိုင်မှာလဲကွယ်'

'ဟုတ်တယ်နော်'

သူမ မနက်စာစားပြီးသည်နှင့် သူမအခန်း ပြန်လာတော့ မင်းအဓိပတိက အခန်းထဲကနေ အထွက်နှင့်ဆုံသည်။

'ဪ... အဓိပတိ စောစောက ထမင်းတောင် ကောင်းကောင်းမစားရသေးဘူး၊ သွားယူပေးရမလားဟင်'

'ကိုယ့်မှာ လိုအပ်ရင်ခိုင်းဖို့ အုတ်ခရှိပါတယ်၊ ကျေးဇူးပြုပြီး ဝေးဝေးနေစမ်းပါ'

'ဟွန်း... တစ်တိုက်တည်းနေကြတာလေ၊ တစ်ယောက်နဲ့တစ်ယောက် ရန်သူကြီးလို မနေတတ်ပါဘူး၊ တစ်နေ့ကုန် ဒီမျက်နှာတွေ အမြဲတမ်းတွေ့နေကြရတာလေ'

အဓိပတိကတော့ သုန္ဒရီအပေါ် အရမ်းကြီးအမြင်ကတ်မုန်းတီးတာမဟုတ်ပေမယ့် မျက်စိနောက်တာလောက် ရှိတာပါ။ သူ့ဘက်က မိတ်ဆွေသူငယ်ချင်းအဖြစ် လက်ခံနိုင်တာတောင် ကံသာဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်က ဘယ်လိုလုပ်မလဲ။ မနှာလိုဝန်တိုမှုတွေနှင့် အဓိပတိ
ရန်သူလို ကြည့်မြင်တတ်သည်။

'မင်း စာတွေကျက်ပြီးပြီလား ရွှေသုန္ဒရီ၊ အရေးကြီးတာ
ကျောင်းစာတွေလေ၊ သချ်ာတွေကတော့ မင်းတွက်တတ်မှာမဟုတ်
ဘူး၊ စာအုပ်ပြင်ပြီး စာသင်ခန်းထဲကို နာရီဝက် စောလာပါ'

'ဟယ်... ဟုတ်သားပဲ၊ သုန္ဒရီ မေ့နေတာ၊ ဟိုလေ
မင်းအဓိပတိရှေ့မှာ အစွမ်းပြချင်တာနဲ့ အဟိ... အဓိပတိက စာသ
ခန်းထဲ သွားတော့မလို့လား၊ ခဏလေးနော် သုန္ဒရီ အခုပဲ လာခဲ့မ

သူက လှည့်မကြည့်တော့ဘဲ ပြောချင်တာပြောပြီး စာသင်ခ
ဘက် ထွက်သွားသည်။ အခြေအနေက နည်းနည်းလေးတော့
တက်လာတယ်။ အဟက်... မင်းအဓိပတိက စာတွေရှင်းပြတော့
ထင်တယ်။ ဟိုကောင်ကံသာ စောစောရောက်မလာပါစေနဲ့။
အခန်းထဲသို့ ပြေးတက်လာခဲ့သည်။

*'ငါ့ဘဝရဲ့ မီးအိမ်ရှင်ပါ××× ငါ့ဘဝရဲ့ ပွဲကိုင်ရှင်လေးပါ
ငါ့ဘဝရဲ့ တန်ခိုးရှင်ပါ××× ငါ့ဘဝရဲ့အားအင်ပေါ့××× နင်ဟာ လ
လေးပါ×××'*

'အမလေး... ငါ ဘာတွေဆိုနေတာလဲ၊ ကျောင်းစာ
မရသေးဘူး၊ အဓိပတိရှေ့မှာ ကြိုးစားပြမယ်ဆိုကာမှ မေ့ရသေးတာ

ပျော်ပြီး သီချင်းတွေဆိုမိသွား၍ အမြန်ဆုံး အရှိန်တွေကို ပြန်အုပ်
ရိုက်ရသည်။ စာသင်ခန်းထဲကို နာရီဝက်စောပြီးလာခဲ့ဟု အဓိပတိ
ပြောပေမယ့် ပို၍အချိန်ရအောင် စာအုပ်တွေကို ကောက်ယူ၍
သင်ခန်းထဲ အမြန်ဆုံးဝင်လာခဲ့သည်။

☺



www.burmeseclassic.com

# (၉)

'မင်း စာတွေဘာဖြစ်လို့မကျက်တာလဲ ရွှေသုန္ဒရီ'

'မေ့နေလို့ပါ'

'ဘာပြောတယ်၊ ကျောင်းသူတစ်ယောက်က ကျောင်းစာကျ ဖို့ မေ့ရလား၊ အဓိပ္ပာယ်မရှိတာပဲ၊ ဒီနှစ်က ဘယ်လောက်အထိ အ ကြီးလဲဆိုတာ မင်းသိထားသင့်တယ်'

'သိတော့ သိပါတယ်၊ ဒါပေမဲ့လေ ညကလည်း အစော အိပ်ပျော်သွားတယ်၊ မနက်အစောကြီး ထကျက်မယ်ဆိုတော့လည် မနိုးဘူး၊ သုန္ဒရီမှတ်ဉာဏ်တွေ ကောင်းလာအောင် ဘယ်လိုလုပ်ရမ အဓိပတိ'

'အဲဒါ ကလေးအားဆေးပဲ၊ မင်းအသက်ကို ပြန်တွက်ဦး'

'ဟုတ်သားပဲ၊ ဟို... ဒါဆို တီဗီမှာကြော်ငြာနေတဲ့ သောက်ရင် ရမယ်ထင်တယ်နော် အဓိပတိ'





ရွှေသုန္ဒရီရဲ့ ကလေးဆန်လွန်းတဲ့ အတွေးအခေါ်နှင့် အပြောအဆို အယာတွေကိုကြည့်ပြီး မင်းအဓိပတိ ရယ်ချင်ပေမယ့် မျက်နှာထား ပိုမိုတင်းထားရသည်။ ရွှေသုန္ဒရီကို အရောစင်လို့မဖြစ်ဘူး။ မကြာ တဲ့သာဆိုတဲ့ကောင် ရောက်လာဦးမယ်။ အဓိပတိက တစ်ယောက် ည်း သင်ချင်ပေမယ့် အန်ကယ်ညှိစီစဉ်တာဆိုတော့ ဓာဒကမတတ် သ။ သုန္ဒရီကို စကားမများဖို့ ဟောက်ပစ်လိုက်သည်။

'မင်း ငြိမ်ငြိမ်နေစမ်းပါ ရွှေသုန္ဒရီ၊ စကားတွေအရမ်းမများပါနဲ့၊ ာ အတူတူစာကျက်မယ်၊ စာအုပ်ဖွင့်၊ ကိုယ် ရတော့ရပြီးသား၊ ကို မေးမယ်'

'ဟုတ်ကဲ့'

သူမက ရိုရိုသေသေပုံစံဖြင့် စာအုပ်လေးကိုဖွင့်၍ စာကျက် ည်။ အဓိပတိရှေ့မှာ စာကျက်ရလို့လားမသိဘူး၊ အာက သွက်နေ မှတ်ဉာဏ်တွေလည်း ကောင်းနေသလိုပင်။

တကယ်တော့ သူမ မှတ်ဉာဏ်ကောင်းစေရန် ဘာမှသောက် မလိုပါဘူး။ အဓိပတိပဲ အနားမှာနေပေးပါ။ သူမ စာကျက်ရင်း ဝေးမောသွားလျှင် အဓိပတိက ဟိတ်ဆိုပြီး သတိပေးတတ် သည်။

'ဟိတ်'



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



'အယ်'

'မင်း ဘာတွေစဉ်းစားနေတာလဲ၊ ဘာသဘောကျစရာ
စဉ်းစားနေရတာလဲ ရွှေသုန္ဒရီ'

အဓိပတိအကြောင်းတွေပေါ့ဟု မပြောရဲ။ အဓိပတိစိတ်ဆို
သူမအနားမှ ထွက်သွားမှာ အစိုးရိမ်ဆုံး ဖြစ်နေသည်။

'စာတွေကိုပဲ ရင်ထဲမှာနှစ်ပြီး သွင်းထားစမ်းပါ ရွှေသု
ငွေကြေးဥစ္စာတွေ ဘယ်လောက်ပဲချမ်းသာချမ်းသာ 'ပညာရေးဘ
ထူးချွန်မှ ကျက်သရေရှိတယ်'

'အဓိပတိက အရမ်းလူကြီးဆန်တယ်၊ အရမ်းလည်း တော်
လေးစားပါတယ်'

'ထားလိုက်တော့ စာကျက်လေ'

'ဟုတ်ကဲ့'

သူမ စာတွေကျက်ရတာ ဉာဏ်တွေရွှင်ပြီး အားလုံးရ
သည်။ အဓိပတိက မချိုးမွမ်းပေမယ့် မျက်နှာထားကြီးက် ပြေ
သွားတာလေးပဲ သုန္ဒရီ ဝမ်းသာပျော်ရွှင်နေမိသည်။

'ဆက်ပြီးကျက်လေ၊ ပြီးရင် သင်္ချာတွေ တွက်မယ်၊ မင်း
အင်္ဂလိပ်စာတော့ တော်ပါတယ်'

'မူကြိုကတည်းက Part Time တွေ တက်ထားတာလေ အ





စိတ်လည်းဝင်စားတယ်၊ နောက်ဆို ပေါ့ပေါ့နေလို့မဖြစ်တော့ဘူး၊
နှရီ ကြိုးစားမယ်၊ အဓိပတိကို အမီလိုက်ရမယ်လေ နော်'

'လက်တွေ့သက်သေပြစမ်းပါ၊ မင်းက စကားအရမ်းများတဲ့
ောင်မလေးပဲ'

'ဟား… ဟား… ဟား…'

'အဲ့ဒီလိုကြီး အော်မရယ်နဲ့လေ၊ မင်းက မိန်းကလေး'

'အို… Sorry သုန္ဒရီရဲ့ ချွတ်ယွင်းချက်တွေကို ထောက်ပြနော်
နှရီ ပြင်ပါ့မယ်'

အလွန်အမင်းကျိုးနွံနေတဲ့ ရွှေသုန္ဒရီရဲ့အမူအရာတွေကို အဓိပတိ
ယုံရဲ။ သူနဲ့အရောတဝင်နေချင်တိုင်း ဟန်ဆောင်လိမ်ညာမှုတွေလည်း
နိုင်သည်။

စာကတော့ ရပါတယ်။ ဉာဏ်အတုံးကြီးမဟုတ်။ ကလေး
တစ်ယောက်ကဲ့သို့ ဆိုးသွမ်းပေါ့ပျက်နေတဲ့တဲ့ အမူအကျင့်တွေ ရှိနေ
သေးသည်။ ပြင်ပေးရမယ်။

အန်ကယ်ညိုနှင့် အန်တီစံတို့ကလည်း အဓိပတိရဲ့မိဘတွေ
ဖြစ်နေ၏။ ရွှေသုန္ဒရီကို နည်းနည်းပါပါး ထိန်းပေးဖို့တော့ ဆုံးဖြတ်
ထားသည်။

'မင်း တော်လာပါပြီ၊ ကြိုးစားနော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့'

'မင်း ကိုယ့်ကို လှောင်ပြောင်နေတာလား ရွှေသုန္ဒရီ'

'မဟုတ်ပါဘူး အဓိပတိ၊ ဆရာဆိုပြီး လေးလေးစားစားပြော ပါ၊ တပည့်ခံတာလေ'

ရှုးကြောင်ကြောင်ကောင်မလေးပဲ။ ပြုံးလိုက်တိုင်း ပါးချိုင့်ခွ ခွက်လေးနဲ့ သူမမျက်ဝန်းတွေက တောက်တောက်ပပ နက်နက်လေ နှာတံစင်းစင်းလေးကလည်း လှပလွန်းနေသည်။ အသားအရေကအ ဝင်းမှည့်အိစက်နေတဲ့ကောင်မလေးအတွက် အဓိပတိစိတ်ပူပင်နေ သည်။ တန်ဖိုးရှိလွန်းတဲ့ မိန်းကလေးတစ်ယောက် ဖြစ်သင့်တယ်

သူလည်း တစ်ခါတစ်ရံ ရွှေသုန္ဒရီ့အကြောင်းတွေ စဉ်းစားမိ တွေ့မြင် ချင်တဲ့စိတ်တွေပင် ထူးထူးဆန်းဆန်းဖြစ်ပေါ်လာတတ် တစ်ခါတစ်ရံ တော့လည်း ရွှေသုန္ဒရီကို ကြောက်နေမိသည်။ ပေါ့ပျ ပျက်မိန်းကလေးတွေကို အဓိပတိ ဘယ်တော့မှ အထင်မကြီး။

သူ ဂရုတစိုက်နှင့် စောင့်ရှောက်ပေးချင်တဲ့ ဆန္ဒတွေက အထ သေးနေတဲ့ကြားမှ အဓိပတိ ဖြစ်ပေါ်နေသည်။

'မင်းတို့က ဒီမှာ နှစ်ယောက်သား တော်တော်လေးအကြာ ဆိုက်နေကြပါလား၊ အဓောကြီးကတည်းက ထိုင်နေကြတာ ထင်တယ်'

ကံသာရောက်လာသည်နှင့် ထုံးစံအတိုင်းပဲ ပြဿနာကို စတော



သ်ဆောင်လာတော့သည်။ အဓိပတိကတော့ စာပဲဖတ်နေလိုက်၏။ သာနှင့် မပတ်သက်လိုပေ။

'ကံသာ ရောက်တာနဲ့ ဘာတွေလာပြောနေတာလဲ၊ ထိုင်လေ'

'ဆရာမမလာသေးတာပဲ၊ ဘာထိုင်လုပ်ရမှာလဲ၊ သုန္ဒရီ လာ ထွဲသွားမယ်'

'စာကျက်ရမယ်လေ၊ နင် ဆရာပေးထားတဲ့အိမ်စာတွေ ကျက် ထားပြီးပြီလား'

'အရေးမကြီးပါဘူး'

'ကံသာ နင်ဘာဖြစ်နေတာလဲ၊ ဒီနှစ်က တက္ကသိုလ်ဝင်တန်း သာ အရေးကြီးတယ်ဟ'

'နင် အပိုတွေလုပ်မနေစမ်းပါနဲ့ ရွှေသုန္ဒရီရာ၊ ဘယ်တုန်းက ကျောင်းစာတွေက အရေးကြီးသွားရတာလဲ၊ ငယ်ငယ်လေးကတည်းက နင်မကြိုးစားလို့ ငါတောင် ညံ့ဖျင်းသွားရတယ်'

'ကံသာ'

မင်းအဓိပတိနှင့်အတူတူတွေ့လိုက်တိုင်း ကံသာ စိတ်တွေ ထိန်း ချုပ်နိုင်စွမ်း ကင်းမဲ့သွားရကာ သုန္ဒရီအား အဓိပတိအနားကနေ ဆွဲထုတ် သွားချင်မိသည်။ သုန္ဒရီ့အချိုးတွေကလည်း ပြောင်းလဲနေတာ သူ သတိထားမိလာ၏။ တွေးမိတိုင်း ဒေါသတွေ ပေါက်ကွဲလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



'နင်မှတ်မိလား ရွှေသုန္ဒရီ၊ အတန်းထဲမှာ ငါစာတော်ပြီး အဆ… တစ်ရတိုင်း နင် စိတ်ကောက်စိတ်ဆိုးတတ်လွန်းလို့ နင့်အဆင့်နောက်… ပဲ ငါအမြဲနေခဲ့တယ်'

'ခြံထဲသွားကြမယ် ကံသာ'

'ဒီမှာပဲပြောမယ်'

'တို့ကိစ္စတွေ အမိပတိရှေ့မှာပြောနေတော့ရော သူဘာသိ… လဲဟ'

ကံသာ… အရုးကောင်… စိတ္တဇဆေးရုံက ထွက်ပြေးလာ… အရူးတစ်ယောက်လို မျက်ဝန်းတွေက ဝင်းတောက်၍ ဒေါသ… ပေါက်ကွဲတော့မယ့်အကြည့်တွေကြောင့် အမိပတိအား အရမ်းမျက်… အားနာရသည်။

'ကံသာဆိုတဲ့ကောင်က ပွင့်ပွင့်လင်းလင်းပဲ သုန္ဒရီ၊ အခြော… တိုက်ဘဝင်မြင့်ပြီး လူတွေကို မတူသလိုမတန်သလို ဆက်ဆံနေ… မင်းအမိပတိလိုကောင်ကို အထင်မကြီးဘူးနော်'

ကံသာ့စကားတွေက ရိုင်းစိုင်းလွန်းနေ၍ အမိပတိ ရင်မဆိုင်… ၍ ထလိုက်သည်။

'အမိပတိ ဆရာလာတော့မယ်'

အမိပတိက လုံးဝလှည့်မကြည့်တော့ဘဲ ထွက်သွားသည်…





…ကံသာ လွန်တယ်။ လူမှုရေးလည်း နားမလည်ဘူး။ သူမ ဝိုပစ်ချင်လာ… ။ ကံသာက ဒီကောင်ထွက်သွားတာ ကောင်းတယ်။

နောက်နေ့က စပြီး နင်နဲ့ငါ တစ်ဝိုင်းသင်မယ်ဆိုတော့ သူမ …ေါသတွေအကြီးအကျယ် ထွက်သွားရသည်။

'နင့်လို လူမှုရေးနားမလည်တဲ့ကောင်နဲ့ ငါမသင်ဘူး၊ အမိပတိ …က နင့်ကို ဘာလုပ်လို့လဲ၊ သူက ဖေဖေ့လူဟဲ့'

'နင့်အဖေကရော ဘာသဘောနဲ့ သမီးပျိုလေးရှိတဲ့ဆီကို …ယောကျ်ားလေးတစ်ယောက် ခေါ်လာရတာလဲ၊ နင်တို့မိသားစု မရိုး…သားတော့ဘူး'

'အဲဒါ နင်နဲ့ဘာဆိုင်လို့လဲ ကံသာ၊ တို့မိသားစုကိစ္စပဲဟဲ့'

'နောက်တစ်ခါ နင့်နှုတ်ခမ်းတွေကနေ နင်နဲ့မဆိုင်ဘူးကံသာဆို…တဲ့ စကားလုံး ထွက်လာရင် နင့်နှုတ်ခမ်းကို ငါ ဖက်နမ်းပစ်မှာနော်'

'ဘာပြောတယ်၊ ငါ့ကို နင်လုပ်ချင်တိုင်းလုပ်လို့ရမယ် ထင်နေ…လား ကံသာ၊ တကယ်လည်း နင်နဲ့ဘာဆိုင်လို့လဲ ကံသာ'

'ပြောပြန်ပြီလား'

ကံသာ့လက်တွေက သူမခန္ဓာကိုယ်လေးအား သိမ်းကျုံးဖက် လိုက်တော့ သူမ ကြောက်လန့်တကြားနှင့် အော်ဟစ်ရုန်းဖယ်တွန်းထိုး …ပစ်ပေမယ့် မလွတ်။ သူ့နှုတ်ခမ်းတွေက သူမနှုတ်ခမ်းလေးပေါ်သို့ကျ…



www.burmeseclassic.com

www.burmeseclassic.com



လာမတတ်ဖြစ်နေ၍ သူမ မျက်နှာလေးကို ဘယ်ညာရမ်းခါပြီး ရှောင်တိမ်းသည်။

'နင့်ကို ငါချစ်တယ် သုန္ဒရီ၊ နင့်ကိုငါ ဘယ်လိုအကြောင်းတွေ မှ လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး၊ ဘယ်လိုနည်းနဲ့မဆို နင့်ကို ပိုင်ဆိုင် ငါကြိုးစားရမယ်'

'နင်ရူးနေလား ကံသာ၊ ငါတောင်းပန်ပါတယ်၊ တို့အရွယ် ဒီလိုစကားတွေ ပြောရမယ့်အရွယ်မှ မဟုတ်တာ၊ ဖယ်ပါဟာနော်'

'နင့်နှုတ်ခမ်းတွေကနေ ငါ့ကိုချစ်ပါတယ်ဆိုတဲ့ စကားသံကြား ရင် ငါဖယ်ပေးမယ် သုန္ဒရီ၊ နင့်ကိုချစ်တယ်ဆိုတဲ့စကားက ပြော မတန်သေးဘူးဆိုတာ ငါသိတယ်၊ ဒါပေမဲ့.မင်းအဓိပတိကြောင့် ငါ လက်ဦးမှု ယူရမယ်'

'အဓိပတိနဲ့ ဘာဆိုင်လို့လဲ၊ သူနဲ့ သူငယ်ချင်းတွေပဲ၊ အဓိပတိ က ငါ့ကိုလည်း အထင်မကြီးပါဘူး ကံသာ၊ ဖယ်ဟာ'

'မဖယ်ဘူး၊ ချစ်တယ်လို့ပြော'

သုန္ဒရီ ခေါင်းပဲ ခါရမ်းပစ်နေမိသည်။ မပြောပါဘူး။ ဒီစကား လုံးက ငါအရမ်းချစ်မြတ်နိုးတဲ့ ယောကျ်ားတစ်ယောက်ကိုပဲ ပြောမယ် နင့်ကို မချစ်ဘူး။ သုန္ဒရီက မပြောတော့ ကံသာက နမ်းဖို့ ထပ်ကြိုးစား လာ၍ သူမ အော်ဟစ်ရုန်းဖယ်ရင်း ရှောင်တိမ်းနေသည်။





'အဟမ်း'

'ဟင်'

ချောင်းဟန့်သံကြောင့် ကံသာ့ကိုယ်လုံးကြီး သူမခန္ဓာကိုယ်ပေါ်မှ သွားကာ အခန်းဝကိုကြည့်တော့ အဓိပတိရပ်နေသည်။

'မင်းဘာလာလုပ်တာလဲ၊ ဝင်ရှုပ်ချင်တာလား မင်းအဓိပတိ'

'ဆရာရောက်နေတယ်'

မင်းအဓိပတိနောက်မှာ ဆရာရပ်နေ၍ သုန္ဒရီ ရှက်စိတ်၊ ကြောက်စိတ်တွေနှင့် အသားတွေတဆတ်ဆတ်တုန်ရီကာ ထူထူပူပူကြီး နှင့် အသိတရားတွေ ကင်းလွတ်မတတ် ကြမ်းပြင်ပေါ် ပစ်လဲကျသွား သသည်။

'သုန္ဒရီ… သုန္ဒရီ'

'မင်းဖယ်စမ်း ကံသာ၊ ဆရာရှိတယ် အဓိပတိ၊ ဒေါ်ထားကို သွားခေါ်လိုက်၊ သူ့မိဘတွေဆီ ဖုန်းဆက်ရမယ်၊ မင်းပြန်ပါ ကံသာ၊ ဆရာတောင်းပန်ပါတယ်ကွာ၊ မင်းတို့ပြဿနာ နောက်မှရှင်းပါ'

'သုန္ဒရီ ဘာဖြစ်သွားတာလဲ၊ ကျွန်တော်ရှိမှဖြစ်မယ်ထင်တယ် ဆရာ၊ ဆေးရုံကားခေါ်ပါ'

'အေး… ဆရာဖုန်းဆက်နေပြီ၊ မင်းပြန်ပါ၊ စိတ်မပူပါနဲ့၊ နောက်ကြာ ရှေ့သုန္ဒရီ သတိပြန်ရလာလို့ မင်းကိုတွေ့ရင် အရမ်းရှက် သိမ့်မယ်၊ အခြေအနေအရ မင်းပြန်ပါ ဆရာတောင်းပန်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထားရောက်လာပြီး ဖြစ်မှဖြစ်ရလေ သုန်လေးရယ်ဟု ပြေ
ရင်း ပွေ့ဖက်ထားသည်။

'မောင်ကံသာ ပြန်ပါ၊ မင်း… ရွှေသုန္ဒရီတစ်ခုခုဖြစ်မှာ စိတ်ပူ
တယ်မဟုတ်လား ပြန်လိုက်ပါကွာ'

ကံသာ့ကို အတင်းအကြပ်ပြန်ခိုင်းတော့မှ ပြန်သွားသည်။ မိသ
တွေလည်း ရောက်လာကြ၏။ ဆေးရုံကားလည်း ရောက်လာသည်။

'ဘယ်လိုဖြစ်ရတာလဲ ဒေါ်ထား၊ သမီးလေး ဘာဖြစ်တာလဲ'

'သုန္ဒရီကို မေးကြည့်မှသိမယ် မမစံရယ်၊ ကံသာ့ကြော
ဖြစ်မယ်ထင်တယ်'

'အမိပတိရော'

'သူ့အခန်းထဲမှာ၊ မဖြေချင်ဘူးလို့ ပြောတယ်'

သမီးလေးကို အခန်းထဲပွေ့ခေါ်သွားပြီး ဆေးကုသမှုခံယူသည်
ဆရာဝန်ကြီးကတော့ ရုတ်တရက် Shock ဖြစ်သွားတာပါတဲ့။ စိတ်
လှုပ်ရှားစရာတစ်ခုခုနဲ့ တွေ့လိုက်ရလို့ပါတဲ့။ စိတ်မပူရတော့ပါဘူးဆို
ပေမယ့် သမီးလေးက သတိမေ့နေဆဲပင်။ ဆရာနှင့် စကားပြောလာတဲ့
ခင်ပွန်း ကိုကိုညို ရောက်လာသည်။

'ကို… ဆရာက ဘာပြောလဲ၊ မင်းအမိပတိကရော၊ သမီးလေး
ကို ကံသာ ဘာလုပ်လိုက်လဲဟင်'





'သမီးကိုပဲ ဂရုစိုက်ပါ စံ၊ ဘာမှမမေးနဲ့၊ ကံသာက သမီး
ပေါ် အရမ်းသံယောဇဉ်ကြီးလို့ ဖြစ်သွားတာပါ'

'ကို'

'တော်ပြီစံ၊ ဆက်မဆွေးနွေးချင်တော့ဘူး၊ လောကကြီးက
မ်းရှုပ်ထွေးတယ်ကွာ၊ အရေးအကြီးဆုံးက မင်းသမီးပဲ၊ အမိပတိနဲ့
ရာတဝင်မနေမိစေနဲ့၊ မင်း ဆုံးမထားပါ'

'ဘုရားရေ…'

ကိုညိုက တရားဝင်တင်းတင်းပြတ်ပြတ်ပြောပြီး သမီးအခန်းထဲ
နေ ထွက်သွားသည်။ ဒေါ်မြသက်စံ ဘာဆက်လုပ်ရမှန်းပင် မသိ။
က အမိပတိနှင့် ရင်းနှီးကျွမ်းဝင်စေလို၍ ဒေါ်ထားကိုတောင်
တ်မှာထားရတာပါ။ ကိုညို ဘယ်လိုပြောလိုက်တာလဲ။ သမီးလေး
တိရမှပဲ ကြိတ်မေးရမယ်။ ကံသာ… မင်း အရမ်းရိုင်းတယ်၊
င်းဟာ ငါတို့ရဲ့ သမက်လောင်း ဘယ်တော့မှ မဖြစ်စေရဘူး။
မီးလေးရင်ထဲမှာလည်း အမိပတိရှိနေတာ ဒေါ်မြသက်စံအသိဆုံး
ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

'သမီးလေးသုန် . . . ဘယ်လိုဖြစ်ရတာလဲကွယ်၊ ဘယ်
အကြောင်းနဲ့ ဒီလောက်အထိ ဖြစ်ရတာလဲ'

'ကံသာလေ . . . မေမေ သမီးကို ချစ်တယ်ပြောပြီးတော့
အတင်းအကြပ်နမ်းဖို့ကြိုးစားတယ်၊ ဆရာနဲ့ အဓိပတိရောက်လာလို့
သမီး အရမ်းရှက်တယ်၊ သေပစ်ချင်တယ်မေမေ၊ အဓိပတိမျက်နှာ
က တင်းနေတာပဲ၊ သမီး ဘာဆက်လုပ်ရမလဲဟင်'

သုန္ဒရီ ကြေကွဲဝမ်းနည်းစွာဖြင့် မေမေ့ကို ဖက်၍ငိုပစ်သည်
အရမ်းရှက်စရာကောင်းတာပဲ။ ကံသာ နိုင့်ထက်စီးနင်းပြုမူတာ
မေမေက အထိတ်တလန့်နှင့် သုန္ဒရီကို ဖက်ထားလိုက်၏။ မေမေ
နနွတ်ထွတ်လေးကိုများဟု တုန်တုန်ယင်ယင်ညည်းတွားသည်

'ငယ်ရွယ်တဲ့အရွယ်မှာ ချစ်စကားတွေက ဘာဖြစ်လို့ပြောရ
လဲ၊ အရမ်းရိုင်းစိုင်းလွန်းတယ်၊ ကံသာ မျက်နှာသာပေးလို့ ရှေ





ကြောက်တက်နင်းနေပြီ၊ ဒီကိစ္စ မေမေလည်း စိတ်ဆိုးတယ်၊ ဒင်းအမေ
တိုင်ရမယ်'

'သုန္ဒရီလေ ဆရာနဲ့ အဓိပတိကို မျက်နှာချင်းမဆိုင်ရဲတော့ဘူး
ခင်ရမှာလည်း ရှက်တယ်'

'မဆိုင်ပါဘူးကွယ်၊ ကံသာ့ကို ပထုတ်ပစ်မယ်၊ ဆရာက
ယုံကြည်မှုရှိပါတယ်၊ သမီးအပြစ်မှ မရှိတာ'

ဒေါ်မြသက်စံ အရမ်းစိတ်ပူပြီး သမီးကို ထိထိရောက်ရောက်
အကွယ်ပေးသင့်သည်ဟု ထင်သည်။ မဖြစ်ဘူး ကံသာကြောင့်
အဖူးသန့်သန့်စင်စင် သမီးလေးဘဝ အနှစ်မွှန်းမခံနိုင်ပါဘူး။
ဒေါ်မြသက်စံ တော်တော်လေးဒေါသထွက်နေရသည်။

မင်းအဓိပတိပဲ မိမိသမီးလေးနဲ့ လိုက်ဖက်တယ်။ ကံသာ့အမူ
အကျင့်တွေက အရမ်းပဲ မောက်မာလွန်း၏။ သမီးလေးကို အားပေး
ထိမ်ရင်း ဘယ်လိုကိုင်တွယ်ရမလဲဆိုတာ စဉ်းစားနေမိသည်။

'ဒီကိစ္စကို အကြောင်းပြပြီး ကံသာ့ကို ဖယ်ထုတ်ပစ်ရမယ်၊
ငယ်သူငယ်ချင်းဆိုပေမယ့် ဒီလောက်အထိ ရိုင်းစိုင်းဖို့မသင့်ဘူး၊
သာ့အမေနဲ့ သွားတွေ့ရမယ်'

'သမီး အရမ်းကြောက်တယ်၊ ကံသာနဲ့ ထပ်မတွေ့ရဲတော့ဘူး၊
တွေ့လည်း မတွေ့ချင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



အဓိပတိအပေါ် ရှိင်းရှိင်းစိုင်းစိုင်း ဆက်ဆံနေတာတွေကိုလည်း မေမေသိအောင် ပြောပြလိုက်သည်။ ငယ်သံယောဇဉ်နှင့် စိတ်မကော ဖြစ်ရပေမယ့် ကံသာနှင့် ာချင်းမဆိုင်လိုတော့ပေ။

'သမီးလေး အနားယူတော့နော်၊ မေမေ စီစဉ်မယ်၊ ကံသာဆို ကောင် နောက်ထပ်သမီးကို လက်ဖျားနဲ့တောင် မထိစေရဘူး'

ဒေါ်မြသက်စံအပြင်ပြန်ထွက်လာပြီး သမီးလေးအား အထူး စိုက်ရန် ဒေါ်ထားကို အသေအချာ ထပ်မှာရသည်။

'မထားလည်း ဂရုတစိုက်စောင့်ရှောက်နေတာပဲ မမစံ၊ ကံ လွန်တယ်၊ သမီးလေးအပေါ် သံယောဇဉ်ကြီးတာက ကြီးတာပဲ လောက်အထိတော့ မကျူးလွန်သင့်ပါဘူး'

မောင်မင်းအဓိပတိရောက်လာကတည်းက ကံသာ ဒေါ်သတ်ရန်လိုစွာ သမီးလေးသုန်အပေါ် ပြုမူဆက်ဆံလာ၍ အန္တရာယ်ကြီး ကြောင်း ပြောပြလိုက်သည်။

'သတိထားရမယ်၊ သမီးကို အနီးကပ်စောင့်ရှောက်ပါ မထား စိတ်ချပါရစေ၊ ကံသာနဲ့တော့ သွားတွေ့ရမယ်၊ မဖြစ်သင့်တာ မဖြစ်အောင် တားဆီးရမယ်'

'ကောင်းတယ် မမစံ'

ဒေါ်မြသက်စံ စိတ်တွေပူပင်စွာ သမီးလေး ပန်းကောင်းအ





ဖြစ်ရမှာ မခံနိုင်။ ထို့ကြောင့်ပင် ကံသာ့မိဘတွေကို တိုင်ကြား ကံသာတို့ခြံကို ရောက်သွားသည်။

'စံလာမယ်ဆိုတာ မမသွေး သိနေတယ်လေ၊ သား ကံသာက အပျက်တွေကို ပြောပြပါတယ်၊ ထိုင်ပါစံ'

ကံသာ့မာမီဒေါ်သွေးရှင်ရဲ့ မျက်နှာထားကလည်း တင်းနေ ။ စံကတော့ ဂရုမစိုက်ပါဘူး။ ပြောသင့်တာကို ပြောရမှာပဲလေ။ သားက စော်ကားလွန်းနေသည်။

'စံလည်း အဲ့ဒီကိစ္စအတွက် လာတာပါ၊ မောင်ကံသာရော... လေးက အရှမ်းရှက်နေတယ်၊ အခန်းအပြင်တောင် မထွက်ရဲတော့ မမသွေးရယ်'

'ဟုတ်လား၊ သုန္ဒရီလေးက ဘယ်တုန်းကများ အရှက်တွေ ာက်အထိ ရှိသွားရတာလဲ'

'ရှင်'

'ယောက်ျားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ယ်ပြောတာ၊ နမ်းဖို့ကြိုးစားတာ ဒီခေတ်ကြီးထဲမှာ မိန်းကလေးတွေ ာက်ထိ မရှက်ကြတော့ပါဘူး၊ သုန္ဒရီက အကဲပိုလွန်းတယ်ကွယ်

မမသွေးစကားကြောင့် စံ ပို၍ပင် ဒေါသထွက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



စီးစီးပိုးပိုးနဲ့။ ဒေါ်မြသက်စံ ဘာဆက်ပြောရမှန်းပင် မသိတော့။ ကံသ
ကပါ လာထိုင်၏။ အားလုံးမျက်နှာထားတွေက တင်းတင်းမာမာ
ဒေါ်မြသက်စံ အော်ဟစ်ရန်တွေ့ပစ်ချင်ပေမယ့် ယောက်ျားကမကြိုက်
မမသွေးက သူ့သားဘက်မှ အပြင်းအထန်ကာကွယ်နေသည်။

'စံစဉ်းစားကြည့်လေ၊ သားနဲ့ သုနန္ဒရီက ငယ်သူငယ်ချင်းတွေ
နှစ်ပေါင်းများစွာ တတွဲတွဲနေထိုင်လာခဲ့ကြတာပါ၊ သားဘယ်လော
အထိ သံယောဇဉ်ကြီးရှာမလဲ၊ လူငယ်လေ၊ ' သမီးအချိုးကလည်
ဟို... မင်းအမိပတီဆိုလား ဘာလား ဒီကောင်လေးရောက်လာ
ပြောင်းလဲသွားတာတဲ့၊ သားကို ပထုတ်ပစ်ချင်တယ်တဲ့ ဟုတ်လား

'အဲဒါက ကံသာထင်ပြီး ဒေါသတွေပေါက်ကွဲနေတာပါ
သွေးရယ်၊ စံကတော့ အရွယ်လေးတွေက ငယ်ပါသေးတယ်၊ ဒီနှ
ပညာရေးအတွက်လည်း အရေးကြီးလို့ မဖြစ်သင့်တာတွေ မဖြစ်အေ
တားဆီးပေးစေချင်ပါတယ်'

'မင်းအမိပတီကို အန်တီစံတို့ခေါ်ထားတာ ဘာသဘော
ဒီကောင်က အနံကြီးကွင်းကျယ်ဗျ၊ ကံသာ့ကို အဖက်မလုပ်ဘူး၊ ကံ
မိတ်ဆွေဖွဲ့တာတောင် တစ်ယောက်တည်းပဲနေတတ်လို့ဆိုပြီး ပြ
တယ်'

'ဒီကောင်လေးက ဘာကောင်လေးလဲစံ၊ ကြီးကျယ်နေတာ
မမသွေးတို့အခြေအနေကိုလည်း စံ သိတယ်နော်'





'မောင်ကံသာ... အန်တီစံကတော့လူငယ်တွေကိစ္စ ဝင်မပါချင်
ပါဘူးလေ၊ ဒါပေမဲ့ မောင်ကံသာ့အနေနဲ့ ဒီလောက်အထိ မလွန်ကျူး
သင့်ဘူးထင်တယ်၊ သမီးက ကျူရှင်တောင် မသင်ချင်တော့ဘူးပြော
နေတယ်'

'ဒါဆိုလည်း လွယ်ပါတယ်၊ ကံသာတို့တိုက်မှာ လာတက်
သ၊ မင်းအမိပတီက သူ့ဒွေးပဲ တစ်ယောက်တည်း သင်ပလေ့စေ'

'သားကံသာကို ရင်ဆိုင်ဖို့တောင် ရှက်နေတယ်'

'ကျွန်တော်ကတော့ သုနန္ဒရီအနားက ဘယ်လိုအကြောင်းနဲ့မှ
သွားမှာ မဟုတ်ဘူးအန်တီစံ၊ သုနန္ဒရီကို ကံသာပဲ ပိုင်ဆိုင်စေရမယ်၊
မင်းအမိပတီလက်ထဲ အပ်ပစ်ဖို့တော့ လုံးဝမကြိုးစားကြပါနဲ့'

ဒေါ်မြသက်စံ ကျောတွေထဲမှ စိမ့်တက်ပြီး ကြောက်သွားရ
သည်။ ကံသာ့စကားက ဘယ်လိုနည်းနှင့်မှ နောက်မဆုတ်နိုင်ကြောင်း
ပြတ်ပြတ်သားသား ပြောနေတာပဲဖြစ်၏။ မိမိကလည်း ငယ်စဉ်လေး
တည်းက ကံသာနှင့်သမီး တရင်းတနှီးရှိနေတာကို မနှစ်သက်ခဲ့။
ယောက်ျားကြောင့်ပါ။ ထိုင်လို့လည်း ထူးမှာမဟုတ်တာသိ၍ ပြန်ဖို့ပဲ
ဆုံးဖြတ်လိုက်သည်။

'အရွယ်လေးတွေက ငယ်သေးလို့ ထိန်းပေးစေချင်တာပါ
မသွေး၊ မောင်ကံသာရဲ့ သံယောဇဉ်ကိုလည်း သိပါတယ်၊ မောင်မင်း



www.burmeseclassic.com

www.burmeseclassic.com



အဓိပတိကလည်း မိဘမဲ့ပါ၊ စံတို့သားတစ်ယောက်လို ဆက်ဆံရ ကလေးပါ'

'ကံသာ လက်မခံနိုင်ဘူးနော်၊ သုန္ဒရီက အရောဝင်လွန်းတာ ဒီကောင့်ကို အထင်ကြီးနေတယ်၊ ကံသာ့ရင်ထဲက သံယောဇဉ်ကြိုး သံမဏိကြိုးဗျ'

'အချိန်တွေရှိပါသေးတယ် မောင်ကံသာရယ်၊ စိတ်လျော့ ပါနဲ့၊ မင်းနည်းနည်းလေး ဆင်ခြင်ပေးပါ၊ အန်တီစံ တောင်းဆိုတာ သမီးလေးရင်ထဲမှာ မောင်ကံသာ့အပေါ် အထင်လွဲစေနိုင်တယ်

ဒေါ်မြသက်စံ မလွှဲသာတော့၍ အပြတ်ပြောမည်ဟု မောင် လာပြီးမှ ယောက်ျားစီးပွားရေးနှင့်မကင်း၍ အချိုသတ်လိုက်ရသည်

'ကဲပါစံ ညနေကျရင် ကိုကိုညို့ကို လွှတ်လိုက်ပါ၊ သားအ စကားပြောလိမ့်မယ်၊ သားနဲ့ သုန္ဒရီ သံယောဇဉ်ကိုတော့ ဖြတ်တော ဖို့ မလွယ်ဘူးဆိုတာ စံသိတယ်နော်'

ဒေါ်မြသက်စံ ပြန်လာပြီး တန့်နံ့နှင့် မခံမရပ်နိုင်အောင် သည်။ ကိုကိုညို့ကို လွှတ်လိုက်ပါတဲ့။ ဘာပြောကြမလို့လဲ။ သမီး ကို လာတောင်းရင်တော့ အိမ်ထောင်ရေးပြိုကွဲချင် ပြိုကွဲရပါစေ ဒေါ် သက်စံ ငြင်းပစ်မည်။ ပြန်ရောက်တော့ မထားကလည်း မကျေ သမီးလေးအတွက် ရင်မောလေးလံနေရသည်။





'သူတို့ဘက်က အရှမ်းမောက်မာတယ် မထား၊ စံလေ ဒေါသ လိုက်ရတာ၊ စီးပွားရေးက ပတ်သက်နေလို့ မပြောသာဘူးလေ'

'သုန်လေးအတွက်ပဲ စိတ်ပူတယ်၊ ကံသာ့အပေါ် သူငယ်ချင်း သံယောဇဉ်ပဲ ရှိတာလေ၊ ဘယ်လိုလုပ်ကြမလဲဟင်'

'စံ ကြိုးစားကာကွယ်ပေးမယ်၊ သမီးလေးကမှ မနှစ်သက်တာ၊ သာက မိဘအလိုလိုက်တာခံရလို့ အရှမ်းဆိုးတယ်၊ ရိုင်းစိုင်းတယ်၊ တို့ရဲ့သံယောဇဉ်ကို ထည့်တွက်သင့်ပေမယ့် သမီးခင်ပွန်းလောင်းအထိ တော့ လက်မခံဘူး'

ဒေါ်မြသက်စံ ဒေါသတွေနှင့် တင်းမာနေပေမယ့် ခင်ပွန်းသည် တော့ ညနေရုံးဆင်းရင် အဆင်သင့်ပြင်ထား၊ အစ်ကိုကြီးနောင်လတ် နှင့် တွေ့ရမည်တဲ့။ ဖုန်းဆက်သည်။

'ကို... ဘာကိစ္စနဲ့ စံပါတွေ့ရမှာလဲ၊ ကိုယ့်ဟာကိုယ်ပဲ သွား နော်'

'စကားမများနဲ့ စံ၊ ကိုယ်ပြောတဲ့အတိုင်းပဲလုပ်၊ မင်း ဘာဖြစ်လို့ တို့တိုက်ကို သွားရတာလဲ၊ ကိုယ့်ကို တိုင်ပင်သင့်တယ်'

'ဒါကတော့ ကိုရယ်...'

'ဘာပဲဖြစ်ဖြစ် ကိုကြီးက တို့နှစ်ယောက်လုံးကို တွေ့ဖို့ပြော ယ်၊ သွားရလိမ့်မယ်၊ ဒါပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကိုညို··· ရှင်··· ရှင်'

ယောက်ျားက ဖုန်းဆက်ပြီး သူပြောချင်တာတွေပြောကာ ပြန်ပိတ်ပစ်သည်။ ကိုညို ဒီအတိုင်းပဲ။ တစ်သက်လုံး သူ့အမိန့် ဩဇာတွေပဲ စံက နာခံနေရတော့မှာလား။

'မေမေ'

'ဟင်'

'ဖေဖေက ဘာပြောလဲဟင်'

သမီးလေးမျက်နှာလေးပေါ်မှာ သွေးရောင်တောင် မလွှမ်း ဘဲ ဖြူရော်ရော်နှင့် သွက်လက်လန်းဆန်းမှုတွေ ပျောက်ကွယ်နေသည် ဒေါ်မြသက်စံ ရင်နာရ၏။ သမီးလေးသုန္ဒရီကို မျက်နှာလေး တစ် ပင် အညှိုးမခံခဲ့။ သမီးခန္ဓာကိုယ်လေးအား ပွေ့ဖက်ထားမိသည်

'မေမေတစ်ယောက်လုံးရှိတယ် သမီး၊ ဘာမှမကြောက်နဲ့၊ ဆန္ဒမပါဘဲ ဘာမှမဖြစ်စေရဘူးကွယ်'

'သုန်ကြောက်တယ်၊ ဖေဖေ့အမိန့်ကို မကြားရဲဘူး'

'သမီး'

'ရှင်'

'သမီးဆန္ဒအရပဲ ဖြစ်စေရမယ်၊ မေမေ တာဝန်ယူတယ် နောက်ဆုံး သမီးလက်ကိုဆွဲပြီး မေမေ ထွက်သွားမယ်၊ ဒီကို ဘယ်သူ့အမိန့်မှ မနာခံနိုင်ဘူး'





'မေမေ'

'သုန္ဒရီလေးရယ်··· သမီးလေးက မေမေ့ဘဝပါ၊ ဘယ်လို န်ဖိုးရှိတဲ့အရာနဲ့မှ မလဲနိုင်ပါဘူး၊ မေမေ့ရဲ့အဖိုးတန်ရတနာလေးပါ'

သမီးလေးကို အားပေးနှစ်သိမ့်၍ ကိုညိုပြန်ရောက်လာတော့ ဒေါ်မြသက်စံ သတ္တိရှိရှိပဲ ကံသာတို့မိဘတွေနှင့် သွားရောက်တွေ့ဆုံခဲ့ သည်။

'မောင်ရင့်သမီးလေးအတွက် ကိုယ်တောင်းပန်ပါတယ် ကိုညို၊ သားက အရမ်းရိုင်းစိုင်းသွားတယ်၊ နံ့ကိုလည်း အစ်ကိုကြီးတောင်းပန်ပါ တယ်ကွာ'

ဒေါ်မြသက်စံကတော့ ကံသာ့ဖခင်ဦးနောင်လတ်ကို အကြောက် ဆုံးပင်။ စီးပွားရေးမှာလည်း ကျားကြီးပဲ။ စကားအရာမှာလည်း မာနကို နှိမ်ချ၍ သူလိုရာကို ပြောတတ်သူဖြစ်သည်။

'သားကလည်း ငယ်သူငယ်ချင်း သူသံယောဇဉ်တွယ်ရတဲ့ မိန်းကလေးကို တခြားယောက်ျားလေးတစ်ယောက်နဲ့ တွဲပြီးတွေ့လိုက်ရ တော့ ပေါက်ကွဲသံစဉ်တွေ ဖြစ်သွားရတယ်ထင်တယ် ဟင်း··· ဟင်း ··· ဟင်း···'

အစ်ကိုကြီးနောင်လတ် ဘာပြောချင်လဲဆိုတာ စံ ရိပ်မိနေသည်။ တယ်လိုငြင်းပယ်ပစ်ရမလဲဆိုတာကိုပဲ စဉ်းစားထား၏။ ကံသာ့ကို



www.burmeseclassic.com

www.burmeseclassic.com



သမက်လောင်းအဖြစ် သတ်မှတ်ဖို့ ဒေါ်မြသက်စံ ဘယ်တုန်းက
မစဉ်းစားခဲ့။ သမီးလေးသုန္ဒရီက ရတနာတစ်ပါးပဲ။

'စကားကိုတော့ အစ်ကိုကြီးရှည်ရှည်ဝေးဝေး မပြောတော့
ကွာ၊ တစ်နေ့နေ့ သားနဲ့သမီးကို လက်ထပ်ပေးမယ်လို့ အစ်ကိုကြ
တောင်းခံခဲ့တုန်းက ညီလေးက ကတိပေးထားခဲ့ဖူးတယ်နော်'

'ဟုတ်ကဲ့ပါ အစ်ကိုကြီး'

'ဟင်… ကို ဘယ်တုန်းက ကတိပေးခဲ့တာလဲဟင်၊ စံလည်
မသိရပါလား'

'မင်းအသာငြိမ်နေစမ်းပါ စံ၊ ကိုယ်တို့ကိစ္စပါကွာ'

ဦးကိုကိုညိုလည်း အမှတ်တမဲ့ ယခင်က အကူအညီလိုအပ်
၍ လွယ်လွယ်ခေါင်းညိတ်မိသွားသည်။ သမီးလေး ဘယ်အရွယ်
သေးလို့လဲ။ တစ်နှစ်လောက်ပဲ ရှိသေး၏။ မတတ်နိုင်တော့ဘူးလေ
အစ်ကိုကြီးနောင်လတ်က မိမိထက် အကွက်မြင်ပြီး ကြိုတင်ကြံစည်
လုပ်ဆောင်တတ်သူဖြစ်သည်။

'တစ်နေ့နေ့ပေါ့လေ၊ အစ်ကိုကြီးကတော့ တက္ကသိုလ်ဝင်တန်
အောင်တဲ့နောက် အသက်ပြည့်ရင် စေ့စပ်ကြောင်းလမ်းချင်တယ်
လက်ထပ်တာကတော့ သမီးလေးဆန္ဒရှိတဲ့အချိန်ပေါ့၊ ကိုယ်တို့ရဲ့
တစ်ဦးတည်းသောသားလေးအတွက် အစွမ်းကုန်ကြံမှာပါ၊ နော် သွေး'





'ဟုတ်တယ် ကိုညို၊ မမသွေးတို့ကတော့ အစောကြီးကတည်း
က ဒီကိစ္စစီစဉ်ဖို့ စဉ်းစားကြံစည်ထားကြတာလေ ဟင်း… ဟင်း'

ဒေါ်မြသက်စံက ငြင်းပစ်ချင်ပေမယ့် ကိုညိုက မျက်နှာရိပ်
မျက်နှာကဲဖြင့် ငြိမ်နေဖို့ ပြောနေသည်။ စံ့သမီးလေးကို သူတို့သဘောနဲ့
သူတို့ စီစဉ်လို့ရမလား။

မင်းအဓိပတိလက်ထဲပဲ အပ်ရမယ်။ ကံသာက ဒေါသကြီးသူ။
သမီးလေးအပေါ် အနိုင်တာခံတယ်ဆိုရင်တောင် တစ်နေ့နေ့မှာ အပိုင်
သိမ်းပိုက်ဖို့အတွက် အကြံအစည်ရှိနေ၍ပဲ ဖြစ်နိုင်နေ၏။ ဦးနောင်လတ်
တို့ ဇနီးမောင်နှံက ကိုညိုအား ချည်ပြီးတုပ်ပြီး စကားလုံးလှလှလေး
များဖြင့် မလှုပ်သာမလှုန့်သာအောင် လုပ်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

'စံ လုံးဝသဘောမတူနိုင်ဘူးနော် ကို၊ အိမ်ထောင်ရေးပြိုကွဲရင် ပြိုကွဲပါစေ လက်မခံဘူး'

'စံ··· မင်းက ကိုယ့်ကိုအာခံလာပြီလားကွ၊ အစ်ကိုကြီးနောင်လတ်အကူအညီနဲ့ ကိုယ်တို့ ဒီလိုဘဝရောက်လာတာ မင်းမေ့သွားပြီလား'

'အဲဒါနဲ့ သမီးကို ပေးရမလား၊ ကံသာ့ကို သမီးက သူငယ်ချင်းတစ်ယောက်လိုပဲ သဘောထားတယ်တာ၊ သမီးဆန္ဒမပါဘဲ ဘယ်လိုလုပ်မလဲ'

'အချိန်တွေ ရှိပါသေးတယ်၊ ဖူးစာဆိုတာ သတ်မှတ်ထားပြီးသားပါ၊ လောလောဆယ်တော့ ကိုယ်တို့စီးပွားရေးက အစ်ကိုကြီးနောင်လတ်အပေါ် မှီတွယ်နေရတာ'



BURMESE CLASSIC .com



ဦးကိုကိုညိုလည်း စိတ်ထိခိုက်ကြေကွဲရသည်။ ကံသာနှင့် သမီးလေးသုနန္ဒရီအား သဘောမတူနိုင်ပေ။ ကံကြမ္မာပဲပေါ့။ မိမိစီးပွားရေးကို ပြိုကွဲသွားအောင် ဦးနောင်လတ်က အကြွေးအစည်ကြီးများစွာ ချုပ်ကိုင်ထားနိုင်ခဲ့ပြီ ဖြစ်၏။ ဇနီးဖြစ်သူ စံက လုံးဝလက်မခံနိုင်ဘဲ ဖြစ်နေသည်။

'ခဏလေးပါ စံ၊ လက်ခံသဘောတူထားပါ၊ ကိုယ့်စကားကို နားထောင်ပါကွာ'

'ဒီမှာ ကို··· အိမ်ထောင်သက်တစ်လျှောက်လုံး ကို့အမိန့် ကို့ဆန္ဒတွေအတိုင်းပဲ စံ နေထိုင်လာခဲ့တာပါ၊ ဒါပေမဲ့ အခုကိစ္စက သမီးဘဝနဲ့ ဆိုင်သွားပြီ၊ စံ ငြင်းပယ်ရလိမ့်မယ်၊ သမီးလေးကလည်း နှစ်သက်ဘူး'

'ဒါဆို မင်းတို့က ကိုယ့်စကားကို ဆန့်ကျင်မယ်ပေါ့ စံ'

'ဟုတ်တယ် စံ လုံးဝလက်မခံဘူး၊ ငြင်းပယ်တယ် ကို၊ စံတို့သားအမိအပေါ် ကို အကြင်နာကင်းမဲ့လွန်းတယ်ထင်တယ်၊ သမီးလေးကလည်း ကိုက သမီးအပေါ် မချစ်ဘူးလို့ ထင်နေတယ်လေ'

'တော်ပါတော့စံ၊ ကိုယ်တာဝန်ကျေတာ မင်းအသိဆုံးပါ၊ ကိုယ့်အလုပ်တွေ ရှုပ်နေတယ်၊ အနားယူတော့မယ်ကွာ၊ မင်းသမီးကို ပြောထားပါ၊ ကံသာနဲ့ အလိုက်အထိုက်ဆက်ဆံရမယ်လို့'



www.burmeseclassic.com

www.burmeseclassic.com



'စံ မပြောနိုင်ဘူး ကို၊ ဒီကိစ္စ လက်မခံနိုင်ဘူး၊ စံ အပြင်းအထန် ကန့်ကွက်ရလိမ့်မယ်'

ဖနီးစံကိုလည်း ဦးကိုကိုညို အပြစ်မတင်ချင်ပေ။ မိမိအဖို့ သြစာအောက်မှာ ပြားပြားဝပ်နေထိုင်ခဲ့တာပါပဲ။ မိမိက လူတွေအရှိအသေ တန်မှာစိုး၍ အမြဲတမ်းတည်တည်ကြည်ကြည် နေထိုင်ခဲ့သည်။ သမီး လေးရယ်… ဖေဖေက မချစ်ဘဲနေပါ့မလားကွယ်။ ကံသာနဲ့ သဘော တူပြရမှာလည်း သမီးလေးရှေ့ရေးအတွက်ပါ။ စံနှင့်ကျောခိုင်း၍ သူ စာအုပ်ပဲ ဖတ်နေသည်။

'ကံသာနဲ့ တစ်ဝိုင်းတည်း သမီးက ကျူရှင်မတက်ချင်ဘူးတဲ့ စံ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်'

'သမီးကို ကံသာတို့တိုက်မှာ သွားသင်ပစေ၊ အဓိပတိနဲ့ မသင် နဲ့လို့ပြော၊ သမီးကြောင့် အဓိပတိ အနေအထိုင်ခက်မယ်၊ ကိုယ့်စကား ကို နားထောင်၊ လောလောဆယ် ကိုယ်က အိမ်ထောင်ဦးစီးပဲ'

'ကို'

'ထွက်သွားကွာ'

ယောကျ်ားက ခေါသထွက်လျှင် ဝုန်းဒိုင်းကြဲပေါက်ကွဲတတ်၍ စံ စိတ်တွေလျှော့ကာ ထွက်လာခဲ့သည်။

'အန်တီစံ'





'သား အဓိပတိ ဒီကိစ္စက သားနဲ့ဘာမှမဆိုင်ဘူးနော်၊ သား […]တ်လွတ်လပ်လပ်နေပါ'

'အဓိပတိအတွက် မပူပါနဲ့ အန်တီစံ၊ မိသားစုပြဿနာသာ […]ပါ၊ ကျွန်တော် ဘယ်လိုပဲသင်ရသင်ရ ဖြစ်ပါတယ်၊ တခြားဝိုင်းတွေ […]ည်း ရှိပါတယ်၊ ကျွန်တော် ဆရာကိုပြောထားပြီးပါပြီ၊ သွားတက်ပါ့ […]ယ်'

ရွှေသုန္ဒရီနှင့် ပတ်သက်ပြီး အဓိပတိရင်ထဲမှာ ထူးခြားစွာ […]ကျင်ခံစားနေရသည်။ ကံသာ့ကိုလည်း အပြစ်မတင်လို။ ငယ် […]ယောဇဉ်က ရှိနေ၏။ အဓိပတိပဲရှောင်ဖို့ ဆုံးဖြတ်ထားသည်။

'အန်တီစံ သားအတွက် အလေးအနက်ကြီး မထားပါနဲ့၊ သား […]ရတာ အဆင်ပြေပါတယ်၊ အရေးကြီးတာ အန်တီစံတို့ အဆင်ပြေ […]ပါ၊ သုန္ဒရီနဲ့လည်း အဆင်ပြေအောင် နေပေးပါ့မယ်'

'သူတို့တွေက ကံသာနဲ့ သမီးကို စေ့စပ်ချင်တယ်တဲ့၊ သား […]ကယ်ညီကလည်း လက်ခံချင်တယ်၊ စီးပွားရေးအရ မကင်းရာ […]င်းကြောင်းတွေ ဖြစ်နေတယ်လေ၊ အန်တီကတော့ ငြင်းဖို့ဆုံးဖြတ် […]းတယ်၊ နောက်ဆုံး သမီးကိုခေါ်ပြီး ထွက်သွားမယ်'

'ဗျာ'

ဘာဖြစ်လို့မှန်းမသိဘဲ သုန္ဒရီနှင့် ကံသာ စေ့စပ်မှာ အဓိပတိ



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်သွားသည်။ သူနှင့်မဆိုင်တဲ့ကိစ္စ။ ကံသာမိဘတွေနှင့် စီးပွားရေး ရှိနေကြောင်း အန်ကယ်ညိုက ပြောပြထားသည်။ အခြေအနေက သူနှင့်ရိုတို့မိသားစု ပြိုကွဲရတော့မည့်အနေအထား ဖြစ်နေ၏။ သူနှင့်ရိုရင်ထဲ မှာလည်း ကံသာရှိမနေဘူးဆိုတာ အဓိပတိသိနေ၍ စိတ်သက်သာရာ ရလေသည်။

'အန်ကယ်ညိုက မငြင်းနိုင်ဘူး၊ အန်တီစံကတော့ ငြင်းရမယ် ကံသာနဲ့ပတ်သက်ဖို့ သမီးက ကြောက်နေတယ်'

'ဒီနှစ်ကတော့ အရမ်းအရေးကြီးပါတယ်၊ အလိုက်အထိုက်လေး နေပေးပါ'

'ကျေးဇူးပါပဲ အဓိပတိရယ်၊ မင်းက နားလည်မှုရှိလို့ တော် သေးပါတယ်၊ အန်တီစံ့ရင်ထဲမှာတော့ မီးတောက်နေပြီ'

ဒေါ်မြသက်စံ လိမ္မာပြီးထက်မြက်တဲ့ အဓိပတိကိုပဲ သမက် လောင်းအဖြစ် ရွေးချယ်ထားတာပါ။ ကံသာနဲ့တော့ မဖြစ်ပါဘူး။ သမီးလေးကို ဘယ်လိုပြောရမှန်းပင် မသိ။

'အန်တီစံ'

'ပြောလေ သား'

'သူနှင့်ရိုကို ကျွန်တော်သွားတွေ့ပြီး ပြောပြလိုက်ပါ့မယ်၊ ကျွန်တော် တခြားဝိုင်းမှာ သွားတက်မယ်လို့လေ'





'အန်တီလည်း ဘယ်လိုပြောပြရမလဲတောင် မသိတော့ပါဘူး၊ မိအဖေရဲ့အမိန့်ဆိုတော့လည်း မပြောလို့မဖြစ်ဘူး'

'ကျွန်တော့်အတွက် စိတ်မပူဖို့ သူနှင့်ရိုကို ပြောပေးပါ'

'ကောင်းပါပြီကွယ်'

ဒေါ်မြသက်စံ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပင် ပြည့်ရ ည်။ သမီးလေးအခန်းထဲဝင်တော့ သမီးလေး ငုတ်တုတ်ထိုင်နေတာ ၍ စိတ်ပူသွားကာ အပြေးအလွှားသွား၍ ပွေ့ဖက်ထားမိ၏။ ဝန်းတွေထဲမှာ မျက်ရည်တွေကအပြည့်။ မိမိပြောရမယ့်စကားတွေ ပြောမထွက်အောင် ဖြစ်ရသည်။

'မေမေပြောမယ့်စကားတွေကို သမီး သိနေပါတယ်၊ ဖေဖေ မိန့်တွေကို သယ်ဆောင်ပြီး ရောက်လာတာမဟုတ်လားဟင်'

'သမီးဖေဖေက ဘယ်လိုအမိန့်တွေ ပေးပါစေ မေမေ ဆန့်ကျင် ပါ့မယ်ကွယ်'

'အဟင့် … ဟင့် … အဟင့်'

ရွှေသူနှင့်ရို ကြောက်လန့်တကြားနှင့် မေမေ့ကိုဖက်၍ ငိုမိသည်။ ကံသာနှင့် ထပ်မပတ်သက်ချင်ပါဘူး။ အဓိပတိကရော မေမေကတော့ နားလည်မှုအပြည့်ရှိပါသည်တဲ့။ သူမကို အထင်သေးနေတော့မည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'သမီးလေး သုန္ဒရီ'

'မေမေ'

'မောင်အဓိပတိက သူ့ တခြားဝိုင်းမှာ ကျူရှင်သွားတက်မယ် တဲ့၊ သုန္ဒရီကို နားလည်ပါတယ်တဲ့၊ သမီးမျက်နှာပျမနေပါနဲ့တော့'

'သမီးကရော ကံသာနဲ့ နှစ်ယောက်တည်း ကျူရှင်သင်ရ လားဟင်'

'ကံသာ့မိဘကျေးကို မေမေက မလွန်ဆန်နိုင်ဘူး'

သုန္ဒရီ သိပါတယ်၊ မေမေက ကံသာမှ ကံသာ။ စီးပွားရေး အရ ပတ်သက်ဆက်နွှယ်နေတာလည်း ဖြစ်သည်။

'သမီးလေးရယ် အခြေအနေအရပါ၊ မေမေကလည်း ဆောင်လက်ခံရတာလည်း ဖြစ်မှာပါကွယ်၊ မူးတာဆိုတာ ဦးကျော ကံသာ့ကြာ ပူးပေါင်းကိစ္စ ဖြစ်ချင်မှ ဖြစ်မှာပါ၊ မေမေက ကံသာ့မိ တွေ အကူအညီပေးလို့ ဒီအခမျိုးရောက်ရတာလို့ ခံယူနေတယ်'

မေမေ ရက်စက်တယ်။ စီးပွားရေးကလွဲပြီး အာကိုမှ စဉ်းစားပေးမှာမဟုတ်။ ကံသာနှင့် သူမအား မေမေပဲ ရင်းနှီးစေခဲ့သည်

'မောင်ကံသာ့အိမ်မှာ သမီး ကျူရှင်ပိုင်သွားတက်ရမယ်၊ အမိန့်ပဲ'

'မှာင်'





'မေမေတို့ ဘာလုပ်ကြမလဲ၊ ထွက်ပြေးကြမလား၊ ဖြစ်နိုင်ရင် သမီးလက်ကလေးကို ဆွဲပြီး မေမေထွက်ပြေးချင်တယ်'

ဇါ သွေးရှင်က ချမ်းသာကြွယ်ဝမှု ဂုဏ်မောက်လွန်းစွာ အာဏာ ရှင်ဆန်သည်။ ကောက်ကျစ်သူဟု ခံ ထင်နေမိ၏။ မဖြစ်နိုင်ဘူးဟု ည်း ထင်မိနေ၏။ သမီးလေးကို ဘယ်လိုကာကွယ်စောင့်ရှောက်ရ မည်၊ လှပအိစက်နေတဲ့ မိမိရင်သွေး သမီးလေးပါ။

'အခြေအနေအရ မေမေ့ဆန္ဒအတိုင်းပဲ သမီးနေထိုင်ပါ၊ မေမေ သွေးပူလို့မဖြစ်ဘူး'

'သမီး၊ ကံသာနဲ့ ဘယ်လိုမျက်နှာချင်းဆိုင်ရမလဲဟင်၊ ရှက် ၊ သူ့တိုက်မှာသွားသင်ရင် သမီးဘယ်လိုအသက်ရှင်ရမလဲ'

'သုန္ဒရီလေးရယ်'

'မေမေ'

'ပြောလေ'

'သုန္ဒမသွားချင်ဘူး၊ အဓိပတိနဲ့လည်း မသင်ဘူး၊ တစ်ယောက် သည်းပဲ သင်ချင်တယ်'

'သမီးမေမေ အမိန့်ပဲ'

'သုန္ဒ် အသေမခံမယ် မေမေ'

'မလုပ်ပါနဲ့ သမီးလေးရယ်၊ မေမေရင်ကွဲအောင်တော့ မလုပ်ပါ



www.burmeseclassic.com

www.burmeseclassic.com



နဲ့နော်၊ သမီးလေး တခြားသူငယ်ချင်းတွေဝိုင်းမှာ သင်နိုင်အောင် မေး… စီစဉ်ပေးမယ်'

သမီးလေးကို နှစ်သိမ့်အားပေးရင်း ချော့မော့နေတဲ့ကြားမှ ကံသာ… မျက်နှာပြောင်တိုက်ပြီး ရောက်လာပြန်သည်။

'သုန္ဒရီကို ကျူရှင်တက်ဖို့လာခေါ်တာပါ အန်တီစံ၊ တခြား… သူငယ်ချင်းတွေလည်း ပါပါတယ်၊ ငါးယောက်ပါ၊ ကျွန်တော့်သူငယ်… ချင်းဝိုင်းကို ခေါ်လိုက်ပါ့ပါ'

'သမီးလေး အရမ်းပင်ပန်းနွမ်းနယ်နေတယ်ကွယ်၊ မတတ်နိုင်… သေးပါဘူး ကံသာ'

ဒေါ်မြသက်စံလည်း အရှည်အရှည်စကားမပြောချင်၍ ကျော… ပန်စကားပဲ ပြောလိုက်သည်။

'ကျွန်တော်… သုန္ဒရီနဲ့ စကားနည်းနည်းပြောချင်ပါတယ်… ကျွန်တော် တောင်းပန်ချင်တာပါ'

'နောက်မှကွယ်၊ လောလောဆယ်တော့ သမီးလေး နားပါစေ… မင်းကို မတွေ့ချင်ဘူးတဲ့၊ အဓိပတိလည်း အပြင်ဝိုင်းမှာသွားတွက်… တယ်၊ အရေးကြီးတာက ဒီနှစ် စိတ်ငြိမ်ငြိမ်ထားပြီး ကြိုးစားကြစေချ… ပါတယ်'

ကံသာကလည်း သုန္ဒရီကို အရယူဖို့ တရားသောနည်းလမ်း…





နှင့်ဖြစ်စေ၊ မတရားသောနည်းလမ်းနှင့်ဖြစ်စေ အရယူပစ်မယ်။ အန်တီစံ က မင်းအဓိပတိဘက်ကပါ။ ကံသာ ဒေါသတွေ ပေါက်ကွဲနေသည်။

'အန်တီစံ တားဆီးနေတာလား'

'ကံသာ… မင်း ဒီလိုနိုင့်ထက်စီးနင်းအပြုအမူတွေကို မပြုမူ သင့်ဘူးထင်တယ်ကွယ်၊ အန်တီတောင်းပန်တာပါ၊ သမီးကို မနှောင့် ယှက်ပါနဲ့'

'အန်တီစံ'

'သားရယ် ကိုယ်ချင်းစာတရားလေး ရှိပါ၊ သမီးက ငယ်ရွယ် ပါသေးတယ်၊ အန်တီစံတို့မှာ ဒီသမီးလေးတစ်ယောက်တည်းရှိတာ ပါ၊ သမီးလေး ဆုံးရှုံးသွားရမှာကို အရမ်းစိတ်ပူနေမိတယ်'

'အဲဒါ ကျွန်တော်မသိဘူး အန်တီစံ၊ မင်းအဓိပတိကိုပဲ သမက် လောင်းအဖြစ် သတ်မှတ်ထားတာ မဟုတ်လား'

ဟုတ်တယ်ဟု ဒေါ်မြသက်စံ ပြောပစ်ချင်ပေမယ့် ပြဿနာရှာ တတ်တဲ့ကောင်ဖြစ်၍ မပြောတော့။ ကံသာ့ကို ဘယ်လိုနှိပ်ကွပ်ပစ်ရ မလဲ ဒေါ်မြသက်စံ စဉ်းစားနေသည်။

'ဒီတစ်ရက်တော့ သုန္ဒရီ အနားယူချင်ယူပါစေ၊ မနက်ဖြန်တော့ ဆက်ဆက်လွှတ်ပေးပါ'

'ကောင်းပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



ကံသာထွက်သွားမှ ဒေါ်မြသက်စံ စိတ်မောသက်သာသွားရသည်။

'သမီးလေး'

'မေမေ'

'မေမေတို့ ဘာဆက်လုပ်ကြမလဲကွယ်'

'သမီး သေပစ်ချင်တယ်၊ ကံသာ့ကို လုံးဝမဆက်ဆံချင်တော့ဘူး၊ သမီး စာမေးပွဲမဖြေတော့ဘူး၊ သူ့ဆီမှာ ကျူရှင်သွားတက်ရမှာဆိုရင် မတက်တော့ဘူး'

ဒေါ်မြသက်စံကတော့ သမီးလေးကိုပဲ သနားတယ်။ ယောက်ျားကလည်း ခွတ်တရွတ်ပြောသည်။

'မေမေလည်း ယောက်ျားကို ကွာရှင်းလိုက်ဖို့ပဲ ရှိတယ်၊ မေမေတို့ ဘာဆက်လုပ်ကြမလဲ'

'ကွာရှင်းရမယ်'

'မေမေကလဲ ကံသာ့မိဘတွေကို ကျေးဇူးရှင်တွေလို့ပဲ သတ်မှတ်ထားတယ်၊ ဘယ်လိုမှပြောမရဘူး'

'သမီး… မေမေနဲ့ သွားတွေ့မယ် ပြဿနာကို ရှင်းပစ်မယ်'

သုနှရီက အဓိပတိနဲ့ ဝေးသွားရတာကိုပဲ စိတ်ထိခိုက်ကြေကွဲနေရသည်။ ကံသာနှင့် သုနှရီကို အထင်လွဲသွားပြီထင်တယ်။ ဘယ်လို





ရှင်းပြရမလဲ။ အဓိပတိတောင် တခြားဝိုင်းကို ပြောင်းရွှေ့သွားပြီဖြစ်သည်။ မတွေ့ချင်ပါဘူး။ ကံသာ့ကို မုန်းတယ်။ အလကားကောင်။ သာတယ်ဆိုပြီး မာန်တက်နေတာ။ သူမ ဖေဖေ့ဆီ ရောက်သွားသည်။

'သမီးအနာဂတ်အတွက် ဖေဖေ စိုးရိမ်တာပဲ၊ မောင်အဓိပတိရဲ့ ဝိုင်းစားသောက်မှုခက်ခဲအောင် သမီးနဲ့ ခံ လုံးဝမလုပ်ပါနဲ့၊ ကံသာ သမီးနဲ့ ငယ်ငယ်လေးကတည်းက သံယောဇဉ်တွယ်ငြိလာခဲ့ကြတာ'

'ကံသာက အရမ်းဒေါသကြီးတယ် ဖေဖေ၊ အခုတစ်လော သမီးကို မတရားလွှမ်းမိုးချင်နေတယ်၊ သူ့ကို သမီးက သူငယ်ချင်း ဖြစ်ပဲ သံယောဇဉ်တွယ်တာ'

'ရွှေသုနှရီ… ဖေဖေ့အမိန့်ကို နာခံစမ်း၊ ဖေဖေက လုပ်ဆို လုပ်၊ မောင်ကံသာ့ကို ဆန့်ကျင်ဖို့ မကြိုးစားနဲ့၊ သမီးစဉ်းစားကြည့်စမ်း၊ ဖေဖေတို့ ဒီလိုစီးပွားရေးလုပ်ငန်းတွေ အောင်မြင်ပြီး ကြီးပွားချမ်းသာ တာ ဘယ်သူ့ကြောင့်လဲ၊ သားနဲ့သမီး ဖလှယ်ဖို့ ဖေဖေ ကတိပေး ထားတယ်'

'ဖေဖေ… သမီးက ဘာလဲ၊ သမီးဆန္ဒမပါဘဲ ဒီလိုလုပ်ခဲ့ တာ သမီးလက်မခံဘူး၊ အတင်းအကြပ်လုပ်ရင် သမီး သတ်သေပစ် မယ်'



www.burmeseclassic.com

www.burmeseclassic.com



ဦးကိုကိုညို အလွန်အမင်း ထိတ်လန့်စိုးရိမ်ကြောင့်ကြသွား
သည်။ သမီးကို မိမိ အရှမ်းချစ်မြတ်နိုး တန်ဖိုးထားခဲ့၏။

ဒါပေမဲ့ ဦးနောင်လတ်က အကွက်ပိုမြင်တယ်။ မိမိစီးပွား
လုပ်ငန်းတွေမှာ ရှယ်ယာအများဆုံးထည့်ဝင်၍ ချုပ်ကိုင်နိုင်အော
ကြိုးစားခဲ့၏။ သူသားဆန္ဒကြောင့်ပါ။ မိမိလည်း ကံသာကို မနှစ်သ
မိ။ မတတ်နိုင်တော့ပေ။ ဦးကိုကိုညို ဥပေက္ခာပဲ ပြုထားသည်။

☺





(၁၂)

ရွှေသုန္ဓရီ နည်းနည်းလေး ပိန်ချုံးကျသွားသည်ဟု အစ်ိပတိ
ဆင်မိနေသည်။ သူ့ကိုပင် တည်တည်လေးနှင့် မျက်နှာချင်းမဆိုင်
သော့။ သူမ ရှက်နေပုံလည်း ရ၏။ ကိုယ် တခြားဝိုင်းမှာ သွားထက်
နေတာ မင်းအတွက်ပါ ရွှေသုန္ဓရီရယ်။ သူ စာပဲကြိုးစားနေသည်။
ရွှေသုန္ဓရီကို အောင်မြင်စေချင်နေ၏။ ဘယ်လိုကူညီရမလဲ။ ကံသာက
သစ်မှောင့်။ ဒီကောင်က သူ့ကို ရန်သူတစ်ယောက်ကဲ့သို့ မြူမှုရန်စောင်
နေလေသည်။

'ရွှေသုန္ဓရီ မင်းမျက်နှာလေး ညှိုးငယ်နေတယ် ဘာကြောင့်လဲ
ကွာ'

သူ့ တစ်ယောက်တည်း ခြံထဲမှာ ထွက်ထိုင်နေရင်း ငိုရှိုက်သံ
ကြား၍ ရေကန်ဘက်သို့ သူပြေးလာခဲ့သည်။ ထင်ထားတဲ့အတိုင်း



www.burmeseclassic.com

ကန်ဘောင်မှာ ထိုင်ငိုနေသူက ရွှေသုနှရီပင်။ သူ့ အထိတ်တလန့်ဖြစ်သွား ရ၏။ သူမခန္ဓာကိုယ်က ရေထဲသို့ တစ်ဝက်ရောက်နေသည်။

'သုနှရီ မင်းဘာလုပ်နေတာလဲ၊ မင်း ဘာဖြစ်လို့ ငိုနေရတာလဲ'

'ဖယ်ပါ မင်းအဓိပတိ၊ ငါ နင်နဲ့မပတ်သက်ချင်ဘူး'

'နင်ဘာလုပ်နေတာလဲ'

'သေမလို့'

'ဘာပြောတယ်'

'ငါသေပစ်မလို့၊ အတော်ပဲ နင့်ရှေ့မှာ သေပစ်မယ်'

'ရွှေသုနှရီ'

သူ့ကိုတွန်းဖယ်ကာ ရေထဲသို့ဆင်းသွား၍ မင်းအဓိပတိ သွက် သွက်လက်လက်ဖြင့် ရွှေသုနှရီအား ရောက်သွားပြီး အတင်းဖက်ထား လိုက်သည်။

'မင်း ဒီလိုမလုပ်နဲ့'

'အဟင့်… ဟင့်… အဟင့်'

'မငိုပါနဲ့ ရွှေသုနှရီရယ်၊ မင်း ဘာဖြစ်လို့ စိတ်သောကရောက် နေရတာလဲကွာ၊ ပြောစမ်းပါ'

'ငါ ဟိုကောင်ကံသာနဲ့ စာအတူတူသင်ရတာ စိတ်ညစ်တယ်၊ မေမေက အတင်းအကြပ် အမိန့်ထုတ်တယ်၊ ငါ အရမ်းမုန်းတယ်၊ သေပစ်လိုက်တာ အကောင်းဆုံးပဲသိလား'





'အဓိပ္ပာယ်မရှိတာပဲ ရွှေသုနှရီ မလုပ်ပါနဲ့၊ နင် ဒီလိုလုပ်ရင် …ဘဝတွေမှာလည်း ဒီအတိုင်းပဲ သေရလိမ့်မယ်'

'ဖယ်ပါ၊ အဲ့ဒါ နင်နဲ့ဘာဆိုင်လဲ၊ ဆရာကြီးလာမလုပ်နဲ့'

'ဆိုင်တယ်လေ၊ အန်ကယ်ညှိုနဲ့ အန်တီစံက ကိုယ့်အမေအမေပဲ၊ …ာ ငါ့ညီမလေး'

ဘာဂုဏ်ညီမလေးလဲ။ နင်တော်တော်အပြောကောင်းနေပါလား။ … အတင်းရုန်းပစ်လိုက်သည်။ သူမနဲ့ကံသာ နေစပ်တော့မယ်။ … ဘာဆက်လုပ်ရမလဲ။ မေမေနဲ့ မေမေ့အိမ်ထောင်ရေးကိုပဲ ကွဲကွာ …လား။

ကံသာနဲ့တော့ လုံးဝလက်မထပ်နိုင်ပါဘူး။ ရွှေသုနှရီ သေမ …ယ်။ အဓိပတိ နင်က ငါ့အစ်ကိုရေရာယူထားတယ်ပေါ့လေ။ …တ်တွေက သူမခန္ဓာကိုယ်လေးအား ကြိုးတွေလို တင်းကြပ်စွာ …တ်ချည်နှောင်ထားသည်။

'နင် တိုက်ထဲဝင်ပါ၊ နောက်မှအေးအေးဆေးဆေး စကားပြော …ယ်၊ နင် ဒီလိုလုပ်တာ ငါ လုံးဝလက်မခံနိုင်ဘူး၊ အန်တီစံ …ကြေကွဲလိမ့်မယ်၊ နင့်နောက်ကို အန်တီစံ လိုက်လာမှာ အသေ …ပဲ'

မေမေ့ကိုတော့ သနားတယ်။ သုနှရီအတွက် ဖြည့်စွမ်းပေးဖို့

www.burmeseclassic.com



မေမေ အသက်ရှင်ရပ်တည်နေခဲ့သည်။ အဓိပတိက သူမအ
ကန်ဘောင်ပေါ်သို့ ဆွဲတင်လိုက်၏။ သူမနှင့်အဓိပတိ နှစ်ယောက်
ကန်ဘောင်ပေါ်သို့ ပက်လက်အနေအထားဖြင့် လဲကျသွားသည်

'မင်း ဒီလိုမလုပ်ပါနဲ့ ရွှေသုန္ဒရီ၊ ကိုယ်တောင်းပန်ပါတယ်
မင်းကို ဒီနှစ်စာမေးပွဲအောင်စေချင်တယ်၊ ကိုယ်တို့ ကြိုးစားရအော

'သုန္ဒရီကတော့ မအောင်ချင်တော့ဘူး မင်းအဓိပတိ၊ အေ
မတရားဘူး၊ သုန္ဒရီကို ဥပေက္ခာပြုထားတယ်၊ သုန္ဒရီ စိတ်ခံစား
ထက် ဖေဖေလုပ်ချင်တာကိုပဲ အမိန့်ပေးလုပ်ဆောင်စေတယ်'

'အန်ကယ်ညိုက နင့်ကိုအရမ်းချစ်တယ်၊ ငါသိတယ် ရွှေသု
ကံသာနဲ့ မကင်းစေချင်တာလည်း နင့်ရှေ့ရေးပါ၊ အန်ကယ်ညို့စိတ်
ကို ငါ လေးစားတယ်၊ ငါ့ကိုလည်း သားအရင်းလို သဘော
တယ်၊ အခွင့်အရေးလည်း ဘာမှမယူဘူး'

သူ့ဆီမှာ ငွေတွေရှိပေမယ့် အန်ကယ်ညိုက အခွင့်အရေးမယူ
သမီးနှင့်လည်း လက်ဆက်ပေးရမှာ ရှက်တတ်သူပါ။ အဓိပတိ
သည်။

'မင်း ခေါင်းအေးအေးထားပါ ရွှေသုန္ဒရီရာ၊ ဘဝဆိုတာ အ
သူမှ အမိန့်ပေးစီရင်ချက်ချလို့ မရဘူး နင်သိလား'
ဘာ





'နင့်ဘဝကို အန်ကယ်ညိုက အမိန့်နဲ့ စီရင်လို့မရနိုင်ဘူး
...သုန္ဒရီ တဂ ဘ်လို့ နင် မဖြစ်ချင်တာ ဖြစ်ရတာ၊ နင်ဖြစ်ချင်တာတွေ
...ဖြစ်ရတာ နင့်အတိတ်ကံကဲ သိထားပါ'

မင်းအဓိပတိက လူကြီးဆန်ဆန် စကားလုံးလေး ရွေးချယ်ပြော
...တ်နေသွားပဲ။ သုန္ဒရီ သေပစ်ချင်တဲ့စိတ်တွေ ပျောက်ဆုံးသွားရ
...သည်။ သူမ ကောင်းကင်ကြီးကို မော့ကြည့်ရင်း မင်းအဓိပတိရဲ့
...သူ့တွေကို နားခံချင်နေ၏။

ကံသာနဲ့ စာအတူသင်ရတာ သုန္ဒရီ သေပစ်ချင်လောက်အောင်
...ာ်ညစ်မိသည်။ ဒီကြားထဲ အန်တီသွေးက ချွေးမလို့ခေါ်တာ အမုန်း
...း်ပဲ။ အဓိပတိက သူမမျက်နှာလေးကို စိုက်ကြည့်နေသည်။

'ရွှေသုန္ဒရီ'

'ဟင်'

'တိုက်ထဲပြန်ဝင်တော့၊ ကိုယ့်ကိုကိုယ် သေကြောင်းကြံတဲ့စိတ်
...တွေ ဖျောက်ဖျက်ပစ်လိုက်စမ်းပါ ရွှေသုန္ဒရီရယ်၊ ကိုယ်တောင်းပန်ပါ
...တယ်နော်'

မင်းအဓိပတိလည်း တော်တော်လေး ထိတ်လန့်တုန်လှုပ်သွား
သည်။ တကယ်တမ်း တွေးကြည့်တော့ သူကိုယ်တိုင် ရွှေသုန္ဒရီအပေါ်
...သံယောဇဉ်တွေ ကြီးမားစွာငြိတွယ်နေပြီ ဖြစ်၏။ ဒါပေမဲ့ သူ့အ...ယ်က



www.burmeseclassic.com

www.burmeseclassic.com



အချစ်ရေးကို ဦးစားပေးစဉ်းစားရမည့်အရွယ် မဟုတ်သေးပါဘူး သူ့ ပညာရေးမှာ ထူးချွန်စွာအောင်မြင်ချင်သည်။

'ထ'

'မထချင်သေးပါဘူး'

'တိုက်ထဲပြန်ဝင်တော့လေ၊ တို့နှစ်ယောက် စာတွေကြိုးစားကြ အောင်'

'ငါ့အတွက် ဘာအဓိပ္ပာယ်မှ မရှိနိုင်တော့ဘူး၊ အဓိပတိ'

'ငါပြောထား ပြီးပြီလေ၊ ဘဝဆိုတာ အတိတ်က လုပ်ရပ်တွေ ဆိုင်တယ်၊ တစ်နာရီ တစ်စက္ကန့်အတွင်းမှာ ပြောင်းလဲသွားနိုင်တယ် နင် တိုက်ထဲဝင်တော့'

သူမ ထလိုက်သည်။ အဓိပတိကြောင့် အားအင်တွေ ပြည့်လာ သွားသလိုပါပဲ။ သေပစ်ချင်တဲ့စိတ်တွေ ပျောက်သွားရ၏။ သူမ တိုက်ထဲဝင်ဖို့ ခြေလှမ်းပြင်လိုက်တော့ သူက သူမလက်လေးကို ဆုပ်က ကိုင်သည်။

'ရွှေသုနန္ဒရီ'

'ဟင်'

'ကိုယ့်ကို ကတိပေးပါ၊ မင်းကိုယ်မင်း သေကြောင်းမကြံစည် ပါဘူးလို့'





'မေးပါတယ် အဓိပတိ၊ စိတ်ချပါ၊ သုနန္ဒရီစိတ်တွေ အဓိပတိ ကြောင့် ပိုကြံ့ခိုင်မာလာသလိုပဲ'

'အနိစ္စကို စိတ်သောကရောက်အောင် မလုပ်စေချင်ဘူး သုနန္ဒရီ'

အဓိပတိလည်း စိတ်ပူနေတာရော သေချာရဲ့လားဟု သုနန္ဒရီ ချင်သည်။ မမေးဖြစ်ခဲ့။ အဓိပတိအပေါ် မာနတွေပြချင်နေခဲ့မိ၏။ ရက်တယ်။ ပြီးတော့လည်း ကံသာခဲ့နေစပ်ရတော့မည့် သတ္တိသမီး နေသည်။ သုနန္ဒရီ တိုက်ကြီးထဲ ဝင်လာခဲ့၏။ အဓိပတိရဲ့ ကြင်နာမှု တွက် သူမရင်ထဲမှာ ပီတိတွေပြာဝေနေခဲ့သည်။

'ရွှေသုနန္ဒရီရဲ့ဘဝကို အနက်ကယ်ညှို့အမိန့် စိရဝ်ချက်ချလို့ မရနိုင် ဘူး၊ စက္ကန့်အမှု ပြောင်းလဲသွားနိုင်ပါတယ်လေ'

ဘယ်လိုပြောင်းလဲသွားနိုင်တာလဲ အဓိပတိ။ ပြောင်းလဲသွား လို့ ဆင်းရဲသွားမှာလား။ ကံသာက မရရအောင်ယူမှာ။ သူမလည်း ညှစ်ရတာတွေ မတွေးတော့ဘဲ အဓိပတိရဲ့ အကြင်နာစကားလေး ခေါ်တောရင်း အိပ်ပျော်သွားသည်။

'သမီးလေး... ဟင်... သမီးလေးပျော်နေတာပဲ၊ ကလေးပျော် တစ်ခေါ်ဆောင် ပြောနေတာယ်'

'အဓိပတိ... ဟင်း... ဟင်း၊ အဓိပတိရယ်... ...'



www.burmeseclassic.com

www.burmeseclassic.com



ပြီး နင့်ကို ငါချစ်တယ်၊ ငါ့ သွေးသားစစ်စစ်ကလေးပဲ သမီးလေး … အဲဒီည ညက နင်ကယ်လိုက်လို့

'အမလေး'

သမီးရဲ့ ကယောင်ကတမ်းစကားတွေကြောင့် ဒေါ်မြသက်စံ အထိတ်တလန့်နှင့် မျက်လုံးတွေပြူးသွားရသည်။ သမီး ညက အပြင်ထွက်သွားတာလား။ ဒေါ်ထားမသိဘူးထင်တယ်။ မောင်အဓိပတိနှင့် ဘယ်မှာများတွေ့ဆုံခဲ့ကြတာလဲ။ သမီးအသားတွေ ခြစ်ခြစ်တောက် ပူနေလေသည်။

'သမီးလေး … ဒုက္ခပါပဲ၊ မေမေ လာအကြည့်မြန်မြန်လာခဲ့ … ဘုရားရေ … သတိတွေတောင် လစ်နေပြီ'

ဒေါ်မြသက်စံ ရေပတ်တိုက်ဖို့အတွက် ပြင်ဆင်ရင်း ဆရာဝန်ကြီးကိုလည်း ဖုန်းဆက်အကြောင်းကြားရသည်။

'မမစံ ဘယ်လိုဖြစ်ရတာလဲ၊ သမီးလေးသွန်း ဘာဖြစ်လို့လဲ'

'ကိုယ်တွေပူနေတယ်၊ သတိတောင်လစ်ချင်ပြီ ရေပတ်တိုက်ဖို့ ပြင်ပါ'

'ဟုတ်ကဲ့ … ဟုတ်ကဲ့'

'မထား'

'ရှင်'





'သမီးညက ခြံပြင်ထွက်သွားတာ မထားမသိဘူး မဟုတ်လား'

'ရှင် … သွန်းလေးက ဘာဖြစ်လို့ ခြံပြင်ထွက်သွားရတာလဲ'

'မသိလို့ပေါ့၊ သမီးလေးကို မျက်ခြည်ပြတ်လို့မဖြစ်ဘူး၊ စိတ်ပူ ထိနိုက်နေတယ်၊ ဂရုစိုက်ပါ'

'မထားလည်း ဂရုစိုက်ပါတယ် မမစံရယ်၊ အဓိကက အစ်ကို ဂရုစိုက်ဖို့ပဲ'

'ထားလိုက်တော့၊ ဆရာဝန်လာလိမ့်မယ် အဆင်သင့်ပြင်ထားပါနော်'

အဓိပတိ သိရမယ်။ သမီးနှုတ်ခမ်းလေးတွေဆီက အဓိပတိ ည်ကိုပဲ တသသခေါ်နေသည်။ မျက်နှာလေးလည်း သိသိသာသာ င်ကျသွား၏။ ဒေါ်မြသက်စံ မီးတောက်မတတ် ပူလောင်နေသည်။ ထားက ရေပတ်တိုက်ပေးလိုက်မှ အဖျားကျပြီး မျက်လုံးလေးတွေ လာသည်။

'အဓိပတိ'

'သွန်း … သတိထားပါဦး၊ မေမေလေ … အဓိပတိမှ မရှိတာ'

'ဟင်'

သူ့ရဲ့အာရုံထဲမှာ အဓိပတိပဲ ရှိနေသည်။ အိပ်မက်ထဲမှာ ဓိပတိရောက်လာပြီး သူမကို နမ်းရှိုက်၏။ သူမ ပျော်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



နေ့မှာ ကိုယ်တို့လက်ထပ်ကြမယ်နော်တဲ့။ အခုအချိန်မှာလေ ပညာရေးပဲ အဓိကကြိုးစားကြရအောင်နော် ကတိတဲ့။ သူမ တွေ သွား၍ ပြုံးမိသွားသည်။

'သမီး နေကောင်းရဲ့လား၊ ဘာတွေတစ်ယောက်တည်း တွေ ပြီး ပြုံးသွားရတာလဲ'

'ဟင်'

'မေမေ့သမီးလေး သတိရှေ့ ကောင်းကောင်းရရဲ့လား၊ ညက အပြင်ထွက်တယ် ထင်တယ်'

သူမ အပြင်သွားတာ မေမေ ဘယ်လိုလုပ် သိနေရတာလဲ မေမေနဲ့သုန်က ဘယ်လိုအကြောင်းအရာမျိုးမဆို ပွင့်ပွင့်လင်းလင်း ပြောဆိုတိုင်ပင်နေကျပါ။

'သမီး စောစောက အဖျားကြီးပြီး ကယောင်ကတမ်းတွေ ပြောနေတာလေ၊ အဓိပတိ ငါ့အသက်ကို နင်ကယ်လို့တဲ့'

'ဟင်'

'သမီးလေး ဘာတွေလုပ်လဲ၊ မေမေ့ကို ရင်ကွဲပြီးသေအောင် ကြံစည်တာလားဟင်'

မေမေ့ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ကာ သုန် တသိမ့်သိမ့်ရှိုက် ပစ်မိသည်။ မေမေ့ကို ပြောမပြရက်ဘူး။ သုန္ဒရီ မိုက်မဲတဲ့အကြံအစည် ကြံစည်မိပါတယ်။ မေမေသာသိသွားရင် ရင်ကွဲပြီးသေမှာ။ ကျောလေးကို မေမေက ပွတ်သပ်သည်။



'သမီးပြောမပြပါနဲ့တော့ မေမေ သိပြီ၊ သမီးရေကူးကန်ထဲ တာမဟုတ်လား'

သမီးက ရေမကူးတတ်ဘူး။ ရေကြောက်တယ်။ ခြံထဲမှာ ကန်ထားတာ ကိုညို့ကျန်းမာရေးအတွက် လုပ်ထားတာ။ မိမိ ရေကူးဝါသနာပါသည်။ သမီးက သင်၍မရ။ ငယ်ငယ်လေး က အော်ဟာစ်ပိုင်ကြွေးကာ ဒူးတုန်အောင် ကြောက်နေတတ်၏။ သက်စံ သမီးကို ပွေ့ဖက်မိသည်။

'မကြံကောင်း မစည်ရာကွယ်၊ မေမေ တွေးတောင်မတွေးရဲ ဘူး၊ မလုပ်ပါနဲ့ သမီးရယ်၊ မေမေတို့ ဒီကနေ ထွက်ပြေးကြရ င်၊ ဘယ်လိုလဲ မေမေ့မှာလည်း စုဆောင်းထားတဲ့ငွေတွေ ရှိပါ တယ်၊ သမီးဆန္ဒမရှိတာကိုတော့ လက်မခံနိုင်ဘူး'

'သမီး နောက် ဘယ်တော့မှမလုပ်တော့ပါဘူး၊ အဓိပတိက တို့ ကတိတောင်းထားတယ်၊ နောက်ဘယ်တော့မှ မလုပ်ပါဘူးလို့ ပေးတဲ့'

'အဓိပတိကလေ'

'အခြေအနေတွေက စက္ကန့်နဲ့အမျှ ပြောင်းလဲသွားနိုင်တယ်တဲ့၊ ဘဝကို အန်ကယ်ညှို့ အမိန့်ပေးစီရင်လို့ မရနိုင်ဘူးတဲ့'



www.burmeseclassic.com

www.burmeseclassic.com



'"တော်လိုက်တဲ့ကလေး၊ ဟုတ်တယ်၊ မမေလည်း ယုံကြည် တယ်၊ သမီးလေး အားတင်းထားနော်'

'အင်း'

'သုန်လေးရယ်... ဒေါ်ထားဖြင့်လန့်လိုက်တာ၊ နောက်ထ မလုပ်ပါနဲ့တော့နော်၊ တောင်းပန်ပါတယ်'

'အဓိပတိကို ကတိပေးထားပြီးပါပြီ၊ သုန်မလုပ်တော့ပါဘူ စိတ်ကို ခိုင်ခိုင်ထားမယ်၊ သမီးဖူးစာဘက်က ကံသာဟုတ်ချင်မှ ဟု မှာလေ'

မမေက နောက်ထပ်ဒီလိုအကြံအစည်တွေ ထပ်မကြံဖို့နဲ့ ပ ရေးမှာ အာရုံနစ်ထားဖို့ ပြောနေသည်။ သုန်သိပါပြီ။ ဘာပဲဖြစ် အဓိပတိက သူမအား အရေးတယူရှိ၍ မျှော်ရှင်သွားရ၏။ သူ သူမကို မွေ့ဖက်ထားတာ တွေးမိတိုင်း ရင်ဖိုရသည်။

'ဆရာဝန်ကြီး ရောက်လာပြီ မမစံ'

'သမီးက အဖျားတောင်ကျနေပြီ'

ဆရာဝန်ကြီးရောက်လာပြီး သမီးကို စစ်ဆေးရင်း ကလေး အဆုတ်နည်းနည်းပွချင်နေတယ်၊ အအေးမိလို့တဲ့၊ စိုးရိမ်စရာမရှိပေ ဂရုစိုက်ပါတဲ့။ ဒေါ်မြသက်စံက သမီးတစ်ယောက်တည်းမို့ အ သည်းတယ်မထင်ဖို့နဲ့ မကြာခဏ အရေးတကြီး ဖုန်းဆက်ခေါ်နေ အားနာကြောင်း တောင်းပန်ရသည်။





'ခေါ်ပါ ဒေါ်မြသက်စံ၊ သမီးလေးကလည်း တော်တော်လေး ဆာလုပတာပဲ၊ စိတ်ပူမှာပေါ့လေ၊ စိုးရိမ်တာကတော့ အမှားမရှိနိုင် ဘူးဗျာ'

'ကျေးဇူးပါပဲ ဆရာရယ်'

ရွှေသုန္ဒရီလေး ကိုယ့်ကိုကိုယ် ဂရုစိုက်။ ဒီနှစ်က အရေးကြီး ယ်။ သမီးရှေ့ရေးအတွက် အဆုံးအဖြတ်ပေးနိုင်တယ်တဲ့။ ပညာရေး အစွမ်းကုန်ကြိုးစား၊ ကျန်းမာအောင်လည်း ဂရုစိုက်ဆိုပြီး ဆုံးမ စကားတွေပြောပြီး ပြန်သွားသည်။

☺



www.burmeseclassic.com

www.burmeseclassic.com

(၁၃)

ရွှေသုန္ဒရီ နေမကောင်းဘူး၊ အဖျားတွေအရမ်းတက်တ
တော့ အမိပတိလည်း စိတ်ပူမိသည်။ ညက အအေးပတ်တာဖြ
မယ်။ ရေကန်ထဲအထိ ရောက်နေပြီ။ ခေါ်ခေါ်ထားက သုန္ဒရီ ရေ
တတ်ဘူးဟုပြော၍ သူ ပိုပြီးစိတ်ပူသွားရကာ ရေကန်ကြီး ခြံထဲ
ရှိနေကာပင် မြေဖို့ပြီး ကွန်ကရစ်ကိုင်ပစ်ချင်၏။ ညက သူ အိပ်မ
လို့ ခြံထဲဆင်းမိနေလို့ပေါ့။ ထမင်းစားပွဲမှာ အန်ကယ်ညီရော၊ အန်
တို့နှင့်ပါ ဆုံသည်။

'အမိပတိ··· ညက သမီးလေး ရေကန်ထဲဆင်းတယ်မဟု
လား၊ မင်းနဲ့တွေ့လို့ပေါ့၊ သမီးက ရေမကူးတတ်ဘူးလေ၊ ရေအ
ကြောက်တဲ့ မိန်းကလေးပါ'

'ဗျာ'





'သမီးလေး သေကြောင်းကြံစည်တာမဟုတ်လား အမိပတိ'
ဦးကိုကိုညို စိတ်ထဲမှာ တုန်လှုပ်သွားပေမယ့် ဟန်မပျက်သွား
အောင် ပြန်ထိန်းလိုက်သည်။ မနက်က ဆေးရုံကား လာတယ်။
သမီးလေး အပူကြီးလို့တဲ့။ သမီး စိတ်ထိခိုက်ကြေကွဲနေမယ်ဆိုတာ
င်တစ်ယောက်အနေနှင့် စိတ်သောက မရောက်ဘဲနေမလား။
မိမိစီးပွားရေးလုပ်ငန်းတွေက ဦးနောင်လတ် လက်ခုပ်ထဲကရေ
နေသည်။ မိမိ ဘယ်လိုဖြေရှင်းရမလဲ။ သမီးလေးအတွက်ပါ။
င်မင်းအမိပတိအပေါ်လည်း အခွင့်အရေးမယူလိုပေ။
'ကံကောင်းလို့နော်၊ သားရှိပေလို့ပေါ့၊ သမီးလေးအရမ်းဖျား
ာ ကယောင်ကတမ်းတွေတောင် ဖြစ်တယ်'
ကိုညိုက မသိချင်ယောင်ဆောင်နေ၍ ခေါ်မြသက်စံ မကျေမနပ်
မိသည်။ သမီးက ကိုယ့်ကိုကိုယ် သေကြောင်းကြံပါတယ်ဆိုတာ
ာင် ဂရုမစိုက်။ မိမိကိုလည်း အဖက်လုပ်၍ စကားမပြောပေ။
'အန်တီစံရယ် စိတ်မပူပါနဲ့၊ သုန္ဒရီကို အမိပတိ ကာဟိတောင်း
ားပါတယ်၊ သူနောက်ထပ်လုပ်မှာ မဟုတ်တော့ပါဘူး'
'စောင့်ရှောက်ပေးပါကွယ်၊ အန်တီစံတို့ရဲ့ တစ်ဦးတည်းသော
မီးလေးပါ၊ သားလည်း ပွားကြည့်ပြီး အားပေးပါဦး'
'အမိပတိ'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ'

'မင်းတက်နေတဲ့ဒိုင်းက ကောင်းလား၊ အဆင်ပြေတယ်မဟုတ် လား၊ ဒီနှစ်အရေးကြီးတယ်၊ ပညာရေးပဲ အာရုံစိုက်ပါ'

'ဟုတ်ကဲ့'

ဖနီးစံက အဓိပတိနှင့်သမီးကို နီးစပ်အောင်လုပ်နေတာ ဦး ကိုညို မနှစ်သက်မိ။ သမီးရေးရေးအတွက် အဓိပတိဆန္ဒမပါဘဲ မော ကံသာနှင့် ချာထုတ်ပြီး အတင်းအကြပ် မထိုးအပ်လိုပေ။ ပြီးတော့ မောင်ကံသာက သမီးရဲ့ငယ်ကျွမ်းဆွေ။ ပြဿနာတွေက မလိုအပ် ရှုပ်ထွေးသွားစေနိုင်သည်။

'သုန္ဒရီကို ဥပေက္ခာပြုထားလိုက်၊ အန်ကယ်ညိုသိပါတယ် သားက လူမှုရေးသမားလေ၊ အားနာစရာမလိုပါဘူးကွယ်'

စံ့မှာလည်း အပြစ်မရှိပေမယ့် မိမိကတော့ ပြတ်သားစွာ ရ တည်ရမည်ဖြစ်သည်။

'ကျွန်တော် ကျူရှင်ရှိနေလို့ ခွင့်ပြုပါဦး အန်ကယ်ညို'

'အေးကွယ်၊ သားအဓိပတိက ပညာရေးကို အရမ်းစိတ်အ ထက်သန်တယ်၊ သားအဖေကလည်း မင်းကို ဆရာဝန်တစ်ယောက် စေချင်တယ်၊ အန်ကယ်လုပ်မပေးနိုင်ဘူးဆိုရင် တော်တော်လေးအ မကျေရာ ရောက်သလို တာဝန်မကျေရာလည်း ရောက်တယ်ကွ'





'ကျွန်တော့်အတွက် စိတ်မပူပါနဲ့ အန်ကယ်ညို၊ ဘယ်လို အကြောင်းတွေနဲ့ပဲဖြစ်ဖြစ် ကျွန်တော်လျှောက်ရမယ့်လမ်းရဲ့ဦးတည်ချက် ကို အပျက်မခံပါဘူး အန်ကယ်ညို'

'မင်းက ယောကျ်ားပီသတယ် အဓိပတိ၊ အန်ကယ်အရမ်း သဘောကျတယ်၊ အန်ကယ်ညိုစိတ်ကို မင်းအကဲခတ်မိမှာပါ၊ လောက ကြီးက တစ်ခါတစ်ရံ မထင်မှတ်နိုင်အောင် အပြောင်းလဲကြီး ပြောင်းလဲ သွားတတ်တယ် အဓိပတိ'

အန်တီစံကတော့ စားလက်စထမင်းပန်းကန်ကိုထားပြီး ထွက် သွားသည်။ အန်ကယ်ညိုက မင်းလမ်းကြောင်းပျောက်မသွားစေနဲ့၊ တစ်ခါတစ်ရံ ရက်စက်သင့်ရင် ရက်စက်ရတယ်။ အန်ကယ်လည်း လူသားပါတဲ့။ အန်ကယ်ညိုက သုန္ဒရီအား ကံသာနှင့်ပဲ ရည်မှန်းထားပုံ ရသည်။

'ကျွန်တော့်ကို ခွင့်ပြုပါဦး'

'အေး··· ကောင်းပြီ'

အဓိပတိထွက်လာတော့ သုန္ဒရီက ကံသာ့အိမ်သွားရန် စာအုပ် လေးပိုက်ပြီး ထွက်လာလေသည်။ မျက်နှာလေးက အရမ်းညှိုးငယ် နွမ်းဖတ်နေ၏။ နေမကောင်းဘူးဆိုပြီး ဘာဖြစ်လို့သွားမှာလဲ။ အဓိပတိ တားမြစ်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'နေမကောင်းဘူးဆို'

'အအေးပတ်သွားတယ်'

'မသွားလို့ မဖြစ်ဘူးလား'

'ဟင့်အင်း… သုန္ဒရီ မသွားရင် သူလာလိမ့်မယ်၊ ဘာပဲဖြစ်ဖြ… စာသင်တာလည်း မပျက်ချင်ဘူး၊ ဒါကြောင့်ပါ၊ အဓိပတိကို ကတိပေး… ထားတယ်လေ'

မင်းတစ်ခုခုဖြစ်သွားမှာ ကိုယ်စိတ်ပူနေတယ် ရွှေသုန္ဒရီရယ်… ကိုယ့်စကားကို မင်း နားထောင်တယ်ဆိုတော့လည်း ကိုယ်ပျော်တယ်… မင်းကို ခပ်ညံ့ညံ့မိန်းကလေးတစ်ယောက် မဖြစ်စေချင်ဘူးလေ။ သုန္ဒရီ… က ဘာမှဆက်မပြောတော့ဘဲ နောက်ကျနေပြီဆို၍ ထွက်သွားသည်။

'သုန္ဒရီ့အတွက် စိတ်မပူနဲ့၊ သံမဏိစိတ်ဓာတ်နဲ့လူသား ဖြစ်… သွားပြီလေ'

'ကိုယ်အားပေးတယ်'

အဓိပတိ လက်မထောင်ပြပြီး ထွက်သွားမှ သုန္ဒရီ ငိုပစ်ချင်လာ… ရသည်။ နင်မသိပါဘူး အဓိပတိ။ နာရီကို တစ်ချိန်လုံးထိုင်ကြည့်နေ… ပြီး တစ်စက္ကန့်လောက်နောက်ကျသွားတာနဲ့ ကံသာက ပြဿနာရှာရော… ပေဖေသိရဲ့လား၊ မိသားစုမပြိုကွဲစေချင်လို့ သုန္ဒရီ သွားရတာပါ… သူမ ထွက်လာခဲ့သည်။





'သုန္ဒရီ'

'ဟင်'

'ဘာကြောက်သွားရတာလဲ၊ နင် မဟုတ်တာ ဘာလုပ်ထားလို့လဲ'

သူမ အပြင်ထွက်မလို့ပြင်နေတုန်းပဲ ကံသာက ရောက်လာ၍ အဓိပတိနဲ့ စကားပြောနေတာများ တွေ့သွားပြီလားဟု တထိတ်ထိတ်နှင့် သန့်သွား၍ ကံသာက မသင်္ကာသလို စစ်ဆေးနေသည်။

'နင့်ကို ရုတ်တရက်မြင်လိုက်လို့လေ၊ နင် ဘာဖြစ်လို့ ငါ့ကို တရားအနိုင်ကျင့်နေရတာလဲ၊ နင် အရင်က သည်းခံခဲ့တာတွေက ရင်ထဲကမပါဘဲ ဟန်ဆောင်လုပ်ပြနေတာလား ကံသာ'

'စကားရှည်မနေနဲ့ လာ'

သူမလက်ကိုဆွဲပြီး တိုက်ထဲကနေထွက်တော့ သူမ ရုန်းဖယ်ပေမယ့် မလွတ်။ ကံသာ့ရဲ့ အနှစ်နာခံမှုတွေက ဟန်ဆောင်နေခဲ့တာပဲ။ ပိုင်စိုးပိုင်နင်း ညာတာထောက်ထားမှု နည်းနည်းလေးမှ မရှိပေ။

'လွှတ်လေ နင်ဘာလုပ်တာလဲ၊ ငါက စက်ရုပ်လား၊ နင်ဝယ်ထားတဲ့ သံပတ်ပေးထားတဲ့ ကော်ပတ်ရုပ်မဟုတ်ဘူးနော် ကံသာ'

'နင် ခုထိမသိသေးဘူးလား သုန္ဒရီ၊ နင့်ကို ငါ့အတွက် ငါ့အဖေက ဝယ်ပေးထားတာလေ၊ ငွေတွေအများကြီးပေးထားရတဲ့ ကော်ပတ်ရုပ်လေးပါ၊ ငါက ထိုင်ဆိုထိုင် ထဆိုထ ဒါပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာပြောတယ် ကံသာ'

'နင် အရမ်းစကားများတာပဲ ရွှေသုန္ဒရီ၊ ဒါပေမဲ့ နင်သိထား က ငါက နင့်ကို တန်ဖိုးထားပြီး နှလုံးသားနဲ့ရင်းပြီး ချစ်မိတာပါ'

ကံသာကတော့ ရွှေသုန္ဒရီရဲ့ ပြောင်းလဲမှုအတွက် ရင်ထဲမှာ နာကျည်းခံပြင်းနေသည်။ ခွင့်မလွှတ်နိုင်အောင်ပင်။ သုန္ဒရီလက်ကိုဆွဲ သူတို့တိုက်ဘက် ခေါ်ဆောင်လာခဲ့၏။ တိုက်ထဲဝင်ပြီးတော့မှ လွှတ် ပေးလိုက်သည်။

'သားရယ် မေမေတို့ချွေးမလောင်းလေးကို ဘာဖြစ်လို့ကြမ်း ကြမ်းတမ်းတမ်း ဆက်ဆံနေရတာလဲကွယ်၊ သုန္ဒရီလေး နေမကောင်း ဘူးဆို'

'ဟုတ်ကဲ့'

'အမလေး... အရမ်းသွက်လက်ပြီး အသံတစာစာနဲ့ကောင် မလေးက ဘယ်လိုဖြစ်သွားရတာလဲ၊ မေမေသွေးတို့တိုက်က သမီးလေး မိုးလင်းမိုးချုပ် ဝင်ထွက်စားသောက်နေကျလေ၊ သားကိုကြောက်နေ ဘာလား၊ ဟုတ်တယ် သားပြောသလိုပဲ သုန္ဒရီလေး ပြောင်းလဲနေ တယ်'

အရေးထဲမှာ ကံသာ့အမေရဲ့စကားလုံးတွေက ထိကပါးရိကပါး။ သူမငယ်စဉ်က ဝင်ထွက်နေထိုင်တာ အိမ်နီးနားချင်းတွေ ဖြစ်နေလို့ပါ။





သာ့အပေါ်လည်း သူငယ်ချင်းအဆင့်ထက် မပိုခဲ့။ သူမကို ချစ်သူ ခ်ယောက်ကို ပြုမူဆက်ဆံနေတာ မုန်းသည်။

'ကဲ... စာသင်ခန်းထဲ သွားကြတော့၊ တစ်သက်လုံး သားနဲ့ မီး နှစ်ယောက်တည်းပဲ စာသင်လာခဲ့ကြတာပါ၊ မင်းက ခပ်ညံ့ညံ့ ောင်မလေးလေ၊ မှတ်မိလား၊ ညည်းထက်အဆင့်မြင့်ရင် သားကို လုပ်ပြီး ငိုတာ'

သူမအတိတ်ကိုဖော်ထုတ်ပြီး ချည်နှောင်နေတာမျိုး သုန္ဒရီ ကြိုက်။ ကံသာလည်း ညံ့တာပဲ။ သူမ ဆက်မပြောချင်တော့သဖြင့် စာသင်ခန်းထဲဝင်လာတော့ တခြားကျောင်းသားတွေ တစ်ယောက်မှ ရှိသေးပေ။ ကံသာက အခန်းတံခါးကို ပိတ်ပစ်လိုက်သဖြင့် သူမ ကြောက်လန့်ပြီး ထွက်ပြေးဖို့ ပြင်သည်။

'နင် ဘာဖြစ်လို့ ဒီလောက်အထိ အကဲပိုနေရတာလဲ သုန္ဒရီ၊ ဘာလဲ ငါက အရမ်းကြောက်စရာကောင်းနေလို့လား'

'ကံသာ'

'ပြော'

'ဒီနှစ်...'

'ဘာလဲ အရမ်းအရေးကြီးတယ်လို့ နင်ပြောမလို့လား၊ ကောင်း လေ၊ ဒီနှစ် အရမ်းအရေးကြီးရင် တို့စာကြိုးစားကြမယ်၊ နင် ငါ့သဘော



www.burmeseclassic.com

www.burmeseclassic.com



မဆန့်ကျင်နဲ့ပေါ့၊ နင့်ကို လက်ကလေးကိုင်တာ ဘာတွန့်နေတာလဲ၊ ငါ ငယ်ငယ်လေးကတည်းက ကိုင်နေကျလေ'

နင်ဟာ ငါ့အဖေလိုပဲ ကံသာ။ အရမ်းအတ္တကြီးတယ်။ တကယ်တော့ ဖေဖေက နင်တို့ဆီ ငါ့ကိုရောင်းပစ်ထားခဲ့တာပဲ။ ငါ့အမေကို ဘယ်တော့မှ တိုင်ပင်လေ့မရှိဘဲ ဖေဖေ့အမိန့်ကိုပဲ နာခံတတ်အောင် လေ့ကျင့်ထားတယ်။ ကောင်းပြီလေ နင်ကြိုက်သလိုလုပ်တော့ ကံသာ။ သူမ အခန်းထဲမှာ ငုတ်တုတ်လေးထိုင်မိသည်။

'အဲဒီလိုနေမှပေါ့၊ ကံသာက သုန္ဒရီကို အရမ်းချစ်တယ်၊ မြတ်နိုးတယ်၊ တန်ဖိုးထားတယ်'

ငုတ်တုတ်လေးထိုင်နေတဲ့ သုန္ဒရီမေးစေ့လေးကို ဆွဲမော့ယူပစ်လိုက်သည်။ မျက်ဝန်းတွေထဲ မျက်ရည်တွေပြည့်နေတာကို မကြိုက်မိ။ ရွှေသုန္ဒရီမျက်ဝန်းလေးတွေထဲမှာ မျက်ရည်စတွေမြင်ရသည့်အခါတိုင်း ကံသာ အလျှော့ပေးတတ်မြဲ။ နောက်ပိုင်းတော့ မင်းကို ငါ အလျှော့ပေးတော့မှာမဟုတ်ဘူး သုန္ဒရီ။

'နင့်ကို ငါချစ်တယ်'

နင့်ကိုတော့ ငါမချစ်ဘူး ကံသာ။ မုန်းတယ်။ နင့်အတွင်းသဏ္ဍာန် ဘီလူးရုပ်က အခုမှ သေသေချာချာပေါ်လာပြီ။ သူမ မျက်ဝန်းလေးကို မှိတ်ထားမိသည်။





'အဲဒီလို လိမ္မာမှပေါ့ သုန္ဒရီ၊ နင် စာမေးပွဲအောင်ဖို့မလိုဘူး၊ နင် အရမ်းပင်[illegible]းမှာ ငါမလိုလားလို့လေ'

သူမရင်ထဲမှာ အေးစက်နေသည်။ ကြောက်လွန်း၍ ချက်ချင်းပင် သေကျသေဆုံးသွားတော့မလားဟု ထင်မိလာသည်။ သူမ ဘယ်လိုမှ ငြင်းဆန်ခွင့်မရှိခဲ့။ လောလောဆယ်တော့ ငါ ဒီလိုပဲနေရတော့မယ်။ ကံသာ့မျက်နှာက သူမမျက်နှာလေးနား တဖြည်းဖြည်းတိုးကပ်လာ၏။ သုန္ဒရီ ရှုံးသွပ်စွာ အော်ဟစ်ငိုယိုပစ်ချင်လာသည်။

'ချစ်တယ်၊ အရမ်းချစ်တယ်၊ နင့်ကို ငါ ပိုင်ဆိုင်ချင်တယ်၊ နင်သာ ငါ့အချစ်တွေကို ကြည်ကြည်ဖြူဖြူလက်ခံမယ်ဆိုရင် အရှုံးတွေ ပေါ်နေတဲ့ နင့်အဖေရဲ့ကုမ္ပဏီကို ငါ့အဖေက ထောက်ပံ့ပေးလိမ့်မယ်'

'ဘာပြောတယ်'

'နင်ရော၊ နင့်အမေရော လုံးဝမသိသေးဘူးထင်တယ်၊ နင့်အဖေ ကုမ္ပဏီကို ငါ့အဖေ အများဆုံးပိုင်ဆိုင်ထားပြီးပြီ'

နင့်အဖေက တမင်လုပ်ခဲ့တာမဟုတ်လားကံသာ။ နင့်တောင်းဆိုမှုကြောင့် မဟုတ်လား။ ငါ့နှလုံးသားတွေထဲမှာ အမိပတိပဲရှိတယ်။ ကံသာက သူမခန္ဓာကိုယ်လေးအား သိမ်းကျုံးပွေ့ဖက်လိုက်သောအခါ သူမ အထိတ်တလန့်နှင့် မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရသော ရှန်းဖယ်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'မရှန်းနဲ့နော်၊ ဒါ နင်တို့တိုက်မဟုတ်ဘူး၊ မေမေက နင့်ကို အကူအညီပေးမယ်ထင်လား၊ ငါ့ဆန္ဒပဲ'

'လူယုတ်မာ'

'ဘာပြောတယ်'

'ငါ မနေ့က ဘာဖြစ်လို့အအေးပတ်ပြီး ဖျားရလဲသိလား၊ ငါ ရေကူးကန်ထဲဆင်းပြီး သေမလို့'

'နင့်ကို ဘယ်သူကယ်တင်ခဲ့တာလဲ၊ ဟိုကောင် မင်းအဓိပတိလား၊ ပြောစမ်း၊ နင်ဘာလုပ်တာလဲ၊ မင်းအဓိပတိ ကူညီအောင် ပဲပေးလိုက်တာမဟုတ်လား သုန္ဒရီ'

ကံသာ ဒေါသဖြစ်ရပြီ။ သုန္ဒရီမှာ သတ်သေပစ်ချင်လောက်အောင် စိတ်ညစ်စရာဘာရှိလို့လဲ။ မင်းအဓိပတိမြင်သာအောင် ကြံစည်တာပဲ။ ကံသာ ဒေါသပေါက်ကွဲရပြန်သည်။

'ပြောလေ... နင့်အကြံက ဘာလဲ၊ နင့်အမေရဲ့ အကြံအစည်လား'

'ကံသာနော်... အရူးကောင်'

'ဖြန်း'

'အား... နင်ဘာလုပ်တာလဲ'

'ရိုက်တာလေ၊ နင့်ကိုငါ သည်းခံတော့မယ် ထင်လို့လား'





'ကံသာ'

သူမ အော်ဟစ်ပစ်လိုက်သဖြင့် မေမေသွေး ပြေးဝင်လာသည်။

'သား ဘာဖြစ်တာလဲ၊ မင်းဒေါသကို ထိန်းစမ်းပါ'

'မေမေသွေးသားက အရမ်းလွန်နေပြီနော်၊ သုန္ဒရီကို ကိုယ်ထိလက်ရောက်စော်ကားတယ်၊ ဖေဖေ့ကို ပြောပြရမယ်၊ ကျွန်မ ဒီကို လာရဲတော့ဘူး၊ ကံသာ နင့်ကို ငါ မုန်းတယ်'

သူမ မျက်ရည်တွေ လိမ့်ဆင်းကျလာပြီး အခန်းထဲကနေ ထွက်သွားမယ်ပြင်တော့ မေမေသွေး တားဆီးထားသည်။

'လူကြီးတွေကို မပြောနဲ့လေ၊ သားက မင်းကိုချစ်လို့ပါ ချွေးသုန္ဒရီ၊ သည်းလေးက ဘာဖြစ်လို့ ကလန်ကဆန်လုပ်နေရတာလဲ၊ လူကြီးတွေ စိတ်ထိခိုက်အောင် မလုပ်ပါနဲ့ လာ... လာ မေမေသွေး ရေခဲကပ်ပေးမယ်၊ သားကလည်း ရှောင်လိုက်လေ၊ မပေါက်ကွဲစမ်းပါနဲ့၊ အချိန်အခါ မကျသေးဘူးလေ၊ ကဲ... လာပါသုန်လေးရယ်၊ မေမေသွေးကပဲ ကြားကနေ တောင်းပန်ပါတယ်'

သူမလက်ကိုဆွဲပြီး သူ့အိပ်ခန်းထဲ ခေါ်သွားကာ ရေခဲကပ်ပေးသည်။ ဖြူနုနေတဲ့ သူမပါးပြင်လေးပေါ်မှာ လက်ငါးချောင်းရာ ထင်သွား၍ မေမေသွေး မျက်နှာအပျက်ပျက်နှင့် ရေခဲတွေ ကပ်ပေးနေ၏။ သူမ နှုတ်ခမ်းသားလေးတွေကို တင်းကြပ်စွာ ဖိကပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

သုန္ဒရီ ခြံထဲပြန်ဝင်လာသောအချိန်တွင် ကံသာကြောင့် စိတ်
ဓာတ်တွေ ချွတ်ယွင်းပျက်စီးကာ ခြေလှမ်းတွေပင် ဒယိမ်းဒယိုင်နှင့်
လဲပြိုမတတ်။ အအိပ်ပျက်၊ အစားပျက်နှင့် ခေါင်းတွေနောက်ကျိ
သည်။

မေမေသွေးလည်း ကြောက်စရာကောင်းတယ်။ ကံသာ ကိုယ်
ထိလက်ရောက်စော်ကားနေပြီ။ မေမေသိသွားရင် မလွယ်ဘူး။ ခြေလှမ်း
လိုက်တိုင်း ခေါင်းထဲက မိုက်ခနဲ မိုက်ခနဲ ပြာဝေသွားပြီး လဲပြိုကျသွား
တော့သည်။

'အမလေး'

'သုန္ဒရီ'

သူက အပြင်ကနေပြန်လာတာနှင့် သုန္ဒရီ လဲပြိုကျသွားတာ
မြင်လိုက်ရ၍ ပြေးပွေ့ထားမိသည်။





'သုန္ဒရီ… မင်းဘာဖြစ်နေတာလဲ၊ ကျန်းမာရေးမကောင်းဘူး
ယ်'

'အား… မူးသွားတာ၊ ကျွန်မ ဘာမှမဖြစ်ပါဘူး အဓိပတိ၊
ထားကိုပဲ ခေါ်ပေးပါနော်'

'ကိုယ် တိုက်ထဲအထိ တွဲခေါ်သွားပေးမယ်လေ'

'ဟင့်အင်း… ဒီမှာခဏထိုင်မယ်၊ ဒေါ်ထားကိုပဲ ခေါ်ပေးပါ'

အဓိပတိက တိုက်ကြီးထဲ ပြေးဝင်သွားသည်။ သုန္ဒရီ ငိုပစ်ချင်
အဓိပတိအတွက်ရော၊ ဖေဖေ့ကုမ္ပဏီအတွက်ရော သုန္ဒရီ ဆုံး
ကို အခိုင်အမာချထားသည်။ ကံသာ့ကိုပဲ လက်ထပ်မယ်။
ကိုလည်း မထိခိုက်စေချင်ပါဘူး။ ဒေါ်ထားပြေးထွက်လာ

သုန်လေး ဘာဖြစ်ပြန်ပြီလဲကွယ်၊ ဒုက္ခပါပဲ ဟိုအိမ်ကကောင်
ပြီလား'

ဟင့်အင်း… သုန်က အားနည်းနေတာပါ၊ သူတို့က ဂရုစိုက်

လေးရယ်… စိတ်တွေတင်းထားစမ်းပါ၊ ဘဝကို အရှုံး
ပါနဲ့ကွယ်နော်'

င်း'



www.burmeseclassic.com

www.burmeseclassic.com



ကံသာတို့မိသားစု မကောင်းကြောင်းတွေလည်း လျှ
ပြောမပြချင်။ သုန္ဒရီ အိပ်ရာပေါ်လဲကျသွားသည်။ ဒေါ်ဒေ
သူမလက်လေးကို ဆုပ်ကိုင်၍ ဆရာဝန်ကြီးဆီ ဖုန်းဆက်အ
ကြားရမလားဆိုတော့ သူမ တားဆီးလိုက်သည်။

'မခေါ်ပါနဲ့ သုန္ဒရီ ဘာမှမဖြစ်ပါဘူး၊ စာတွေအရ
လိုက်လို့ပါ၊ သွားတော့'

'သုန်လေး ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ဒေါ်ဒေါ်ထားကိုပြေ
အတိုင်းပြောပြနော်၊ အရမ်းပဲစိတ်ပူနေတယ်ကွယ်'

'သုန္ဒရီ ဘာမှမဖြစ်ပါဘူး'

တစ်ယောက်တည်းကျန်ခဲ့မှ ဒီလောက်စိတ်ဓာတ်မ
ဟု ထင်သည်။ သုန်အနေနှင့် ဘာပဲဖြစ်ဖြစ် ပညာတတ်တ
အဖြစ် ရပ်တည်နိုင်အောင် ကြိုးစားမယ်။ ကံသာတို့မိသ
သုန္ဒရီ ညှံ့ဖျင်းစွာနှင့် ဝင်သွားလို့မဖြစ်ဘူး။ သူမစိတ်ဓာတ်
အောင် လေ့ကျင့်ဖို့ဆုံးဖြတ်ထားသည်။

'ဘဝဆိုတာ မင်းအဖေ အန်ကယ်ညီရဲ့အမိန့်နဲ့ စီရင်
အမြဲတမ်းပြောင်းလဲသွားနိုင်တယ် ရွှေသုန္ဒရီ'

ဟုတ်တယ်... အဓိပတိပြောတာ မှန်တယ်။
ပြောင်းလဲသွားနိုင်တာပဲ။ သုန္ဒရီ စိတ်တွေကို လျှော့ပစ်ပြီး





လုပ်ပစ်လိုက်သည်။ အိပ်ရာမှ နိုးလာတော့ တော်တော်လေး
နေ၏။ ဒေါ်ဒေါ်ထားလာပေးတဲ့ စားစရာတွေကို တဝကြီး
လိုက်သည်။

'သုန်လေး... အိပ်ရေးဝပြီလား၊ မျက်နှာလေးလည်း လန်းဆန်း
'

'ဟုတ်တယ်ဒေါ်ဒေါ်ထား သုန်လေး စိတ်ဓာတ်တွေကို နိုင်မာ
လေ့ကျင့်မယ်၊ အရှုံးမပေးတော့ဘူး'

'ကောင်းလိုက်တာ သုန်လေးရယ်၊ ပျော့ညံ့မနေစမ်းပါနဲ့၊ သုန်
ယယ်ယယ်လေးကတည်းက သွက်လက်ပြီး ထက်မြက်နေတယ်

'ဒီနေ့ကစပြီး သုန္ဒရီ ကြိုးစားပြမယ်'

ကံသာလိုကောင်မျိုးကို သုန္ဒရီ ဘယ်တော့မှ လက်မထပ်ဘူး။
ကြည့်နေပါ။ နင် ထင်တိုင်းကြံလို့ရမယ်ထင်လား။ ဒီနေ့ကစပြီး
နင့်ကို အရင်ကလိုပဲ အနိုင်ယူပစ်မယ် ကံသာ။ သူမ စာကို
သည်။ ကံသာနှင့် ကျူရှင်ဝိုင်းမှာလည်း ခပ်မာမာ
လုံးဝပတ်သက်ဆက်ဆံခြင်းမပြုတော့။ အ မမေလည်း စိတ်ထိခိုက်
ပြဿနာရှာလို့မရအောင်ပဲ နေထိုင်သည်။ 'အိပ်တော့။ ကံသာနိုပ်စက်
'နင်က အရမ်းစာကြို းပြီး အနေအထိုင်ဆာဆာဖြင့် ပြန်နေရသည်။
သုန္ဒရီ' နေတတ်၏။ သူမမျက်



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ မကောင်းဘူးလား ကံသာ၊ ဒီလိုပြောင်းလဲမှုတွေအ နင်က တစ်မျိုးထင်မြင်ယူဆဦးမလို့လား'

သုန္ဒရီမျက်ဝန်းလေးတွေထဲမှာ တင်းမာတဲ့အရိပ်အယောင် ရှိနေတာကိုပဲ ကံသာမကြိုက်။ သူ့ကို အောက်ကျို့စေချင်သည်။ အ က စာမေးပွဲဖြေပြီးမှ စေ့စပ်မယ်တဲ့။ နင့်ကို တစ်ခါတည်း လက် ပစ်မယ် သုန္ဒရီ။ မာမီကလည်း စိတ်ကိုထိန်းပြီး အခြေအနေကို ကြည့်ဖို့ ပြောသည်။

'သုန္ဒရီ'

'ပြော'

'နင့်ကို နမ်းချင်တယ်'

'နမ်းလေ'

'တော်တော်လေး သဘောကောင်းနေပါလား'

'ငါ့ကို နင်လုပ်ချင်သလို လုပ်လေ၊ ပြောထားပြီးပြီပဲ၊ သုန္ဒရဲ့ ညှုဖျာကို ငါမခံစားနိုင်တဲ့အဆုံး သေပစ်မယ်'

အောင် လေ့ကျက်တာ အဲဒါပဲလေ။ ရွှေသုန္ဒရီရဲ့အချစ်က သူ

'ဘဝဆို၊ ဒေါသပေါက်ကွဲချင်ပေမယ့် ထိန်းပစ်လိုက် အမြဲတမ်းပြောင်းကဲမှ အတိုးချနိုပ်စက်ပြမယ် ရွှေသုန္ဒရီ။

ဟုတ်၊ သုန္ဒရီပခုံးလေးကို ဖက်ထားလိုက်သည်။ ပြောင်းလဲသ





'ရွှေသုန္ဒရီ ဘာအကြံအစည်တွေနဲ့ ငြိမ်သက်နေလဲမသိဘူး၊ အရမ်းချစ်စရာကောင်းနေတယ်'

သူမ ဒေါသဖြစ်လိုက်တာ။ ဒါပေမဲ့ ငြင်းဆန်ခြင်းမပြုတော့။ နင့်စိတ်ကြိုက်ပြုမူစမ်းပါ ကံသာ။ သူမနှုတ်ခမ်းသားလေးတွေ တင်းကြပ်စွာ စေ့ကပ်သွားသည်။

'ဘာပဲဖြစ်ဖြစ် ဒီနှစ်တော့ မင်းကို အလျှော့ပေးလိုက်မယ်၊ ဒါပေမဲ့ မင်းတစ်နေ့ ငါ့ရဲ့ဇနီးပဲ ဖြစ်စေရမယ်'

'အခုလောလောဆယ်တော့ ငါ့ကို မနှောင့်ယှက်ပါနဲ့'

'မင်းစာမေးပွဲအောင်ဖို့တောင် မလိုအပ်ဟာ၊ ဘာဖြစ်လို့ ဒီလောက်အထိ ထူးထူးချွန်ချွန်အောင်မြင်ချင်နေတာလဲ'

'ငါတို့က ပညာသင်တဲ့အရွယ်ပဲ ကံသာ၊ နင်သိသင့်တယ်'

'ကောင်းပြီလေ၊ ကံသာလည်း ကြိုးစားရမှာပဲ၊ ဟိုကောင်က မြန်မာတစ်ပြည်လုံးမှာ ပထမတောင် ရချင်ရမှာ'

သူမ စာတွေပဲ ဖိကြိုးစားနေသည်။ မေမေလည်း စိတ်ထိခိုက်ကြေကွဲနေရကာ ဖေဖေနှင့်အတူတူပင် မအိပ်တော့။ ကံသာနှိပ်စက်သမျှ မေမေ့ကို မပြောပြရဲ။ အပြုံးတွေဆေဆေးဆာဆာဖြင့် ပြန်နေရသည်။ သူမပြန်လာချိန်ကို မေမေအမြဲဟမ်းဆောင့်မျှော်နေတတ်၏။ သူမမျက်နှာလေးအား အရိပ်လို ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'သုန္ဒရီလေး… အဆင်ပြေရဲ့လားကွယ်၊ မေမေဖြင့် အမြဲတမ်း စိတ်ပူနေတယ်၊ ကုမ္ပဏီအလုပ်တွေလည်း မေမေမလုပ်နိုင်တော့ဘူး၊ သမီးလေး ဟန်ဆောင်ပျော်ပြနေတာ မေမေသိပါတယ်'

'မေမေရယ် သမီး တကယ်ပဲပျော်ပါတယ်၊ ကံသာ့ကိုပဲ လက်ထပ်ဖို့ သမီး ဆုံးဖြတ်လိုက်ပြီ'

'ဟုတ်ရဲ့လားကွယ်၊ ကံသာ့ကို ငယ်ငယ်လေးကတည်းက သမီးဘယ်တော့မှ သံယောဇဉ်မတွယ်ခဲ့ပါဘူး၊ မေမေ သိတယ်'

မေမေက သူမကိုဖက်၍ မျက်ရည်တွေကျလာ၍ သုန္ဒရီ စိတ်မကောင်းဖြစ်ရသည်။ သူမတို့မိသားစုတွေမှာ အပျော်တွေ ပျက်စီးဆုံးရှုံးရတာ ကြာခဲ့ပြီပဲ။

'သမီးအတွက် စိတ်မကောင်းမဖြစ်ပါနဲ့ မေမေရယ်၊ ကံသာလည်း မဆိုးပါဘူး၊ သမီး သံယောဇဉ်တွယ်ပါတယ်'

'မေမေ မယုံဘူးသမီးလေး၊ မဖြစ်နိုင်တာပဲ၊ သမီးချစ်တာက မင်းအဓိပတိပါ'

'တော်ပါတော့မေမေ၊ အထဲဝင်ကြမယ်၊ သမီးအိမ်စာတွေလုပ်ဖို့ ရှိသေးတယ်၊ မနက်ဖြန်လည်း ကျောင်းကြီးတက်ရတော့မယ်၊ ပြင်ဆင်ရဦးမယ်'

မနက်ဖြန် ကျောင်းစတက်ရတော့မည်ဖြစ်သည်။ သူမနှင့်





ကံသာက တစ်ကျောင်း၊ အဓိပတိက တစ်ကျောင်း။ ပထမတော့ အဓိပတိနှင့် ကျောင်းအတူတူတက်ဖို့ စိတ်ကူးမိခဲ့ပေမယ့် ကံသာ့ကြောင့် အားလုံးပျက်စီးသွားရသည်။

'မေမေ့ကြောင့် သမီးလေး ကံသာ့ကိုပဲ ရွေးချယ်လိုက်တာလား …င်'

'တော်ပါတော့မေမေ၊ အရေးကြီးတာက သုန် စာမေးပွဲမှာ …ထူးတွေနဲ့အောင်ချင်တယ်၊ တခြားဘာမှမစဉ်းစားနိုင်တော့ဘူး …လား'

'ဟုတ်ပါတယ် ဟုတ်ပါတယ်၊ မေမေ အားလုံးသိပါတယ် ကွယ်၊ လောလောဆယ်အရေးကြီးတာက အဲ့ဒါပဲမဟုတ်လား'

မေမေ့အလုပ်တွေပဲ အေးအေးဆေးဆေးလုပ်ပြီး သမီးကို စိတ်မပူ …ဲ့ ပြောပြီး မေမေ့ကို ကုမ္ပဏီသို့ သွားခိုင်းသည်။ သူမလည်း …တွေထဲမှာပဲ စိတ်ကို နှစ်မြှုပ်ထားမိ၏။ အဓိပတိနှင့် ညနေပိုင်း …မိတော့ စာတွေလိုက်နိုင်သေးလား၊ သူသင်ပြပေးဖို့ လိုအပ်သေးလား …းသည်။

'မလိုပါဘူး အဓိပတိ၊ သုန္ဒရီ လိုက်နိုင်ပါတယ်၊ ဉာဏ်က …ကောင်းပါတယ်၊ လူကပျင်းနေလို့'

'အခုလို ကြားရတာ ဝမ်းသာပါတယ် ရွှေသုန္ဒရီ၊ လိုအပ်တဲ့ အကူအညီတောင်းပါ'



www.burmeseclassic.com

www.burmeseclassic.com



'အင်း'

ရွှေသုန္ဒရီမျက်နှာလေးက ယခင်ကနှင့်လုံးဝမတူဘဲ တည်ငြိမ်နေသည်။ သူမစာတွေကြိုးစားနေတာ သိရ၍လည်း အဓိပတိကျေနပ်ပီတိဖြစ်ရ၏။ ပျော်ရွှင်သွက်လက်စွာ ပြောဆိုနေထိုင်တတ်တဲ့ကောင်မလေးကိုလည်း သနားသည်။

'သုန္ဒရီ'

'ဟင်'

'ကံကြမ္မာတွေက အမြဲတမ်းယုံကြည်နေတတ်တာ မင်းယုံကြည်လား'

'အင်း'

'အမိကအရေးအကြီးဆုံးအရာကိုပဲ ဦးစားပေး စဉ်းစားလုပ်ဆောင်စေချင်တယ်'

'အင်းပါ'

'အခု စားသောက်ခန်းထဲဝင်လာတာ မင်းဘာလုပ်ဖို့လဲ'

'ဘာမှမဟုတ်ပါဘူး၊ စာဖတ်ရင်းပျင်းလာလို့ ဒေါ်ဒေါ်ထားဆီမှာ ဟင်းချက်နည်း သင်မလို့'

အဓိပတိရဲ့ မျက်ဝန်းအကြည့်တွေက သူမထံ စူးစိုက်စွာကျရောက်လာ၍ သုန္ဒရီ ထိတ်ထိတ်ပြာပြာနှင့် ရှက်ရဲရဲလေးဖြစ်သွားရကာ သူ့ကို ရှောင်ကွင်းထွက်မိသည်။





'မိန်းကလေးတစ်ယောက်အနေနဲ့ အိမ်မှုကိစ္စတွေနိုင်နင်းတာ ဘယ်ယောကျ်ားမဆို နှစ်သက်သဘောကျပါတယ် သုန္ဒရီ'

သူမလှည့်မကြည့်တော့။ အဓိပတိပဲပြောတယ်လေ။ ကံကြမ္မာတွေဆိုတာ စက္ကန့်မလပ်ပြောင်းလဲသွားတတ်တယ်ဆိုတာ။ အဲ့ဒီမျှော်လင့်ချက်တွေနဲ့ သုန္ဒရီ အသက်ရှင်နေတာပါ။ ကံသာကတော့ သူမအား အညှိုးဖွဲ့နှင့် ညှင်းပန်းနှိပ်စက်တော့မည်ဆိုတာ သိနေသည်။

'သုန္ဒရီ မိန်းကလေးပီသချင်နေတာက နင့်အတွက်ပါ အဓိပတိ၊ သုန္ဒရီ့ရင်ထဲမှာ ပြောင်းလဲသွားမယ့် ကံကြမ္မာတွေကိုလည်း မျှော်လင့်ချက်ရှိသေးပါတယ်လေ'

အဓိပတိကို ကျော်ခိုင်းထွက်လာခဲ့ပြီး စားသောက်ခန်းထဲ ဝင်လာကာ ဒေါ်ဒေါ်ထားကို ကူညီသည်။

'သုန္ဒရီလေး ကျောင်းစာတွေ ကြိုးစားနေရတာ ပင်ပန်းပါတယ်ကွယ်၊ အနားယူပါ'

'သုန္ဒရီ ပျင်းလို့ပါ၊ ကြည့်နေချင်တယ်'

'ကလေးရယ်'

ဒေါ်ထားလည်း စိတ်မကောင်းပါဘူး။ သုန်လေး အရင်နှစ်ကနှင့် လုံးဝမတူပေ။ ချစ်စရာကောင်းလိုက်တာ။ ကံသာတို့မိသားစု ဘယ်လောက်များနှိပ်စက်ထားပြီလဲ။ ဒေါ်ထားကတော့ လုံးဝခေါင်းငုံ့ခံမနေဖို့ ပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'သုန်လေး… ကံသာတို့မိသားစုက နှိပ်စက်နေရင် လုံးဝခေါင်းငုံ့မခံနဲ့နော်'

'သမီးကို မနှိပ်စက်ပါဘူး'

'အေးပါကွယ်'

'သမီးဖေဖေ ခေါင်းမာနေတာပါ၊ ကျေးရူးတွေ အရမ်းသိတတ်နေတယ်၊ မမစံလည်း အရမ်းသနားစရာကောင်းတယ်'

'မပြောပါနဲ့တော့ ဒေါ်ဒေါ်ထားရယ်၊ ကံသာပဲ သုန်လေးအပေါ် အနိုင်ကျင့်တာအခံနိုင်ဆုံးယောကျ်ားတစ်ယောက် ဖြစ်မှာပါ'

ဖေဖေ့ကိုလည်း အပြစ်မတင်စေချင်ဘူး။ မိသားစုဝင်တွေ ပြိုကွဲပျက်စီးသွားမှာ ကြောက်တယ်။ ဖေဖေက သုန္နရီ့အတွက်ပါဆိုတာလည်း သိနေ၍ ဖြစ်သည်။

'သုန်လေး ကြည့်ရုံပဲကြည့်နော်၊ ဘာမှဝင်မလုပ်နဲ့'

'ဟင့်အင်း… ကူညီမယ်၊ ကြက်သွန်တွေ နွှာပေးမယ်နော်'

'အမလေး… မလုပ်ပါနဲ့ မားထိမယ်'

'ရပါတယ်၊ ဒါမှ သုန်လေး မားကိုင်တွယ်တတ်မှာလေ'

'မလိုသေးပါဘူး'

'ပေးပါ'

သူမကတော့ အိမ်မှုကိစ္စတွေကို အမြန်ဆုံးတတ်မြောက်ချင်





သည်။ စိတ်ထဲမှာ ပျော်လို့ပါ။ သူမရဲ့တက်ကြွမှုပဲ။ ကံသာ့အကြောင်းကို မေ့ထားပစ်သည်။ အနာဂတ်မှာ သူမ စိတ်ကူးနေတာက အမ်ိပတီ။

'မင်းက မိန်းကလေး လုံးဝမပီသဘူး၊ အသုံးလည်းမကျဘူး၊ ပေါ့ပျက်ပျက်နဲ့၊ ငါမကြိုက်ဘူး၊ မင်း ငါနဲ့ အကင်းဆုံးနေထိုင်ပါ ရွှေသုန္နရီ၊ လူမှုရေးတွေဘာတွေ လာမလုပ်နဲ့'

အမ်ိပတီပြောခဲ့တဲ့ စကားလုံးတွေက သူမရင်ကို ပြင်းထန်စွာ ထိမှန်သွား၍ မိန်းကလေးပီသစွာ အသုံးကျတဲ့မိန်းကလေးတစ်ယောက် ဖြစ်စေရန် ကြိုးစားကြည့်ချင်သည်။

'အား…'

'အမလေး… သုန်လေး ဘာဖြစ်တာလဲ၊ မားထိပြီ၊ သွေးတွေ အို… ဒုက္ခပါပဲ'

သူမ ကြောက်လန့်တကြား အော်ဟစ်သံကြောင့် ပြေးဝင်လာသူက အမ်ိပတီပင်။ သူ့မျက်နှာပေါ်မှာ စိုးရိမ်ကြောင့်ကြမှုတွေ ပြည့်နေသည်။

'ထင်သားပဲ မင်းတစ်ခုခုဖြစ်တော့မယ်ဆိုတာလေ'

'အမ်ိပတီ… ဒီနားမှာ ရှိနေတာလားဟင်'

'ကိုယ်… ရေယူဖို့ဝင်လာရင်း ကြုံတာပါ'

'အမ်ိပတီရယ် မင်းအခန်းထဲမှာ ရေဗူးအသစ်ကြီး ပို့ထားတယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'လက်ဆေးမလို့ပါ'

အဓိပတိ ကယောင်ကတမ်းတွေပြောနေတာကို ဒေါ်ထားထား သိလိုက်သည်။ သုန့်လေးအတွက် စိတ်ပူတတ်သားပဲ။ ဒေါ်ထား ရှောင်ထွက်လာခဲ့၏။ ကံကြမ္မာတွေ ပြောင်းလဲသွားပါစေ။ ဒေါ်ထား ပြန်ထွက်လာခဲ့သည်။

☺



(၁၅)

'မင်း ဘာဖြစ်လို့ တားကိုင်ရတာလဲ ရွှေသုန္ဒရီ၊ တော်တော်လေး ...သွားတာပဲ၊ ကိုယ် ဆေးထည့်ပေးမယ်'

'ရပါတယ် အဓိပတိ၊ သုန္ဒရီဘာသာ ထည့်မယ်'

'မရဘူး မင်းကိုစိတ်မချလို့ ကိုယ် ဒီအခန်းနားမှာ စောင့်နေ ...ယ်'

'ဟင်'

'နောက်တစ်ခါထပ်ပြီး စားသောက်ခန်းထဲဝင်ပြီး ကိုယ်မလုပ် ...တ်တာတွေကို မလုပ်စမ်းပါနဲ့ကွာ'

'အဓိပတိပဲ ပေါ့ပျက်ပျက်နေတာ မကြိုက်ဘူးဆို၊ မိန်းကလေး ...သမှဆို'

အဓိပတိ စိတ်တွေကို ထိန်းချုပ်ထားသည့်ကြားမှပင် ရွှေသုန္ဒရီ ...က်နှာလေးအား ရိဝေစွာရူးစိုက်ကြည့်မိသွားသည်။ မင်းကို ကိုယ်...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ဥပေက္ခာပြုထားလို့မရအောင်ဘဲ သံယောဇဉ်တွယ်ငြိ...
ရွှေသုန္ဒရီ။

အန်ကယ်ညိုကပြောတယ်။ သမီးရွှေသုန္ဒရီက ကံသာ့အတွ...
ပဲတဲ့။ အန်ကယ့်စီးပွားရေးကို ချုပ်ကိုင်ထားခဲ့တယ်တဲ့။ သမီးလေး...
က ဘာလဲဆိုတာသိနေပေမယ့် မဖြည့်စွမ်းပေးနိုင်ဘူးတဲ့။

'အန်ကယ်ညို့ဘဝမှာ အမြဲတမ်းစိတ်သောကတွေရောက်...
မပျော်မရွှင်ဖြစ်ခဲ့ရတာက သမီးလေးကို ကံသာနဲ့လက်ထပ်ပေးဖို့ ...
ပေးထားခဲ့မိလို့ပါပဲ အမိပတိ၊ စံနဲ့သမီးလေးကို မပြောရက်ဘူးကွ...

'အမိပတိနားလည်ပါတယ် အန်ကယ်ညို'

'မင်းဆီကနေ ဘာအကူအညီမှ မယူချင်ပါဘူးကွာ၊ ဒါ...
သမီးလေးပညာရေးအတွက် မင်း အကူအညီပေးပါ'

အန်ကယ်ညိုက အမိပတိအလေးစားရဆုံး လူတစ်ယောက်...
မိသားစုအပေါ် သံယောဇဉ်ကြီးသည်ဟု ခံစားမိသည်။ သုန္ဒရီ့...
လေးအား ဆေးထည့်ပေးစဉ် အား... စပ်လိုက်တာဟု အသည်းအ...
အော်တော့ အမိပတိ ထိတ်ထိတ်ပြာပြာနှင့် သူမခန္ဓာကိုယ်လေးအ...
ဖက်ထားမိသွား၏။ ပြီးမှ Sorry ဟု တောင်းပန်စကားပြော၍ ...
လွှတ်ပေးရသည်။

'အနာဆိုတာ စပ်မှလေ သုန္ဒရီ၊ မင်း လုပ်တုန်းကတော့ လု...

...လိုက်တာ၊ ဒီနှစ်မှာတော့ ကျေးဇူးပြုပြီး ဘာမှမလုပ်ပါနဲ့၊ စာမေးပွဲ
... အရေးကြီးတယ်လေ'

'ဟုတ်တယ်နော်၊ ကြည့်ပါဦး၊ ဘယ်ဘက်မို့ တော်ပါသေး
...ယ် အမိပတိရယ်'

သူမ ရှက်လည်းရှက်၊ ရင်ထဲမှာလည်း ပီတိတွေ ဖြာဝေနေကာ
...ပတိက ပတ်တီးကို တိတိကျကျ သပ်သပ်ရပ်ရပ်စည်းပေးသည်။

'အမိပတိက ပတ်တီးလည်း စည်းတတ်တယ်၊ တိကျလိုက်
...'

'ကိုယ်က ငယ်ငယ်လေးကတည်းက ဆရာဝန်ဖြစ်ချင်ခဲ့တာပါ၊
...နာပါတယ်၊ ဘာပဲလုပ်လုပ် အောင်မြင်တိကျမှ ကိုယ်ကြိုက်တယ်၊
...ယ့်ဖေဖေကလည်း အဲ့ဒီလိုပဲ သွန်သင်လေ့ကျင့်ပေးခဲ့တာပါ'

ပတ်တီးစည်းပြီးတော့ ပတ်ဝန်းကျင်မှ ပေကျံနေတဲ့သွေးတွေကို
...ပတိကိုယ်တိုင် ရှင်းလင်းသုတ်သင်နေသည်။

'အမိပတိ မလုပ်နဲ့လေ၊ ဒေါ်ဒေါ်ထားရှိတာပဲ'

'ကိုယ်လုပ်တဲ့အလုပ်တစ်ခုကို အပြီးသတ်တဲ့အထိ လုပ်သင့်
...်လို့ ယူဆတယ်၊ ဒေါ်ဒေါ်ထားက အလုပ်တွေများတယ်လေ၊
...်လုပ်ပေးတာ အပန်းမှ မကြီးတာ'

အမိပတိကို ငေးကြည့်ပြီး သုန္ဒရီ ချစ်ခင်လေးစားသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြီး တည်တည်တင်းတင်းနှင့် မာနကြီးသည်ဟု ထင်ရပေမယ့် အရမ်းကို နူးညံ့သိမ်မွေ့သူပါ။ ကံသာနှင့် တခြားစီပါပဲ။

'ထတော့ ကောင်မလေး၊ အရမ်းလူတတ်ကြီးလုပ်ပြမနေပါနဲ့ ကျောင်းစာတွေပဲ အဓိကထားနော်၊ အခက်အခဲအကြပ်အတည်းတွေကို လည်း ရင်ဆိုင်တတ်အောင် ကြိုးစားထား'

'အမိပတိကြောင့်ပါ။ အရင်က သုနန္ဒရီ အရမ်းဆိုးခဲ့တယ် စာလည်းမကြိုးစားဘူး၊ ပေါ့ပျက်ပျက်နေတယ်၊ အဓိက ဖေဖေ့ကို မကျေနပ်ခဲ့လို့ပဲ'

'ဘာဖြစ်လို့လဲ သုနန္ဒရီ'

'ဖေဖေက သုနန္ဒရီကို မချစ်ဘူး၊ ဥပေက္ခာပြုထားတယ်လို့ ထင်တယ်၊ ပြီးတော့ ကံသာနဲ့ အတင်းအကြပ် ခင်မင်ရင်းနှီးစေခဲ့တယ် ကံသာ အရမ်းကြီးကျယ်လို့ အရွဲ့တိုက်ပြီး နေချင်သလိုနေတာပါ'

'အန်ကယ်ညိုက ကိုယ်အလေးစားဆုံးလူပဲ၊ မိသားစုအပေါ် တာဝန်ကျေတာပါ၊ မင်းကိုလည်း ကြိတ်ပြီးချစ်တယ်၊ သူ အမှားတစ်ခု ကျူးလွန်ထားမိလို့လေ၊ ဇနီးနဲ့သမီးအပေါ် အမြဲတမ်းသြဇာညောင်းနေ အောင် ကြိုးစားခဲ့တာပါ'

'အခုတော့ ဖေဖေ့ကို သိပ်ပြီးမကျေနပ်ပေမယ့်လည်း မေမေ့ကို သနားတယ်၊ မိသားစုမပြိုကွဲစေချင်ပါဘူး၊ ဒါကြောင့် ဖေဖေ့ဆန္ဒ အတိုင်း ကံသာနဲ့အဆင်ပြေအောင် နေတာလေ'





'မင်းအရမ်းပဲ လူကြီးဆန်နေပြီပဲ'

အမိပတိက သူမလက်မောင်းလေးကိုတွဲပြီး အခန်းထဲအထိ ပို့ပေးသည်။ သုနန္ဒရီ ပျော်လိုက်တာ။ ကံကြမ္မာတွေ ပြောင်းလဲမှုကို ...ည်း သူမ အကြီးမားဆုံးမျှော်လင့်ချက်တွေ ရှိနေသေး၏။ သူမရင် ... တဒိန်းဒိန်းခုန်နေသည်။

'အိပ်လိုက်... ကြိုးစားထားနော် ရွှေသုနန္ဒရီ'

'အင်း'

အဟိ... သူမ မျက်လုံးလေးတွေကိုမှိတ်ရင်. မထိန်းချုပ်နိုင်စွာ ...မိသည်။ အဖြူဆွတ်ဆွတ် သိုးမွေးယုန်ရုပ်လေးကို ပွေ့ဖက်ထားမိ ... သူမလက်ညှိုးလေးမှာ ပတ်တီးဖြူဖြူလေး။ ဆရာဝန်လောင်းကြီး ...အမိပတိ ကုသပေးတာ။ သူမ ပီတိတွေဖြစ်နေတုန်း သူမဖုန်းလေး ...ည်လာ၍ ဖွင့်ပြီးနားထောင်လိုက်သည်

'ကံသာပဲ'

သူမနှုတ်ခမ်းလေးတင်းပြီး မျက်နှာလေးရှုံ့မဲ့သွားသည်။

'ဟဲလို'

'သုနန္ဒရီ မင်း ဘာလုပ်နေလဲ'

'အိပ်နေတယ်၊ ညက စာကြည့်တာများလို့ အရမ်းအိပ်ချင်နေ ...ယ် ကံသာ'



www.burmeseclassic.com

www.burmeseclassic.com



'ထ'

'ဘာဖြစ်လို့လဲ'

'မာမီက အုန်းနို့ခေါက်ဆွဲချက်ထားတယ်၊ လာစားရမယ်၊ ကိုယ် လာခေါ်မယ်'

'အင်း'

မငြင်းချင်ဘူး။ သူ့ဒေါသကို ကြောက်တယ်။ အထူးသဖြင့် အဓိပတိကို မထိနိုက်စေလိုပေ။ သူမ အဝတ်အစားလဲပြီး ခြံဝက စောင့်နေပါသည်။

'ဘာလဲ ငါ တိုက်ထဲဝင်မှာစိုးလို့ မင်းက ထွက်စောင့်နေတာ လား သုန္ဒရီ'

'မဟုတ်ပါဘူး ကံသာ၊ တွေ့တွေ့ချင်း ရန်စကားတွေ မပြောပါ နဲ့လား'

'ဒဏ်ရာက ဘာလဲ'

'ဓားရှတာပါ၊ သုန္ဒရီ ဓားကိုင်မိသွားလို့'

'မင်း ဟင်းချက်ဝင်သင်ပြန်ပြီလား သုန္ဒရီ'

'မသင်ပါဘူး၊ ငါ စာကျက်နေတာပါ၊ ကိုင်ကြည့်မိတာ'

'ဒါ ဘယ်သူပတ်တီးစည်းပေးထားတာလဲ'

'ဒေါ်ဒေါ်ထားလေ၊ ငါ တစ်ခုခုဖြစ်တိုင်း သူပဲ စည်းပေးနေ တာ'





'အဓိပတိမဟုတ်လား'

'အဓိပတိက တို့နဲ့ လုံးဝမပတ်သက်ဘူး၊ မဆိုင်တာ'

ကံသာ လုံးဝမကျေနပ်။ သူ့စိတ်ထဲ သုန္ဒရီနှင့် အဓိပတိ တရင်း နှီး ပတ်သက်ဆက်ဆံနေကြသည်ဟု ထင်နေသည်။ မာမီက တား ထားလို့ပါ။ သုန္ဒရီကို ဒေါသတကြီး မတုံ့ပြန်ရန် ဖြစ်၏။ သူမလက်ကို ဆုပ်ကိုင်ကြည့်သည်။

'မင်း အိမ်မှုကိစ္စတွေ သင်နေတာမဟုတ်လား သုန္ဒရီ၊ မင်း ရဲ့ မိန်းကလေးပီသပြချင်နေတာမဟုတ်လား'

'သွားမယ် ကံသာ၊ မေမေသွေး စောင့်နေလိမ့်မယ်၊ အရေးကြီး တာက နင်တို့အိမ်လိုက်ပြီး အုန်းနို့ခေါက်ဆွဲစားဖို့ပဲလေ'

'နင်'

သူမ စိတ်တိုပြီး တိုက်ထဲတောင် ပြန်ဝင်ပစ်ချင်သည်။ အပြစ် ရှိ အပြစ်ရှာ၍ ပြဿနာရှာနေလေသည်။ သူမ လက်ကလေးကိုဆွဲပြီး ခြံကြမ်းကြမ်းထွက်၏။ ထိုအချိန်တွင် ဖေဖေ ပြန်ရောက်လာတာနှင့် တိုးသည်။ ကံသာက ဖေဖေ့ကိုပင် နှုတ်မဆက်။ ခြံပြင်သို့ သူမအား ဆောင်းဆွဲခေါ်သွားလေသည်။

'အစ်ကိုကြီး'

'ဟင်… ဒေါ်ထား'



www.burmeseclassic.com

www.burmeseclassic.com



'သမီးလေး သုန်…'

'ထားလိုက်ပါဗျာ'

ဒေါ်ထားကို ခပ်ဆတ်ဆတ်ပြောပြီး တိုက်ထဲပြန်လာခဲ့သည် ကံသာ တော်တော်လေး ရိုင်းစိုင်းနေတာပါလား။ သမီးလေး အနိုင် ခံနေရပြီထင်တယ်။ လက်မှာလည်း ပတ်တီးဖြူဖြူလေးနဲ့။ ဦးကိုကို စိတ်ထိခိုက်လာ၍ လသာဆောင်မှာ ထိုင်မိပါသည်။

'ရှင်က အတ္တကြီးတယ်၊ ရှင့်ကုမ္ပဏီကြီး တည်တံ့အောင်ကြိုး တာ ကျွန်မသမီးရေးရေးအတွက် အကြောင်းမပြပါနဲ့'

'ဒါဆို ငါက ဘယ်သူ့အတွက် စီးပွားရေးလုပ်ငန်းတွေ လုပ် တာလဲ စံ'

'ရှင့်အတွက်လေ၊ ရှင့်ဩဇာအာဏာတွေ ကြီးမားဖို့ ရှင့်ဂုဏ် တွေအတွက်ပဲ'

'မင်းပါးစပ်ကို ပိတ်ထားစမ်း မြသက်စံ၊ အသုံးမကျတဲ့မိန်း

'ဟုတ်တယ်လေ ကျွန်မအသုံးမကျခဲ့လို့ ကိုယ့်သမီးအရေး စားခံရတာ၊ အနိုင်စက်ခံနေရတယ်'

ဇနီးစံနှင့် မိမိတို့ ရန်ဖြစ်ပြီး တစ်ယောက်နှင့်တစ်ယောက် မျက် ချင်းပင် မဆိုင်ကြ။ မိမိမှားနေတာလား။ သမီးလေးကို ထိပါးစော်ကား ခံနေရ...သည်။ မိမိရှေ့မှာပင် ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံနေခဲ့၏။ စိ မကောင်းလိုက်တာ။



'အန်ကယ်ညို'

'အဓိပတိ'

'ဒီနေ့စောတယ်နော်'

'အန်ကယ်ညို နေမကောင်းဘူးကွာ၊ စိတ်တွေရှုပ်ထွေးလွန်းလို့ စောစောပြန်နားတာပါ'

'အန်ကယ်ညို ဘာစားမလဲ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ'

'အဓိပတိ'

'ဗျာ'

'သမီးလေးလက်မှာ ပတ်တီးနဲ့ ဘာဖြစ်တာလဲ မင်းသိလား'

'ဓားရှတာပါ'

'ဟင်… သမီးလေးက ဓားဘာဖြစ်လို့ ကိုင်ရတာလဲ'

'သုနန္ဒီက အိမ်ရှင်မအလုပ်တွေ စိတ်ဝင်စားတယ်ထင်တယ်၊ ဒေါ်ဒေါ်ထားနဲ့ ဟင်းဝင်ချက်တာ'

မိမိအကြည့်တွေက အဓိပတိထံ ရောက်သွားလေသည်။ မင်းကြောင့်ပါ အဓိပတိရယ်။ သမီးလေးရင်ထဲမှာ မင်းပဲရှိတာပါ။ အန်ကယ်ညို သိပါတယ်ကွယ်။

'အဓိပတိရယ် ဘာပဲဖြစ်ဖြစ် မင်းကို အန်ကယ်ညို သားတစ်ယောက်လို အားကိုးပါတယ်ကွာ၊ သမီးလေးကို စောင့်ရှောက်ပေးပါ'



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချပါ အန်ကယ်ညီ၊ သုန္ဒရီ လိမ္မာနေပါတယ်'

'အန်ကယ်မှားတယ်၊ စီးပွားရေး စလုပ်တော့ ငွေလိုနေခဲ့တာ လေ၊ အကူအညီပေးမယ့်သူက ဦးနောင်လတ်ပဲရှိတယ်'

ထိုအချိန်က မိမိကို ဝင်လုံးသူက ဦးနောင်လတ်ပင်။ လိုအပ် အကူအညီတွေပေးရင်း မိမိအား ချုပ်ကိုင်ထားခဲ့သည်။

'ပထမတော့ ဘာရယ်မဟုတ်ပါဘူး၊ ကလေးတွေ ငယ်သေး တယ်၊ သူက တောင်းဆိုလို့ အန်ကယ်က ကတိပေးမိတယ်'

'ထားလိုက်ပါတော့ အန်ကယ်ညီ၊ မိသားစုပျော်ရွှင်နေရေး ပြန်ထိန်းမတ်ပါ၊ သုန္ဒရီက မိသားစုအတွက် ကြည့်တယ်၊ အန်ကယ်ညီ ဘက်က ပြန်ပြီးလျှော့ပေးပါ'

မိမိ နေမကောင်းဘူး။ စိတ်ဖိစီးမှုတွေများပြီး နှလုံးက စူးစူးရှ ကြီး အောင့်လာတယ်။ မောလည်း မောတယ်။ ဒါပေမဲ့ ဇနီးနဲ့သမီးကို အသိမပေးလိုပေ။

'အဓိပတိက အန်ကယ်ညီ့သားပဲ၊ တိုင်ပင်ချင်တယ်'

'အန်ကယ်နေကောင်းရဲ့လား၊ မျက်နှာပေါ်မှာ မလန်းသလိုပဲ'

'ဟုတ်တယ်'

'ဗျာ'

'အန်ကယ့်မှာ နှလုံးရောဂါ ရှိနေနိုင်တယ်'





'အန်ကယ်ညီ ပေါ့မနေနဲ့၊ ဆေးခန်းကို သွားပြရအောင်'

'ပြမယ်၊ ဒါပေမဲ့ စံနဲ့သမီးကို မသိစေချင်ဘူး'

'ဘာဖြစ်လို့လဲအန်ကယ်၊ မိသားစုဆိုတာ တိုင်ပင်သင့်တယ်၊ အသိလည်း ပေးသင့်ပါတယ်'

'ရောဂါက ကြီးကြီးမားမား မဖြစ်ပါဘူး၊ ဒါကြောင့်ပါ'

'အန်ကယ်ညီရယ်'

အန်တီစံကိုလည်း အဓိပတိ သတိပေးစကားပြောချင်သည်။ အခုတစ်လော အန်တီစံလည်း မျက်နှာမကောင်းဘဲ ရှောင်နေ၏။ အန်ကယ်ညီ့ကို လုံးဝအဆက်အသွယ်မလုပ်တော့။ ခွဲအိပ်နေတာလည်း အဓိပတိ သိထားသည်။

'အဓိပတိ'

'ဗျာ'

'စိတ်တော့မပူပါနဲ့ မင်းကို အသိပေးတာပါကွာ၊ နှလုံးရောဂါ အထူးကုဆရာဝန်ကြီးနဲ့လည်း တိုင်ပင်ကုသနေတယ်'

'ဆေးကုသပါ အန်ကယ်ညီ၊ မိသားစုအတွက် အန်ကယ်ညီက အရေးကြီးပါတယ်'

'မင်းရှိနေတာ အန်ကယ်ညီ အရမ်းအားတက်ပါတယ်'

ဦးကိုကိုညီ သေပစ်ချင်နေသည်။ သမီးလေးကို ကံသာတို့



www.burmeseclassic.com

www.burmeseclassic.com



မိသားစု အညှိုးနှင့် နှိပ်စက်ကြတော့မည်ဆိုတာ သိနေ၍ဖြစ် မိမိကြောင့်ပါ။ စံနှင့်လည်း အဆင်ပြေချင်ပေမယ့် မာနချမပြလို စံကလည်း မာနတွေ ကြီးလွန်းနေသည်။

'အမိပတိကိုတော့ လိုလိုမယ်မယ် အန်ကယ်ညို မှာစရာရှိတာ တွေ မှာချင်တယ်'

'အန်ကယ်ညို ဘာတွေပြောနေတာလဲ၊ ဘာမှမဖြစ်ပါဘူး စိတ်ကို အရမ်းကြီး မခံစားပါနဲ့'

'လိုလိုမယ်မယ်ပါ သားရယ်၊ အန်ကယ့်လုပ်ငန်းတွေအကြောင်း ပြောပြထားချင်တာပါ'

ဦးကိုကိုညိုကတော့ တစ်နေ့နေ့ အမိပတိကိုပဲ လုပ်ငန်းတွေ ပေးဖို့ ဆန္ဒရှိသည်။ ဖနီးစံနှင့် သမီးအတွက်ပါ။ မိမိရှေ့မှာပင် သမီး ဆွဲခေါ်သွားတာ မြင်လိုက်ရ၍ ရင်ထဲမှာ မချိတော့။ သူ့အနားမှာ မင်းအမိပတိရှိနေတာတော့ အင်အားတစ်ရပ် ဖြစ်ရလေသည်။

☺



(၁၆)

တက္ကသိုလ်ဝင်တန်းတွေ အောင်စာရင်းထွက်တဲ့နေ့မှာတော့ သုန္ဒရီရော၊ အမိပတိရော ဂုဏ်ထူးတွေနှင့် အောင်မြင်ကြပေမယ့် ကံသာကတော့ ကျသည်။ ပြဿနာက မိုးမီးလောင်မတတ် ပြင်းထန်စွာ ပေါက်ကွဲသွား၏။ ဘာကြောင့်လဲဆိုတော့ သုန္ဒရီနှင့် အကြီးအကျယ် ဆော့စပ်ဖို့ တောင်းဆိုခြင်းပင် ဖြစ်သည်။

'သားစာမေးပွဲကျလို့ စိတ်ဓာတ်တွေ အရမ်းကျနေတယ် ကိုညို၊ ဟိုကောင်လေး မင်းအမိပတိက ဘာသာစုံဂုဏ်ထူးနဲ့ အောင်တယ်လေ၊ သားအရမ်းခံစားနေရတယ်၊ သမီးနဲ့ အမြန်ဆုံးစေ့စပ်ပေးမှ ဖြစ်မယ်၊ သမီးကို အစ်ကိုကြီးတို့မျက်စိရှေ့မှာ ခေါ်ထားမယ်၊ လက်ထပ်တာက တော့ တစ်နှစ်၊ နှစ်နှစ် စောင့်ကြတာပေါ့'

ဦးကိုကိုညို ရင်ထဲမှာ နာကျင်ရသည်။ မဖြစ်သင့်ဟု ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးနောင်လတ်က မိမိတို့စီးပွားရေးကိုပါ ချုပ်ကိုင်၍ မတရားဓောင်း... နေတာပဲ ဖြစ်သည်။ ဇနီးစံက လုံးဝလက်မခံပေ။ ဘယ်လောက်... စည်းစိမ်ဥစ္စာတွေနှင့် ပြည့်စုံနေပါစေ သမီးလေး ဘဝတစ်သက်တာ... စိတ်သောကတွေ ခံစားရမှာကိုတော့ မလုပ်နိုင်ဘူးတဲ့။ ပြတ်သား... သည်။

'မဖြစ်နိုင်တော့ဘူးထင်တယ် အစ်ကိုကြီး၊ စံက လက်မခံဘူး... ကျွန်တော့်ကို ကွာရှင်းမယ်တဲ့'

'ဘာကွ··· ဒီလိုလုပ်လို့ ရမလား ကိုကိုညို၊ ငါတို့က မင်း... မိသားစုကို စီးပွားရေးထူထောင်ပေးထားတာ ငါ့သားကြောင့်ထော... မင်းပဲ ကတိပေးထားတာပဲ'

'ဒီကိစ္စ ကျွန်တော်တစ်ယောက်တည်းဆန္ဒနဲ့ မပြီးလို့ပါဗျာ... တောင်းပန်ပါတယ် အစ်ကိုကြီး'

'မရဘူး ကိုကိုညို ငါ့သား ဘဝပျက်လိမ့်မယ်၊ မင်း လက်မ... နိုင်ဘူးဆိုရင် ငါက စာနယ်ဇင်းတွေကနေ ရှင်းလင်းပွဲလုပ်မှာနော်... မင်းကို ထောင်ထဲပို့ပစ်မယ်၊ မင်းလက်မှတ်ထိုးပြီးယူထားတဲ့ ငွေတွေ... အတွက်ပဲ၊ ငါ ညာတာထောက်ထားမှာ မဟုတ်ဘူး'

ဦးကိုကိုညို သိထားပြီးသားဖြစ်သည်။ ဦးနောင်လတ်အကြောင်း... မိမိ သတိထားမိတာ နောက်ကျသွား၏။ မတတ်နိုင်ဘူး။ ခင်ဗျားကြီး...





...ကြက်တာလုပ်တော့။ ကျုပ်သမီးလေးဘဝတွက် ကျုပ်ပဲ ခံယူမယ်။ ...သွေးရှင်ပျော၊ ကံသာရော ရိုင်းစိုင်းစွာတုံ့ပြန်ကြသည်။

'မင်း ဘာလုပ်ပါးဝတာလဲ ကိုကိုညို၊ မင်းက ခြောက်ဘာသာ... ...ထူးရှင် သူဌေးသား သမက်လောင်းရောက်လာလို့ အချိုးပြောင်း... ...တာလား၊ မရဘူး၊ မင်းတို့မိသားစုတစ်ခုလုံး မြောင်းထဲရောက်သွား... ...နော်'

'အန်ကယ်ညို ခင်ဗျားကြီး လူလည်မကျနဲ့၊ ကျုပ် လက်မခံဘူး ... မိုးမီးလောင်သွားမယ်၊ ခင်ဗျားသမီးဘဝတစ်ခုလုံး စုတ်ပြတ်သတ် ...အောင် လုပ်ပစ်မယ်'

ဦးကိုကိုညိုလည်း မတတ်နိုင်တော့။ မိသားစုအတွက်တော့ ...တင်စီမံထားပြီးသားဖြစ်သည်။ မိမိ ထောင်ထဲဝင်မယ်။ နာမည် ...ပျက်ခံမယ်။

ခင်ဗျားတို့ အကြံပက်စက်တာတော့ လုံးဝလက်မခံနိုင်ဘူး ...နောင်လတ်။ မင်းလည်း အရမ်းရိုင်းစိုင်းတယ် ကံသာ။ ငါ့သမီးနဲ့ ...န်ဘူးကွ။ ငါပဲ ရင်ဆိုင်ပစ်မယ်။ ငါဆုံးဖြတ်ထားတယ်။

'အစ်ကိုကြီးနောင်လတ် သတိထားပါ၊ အစ်ကိုကြီးက လုပ်ငန်း... ...ကြီးလေ၊ ကျွန်တော်ကတော့ ရင်ဆိုင်ဖို့ပဲ ဆုံးဖြတ်ထားတယ်'

'ဘာကွ'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားကြီး… ကျုပ် အရှုံးတွေနဲ့ အဆုံးမသတ်နိုင်ဘူး၊ ဒီလို အကျောကြီးနဲ့ လာလုပ်လို့ ရမလား'

'ကောင်းပြီလေ ကိုကိုညို၊ မင်းက စိန်ခေါ်လာမှတော့ ငါတို့က လည်း လက်တုံ့ပြန်ရလိမ့်မယ်၊ မင်းကို စဉ်းစားချိန် တစ်ပတ်ပေးမယ် ငါ့အကြောင်းလည်း မင်းအသိဆုံးနော်'

ဦးကိုကိုညို ဘာမှတုံ့ပြန်ပြောဆိုမနေတော့ဘဲ ပြန်လာခဲ့သည်။ ရိုင်းစိုင်းယုတ်မာတဲ့ မိသားစုလက်ထဲတော့ သမီးကို မအပ်နိုင်ဘူး။ ဖြစ်ချင်ရာဖြစ်ပဲ။ အား… ရင်ဘတ်ထဲမှာ စူးရှစွာအောင့်တက်လာ၍ ဦးကိုကိုညို အိပ်ခန်းထဲဝင်၍ ဆေးသောက်ရသည်။

'ဖေဖေ'

'ဟင်… သမီး'

'ဟိုမိသားစုနဲ့ ဖေဖေ ဘာပြဿနာတွေ တက်လာလဲ၊ ဖေဖေ ဘာတွေပြောခဲ့လဲဟင်'

သမီးလေး သုန္ဒရီအပေါ် မိမိ အမြဲတမ်းပဲ တည်တည်တင်းတင်း နှင့် ဩဇာအပြည့်ဆက်ဆံလာခဲ့သည်။ ချစ်တာပေါ့။ ဖေဖေ့သွေး… ဖေဖေ့ရဲ့တစ်ဦးတည်းသောသမီးလေးပဲ။

ဒါပေမဲ့ ဖေဖေက မိသားစုအပေါ် ဩဇာညောင်းချင်ခဲ့တယ်။ မှားပါတယ်သမီးလေးရယ်။ ဖေဖေ အရမ်းချမ်းသာချင်ခဲ့တယ်။ မိသားစု အတွက်ပါကွာ။





'ဖေဖေ ဘာမှ စိတ်အနှောင့်အယှက်တွေ မဖြစ်ပါနဲ့၊ ကံသာဆွေ ကိုပဲ သမီးလက်ခံလိုက်ဖို့ ဆုံးဖြတ်ထားတယ်'

'ဘာပြောတယ် သမီး'

'ကံသာက သမီးဘဝအတွက် အသင့်တော်ဆုံးယောကျာ်းပါ လေ၊ သမီးအနွံတာလည်း ခံခဲ့တယ်၊ သူသောင်းကျန်းနေတာကလည်း မီးကို အရမ်းချစ်ပြီး သဝန်တိုစိတ်တွေနဲ့ပါ'

'ဘာပြောတယ် သုန္ဒရီ၊ အဓိပ္ပာယ်မရှိတာပဲ၊ သမီးငယ်စဉ်လေး တည်းက ကံသာကို မချစ်ဘူးဆိုတာ ဖေဖေ သိပါတယ်၊ ကံသာက မီးအပေါ် အနွံတာခံခဲ့တာ မှန်ပေမယ့် သမီးအတွက် အသင့်တော်ဆုံး ယောကျာ်းလေး မဖြစ်နိုင်ဘူး'

'ဖေဖေကလဲ သမီးဆုံးဖြတ်ချက်တွေပါ၊ အရေးကြီးတာက မီးတို့မိသားစု ပျော်ရွှင်ရေးပါ၊ အဲ့ဒါပဲ လိုအပ်တယ်၊ မေမေ့ကို လျှာပေးလိုက်ပါနော်၊ ဘာပဲဖြစ်ဖြစ် မေမေက တစ်ချိန်လုံး ဖေဖေ့ အားတွေကို နားထောင်ပြီး နေထိုင်လာခဲ့တာပါ'

မိမိလည်းသိသည်။ သမီးလေးရင်ထဲကဆန္ဒအတွက် ဦးကိုကိုညို ကိုယ်မိမိပဲ အပြစ်တင်ချင်သည်။ မိမိအတ္တကြီးခဲ့တာပဲ။ ဖေဖေ နဲ့ပဲ ခံစားနေရပါတယ် သမီးလေးရယ်။ သမီးကို ဘယ်လိုနည်းနဲ့မှ သာ့လက်ထဲ မအပ်နိုင်ဘူး၊ ဖေဖေ့ စိတ်မချလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



'သမီးလေး'

'ဖေဖေ'

'သမီးကို ဖေဖေက မချစ်ဘူး၊ ဥပေက္ခာပြုထားတယ်လို့ အမြဲ တမ်းထင်နေခဲ့တယ်နော်'

'အရင်ကပါ၊ တဖြည်းဖြည်းနဲ့ ဖေဖေ့ရင်ထဲက ခံစားချက်တွေကို သမီး သိရှိနားလည်လာပါပြီ၊ ဖေဖေက မိသားစုကို ချစ်ခင်မြတ်နိုးတဲ့ သူပါ'

'ဖေဖေ ဝမ်းသာပါတယ်၊ ဖေဖေ့ကြောင့်ပဲ မိသားစုပြိုကွဲရတော့ မှာပါ၊ သမီး ဘာမှမခံစားပါနဲ့၊ ဘဝရှေ့ရေး၊ သမီးအနာဂတ်လုပ်ဖို့ စိတ်ဓာတ်ကြံ့ခိုင်ပြီး ကြိုးစားသွားပါ၊ ကံသာ့ကို လက်ထပ်ဖို့မလိုအပ် တော့ပါဘူး'

'ဖေဖေ'

'ဖေဖေ အပြတ်သားဆုံးငြင်းပစ်ခဲ့တယ်၊ သူတို့ ဘယ်လိုပဲ တုံ့ပြန်ပါစေ ဖေဖေ ခံယူမယ်၊ သမီးဘဝကိုတော့ အနစ်နာမခံနိုင်ဘူး'

'အဲ့ဒီလိုလုပ်ဖို့ မလိုပါဘူးဖေဖေ၊ သမီးဆန္ဒပါ'

ဖေဖေ့ကုမ္ပဏီလုပ်ငန်းတွေ ပြိုလဲကျဆုံးသွားအောင် ကံသာ့ အဖေက လုပ်ဆောင်မည့်အပြင် ဖေဖေ့ဂုဏ်သိက္ခာလည်း ကျဆင်းရမည် ဖြစ်၏။ သူနှရီ မလုပ်နိုင်ဘူး။ မေမေက ထွက်သွားဖို့ပဲ ပြင်ဆင်နေ သည်။





'ကံသာနဲ့လည်း အခုလောလောဆယ်ကြီး လက်ထပ်ရမှာမှ …တ်တာ၊ သမီး ကံသာ့ကို ဖျောင်းဖျမယ်၊ သူတို့ဆန္ဒအတိုင်းပဲ …ပ်ထားလိုက်ပါ'

'မဖြစ်ဘူး၊ ဖေဖေ လုံးဝလက်မခံနိုင်ဘူး၊ ထားလိုက်ပါ၊ ကံသာ …မီး မဖြစ်ဘူး၊ ဖေဖေ့အတွက် မပူနဲ့၊ သမီးမေမေကို ဖေဖေ့ဆီ …တ်လိုက်ပါကွယ်'

'ဖေဖေ သွားလိုက်ပါလား၊ ယောကျ်ားဆိုတာ မိန်းမကို ချော့ …သင့်တယ်လေ၊ ဖေဖေ သွားချော့လိုက်ရင် OKသွားမယ်ထင်ဝ 'ပ်'

'အင်း… ဟုတ်တယ်၊ ဘဝတစ်လျှောက်လုံး သမီးမေမေကပဲ …ဖေ့ဆန္ဒကို ဖြည့်ဆွမ်းပေးလာခဲ့ရတာ၊ မှန်တယ်၊ ဖေဖေသွားချော့ရ …ည်'

'ဝမ်းသာလိုက်တာ ဖေဖေရယ်၊ သုန္ဒရီ အရမ်းပျော်တာပဲ'

သမီးလေးက မိမိကို ပြောရှုဖက်တွယ်ထားတော့ မိမိအမှားတွေ …ပိုရှုပင် နောင်တရမိသွားရသည်။ သမီးလေးကို ကြင်နာမြတ်နိုး …တုံ့ပြန်ပွေ့ဖက်ထားမိ၏။ သမီးလေး မျက်ဝန်းတွေထဲမှ မျက်ရည် …က သူ့ပခုံးပေါ် လိမ့်ဆင်းကျနေသည်။

'သမီးကြောင့် ဖေဖေ့ကို လုံးဝအထိခိုက်မခံနိုင်ဘူးနော်၊ သမီးရှေ့ …ဆိုပြီး အမှားတွေ မကျူးလွန်ပါနဲ့ ဖေဖေရယ်၊ ကံသာနဲ့ လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးရင်လည်း သမီးဘဝ ကံကောင်းသွားတာမျိုးတွေ ဖြစ်နိုင်
တယ်'

ဖေဖေ့ကို ပြောနေရင်း သုန္ဒရီ အရမ်းပဲ ကြေကွဲဝမ်းနည်း
မျက်ရည်တွေ တလိမ့်လိမ့်စီးကျနေသည်။ ဘာဖြစ်လို့လဲ။ သု
အလွန်အမင်း ဝမ်းနည်းကြေကွဲနေရတာလဲ။ အမိပတိကို သတိရသည်

'ငါကြောက်နေတယ် အမိပတိ၊ ငါ့ရင်ထဲမှာ နင်ပဲရှိတာ
မိသားစုအတွက် လုပ်ဆောင်ပေးချင်လို့ပါဟာ'

တကယ်ပါပဲ မျက်ရည်တွေက ဘယ်လိုမှ တားဆီးလို့မရ
အခန်းထဲပြန်ပြီး ငိုကြွေးပစ်ချင်သည်။

'မငိုပါနဲ့သမီးလေးရယ်၊ ဖေဖေသိပါတယ်၊ ဖေဖေတို့ အကော
ဆုံး ပြင်ဆင်ရင်ဆိုင်ကြမယ်လေ'

'မေမေ့ဆီ သွားလိုက်ပါနော်၊ ဖေဖေ ချော့လိုက်ပါ'

'စိတ်ချပါကွယ်၊ မိသားစုအတွက် ဖေဖေ အချိန်တွေ ပေးရ
မယ်'

ဖေဖေ့အနားကနေ ထွက်လာခဲ့ပြီး စာမေးပွဲမှာ ဂုဏ်ထူး
အောင်မြင်တာပင် မပျော်နိုင်ဘဲ စားသောက်ခန်းထဲ ပြေးဝင်၍ သု
တသိမ့်သိမ့်ရှိုက်ငိုမိသည်။ သူမအခန်းထဲမှာဆို မေမေကြားသွားနိုင်
ဖြစ်၏။ ဒေါ်ဒေါ်ထား ချေးသွားနေတယ်။





လှုရှင်းတဲ့နေရာမှာထိုင်၍ သုန္ဒရီ အားပါးတရ ငိုပစ်လိုက်၏။
လိုမှ ထိန်းချုပ်ထားလို့မရအောင် သုန္ဒရီ ဝမ်းနည်းကြေကွဲနေ
တယ် အမိပတိ။ နင်နဲ့ဝေးရမှာကြောင့် ထင်တယ်။ ကံကြမ္မာတွေက
ပြောင်းလဲဘူးနော်။ ကံသာနဲ့ပဲ ဖူးစာဖက်ရမယ်ထင်တယ်။ ဝမ်းနည်း
ကွဲခြင်းတွေက ဘယ်ကနေ ဒရဟောပြိုဆင်းကျလာမှန်း မသိ။
ရီမျက်ဝန်းတွေထဲမှ မျက်ရည်တွေ အဆက်မပြတ်ပြိုကျနေသည်။

'သုန္ဒရီ'

'ဟင်'

'ဘာဖြစ်လို့လဲ... မင်းဆီမှာ ဝမ်းနည်းကြေကွဲစရာတစ်ခုခု
တွေ့ရလို့လား၊ အန်ကယ်ညိုတောင် အန်တီစုံ့အခန်းထဲ ဝင်သွား
ယ်၊ မင်းသိလား'

'အင်း'

'အဲ့ဒါကို မင်း ဝမ်းနည်းကြေကွဲနေတာလား သုန္ဒရီ၊ အန်ကယ်
ဆီမှာ ဘယ်လိုအာမခံချက်တွေ သုန္ဒရီပေးခဲ့ရလဲ'

'ဟင့်အင်း'

'သုန္ဒရီရယ်'

အမိပတိ စိတ်မထိန်းနိုင်စွာဖြင့် သုန္ဒရီခန္ဓာကိုယ်လေးအား သိမ်း
ပွေ့ဖက်ထားမိသွားလေသည်။ မင်း အရမ်းကြေကွဲဝမ်းနည်းနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သိပါတယ်ကွာ။ မင်း ကံသာနဲ့ လက်ထပ်ဖို့ သဘောတူလိုက်တယ်မဟုတ်လား။ သုန္ဒရီ့ကိုယ်လုံးလေးက တဆတ်ဆတ်တုန်ရီသည်။

'သုန္ဒရီအရမ်းကြောက်တာပဲ အဓိပတိ၊ ကံကြမ္မာတွေကလည်း မပြောင်းလဲတော့ဘူးထင်တယ်'

'ကိုယ် ဘာလုပ်ပေးရမလဲ၊ မင်းဘာဖြစ်တာလဲ သုန္ဒရီ၊ မင်း ဘာကိုကြောက်နေတာလဲကွာ'

'မသိဘူး အဓိပတိ၊ အလွန်နက်ရှိုင်းတဲ့ချောက်ကြီးတစ်ခုအောက်ကို ပြုတ်ကျသွားမလား၊ မထင်မှတ်နိုင်စရာကောင်းတဲ့ ကံကြမ္မာဆိုးကြီး ထင်တယ်'

'မင်း ဘာမှမကြောက်ပါနဲ့ သုန္ဒရီရယ်၊ ကိုယ်အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်သွားမှာပါ'

မင်းကို ကိုယ်ချစ်တယ် သုန္ဒရီ။ နှလုံးသားထဲအထိ စူးနစ်တိုးဝင်ပြီး အရမ်းမြတ်နိုးနေမိတာပါ။ ကိုယ်မပြောပြချင်ဘူး။ မပြောချင်တော့ဘူး ထင်လို့လေ။

အန်ကယ်ညီ နှလုံးရောဂါဝေဒနာ ပြင်းထန်နေတယ်။ မင်းသိလား ကြိတ်ပြီးဆေးကုနေတယ်။ ကြိုတင်စီစဉ်သင့်တာတွေ စီစဉ်ထားနေပြီ။ မင်းတို့မိသားစု ပျော်ရွှင်ချမ်းမြေ့စေဖို့ ကိုယ် ဘယ်လိုများ စွမ်းဆောင်ပေးနိုင်မလဲဆိုတာ မသိတော့ဘူး ရွှေသုန္ဒရီရယ်။





'အန်ကယ်ညီက မင်းမေမေဆီမှာ လက်နက်ချလိုက်ပြီလေ။ မင်းမပျော်ဘူးလား၊ မိသားစုတွေ ဆွေးနွေးတိုင်ပင်သင့်တယ်၊ မင်းကြောက်နေလို့မဖြစ်ဘူးကွာ'

'အင်း'

အရမ်းချစ်တယ်ဟု ပြောဖို့စကားလုံးတွေ ထွက်ကျလာတော့မလို့ အဓိပတိ ပြန်၍ထိန်းချုပ်ပစ်မိသည်။ မင်းနဲ့ကိုယ် မဆုံမိကြရင် ဒီလိုဆိုးဝါးတဲ့ကံကြမ္မာတွေ ဖြစ်ပေါ်လာမှာမဟုတ်ဘူးထင်တယ်။

'မငိုပါနဲ့တော့ သုန္ဒရီရယ်၊ တိပဟ်ပါကွာ၊ ပြဿနာတွေကို အေးအေးဆေးဆေး ဖြေရှင်းပါ၊ မင်းငိုနေရင် မိသားစုဝင်တွေအားလုံး ကြေကွဲရလိမ့်မယ်'

'ဟုတ်တယ်နော်'

သူမ အသိတွေနှင့်ထိန်းချုပ်၍ အဓိပတိရင်ခွင်ထဲမှ ရုန်းထွက်မိသည်။

ကံသာရောက်လာရင် သေပြီပဲ။ အဓိပတိကိုတော့ လုံးဝ မထိခိုက်စေချင်ပါဘူး။ မျက်ရည်တွေကို သုတ်ပစ်သည်။

'ရွှေသုန္ဒရီ တို့နှစ်ယောက် ပန်းခြံတွေဆေးထားပေးရင် ကောင်းမလား၊ ဒေါ်ဒေါ်ထားရောက်လာရင် အလုပ်တွေသက်သာအောင်လေ'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းတယ် အဓိပတိ၊ တို့ ဝင်ကူပေးရမယ်'

'နေဦး… မင်း ပန်းကန်တွေဆေးနိုင်မလား၊ မင်းလက်ချော တွေက အရမ်းပဲနူးညံ့နေတာလေ'

'ရပါတယ်၊ ကြိုးစားမယ်၊ သုန္ဒရီက မိန်းကလေးပဲ၊ အဓိပ အသာထိုင်နေပါ၊ ကျွန်မလုပ်တာတွေကိုကြည့်ပြီး အမှတ်ပေး'

'ဘယ်ရမလဲ ကိုယ်လည်းဝိုင်းကူညီမယ်၊ ရွှေမင်းသမီးလေး တစ်ယောက်တည်း မနိုင်းရက်ပါဘူးကွာ'

'ဟား… ဟား… ဟား…'

'ဟား… ဟား… ဟား…'

ဘာရယ်မဟုတ်ပေမယ့်လည်း သူမ ပျော်သွားသည်။ စော က ကြေကွဲဝမ်းနည်းနေတာတွေ မရှိတော့။ နှစ်ယောက်သား အ အယက် ပန်းကန်တွေယူဆေးကြ၏။ အဓိပတိကလည်း သုန္ဒရီ သ သာအောင်၊ သုန္ဒရီကလည်း အဓိပတိသက်သာအောင်ပါ။ ဒေါ်ဒေါ် ထား ရောက်လာတော့ အားလုံးပျော်ပျော်ပါးပါးနှင့် ဝိုင်းကူညီ သည်။

'သုန်လေးကို အခုလို ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင်တွေ တာ စိတ်ချမ်းသာလိုက်တာကွယ်၊ ကိုညီနဲ့ မစံလည်း အဆင်ပြေ ပြေနေကြပြီထင်တယ်၊ ဒီနေ့ ဒေါ်ဒေါ်ထားလည်း အကောင်းဆုံးချ





ချက်ပြုတ်မယ်၊ မိသားစုအတူတူ ထမင်းလက်ဆုံစားသောက်ကြ ယ်နော်'

'ဟုတ်ကဲ့ပါ'

'အင်းပါ'

တဒင်္ဂလေးတော့ အားလုံးရယ်မောပျော်ရွှင်နေကြရလေသည်။

☺



www.burmeseclassic.com

www.burmeseclassic.com

(၁၇)

'မေမေတို့ မိသားစုဝင်တွေ အခုလို စုံစုံညီညီ ထမင်းဝိုင်း
မစားသောက်ကြတာ တော်တော်လေးကြာသွားပြီ၊ တခြားစိတ်ညစ်
ဘာမှမတွေးဘဲ ပျော်ပျော်ပါးပါး စားသောက်ကြမယ်'

ခင်ပွန်းဖြစ်သူက သမီးကို ကံသာနှင့်လက်ထပ်မပေးပါဘူး
ကတိစကားကြောင့် ဒေါ်မြသက်စံ ကျေနပ်သွားသည်။ ကံသာ
လူရမ်းကားတစ်ယောက်လက်ထဲ သမီးကို မအပ်နိုင်ပါဘူး။

မိမိတို့ ဘဝပျက်ချင်ပျက်ရပါစေ။ သမီးဘဝကိုတော့ အနစ်
မခံနိုင်။ ကိုညိုက စုံသဘောအတိုင်းဖြစ်စေရမယ်ဆို၍ ကျေအေး
သည်။

'အဓိပတိလည်း စိတ်ညစ်မနေနဲ့နော်၊ အန်တီစံတို့ မိသားစုဝင်
ပျော်ပျော်နေ၊ စားနော် သား'





မိမိကတော့ ပေါ်တင်ပဲ အဓိပတိနဲ့ သဘောတူတယ်။ စည်းစိမ် ပြုတ်ပြီး မွဲသွားလဲ ဘာဖြစ်လဲ။ သမီးလေးနှင့်အလိုက်ဖက်ဆုံးက အဓိပတိ။ မိသားစုတွေ ရယ်စရာမောစရာတွေပြောရင်း ထမင်းလက်ဆုံ စားဖြစ်ကြသည်။

ထိုအချိန်တွင် ကံသာ ဝုန်းခနဲရောက်ချလာတော့၏။ သမီး သုန္ဒရီအနားတွင် ဝင်ထိုင်သည်။

'နင်တို့မိသားစုဝင်တွေ တော်တော်လေးပြောင်းလဲသွားတာပါ လား သုန္ဒရီ၊ ဒီနေရာက အရင်ကတည်းက ကံသာထိုင်ခဲ့တဲ့နေရာလေ'

'ဟုတ်တယ်လေ ကံသာ၊ ထိုင်ပါ၊ ငါ အခုပဲ နင်ကို့အိမ် လာတော့မလို့ပဲ'

'ဟုတ်လား၊ ဒါဆို အခုပဲသွားကြမယ်'

'ကောင်းသားပဲ၊ မေမေ··· သမီး ကံသာနဲ့ လိုက်သွားမယ် နော်'

'သမီး လိုက်မသွားနဲ့၊ မေမေတို့မိသားစု ထမင်းစားနေတယ် လေ၊ ပြီးမှမပြီးသေးတာပဲ'

'ကံသာနဲ့ပဲ စားလိုက်မယ်၊ လာလေ ကံသာ၊ သွားမယ်'

ဒေါ်မြသက်စံက ကန့်ကွက်တားဆီးဖို့ ပြင်နေစဉ် ဦးကိုကိုညိုက လက်ကုပ်၍ လွှတ်ပေးလိုက်ဖို့ အချက်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မသမီးလေးကို စိတ်ချဘူး ကိုညို၊ ရှင်ပဲ ကဲသာနဲ့ ပတ်သက်စရာမလိုဘူးဆို'

'ခဏလေးပါစံရယ်၊ အားလုံးကိုယ်တာဝန်ယူပါတယ်၊ ကိုယ်ငြင်းပြီးပါပြီ'

ကဲသာက ရိုင်းစိုင်းတယ်။ သမီးလေးကို ဘာလုပ်မလဲ။ ဦးကိုကိုညို ထမင်းစားနေရာကနေ ရပ်ပစ်သည်။

'အစ်ပတီ အန်ကယ့်ကုမ္ပဏီကို အန်တီစံနဲ့ လိုက်သွား၊ သမီးအတွက် မပူနဲ့စံ၊ ကိုယ်ရှင်းမယ်'

'ဟုတ်ကဲ့ အန်ကယ်'

အစ်ပတီလည်း စိတ်ပူနေသည်။ သုန္ဒရီ အနိုင်ကျင့်ခံနေရပြီလား မသိဘူး။ အန်ကယ်ညိုက အချက်ပြလိုက်၍ အန်တီစံကို အပြင်ခေါ်ထုတ်ဖို့ ကြိုးစားရသည်။

'အန်တီစံ သိပ်စိတ်မပူပါနဲ့နော်၊ အန်ကယ်ညို စီစဉ်ထားပါတယ်၊ ကျွန်တော်တို့ ကုမ္ပဏီကိုပဲ သွားရအောင်'

'ရှင်တာဝန်ယူနော် ကိုညို၊ ပြောထားပြီးပြီ၊ ကျွန်မသမီးလေး အထိနိုက်မခံနိုင်ဘူး'

'ကိုယ့်သမီးလေးပါ၊ မင်းကို ကတိပေးထားပြီးပြီပဲ၊ ကိုယ်အဆုံးသတ်ပေးပါ့မယ်'





သမီးတစ်ခုခုဖြစ်သွားရင်တော့ ဦးနောင်လတ်ကို မိမိ ငဲ့ညှာထောက်ထားမှာ မဟုတ်။ သမီးက အသက်မပြည့်သေးဘူး။ အစ်ပတီက အန်တီစံကို ချော့မော့ခေါ်သွားသည်။

'အစ်ပတီ ရှိနေလို့ပဲ၊ အား... ရင်ဘတ်ထဲက အောင့်လိုက်တာ၊ သမီးအတွက် ရင်တွေပူပြီး မေမေ့နှလုံးသားတွေ ပြာကျတော့မယ်'

ရင်ဝကို ဖိယားရသည်။ သမီးကို စောင့်ရှောက်ပေးဖို့က အရေးကြီးတယ်။ ဦးနောင်လတ်တို့တိုက်ဆီသို့ [illegible]သွားသည်။ ကဲသာတို့မိသားစုနားမှာ သမီးကို ရယ်ရယ်မောမောတွေ့လိုက်ရ၏။ သမီးဟန်ဆောင်နေတာပါ။ မိမိပို၍ရင်နာသွားသည်။

'ကိုကိုညိုက သမီးကို စိတ်မချလို့ လိုက်လာတာလားကွာ'

'မေမေ... ပြန်ပါ၊ မေမေ ကုမ္ပဏီကို သွားစရာရှိတယ်မဟုတ်လား'

'အေး... မေမေ နေမကောင်းလို့ အိမ်မှာပဲနားမယ်'

'မေမေ ဘာဖြစ်လို့လဲ'

'နည်းနည်းပါ'

'အန်ကယ်ညို လာပြီးအပိုတွေပြောမနေပါနဲ့၊ ပြန်ပါ၊ ဒက်ဒီ... ကဲသာတို့ကို တရားဝင်စေ့စပ်ဖို့ ပြင်ဆင်ပေးပါ၊ သုန္ဒရီကလည်း လက်ခံတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့မျက်ဝန်းတွေ ညှိုနေသလိုပဲ။ မေမေလွှတ်လိုက်တာ ဖြစ်မယ်။ ကံသာ့ကို ငြင်းပယ်လို့မဖြစ်ဘူး။ ဖေဖေ့ကို သူတို့ ဘာလုပ်ကြမလဲ။ သုန္ဒရီ ပေးဆပ်လိုက်ရရော ဘာဖြစ်လဲ။ သမီး ခဏနေ ပြန်လာခဲ့ပါ။ ဖေဖေ အရမ်းမောနေတယ်တဲ့။ ဖေဖေ ပြန်သွားသည်။

'သမီးလေးဖေဖေ သဘောတူပေမယ့် သမီးလေးမေမေကြောင့် ထင်တယ်၊ စံက မင်းအဓိပတိဆိုတဲ့ကောင်လေးကိုပဲ သမက်ရွေးထား မှာပေါ့လေ'

'ဒါကောင့်နှာခံမည့်ကို ထည့်မပြော ဦးပါနဲ့ မာမီရာ၊ ကျွန်တော် အခုပဲ သွားသတ်မိတော့မယ်'

အဓိပတိအတွက်လည်း သုန္ဒရီ စိတ်ပူရသည်။ ဖေဖေ့ဆီ ပြန် ချင်နေ၏။ ကံသာ့ကြောင့် အပြုံးလေးနှင့် ထိုင်နေရတာပါ။ ခဏကြာ တော့ အန်ကယ်နောင်လတ်ထံ ဖေဖေက ဖုန်းဆက်သည်။

'မင်း စကားကိုကြည့်ပြောပါ ကိုကိုညို၊ မင်းသမီးက အခု ငါ့အိမ်ထဲကို ဝင်ထွက်မှုးတာလား၊ ငါ့သားအိပ်ခန်းထဲတောင် ဝင်နေ တယ်ကွာ'

'ဒက်ဒီ… ဘာပြောတာလဲ'

'ကံသာ… မင်း သုန္ဒရီ့ကို ညင်ညင်သာသာဆက်ဆံပါ။ မကြမ်းတမ်းပါနဲ့၊ သမီးလေးသုန္ဒရီကလည်း ကြိုက်နှစ်သက်မှာမဟုတ် ဘူး'





'ကိုနောင် ပြောစမ်းပါ၊ သူ့သမီးအသက်မပြည့်သေးလို့ တစ်ခုခု ဖြစ်ရင် သက်ဆိုင်ရာကို တိုင်မယ်တဲ့လား'

'ဘာပြောတယ် မာမီ'

'ဒက်ဒီ့စကားကို နားထောင်ပါ ကံသာ၊ ပြဿနာဖြစ်အောင် လုပ်ပါနဲ့၊ သုန္ဒရီ သမီးကပဲ ပြဿနာပြေလည်အောင် ဆုံးဖြတ်ပါ'

'ဟုတ်ကဲ့'

ကိုကိုညိုက မိမိကို ပညာပြတော့မယ်ဆိုတာ မိမိသိသည်။ သူမှာကိုကို ဟိုကောင်လေး မင်းအဓိပတိအား လွှဲအပ်နေ၏။ သားသိရင် လွယ်ဘူး။ ငွေကြေးကိစ္စတွေအတွက် သူကိုယ်တိုင် ရင်ဆိုင်ဖို့ ဆုံး ဖြတ်ထားပုံပင်။

စောင့်ကြည့်လိုက်စမ်းပါ ကိုကိုညို။ မင်းတို့ရဲ့သမီး ရွှေသုန္ဒရီ ငါ့သားကံသာရဲ့ ဇနီးမယားပဲ ဖြစ်စေရမယ်။ သား ဒေါသနှင့်စွတ်လုပ် ၍ မဖြစ်ဘူး။ ဦးနောင်လတ် ထိန်းချုပ်ထားမိုက်သည်။

'သုန္ဒရီ'

'ဟင်'

'နင် ဘယ်လိုဆုံးဖြတ်မှာလဲ၊ ငါ့ကို လက်ထပ်မယ်မဟုတ်လား'

'အင်း'

'ဒါဆို အခုပဲ တရားရုံးမှာသွားပြီး လက်ထပ်ကြမယ်'



www.burmeseclassic.com

www.burmeseclassic.com



'အို'

သူမလက်လေးကို ဆုပ်ကိုင်ဆွဲယူလိုက်၍ သူမ ထိတ်လန့်တကြား ရုန်းဖယ်မိသဖြင့် ကံသာ ဒေါသတကြီး တွန်းပစ်သည်။

'သာ၊ ဘယ်လိုလုပ်လိုက်တာလဲကွယ်၊ ဒီလိုမကြမ်းနဲ့လေ'

'သူလည်း ဟန်ဆောင်နေတာပဲ မာမီ၊ မလွဲသာမရှောင်သာလို့ သားကို အလိုက်အထိုက်ဆက်ဆံနေတာပဲ၊ သူချစ်နေတာ ဟိုကောင်ပဲ။ ကောင်းပြီ သုန္ဒရီ၊ မင်းအမေကို ထောင်ထဲပို့ပစ်မယ်၊ တစ်ပတ်အတွင်း အဖြေပေးပါ၊ မင်းပြန်တော့'

'ကံသာ အဲ့ဒီလိုမလုပ်ပါနဲ့နော်၊ ကံသာဆန္ဒရှိရင် အခုပဲ လက်မှတ်ထိုးပါ့မယ်'

'သုန္ဒရီ… သမီးပြန်တော့၊ ညည်းအသက်မပြည့်သေးလို့ အုပ်ထိန်းသူသဘောတူညီဖို့ လိုအပ်တယ်၊ သမီးဖေဖေနဲ့မေမေကို ကံသာ့ကို ချစ်ပါတယ်၊ လက်ထပ်ခွင့်ပြုပါလို့ တောင်းဆိုပါ'

'ဟုတ်ကဲ့ပါ အန်ကယ်နောင်း စိတ်ချပါ၊ သုန္ဒရီ ဖျောင်းဖျပါ့မယ်၊ ပြီးတော့လေ ကံသာနဲ့သမီး လက်ထပ်ဖြစ်အောင် ကြိုးစားပါ့မယ်'

ကံသာ့ကို ဖျောင်းဖျချော့မော့ပြီး အန်ကယ်နောင်လတ်နှင့် အန်တီသွေး ထွက်သွားသည်။ သူမတစ်ယောက်တည်း ကံသာနှင့် အတူမနေရဲတော့သဖြင့် ပြန်ဖို့ပြင်လိုက်စဉ် ကံသာ့လက်က သူမလက်လေးအား ဆုပ်ကိုင်လိုက်သည်။





'မင်း ဟန်ဆောင်နေတာပဲ သုန္ဒရီ၊ မင်းမှာ ဘာအကြံအစည်တွေ ရှိနေတာလဲ ပြောစမ်းပါ'

'ကံသာရယ် ငါကတိပေးပါတယ်ဟာ၊ တစ်နေ့နေ့ ငါတို့အသက်တွေပြည့်တဲ့အခါ နှင်နဲ့လက်ထပ်မယ်၊ ယုံပါ၊ စေ့စပ်ထားဖို့ သည်း ငါသဘောတူပါတယ်'

ကံသာ မယုံဘူး။ သုန္ဒရီမျက်ဝန်းတွေက သူ့ကို စက်ဆုပ်ရွံရှာနေသလိုပဲ။ နှင် ငယ်ငယ်လေးကတည်းက ငါ့ကိုမချစ်ခဲ့ဘူး။ သံယောဇဉ်သည်း မရှိဘူး။ နိုပ်စက်ဖို့ပဲ လုပ်နေခဲ့တာ။ နှင့်ကိုတော့ ဘယ်လိုနည်းနဲ့မှ လက်လွှတ်မခံဘူး သုန္ဒရီ။

'ကံသာ လွှတ်ပါဟာ၊ လောလောဆယ် ငါတို့က လက်ထပ်သင့်တဲ့အရွယ်တွေလည်း မဟုတ်ဘူး၊ စေ့စပ်ပြီးရင် နှင့်အနားမှာ ငါ အမြဲတမ်းရှိနေမှာပဲဟာ'

'မယုံဘူး'

'ငါ ဘယ်လိုသက်သေပြရမလဲ ကံသာ'

'သက်သေ'

'အင်း'

'နှင့်ကိုနမ်းမယ်၊ ဘယ်လိုလဲ၊ မရုန်းမဖယ်ဘဲ ကြည်ကြည်ဖြူဖြူ သက်ခံလေ… ဘယ်လိုလဲ'



www.burmeseclassic.com

www.burmeseclassic.com



သူမခန္ဓာကိုယ်လေး ကျင်စက်နှင့်တို့လိုက်သလို အေးစက်နာ ကျင်တောင့်တင်းသွားရသည်။ နှင်တော်တော် ယုတ်မာပက်စက်တာပဲ ကံသာ။ မုန်းတယ်… သူမ အပြုံးတော့မပျက်ခဲ့။ နမ်းလေ… နှင်လုပ် ချင်သလို လုပ်ပါ။ ငါက နှင့်ကို မလွဲမသွေလက်ထပ်ရမယ့် မိန်းမပဲ ဟာ။ သူမ မျက်နှာလေးကိုမော့၍ ကံသာနမ်းရန် အသင့်အနေအား ဖြစ်နေစေသည်။

'ဘာလဲ နှင်က သက်သေပြမယ်ပေါ့လေ၊ နမ်းတာကို လက်ခံ သဘောတူတယ်လား'

နှင့်မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ၊ နာကျည်းမုန်းတီးမှုတွေ ပြည့်နှက်နေတယ် သုန္ဒရီ။ ငါ ဓါးသအဖြစ်ရဆုံးပဲ။ နှင့်ခန္ဓာကိုယ်တစ်ခု လုံးကို ငါ့လက်တွေနဲ့ အမှုန့်ဖြစ်သွားအောင် ဆုပ်ချေပစ်ချင်တယ်။ သူ့မျက်နှာက သုန္ဒရီ့မျက်နှာနား တဖြည်းဖြည်းတိုးကပ်သွားသည်။

'နှင်တကယ်ပဲ ငါ့အနမ်းခံတော့မှာပါလား သုန္ဒရီ၊ ဒါပေမဲ့ နှင့်အသားတွေ တဆတ်ဆတ်တုန်နေတယ်၊ မျက်ရည်တွေက နှင့်ပါးပြင် ပေါ်မှာ လိမ့်ဆင်းကျနေတယ်၊ ငါ့အနမ်းကို ရင်သိမ့်တုန်ခံစားမှု တစ်စက်ကလေးတောင် မရှိဘူး… သွားစမ်းဟာ'

'အမ်လေး'

'ဝှန်း'





ကံသာက ဓါးသတကြီး ဆောင့်တွန်းပစ်လိုက်သဖြင့် သုန္ဒရီ့ ယ်လေး ကြမ်းပြင်ပေါ် ပြုတ်ကျသွားလေသည်။

'သား… ဘယ်လိုလုပ်လိုက်တာလဲ၊ မင်းဓါးသကိုထိန်းဖို့ ဒီပြောထားတယ်လေ'

သူမ ရှက်တရက်မထနိုင်။ အန်ကယ်နှောင်လတ် တွဲထူမပေးရ ည်။ အယုတ်တမာကောင် ရိုင်းစိုင်းလွန်းတယ်။ ငါ့အဖေကြောင့် ကို သည်းခံနေတာဟဲ့။ သုန္ဒရီ ပြန်ထသည်။

'သုန္ဒရီ ပြန်တော့မယ် အန်ကယ်၊ တစ်ပတ်စဉ်းစားပါ့မယ်၊ ရီ တစ်ခုလောက် တောင်းဆိုချင်တာက အန်ကယ့်သားကို သုန္ဒရီ လာဖို့ တားဆီးပေးပါ'

'သမီးလေးကို တောင်းပန်ပါတယ်ကွယ်၊ သားက အရမ်းချစ် းတော့ ပေါက်ကွဲနေရတာပါ၊ စာမေးပွဲကလည်းကျတယ်၊ ဒါပေမဲ့ ာရေးက အဓိကမဟုတ်ပါဘူး၊ သားကို သူ့ဒက်ဒီကုမ္ပဏီလွှဲတော့ ယ်၊ သုန်လေးလည်း ကူညီပါ၊ စီးပွားရေးပဲ လုပ်ကြတော့'

'ဟုတ်ကဲ့ပါ'

'ကလေးရယ် နာသွားသေးလား၊ သားကြောင့်ခက်ပါတယ်လေ၊ းကိုပဲ မကြာခဏ တောင်းပန်နေရတယ်၊ အန်တီသွေးတို့ လက်ပေါ် ကြီးပြင်းလာတဲ့ သမီးလေးမို့ သမီးအရင်းလေးလိုပဲ ချစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ကံသာ့လို ယောက်ျားတစ်ယောက်ကို လက်ထပ်ဖို့ဆိုတာ နက်ရှိုင်းတဲ့ ချောက်ကမ်းပါးအောက် ပြုတ်ကျသွားသလိုပါပဲ။ ကြမ်းကြမ်းတမ်းတမ်း ပြုမူတတ်တဲ့ကံသာ။ အမြဲတမ်း အနိုင်ကျင့်ဗိုလ်ကျမှုတွေနှင့် အရက်စက်ကြီး ရက်စက်မှာတော့ သေချာနေသည်။

သူမပြန်ဖို့အတွက် ယဉ်ကျေးစွာ နှုတ်ဆက်လိုက်၏။ ကံကြမ္မာတွေ မပြောင်းလဲနိုင်တော့ဘူးလို့ပင် သူမ တွေးနေမိသည်။

'သမီးလေး ဘာဖြစ်လို့ နောက်ကျနေတာလဲကွယ်၊ ဖေဖေ စိတ်ပူလိုက်တာ၊ သမီးလေး အစော်ကားခံရသေးလား'

'ဟင့်အင်း'

'ဖေဖေသိပါတယ်ကွယ်၊ သမီးက အတွမကြီးဘူး၊ မိသားစုအတွက်အနစ်နာခံနေတာပါ၊ ဖေဖေ သမီးလေးကို ဘယ်လိုစောင့်ရှောက်ပေးရမှန်းတောင် မသိတော့ပါဘူး'

ဦးကိုကိုညို စိတ်တွေပူရလွန်း၍ မောပန်းနွမ်းနယ်နေသည်။ သမီးလေးလက်ကို ဆုပ်ကိုင်လိုက်တော့ အား...ဟု နာကျင်စွာ အော်လိုက်၏။ ဘာဖြစ်တာလဲဟု ကြည့်လိုက်တော့ သမီးလေးလက်မောင်းလေးမှာ အညိုအမည်းတွေ စွဲနေသည်။

'သမီးလေးလက်က ဘာဖြစ်တာလဲ၊ ဟိုကောင်ရိုက်လိုက်တာလား'





'မဟုတ်ပါဘူး ဖေဖေရယ်၊ သူ့နှရီ ချော်လဲတာပါ၊ အိမ်ပြန်ချင်နေလို့လေ'

ဦးကိုကိုညို သမီးကို စိုးရိမ်တကြီး ပွေ့ဖက်ထားမိသည်။ သူ့အတွက် သမီးဘဝ အဆုံးရှုံးမခံပါနဲ့။ ဦးနောင်လတ်ရဲ့သားဘာ့လက်ထဲ သမီးကို လုံးဝ အထိခိုက်မခံနိုင်တော့ဘူး။

ဖေဖေတာဝန်ယူပါတယ် သမီးလေးရယ်။ လုံးဝကို ကာကွယ်စောင့်ရှောက်ပေးပါ့မယ်။ ဦးကိုကိုညို အံသွားတွေကို တင်းကြပ်စွာကြိတ်ထားမိသည်။

☺



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

'ဦးနောင်လတ် ... အရာရာ ကျွန်တော့်အမှားတွေပဲဖြစ်နေလို့ သမီးနဲ့မိန်းရဲ့ ဆန္ဒအတိုင်းပဲ ဆုံးဖြတ်ရပါမယ်၊ ကံသာနဲ့သမီးကို လက် ထပ်ပေးလို့မဖြစ်ပါဘူး၊ ကျွန်တော့်ကို ဦးနောင်လတ် နှစ်သက်သဘော ကျသလိုသာ လုပ်ပါ'

'မင်း ဘယ်လိုပြောလိုက်တာလဲ ကိုကိုညို၊ မင်းက ငါမလုပ်ဘူး ထင်လို့လား၊ မင်း ကျေးဇူးကန်းတာလား'

'ကျွန်တော့်စီးပွားရေးလုပ်ငန်းတွေအားလုံး မောင်မင်းအဓိပတိက လွှဲပြောင်းယူသွားပါပြီ၊ အစ်ကိုကြီးဆီက ယူထားတဲ့ငွေကြေးတွေ အတွက် ကျွန်တော် ပြန်ပေးဆပ်ပါ့မယ်'

'ဘာကွ ... ရှယ်ယာတွေက ဒီအတိုင်း ပြန်အမ်းလို့ရမလား'

'ကျွန်တော့်ကို တရားဥပဒေအတိုင်း အစ်ကိုကြီးသဘောကျ အတိုင်း လုပ်ပါ၊ ကျွန်တော့်သမီးကို လုံးဝအထိခိုက်မခံနိုင်တော့ဘူး'





'သုန္ဒရီနဲ့ တွေ့မယ်၊ ဒီကလေးမဆန္ဒကို မေးရမယ်၊ သမီးလေး က သားကို နှစ်သက်ပါတယ်၊ သုန္ဒရီကိုယ်တိုင်က လက်ထပ်ပါမယ် လို့ ကတိပေးထားတယ်'

'သမီးဆန္ဒကို ကျွန်တော်အသိဆုံးပါ အစ်ကိုကြီး၊ မဖြစ်နိုင်ပါ ဘူး။ ကျွန်တော့်ကို အကာအကွယ်ပေးချင်လို့ လက်ခံတာပါ၊ စိတ်က လုံးဝလက်မခံဘူး၊ အစ်ကိုကြီးသား ဒုက္ခရောက်လိမ့်မယ်'

'တောက်'

ဦးနောင်လတ်တို့မိသားစု ဒေါသတွေ ပေါက်ကွဲကုန်ကြသည်။ ကံသာက အဆိုးဆုံးပင်။

သုန္ဒရီကို လုံးဝလက်လွှတ်မခံနိုင်ပေ။ သူ ဘယ်လောက်အထိ စိတ်နာခံပြီး အနီးကပ်စောင့်ရှောက်ခဲ့ရလဲ။ ဒီလို လွယ်လွယ်လေးနဲ့ လွှတ်သွားလို့ ဘယ်ရမလဲ။

'သား ... စိတ်လျှော့လိုက်၊ သူတို့သမီးက အသက်မပြည့်သေး ဘူး၊ ဘယ်လိုလဲ သွေး၊ ကိုကိုညိုကို ထောင်ထဲပို့လိုက်ရမလား'

'ဒက်ဒီ မလုပ်နဲ့ဦး၊ သားက သုန္ဒရီကို ရအောင်ယူမယ်၊ ခဏစောင့်နေပေါ့၊ ကံသာ့အကြောင်း ကောင်းကောင်းပြရအေးတာပေါ့'

'ဟုတ်တယ် ကိုနောင် ... ခဏလေးစောင့်ကြည့်နေပါ၊ ခင်းတို့ သားစု ပြားပြားဝပ်သွားအောင်ကို နှိပ်ကွပ်ပစ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ကံသာကတော့ အပေါက်ကွဲဆုံးပင်။ ရွှေသုန္ဒရီ… နင့်ဘ
တစ်ခုလုံး စုတ်ပြတ်သတ်သွားစေရမယ်။ ကံသာ့ကို ဒီလိုလု
ရမလား။

သူ့အချစ်တွေက အမုန်းတွေအဖြစ်ပြောင်းလဲသွားကာ ဖြင်
စွာ ဒေါသမုန်တိုင်းတွေ ထန်လာသည်။

'သားကိုလည်း ဒက်ဒီ့ကုမ္ပဏီကြီး လွှဲပေးပါ၊ အဓိပတိ
ကောင်ကို တိုက်ထုတ်ပစ်ရမယ်'

'သားဆန္ဒရှိတာကောင်းတယ်၊ ဒက်ဒီနဲ့ လိုက်သင်'

'ဘာသင်စရာလိုလဲဒက်ဒီ၊ အဓိပတိလိုကောင်တောင် အ
ကြီး လုပ်နေပြီပဲ'

'ဒက်ဒီထင်တာတော့ ဒီကောင်က ဟန်ပြပဲဖြစ်မယ်ထင်တ
ကိုကိုညို့လှည့်ကွက်ပဲ၊ တောက်… ဒက်ဒီလည်း တစ်ခုခုတော့ လု
ရမယ်'

ကံသာ ဘာဆက်လုပ်ရမလဲ။ သုန္ဒရီ့ကိုတော့ လွယ်လွယ်
အလျှော့မပေးလိုပေ။ သုန္ဒရီတို့ခြံတံခါးက ကံသာ့ကို ဖွင့်ပေးတော့
မပ ်။ နာကျည်းတယ်။

မင်းအဓိပတိလိုကောင်ကြောင့် နင် ပြောင်းလဲသွားတာ
အခံရအခက်ဆုံးပဲ ရွှေသုန္ဒရီ။ လောလောဆယ် ဒေါသကို ထိန်းချု





ထားမှ ဖြစ်မည်။ ကံသာ စိတ်ဇာတိလျှော့၍ သုန္ဒရီ့ထံ ဖုန်းဆက်လိုက်
လေသည်။

'သုန္ဒရီ…'

'ဟင်… ကံသာ'

'ဘာတွေလုပ်နေလဲ၊ ငါတွေ့ချင်တယ်၊ အပြင်ထွက်ခဲ့ပါဟာ၊
ထောလေးပါ၊ နင် အဲ့ဒီလောက်ကြီး ငါ့အပေါ် မစိမ်းပါနဲ့'

'ကံသာ…' နင် ဘာပြောမလို့လဲ၊ သုန္ဒရီလည်း နင့်ကိုတွေ့
ချင်တယ်၊ အန်ကယ်နောင့်ကို စိတ်လိုက်မာန်ပါမလုပ်ဖို့ ပြောထား
ပေးပါ'

'နင့်အပေါ်မှာ မှုတည်နေတယ် သုန္ဒရီ၊ တွေ့ကြမယ်၊ ငါလည်း
တောင်းပန်ပါတယ်၊ နင့်ကို ကြမ်းကြမ်းတမ်းတမ်း မဆက်ဆံတော့ပါ
ဘူးနော်၊ အရမ်းချစ်လို့ပါ'

'ငါသိပါတယ်၊ လောလောဆယ်တော့ မေမေက အလွှတ်
မပေးဘူး၊ သူနဲ့မှ အပြင်ထွက်ရမယ်တဲ့၊ ညနေလောက်တွေ့မယ်လေ၊
နင်တို့အိမ် လာခဲ့မယ်၊ ဒေါသတွေကို ထိန်းချုပ်ပါ ကံသာ'

'OK စောင့်နေမယ်၊ နင့်ကိုအရမ်းချစ်တယ်၊ မြတ်နိုးတယ်၊
နင်က ငါ့သံယောဇဉ်အတွယ် ာရဆုံး မိန်းကလေးပါ၊ ငါ့ပေါက်ကွဲမှု
အတွက် နင်နားလည်ပေးပါ သုန္ဒရီ'



www.burmeseclassic.com

www.burmeseclassic.com



'အင်းပါ'

'ညနေဆက်ဆက်နော်'

'စိတ်ချ'

သူမ ဖုန်းပြောပြီး စိတ်တွေမောပန်းလေးလံစွာ အိပ်ရာပေါ် ပျော့ခွေလဲကျသွားလေသည်။ ဖုန်းလည်း သုနှရီလက်ထဲကနေ ပြုတ်ကျသွား၏။

ဖေဖေ ဘယ်လိုပဲဆုံးဖြတ်ပါစေ သုနှရီ ဥပေက္ခာမပြုနိုင်ပါဘူး။ ဖေဖေ့ကို ကယ်တင်ရမယ်။

ကံသာတို့မိသားစုက အရမ်းကို ကြောက်စရာကောင်းတယ်။ ဖေဖေဟာတော့ သူတာဝန်မဲ့မှုအတွက် သူတစ်ယောက်တည်း ခံမယ်တဲ့။ သမီးလက်မခံဘူး။ ဖေဖေ့မေတ္တာ စေတနာတွေကို သမီး နားလည်ထားပါပြီ။

ဖေဖေ အရှက်တကွဲ ဂုဏ်သိက္ခာမဲ့ရမယ့်အဖြစ်တွေ ရင်မဆိုင်စေရပါဘူးနော်။

သုနှရီ သတ္တိ တွေမွေးရသည်။ မေမေက မျက်ခြည်မပြတ်။ ကံသာနှင့် ဘယ်လို အကြောင်းပြပြ သွားမတွေ့ဖို့ အတင်းအကြပ်မှာထား၍ သုနှရီ ငြိမ်ပြီနေရ၏။

ဒေါ်ဒေါ်ထားလည်း ဈေးဝယ်ဖို့ ထွက်သွားသဖြင့် သုနှရီ အပြင်ထွက်လာခဲ့သည်။



'မင်းဘယ်သွားမလို့လဲ သုနှရီ'

'အဓိပတိ'

'ကံသာနဲ့သွားတွေ့မလို့လား'

'ငါ ဆုံးဖြတ်ပြီးပြီ အဓိပတိ၊ ဖေဖေ့ကို ပြဿနာရှာမှာတော့ ငါအကာအကွယ်ပေးရမယ်'

'မသွားနဲ့၊ ငါ့စကားကို နားထောင်ပါ သုနှရီ၊ နင် ဒုက္ခရောက်လိမ့်မယ်၊ လုံးဝမသွားပါနဲ့'

'ဘာလဲ အဓိပတိ၊ ငါ့အဖေကို ထောင်ထဲသွားခိုင်းမလို့လား၊ အိုဒီအခြေနေမျိုး ငါ လုံးဝမဖန်တီးနိုင်ဘူး၊ မတားပါနဲ့၊ ငါ ဘာမှမဖြစ်သေးဘဲ မေမေ့ဆီ အကြောင်းမကြားဖို့ ငါ တောင်းပန်ပါတယ်'

အဓိပတိရယ် နင့်ကိုမြင်ရရင် ငါ ငိုချင်တယ်။ တွေဝေတယ်။ ကံသာ့ဆီသွားရမှာလည်း ငါအရမ်းကြောက်နေတယ်။ နင့်ရင်ခွင်ထဲမှာပဲ ပုန်းခိုနေချင်ပါတယ်ဟယ်။

သူမ မျက်ရည်တွေ ပြည့်တက်မလာစေရန် တင်းထားရင်း ဘာခံစားချက်မှ မရှိသလိုလို နှုတ်ခမ်းလေးပေါ်မှာ အပြုံးတွေပင် တင်ထားသေးသည်။

'သုနှရီ...နင် ဟန်ဆောင်မနေစမ်းပါနဲ့၊ အချိန်တွေရှိပါသေးတယ်၊ သူတို့ဘက်ကလည်း အရမ်းလုပ်မှာမဟုတ်ပါဘူး၊ နင်



www.burmeseclassic.com

www.burmeseclassic.com



သာ တစ်ခုခုဖြစ်သွားရင် အန်ကယ်ညို သေလိမ့်မယ်၊ အန်တီ ရူးလိမ့်မယ်'

'နင် ဖျောင်းဖျပေးပါ၊ ကံသာက ငါ့ကိုချစ်ပါတယ်၊ သူ ပေါက်ကွဲနေတာပါ၊ သူ့ဘက်ကနေ ငါ နားလည်ခံစားပေးနိုင်တယ်'

'နင်ကရော'

'ဘာလဲ'

'ကံသာ့ကို နင်မချစ်ပါဘူး၊ ချစ်တယ်လို့ မဖြေနဲ့၊ ငါမကြားချင်ဘူး'

'မေးတာက နင်လေ၊ မကြားချင်လို့တော့မရဘူး၊ ငါ ပြတ်ပြတ်သားသားပဲ ဖြေရလိမ့်မယ်၊ ကံသာ့ကို ငါ ချစ်နိုင်တယ်'

'ဘာပြောတယ်'

ချစ်နိုင်တယ်တဲ့။ နင်ရူးနေလား သုနှရီ။ အဓိပ္ပာယ်မရှိတာပဲ။ ကံသာ့ကိုချစ်ဖို့ နင်မကြိုးစားနဲ့။ နင့်ဘဝတစ်လျှောက်လုံး စိတ်ပြတ်သတ်သွားလိမ့်မယ်။ ငါ လက်မခံနိုင်ဘူး။ အန်ကယ်ညို့ကို ကယ်တင်ဖို့အတွက် ငါလည်း ကြိုးစားနေပါတယ်။

'ဘာချစ်နိုင်တာလဲ၊ နင့်ကို ငါ စိတ်မချဘူး၊ အိမ်မှာ ဘယ်သူမှ မရှိလို့ ငါပြန်လာခဲ့တာပဲ၊ နင် မသွားရဘူး သုနှရီ'

'သွားမယ်ဟာ၊ နင်ဖယ်၊ မသွားရင် ကံသာလိုက်လာလိမ့်မယ်၊





ဒါ့မိဘတွေကိုတော့ နင်ဖျောင်းဖျပေးပါ၊ အခုလောလောဆယ်လည်း ကံသာနဲ့ လက်ထပ်ရမှာမှ မဟုတ်တာပဲ အဓိပတိ ဖယ်ပါ'

'မဖယ်ဘူးဟာ'

'အဓိပတိနော်'

သုနှရီက အတင်းအကြပ်ပင် သူ့ကို တွန်းဖယ်ပြီး ထွက်သွားမည်ပြုနေသဖြင့် အဓိပတိသွဲ့ယူပွေ့ဖက်ထားလိုက်သည်။ သူမ ရုန်းဖယ်နေပေမယ့် သူ့လက်တွေက ကြိုးတစ်ချောင်းလို သူမခန္ဓာကိုယ်လေးအား တင်းတင်းတုပ်နှောင်ထားမိသည်။

'ကံသာ နင့်ကို ယုတ်မာလိမ့်မယ်၊ ဖျက်ဆီးပစ်လိမ့်မယ်'

'နင် လွှတ်လေ'

'သုနှရီ'

'ဟင်'

'နင့်ကိုချစ်တယ်'

'ဘာ'

'သုနှရီ့ကို ချစ်တယ်'

'အရူး'

သူမ ဖယ်ထုတ်ဖို့ ရုန်းကန်တွန်းဖယ်ရင်း နှစ်ယောက်သား လုံးထွေးကာ လဲပြိုကျမတတ်။ သုနှရီလည်း အင်အားတွေဖျော့တော့



www.burmeseclassic.com

www.burmeseclassic.com



ကာ အမိပတိရင်ခွင်ထဲမှာပဲ ငြိမ်သက်စွာနေချင်ပေမယ့် ကံသာ့ခေါ်သံတွေကို ကြောက်ရလေသည်။ အမိပတိကိုလည်း အထိမခံနိုင်ပါဘူး။ ကံသာက ကြောက်စရာကောင်းတယ်။ ရိုင်းစိုင်းတယ်။ မာနအရမ်းတက်နေသူ။

'ငါ့ကိုလွှတ်နော် အမိပတိ၊ ငါချစ်တာက ကံသာပဲ၊ နင့်ကို ခဏလေး သာယာမိတာ၊ ငါ့ဆန္ဒနဲ့ငါ ဆုံးဖြတ်တာလေ၊ တကယ်တမ်းတွေးကြည့်တော့ ကံသာနဲ့ငါက ငယ်ငယ်လေးကတည်းက အတူတူနေထိုင်ရင်း သံယောဇဉ်တွေ တွယ်ခဲ့ကြတာပါ၊ သူ့ ငါ့အပေါ် မယုတ်မာပါဘူး၊ ကံသာ့ကို ယုံတယ်'

'နင် အပိုတွေလျှောက်ပြောမနေနဲ့ သုန္ဒရီ၊ သွားချင်ရင် အနံ့တိစ်ရဲ့ သဘောတူညီမှုကို ရယူလိုက်၊ ငါဖုန်းဆက်ပြောမယ်'

'နင် တော်တော်လေး ပွဲလန့်တုန်း ဖျာခင်းချင်နေတာပါလား အမိပတိ၊ ဖုန်းဆက်ပြောလေ၊ ဘယ်လိုပဲဖြစ်ဖြစ် ငါကတော့ ကံသာ့ကိုပဲ ရွေးချယ်မယ်၊ နင့်အပေါ် ခဏတဖြုတ်လေး သာယာသွားမိတာ၊ ငါရွေးချယ်မှာက ကံသာပဲ'

သူမ တွန်းဖယ်၍ အမိပတိအား တင်းတင်းမာမာကြည့်ပြောပစ်သည်။ ကံသာရောက်လာတော့မယ်။ အမိပတိနဲ့ နှစ်ယောက်တည်းသာတွေ့သွားရင် အသေပဲ။ ငါ့ကြောင့် နင်ဒုက္ခရောက်ရလိမ့်မယ် အမိပတိရယ်။





'ငါသွားရလိမ့်မယ်၊ နင် ပြောချင်ပြောလေ၊ ဒါပေမဲ့ ငါ့ကို အတင်းအကြပ်တားနေရင် ငါက ကံသာခေါ်တဲ့နောက် တစ်ခါတည်း လိုက်သွားမှာပဲ'

'သုန္ဒရီ'

'သွားပြီ... ကျေးဇူးပြုပြီး ဖေဖေနဲ့ မေမေ့ကို ဖျောင်းဖျပေးပါ အမိပတိ၊ တောင်းဆိုတာပါဟာ'

သူမ ချာခနဲလှည့်ပြီး တိုက်ကြီးထဲမှ ပြေးထွက်လာမိသည်။ မျက်ရည်တွေ မကျစမ်းပါနဲ့ သုန္ဒရီ။ နင်ပြတ်ပြတ်သားသား လုပ်စမ်းပါ။

ကံကြမ္မာတွေက ပြောင်းမှမပြောင်းလဲခဲ့တာပဲ။ ရင်ဆိုင်လိုက်တော့။ သူမ ခြံပြင်ရောက်တော့ ကံသာက ကားနှင့် ခြံဝမှာ ရပ်စောင့်နေသည်။

'နင်လာလို့နော် သုန္ဒရီ၊ ငါ့စိတ်ကွေကလေ ပိတ်ထားတဲ့ ခြံတံခါးကြီးကို ကားနဲ့တိုက်ဖွင့်တော့မလို့'

'ကံသာရယ်'

'နင်တို့တိုက်ထဲမှာ ဟိုကောင်ရှိနေလား၊ နင်တို့ကို လွှတ်ပေးထားတာမဟုတ်လား သုန္ဒရီ'

'ဘယ်သူမှမရှိပါဘူး ကံသာ၊ သွားကြစို့နော်'



www.burmeseclassic.com

www.burmeseclassic.com



'နေဦး'

'ဘာလုပ်ဦးမလို့လဲ'

'နင် ဘာဖြစ်လို့ ကြောက်နေရတာလဲ၊ နင့်အိမ်မှာ ဘယ်သူမှ မရှိဘူးဆို၊ အထဲမှာ ဝင်စကားပြောကြမယ် လာ'

'မေမေပြန်လာလိမ့်မယ် ကံသာ၊ နင်တို့တိုက်ပဲသွားမယ်'

'အထဲဝင်မယ်ဟာ၊ နင် အရမ်းမျက်နှာပျက်နေတယ်၊ တစ်ခုခုပဲ ဘာဖြစ်လို့ ထိတ်ထိတ်ပြာပြာဖြစ်နေရကာလဲ'

ကံသာက သူမလက်ကိုဆွဲပြီး ခြံထဲဝင်သည်။ အမိပတိက ခြံထဲမှာ ရပ်နေ၏။

ကံသာက ကားကို အမိပတိဆီ ဦးတည်ပြီး မောင်းသွားသဖြင့် သုန္ဒရီ ကြောက်လန့်တကြား အော်ဟစ်၍ မလုပ်ဖို့ တားဆီးမိသွားသည်။

'မလုပ်ပါနဲ့ ကံသာ၊ အား... မလုပ်ပါနဲ့ ရပ်လိုက်ပါ'

အမိပတိကတော့ မဖယ်ဘဲရပ်နေသည်။ ကံသာ ကားပေါ်ကနေ ဆင်းလာ၏။ သူ ရင်ဆိုင်ပစ်သည်။

'ခွပ်'

'ခွပ်'

ကံသာ့လက်သီးက သူ့မျက်နှာဆီ နှစ်ချက်တိုးဝင်ပြီးသည်နှင့်





ော်ကားရမ်းကားလွန်းတဲ့ ကံသာ့မျက်နှာဆီ သူ့လက်သီးက အချက် ါင်းများစွာ ပိုးဝင်သွား၏။ အမိပတိကို လျှော့မတွက်နဲ့ ကံသာ။ ိုယ်ခံပညာတွေ သင်ထားတာ ကိုယ့်ကိုကိုယ် ကာကွယ်ဖို့ပဲ။

'ခွပ်... ခွပ်'

'ခွပ်... ခွပ်'

'အမိပတိ... မလုပ်နဲ့တော့၊ သုန္ဒရီ တောင်းပန်ပါတယ်၊ ်ပါ'

သူမအသံကြောင့် အမိပတိ တွေဝေသွားချိန်တွင် ကံသာက ာင့်ကန်ပစ်လိုက်၍ မြက်ခင်းပေါ်လဲကျသွားသဖြင့် သုန္ဒရီ ကား ါ်ကနေ ပြေးဆင်းလာပြီး ကံသာ့ကိုဆွဲလိုက်သည်။

'ဖယ်စမ်း သုန္ဒရီ၊ နင့်အကောင်ကိုထိလို့ တားဆီးတာလား၊ ... ဒီကောင့်ကို အသေသတ်ပစ်မယ်'

'အမိပတိ တိုက်ထဲဝင်ပါတော့ဟာ၊ တောင်းပန်ပါတယ်၊ သာက ငါ့ချစ်သူပါ'

အမိပတိ မြက်ခင်းပေါ်မှ လျင်မြန်စွာထ၍ ကံသာ့အား တရှိန် ် တိုက်ခိုက်တော့မည့်ဟန် ပြင်လိုက်ပြီးမှ သုန္ဒရီ့စကားကြောင့် ရှိန်က ရပ်တန့်သွားသည်။

'ဟော့ကောင် တွေ့လား၊ မင်းက ကောက်ရိုးပုံစောင့်တဲ့ခွေးပဲ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းစားလို့မရတော့ ဟောင်ပဲဟောင်နေတတ်တယ်၊ သုန္ဒရီဖြေတော့ မင်းကြားလား၊ ငါက သူချစ်သူတဲ့'

'မင်းလို မြေးခွေးလိုကောက်ကျစ်တဲ့ကောင်ကများ သုန္ဒရီကို မင်းချစ်ရင် သူ့ကို နာကျင်ထိခိုက်အောင် မင်းဘာဖြစ်လို့ ပြုမူနေရတာလဲ ကံသာ၊ ငါသတိပေးလိုက်မယ်၊ မင်းတို့ကို မနှောင့်ယှက်ဘူး၊ ဒါပေမဲ့ သုန္ဒရီကို ထိခိုက်နာကျင်အောင် မလုပ်ပါနဲ့'

'မင်းနဲ့ဘာဆိုင်လို့လဲ ဆရာကြီးဝင်လုပ်မနေနဲ့ မင်းအဓိပတိ သုန္ဒရီကို မထိခိုက်မနာကျင်စေချင်ရင် မင်းရှောင်နေပေးလေ၊ မင်းကြောင့် မင်းရောက်လာလို့ ပြဿနာတွေ ကြီးထွားလာတာကွ'

သုန္ဒရီ မင်းက အတီအလင်းပဲ ပြတ်ပြတ်သားသား ရွေးချယ်လိုက်ပြီလား၊ ဟုတ်တယ် ကံသာပြောသလိုပဲ။ မင်းကို မထိခိုက်မနာကျင်စေချင်ရင် ငါရှောင်ပေးရလိမ့်မယ်။ ဝင်မပါတာအကောင်းဆုံးပဲ။ မင်းမိသားစုကြောင့် မင်းရွေးချယ်တာပါ။

သူ တိုက်ထဲပြန်ဝင်လာခဲ့ သည်။ ကံသာ တောက်ခေါက်ချက်ကို ပြင်းပြင်းထန်ထန်ခေါက်ပြီး ကားကို တရှူးကြမ်းပြန်မောင်းထွက်သွားသည်။

အဓိပတိရင်တွေဟာ လာဟင်းလင်းကျန်ရစ်ခဲ့၏။ မင်း အခုလို အခက်အခဲဒုက္ခတွေ ပြဿနာတွေ ရင်ဆိုင်ကြုံတွေ့ရတာ ကိုယ်





ရောက်လာလို့လား။ ကိုယ်ရှောင်ပေးရင် ရမှာလား။ မင်းတစ်ယောက်တည်း ဘာဖြစ်လို့များ ကြောက်လန့်တကြား ရင်ဆိုင်ချင်ရတာလဲ။ သူ အခြေအနေတွေကိုတော့ အန်တီစံနဲ့ အန်ကယ်ညိုတို့ထံ တင်ပြ၍ ခေါင်းအေးအေးထားပြီး တိုင်ပင်ဆောင်ရွက်ဖို့ပဲ ဖျောင်းဖျပြောဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၉)

'ကံသာ… ကားကို အရှိန်လျှော့လိုက်ပါ၊ ဘာဖြစ်လို့ ဒေါသတွေ ပေါက်ကွဲနေရတာလဲ၊ သုန္ဒရီတို့ အေးအေးဆေးဆေးဆွေးနွေးမယ်၊ ကားကို ရပ်ပါ၊ ကံသာ ဘယ်ကိုမောင်းနေတာလဲ'

'နင့်ကို တစ်ခါတည်း ခိုးပြေးတော့မလို့ သုန္ဒရီ၊ သဘောတူတယ်မဟုတ်လား နင်ပဲ ချစ်သူဆို'

'မဟုတ်သေးဘူးလေ ကံသာ၊ ဘာဖြစ်လို့ ဒီလောက်အထိ အရေးတကြီးလုပ်နေရတာလဲ၊ သုန္ဒရီ တောင်းပန်ပါတယ်နော်'

သုန္ဒရီ အတင်းအကြပ်တောင်းပန်တော့မှ ကံသာက ကားအရှိန်ကို လျှော့ချပစ်သည်။ ပြီးတော့ လမ်းဘေးမှာ ထိုးရပ်လိုက်၏။ တကယ်တော့လည်း သုန္ဒရီကိုယ်တိုင် သူနှင့်အတူ ရောသေပစ်ချင်နေသည်။





'တို့နှစ်ယောက် တရားဝင်ဇာစေ့စပ်ကြမယ်လေ ကံသာ၊ စိတ်ချ နင့်ကိုပဲ လက်ထပ်မှာပါ၊ ပြဿနာတွေ ထပ်မဖြစ်အောင် ပြန်ကြ ရအောင်'

'နင်အပိုတွေလျှောက်ပြောမနေစမ်းပါနဲ့ သုန္ဒရီ၊ ဟိုကောင့် အတွက် နင်အရမ်းစိုးရိမ်နေတယ်မဟုတ်လား၊ နင် ကာကွယ်ပေးနေ တာ'

'အမိပတီက တို့ကိစ္စမှာ ဘာမှဝင်မပါပါဘူး ကံသာရယ်၊ အထင်လွဲနေတာပါ၊ အမိကက ငါပဲလေ'

'မထူးဘူးဟာ၊ တို့နှစ်ယောက် ထွက်ပြေးကြမယ်၊ လိုက်ခဲ့ ဟာ၊ နင့်ကို စိတ်မချတော့ဘူး၊ ဟိုကောင့်လက်ထဲ ပါသွားမှာ ကြောက်ရတယ်၊ သွားမယ်'

'နေပါဦး ကံသာရယ်၊ ဒီအခြေအနေအထိမှ မလိုအပ်တာပဲ၊ ပြန်ကြရအောင်နော်'

'နင် မာယာများမနေစမ်းပါနဲ့ သုန္ဒရီ၊ ဟိုကောင့်ကို နင်မချစ် ဘူးဆိုရင် ငါ့ဆန္ဒတွေကို နင် ဖြည့်ဆည်းပေးရမယ်'

ကံသာကတော့ သုန္ဒရီကို ဘယ်လိုမှ စိတ်မချနိုင်တော့။ အမိပတီဆိုတဲ့ကောင်လက်ထဲ ရောက်သွားနိုင်သည်။ မင်းကို လုယူမယ်။ မင်း ငါ့လက်ထဲပဲရောက်စေရမယ်။ ကံသာ ကားစက်ကို နှိုးပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကံသာ နင်ဘာလုပ်မလို့လဲ၊ ပြန်ကြရအောင်ဟယ်၊ ငါ [illegible] ပေးပါတယ်၊ ငါချစ်တာ နင်ပါ'

'နင် လိမ်နေတာ၊ ဟန်ဆောင်နေတာ၊ နင့်ကို မယုံဘူး [illegible] တယ်၊ ငါတို့နှစ်ယောက်လုံး လုံလုံခြုံခြုံပုန်းနေနိုင်တဲ့နေရာ ရှိ[illegible] သွားမယ်'

ဘာမှစဉ်းစားမနေတော့ဘဲ ကံသာ ကားကို ဆက်မောင်း[illegible] သည်။ နင် ငါ့အကြောင်း ကောင်းကောင်းသိစေရမယ် သုန္ဒ[illegible] အဓိပတိဆိုတဲ့ကောင်နဲ့ မကင်းနိုင်ဘူး။ သုန္ဒရီ အချိန်ဆွဲနေတာ[illegible] ကံသာ ထင်သည်။

'ကံသာ ဘာဖြစ်တာလဲ၊ ကားကိုရပ်ပါ၊ နင် မဟုတ်တာ[illegible] မလုပ်ပါနဲ့၊ ငါ တောင်းပန်ပါတယ်'

'နင် ဘာငြင်းနေတာလဲ သုန္ဒရီ၊ တို့နှစ်ယောက်က ချစ်သူ[illegible] အချစ်ရယ်'

သုန္ဒရီ လက်မခံနိုင်အောင် ဖြစ်သွားရသည်။ ကြောက်တ[illegible] ကံသာ့မျက်လုံးကြီးတွေက ကြောက်စရာကောင်းလောက်အောင် နီ[illegible] ၏။ သုန္ဒရီ သေပစ်ချင်သည်။

'နင် ငါ့ကိုချစ်တယ်ဆို၊ ဘာတွေကြောက်နေရတာလဲ၊ နင့်[illegible] အရမ်းချစ်ခဲ့တာ ကံသာပါ'



ကံသာ့လက်တွေက သူမပခုံးလေးပေါ် လာတင်သည်။ သုန္ဒရီ [illegible]လုပ်ရမလဲ။ ကားတံခါးကိုဖွင့်ပြီး ခုန်ချလိုက်ရမလား။ နင့်မျက်လုံး[illegible]တ မရိုးသားဘူး။

'နင်တစ်ခုခုဖြစ်သွားရင် နင့်မိဘတွေ သေမှာနော်၊ ကံသာနဲ့ [illegible]တွေ့ပါနဲ့ သုန္ဒရီ'

အဓိပတိပြောတဲ့စကားတွေကို ပြန်ကြားယောင်လာပြီး သူမ [illegible]င်တွေ ရမိသလိုပင်။ တကယ်တမ်းကျတော့ ကံသာ့ကို သုန္ဒရီ [illegible]ပေ။ ဖေဖေ့ကို ကယ်တင်ချင်လို့ပါ။ အမလေး… သုန္ဒရီ့ဘဝ [illegible]မ်နှစ်တော့မယ်ထင်တယ်။ ကံသာက ဘာစကားကိုမှ နား[illegible]င်တော့ဘဲ ကားကိုပဲ တရကြမ်းမောင်းနေလေသည်။

'နင် ဘာကြောက်နေတာလဲ သုန္ဒရီ၊ နင့်ဘဝ စုတ်ပြတ်သွားစေ[illegible]ယ်၊ နင့်ရင်ထဲမှာ အဓိပတိပဲရှိတာ ငါမသိဘူးများ ထင်နေလား သုန္ဒရီ'

ကံသာဆိုတဲ့ကောင်က ရက်စက်တော့မယ်ဆိုရင် ဘယ်သူနဲ့မှ [illegible]အောင် ရက်စက်ပြတတ်တယ်။ နင်တို့တစ်မိသားစုလုံး ကျေးဇူး[illegible]တယ်။ ဒီနေ့ အခွင့်အရေးပဲ။ ပြန်ပို့လိုက်ရင် နင့်ကို နောက်တစ်ခါ [illegible]တွေ့နိုင်ဖို့ မဖြစ်နိုင်တော့ဘူး။ ကံသာ အံသွားတွေကို တင်းကြပ်စွာ [illegible]ကိုက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကံသာ နင်အရှူးမထပါနဲ့၊ မေမေက မြေလှန်ရှာမှာ
ကားကို ပြန်ကွေ့ပါ'

'မရဘူး၊ နင့်အမေ ဘယ်လောက်အထိ မြေလှန်ရှာနိုင်
နင့်ကို တစ်ပတ်လောက်ပဲပေါင်းရရင် ကျေနပ်ပြီ'

ကံသာ့ကို ဘယ်လိုမှပြောဆိုဖျောင်းဖျလို့မရနိုင်ဘူးဆိုတာ သူ
သိလိုက်သည်။ ဘယ်လိုလုပ်ရမလဲ။ သူမလက်ထဲမှာ ဖုန်းလေး
ထားတာ သတိရသွား၏။ ကံသာကတော့ ကားကိုပဲအရှိန်မြင့်
မောင်းနေသည်။

'ရပ်ပါ ကံသာ၊ နင်သွားမယ့်နေရာကို ငါလိုက်ပါ့မယ်၊ ကား
အရှိန်လျှော့လိုက်ပါဦးနော်'

သုန္ဒရီ လေသံပျော့လေးနှင့် တောင်းပန်စကားပြောလိုက်သည်
ကံသာ့ကို ချော့မှဖြစ်မည်။ သူမလက်လေးထဲမှာ ကိုင်ထားတဲ့ ဖုန်း
ကို ဘယ်လိုခလုတ်နှိပ်ရမလဲ။ အကြံထုတ်နေမိ၏။ ကံသာ့နောက်
လိုက်သွားလို့မဖြစ်ဘူး။ ဒီကောင်က သုန္ဒရီဘဝကို ဖျက်ဆီးပစ်မှာ

'ကံသာ... တောင်းပန်ပါတယ်နော်၊ နင့်ကို ငါ လက်ထပ်
မယ်၊ နင်ယုံပါ၊ ကားအရှိန်ကို လျှော့ပစ်လိုက်ပါတော့'

သူမ အော်ဟစ်တောင်းပန်ရင်း ဖုန်းကို ဖွင့်လိုက်သည်။ ဖုန်း
သွားသည်နှင့် အဓိပတိဖုန်းနံပါတ်အား မသိမသာ နှိပ်ပစ်လိုက်





တော့၏။ သူမ ရင်ဆိုင်ကြုံတွေ့နေရတာတွေ အဓိပတိ ကြားစေရန်
ဖြစ်သည်။

'ကံသာ နင် ဘယ်သွားချင်တာလဲ၊ ငါလိုက်ပါ့မယ်ဟယ်၊
ကားအရှိန်ကို လျှော့ပေးပါ'

'နင့်ပါးစပ်ကို ပိတ်ထားစမ်းပါ သုန္ဒရီ၊ ငါက နင့်ကို ပျော်စရာ
ကမ္ဘာလေးတစ်ခုဆီ ခေါ်ဆောင်သွားမှာပါ'

'ဘယ်ကိုသွားမှာလဲဟင်'

'ငါတို့မိသားစုပိုင်တဲ့ ခြံရှိတယ်၊ တိုက်တစ်လုံးလည်း ရှိတယ်၊
အသုံးအဆောင်ပစ္စည်းတွေ အစုံအလင်ရှိတဲ့နေရာလေးပါ'

'နင့်စိတ်တွေကို လျှော့ပစ်လိုက်ပါ ကံသာရယ်၊ ငါလိုက်မှာပါ၊
ဒါပေမဲ့ ငါကြောက်နေတယ်၊ အခု ဘယ်ကိုရောက်နေတာလဲဟယ်'

အဓိပတိကြားစေရန် သုန္ဒရီ ရောက်နေတဲ့နေရာကို မေးလိုက်
သည်။

'မြို့ပြင်လေ... အင်းတကော်ဘက်မှာ အရမ်းကျယ်ဝန်းပြီး
လှပဝေဆာနေတဲ့ တောင်ကုန်းလေးတွေနဲ့ ခြံလေ'

'ဖြည်းဖြည်းပဲမောင်းပါဟယ်၊ နင့်နောက်ကို ငါလိုက်နေပြီပဲ၊
မဆူတော့ပါဘူးနော်'

'နင် အချိုသတ်နေတာမဟုတ်လား သုန္ဒရီ၊ ဘာအကြံတွေ
ထုတ်နေတာလဲ၊ ငါယုံမယ် ထင်နေလား'



www.burmeseclassic.com

www.burmeseclassic.com



'ပြီးရောဟာ၊ နင်ကြိုက်သလို မောင်းတော့၊ နင့်နောက်ကို ငါလိုက်မယ်၊ သေရင်လည်း အတူတူသေကြတာပေါ့'

အခုလောက်ဆိုရင်တော့ သုနန္ဒာ ဘယ်လိုရင်ဆိုင်နေရပြီဆိုတာ အဓိပတိ သိလောက်ပါပြီ။ ဒါပေမဲ့လည်း သက်ဆိုင်ရာကိုသော့ မတိုင်စေချင်ပေ။ ပြဿနာကြီးထွားလာမှာကို မလိုလားနိုင်အောင် ဖြစ်နေသည်။

'ဖေဖေနဲ့ မေမေကို ညှိနှိုင်းပြီး တို့ပြဿနာကို ဖြေရှင်းရအောင်ပါ ကံသာ၊ မကြီးထွားစေချင်လို့ပဲ၊ တို့မိသားစုဝင်တွေရဲ့ ဂုဏ်သိက္ခာတွေကို စောင့်ထိန်းကြရအောင်ဟယ်'

အဓိပတိကလည်း သူ့ဖုန်းမြည်လာ၍ ဖွင့်နားထောင်လိုက်တော့ သုနန္ဒာ့အသံ ဖြစ်နေ၍ ထိတ်လန့်တုန်လှုပ်သွားသည်။ အန်တီစံနှင့် အန်ကယ်ညိုတို့လည်း သမီးလိုက်သွားသည်ဆို၍ အမြန်ပြန်ရောက်လာကြ၏။ သုနန္ဒာ့ဖုန်းကို ပေးလိုက်သည်။

'ဘယ်လိုလုပ်ကြမလဲ ကိုညို၊ သမီးလေး ဒုက္ခရောက်တော့မယ် ဟိုကောင်ကံသာ ခေါ်သွားပြီ'

'ဒီခြံကို ကိုယ်သိတယ်၊ မင်း ဘာမှမပူနဲ့၊ ကိုယ်နဲ့အဓိပတိတို့ လိုက်သွားမယ်'

'စံလည်း လိုက်မယ်'





'စံနေခဲ့ပါကွာ၊ တစ်ခုခုအကြောင်းရှိလို့ ဖုန်းဆက်ရင် သက်ဆိုင်ရာကို အကြောင်းကြားနိုင်မယ်မဟုတ်လား နေခဲ့'

'အင်း··· အင်း စံနေခဲ့မယ်၊ အကျိုးအကြောင်း ဖုန်းဆက်နော် အမြန်ဆုံးလိုက်သွားပါ'

'စိတ်ချ၊ မင်း စိတ်အေးအေးထားပါ၊ ကိုယ့်သမီးလေး ဘာမှ မဖြစ်စေရဘူး၊ ကိုယ်တာဝန်ယူတယ်'

ဦးကိုကိုညိုနှင့် အဓိပတိတို့ ကားတစ်စီးနှင့် ထွက်လာခဲ့ကြသည်။ သမီးက သက်ဆိုင်ရာကို မတိုင်စေချင်တဲ့သဘောပင်။ ဖေဖေ့အတွက် သမီးလေး ဒီလောက်အထိ ကာကွယ်နေရလားကွယ်။ သမီးအသံလေးက တိတ်ဆိတ်သွားပြန်၏။ ခဏကြာတော့ ပြန်ပေါ်လာသည်။

'ကံသာ ဘယ်ကိုရောက်နေပြီလဲ ဟင်၊ နင်သွားမယ့်ခြံနားရောက်နေပြီလေ'

'သုနန္ဒာ'

'ဟင်'

'နင် အရမ်းသွေးအေးနေတာပါလား၊ ငါ့ကို တကယ်ပဲ ချစ်လို့လား၊ အကြံတစ်ခုခုနဲ့ ဟန်ဆောင်နေတာလား'

'နင်ဘာဖြစ်လို့များ ဒီလောက်အထိ မယုံမကြည်ဖြစ်နေရတာလဲ



www.burmeseclassic.com

www.burmeseclassic.com



ကံသာရယ်၊ ငါ လက်လျှော့လိုက်တာ၊ ငါလက်ထပ်ရမှာက တစ်နေ့နေ့ နင်ပဲ ဖြစ်လာမှာမို့ပါ'

ကံသာ့စိတ်ထဲမှာ သုန္ဒရီ ဒီလောက်အထိ အေးဆေးငြိမ်သက်သွားချ်၍ မသင်္ကာဖြစ်လာကာ သူမကို သေသေချာချာကြည့်လိုက်တော့ သူမလက်ထဲမှာ ဖုန်းကိုင်ထားတာကို တွေ့လိုက်ရသည်။

'ဒါဘာလဲ သုန္ဒရီ၊ နင့်အကြံက တော်တော်လေး ကြီးပါလား နင်က ဖုန်းဖွင့်ထားပြီး၊ ငါ့ကို အချိုသတ်နေတာပေါ့လေ၊ ပြစမ်း'

ကံသာက သူမလက်ထဲကဖုန်းကို အတင်းဆွဲယူလိုက်သည်။

'ဟိုကောင့်ဖုန်းနံပါတ်ပဲ၊ မိန်းမယုတ်မ... နင့်အကြံက ဒါပဲလား အခုလောက်ဆို ဟိုကောင်က ငါ့နောက်လိုက်လာနေလောက်ပြီ၊ ဟား ဟား ဟား ရမလား'

'ကံသာ... ငါ့ကို ပြန်ပို့ပေးပါ၊ နင်ပြဿနာမတက်အောင် နော်၊ ငါ ဘယ်လောက်ပဲ လက်ခံနေပါစေ ငါ့အမေက သည်းခံနေမှာ မဟုတ်ဘူး၊ အခုလောက်ဆိုရင် သက်ဆိုင်ရာကို တိုင်နေပြီ'

'တိတ်စမ်း၊ ကံသာ့ကို ဒီလိုလာခြိမ်းခြောက်လို့ မရဘူး'

'နင့်ကို ငါမုန်းတယ်၊ အရူးကောင်၊ နင့်လို အရိုင်းအစိုင်းကောင်ကို ငါ မချစ်ဘူး သိလား၊ ဘယ်တုန်းကမှ ငါ မချစ်ခဲ့ဘူး၊ နင့် အကျင့်စရိုက်တွေကို ငါ ရွံတယ်၊ မုန်းတယ်'





'ဖြန်း'

'အား'

သူမ အော်ဟစ်သံကိုပဲ ကြားရပြီး ဖုန်းက ပြုတ်ထွက်သွား လေသည်။ ကံသာက ဖုန်းကို ပွင့်ပစ်လိုက်ပုံပင်။ ဦးကိုကိုညို စိုးရိမ်စိတ်တွေကြောင့် နှလုံးတွေက တဆတ်ဆတ်တုန်ရီသွားရသော အသက်ရှူလို့ပင် မဝတော့။

'အန်ကယ်ညို သတိထားပါ၊ စိတ်မလှုပ်ရှားပါနဲ့ အန်ကယ်ညို့မှာ နှလုံးရောဂါနဲ့လေ'

'ဟိုကောင် သမီးလေးကို နှိပ်စက်နေပြီ အဓိပတိ၊ အန်ကယ် အရမ်းစိတ်ပူနေတယ်၊ ဒင်းက နှိပ်စက်နေတယ်'

'ဗျာ'

'ဖုန်းကိုမိသွားပြီ၊ အဲဒီနေရာကို သွားမှာမဟုတ်တော့ဘူး၊ နေရာ ပြောင်းမယ်ထင်တယ်၊ ဘယ်လိုလုပ်ကြမလဲကွာ'

အဓိပတိ ကားမောင်းနေရင်း သုန္ဒရီအတွက် စိတ်ပူသွားသည်။ ကားကို ဆက်မောင်း၍မရတော့။ အန်ကယ်ညိုလည်း အရမ်းတုန်ရင် မောဟိုက်နေ၏။ သူ ကားကို လမ်းဘေးမှာ ထိုးရပ်လိုက်သည်။

'ကျွန်တော်တို့ အန်တီစုံဆီ ဖုန်းဆက်မှ ဖြစ်မယ်၊ ဦးနောင်လွင် တို့ကို အသိပေးပါ အန်ကယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ မင်းအန်တီစံဆီ အကျိုးအကြောင်းဖုန်းဆက်ထား ပါ၊ နောက်ထပ်တစ်နာရီကြာလို့မှ ဖုန်းမရရင် သက်ဆိုင်ရာကို တိုင် တော့လို့'

'ဟုတ်ကဲ့'

ဦးကိုကိုညိုကတော့ ဦးနောင်လတ်ထံ ဖုန်းဆက်ပြီး အကျိုး အကြောင်းပြောပြကာ ကံသာသွားနိုင်မယ့်နေရာတွေကို မေးသည်။

'ကျွန်တော် ပြဿနာကို မကြီးထွားစေချင်ပါဘူး အစ်ကိုကြီး၊ ပြောပြပါ၊ ကံသာ ဘယ်သွားနိုင်လဲ၊ ကျွန်တော့်သမီးလေး နှိပ်စက်ခံနေ ရပြီထင်တယ်၊ စံက သက်ဆိုင်ရာကို မတိုင်ခင် ပြောလိုက်ပါ'

'ငါတို့မသိဘူး၊ မြို့ပြင်က အင်းတကော်ခြံ တစ်နေရာပဲရှိတာ ကွ၊ မင်းမိန်းမကို တားထားစမ်း ကိုကိုညို၊ ငါတို့ စဉ်းစားမယ်၊ သား ဘယ်ကိုသွားနိုင်လဲဆိုတာ'

'အစ်ကိုကြီး အမြန်လိုက်လာခဲ့ပါ၊ ကျွန်တော့်သမီးလေး ရေတိမ် မှာ အနစ်မခံနိုင်ဘူး'

'ငါ့သားနဲ့ လက်ထပ်ဖို့ ဒီလောက်အထိတောင် ကြောက်နေ ကြတာပါလား ကိုကိုညို၊ မင်းရော လွတ်မယ်ထင်လား၊ ငါ့သား တစ်ခုခုဖြစ်လို့ကတော့ မင်း ထောင်ထဲရောက်ပြီ၊ မင်းဇနီးရော၊ မင်း သမီးရော ဒုက္ခကောင်းကောင်းတွေ့ပြီမှတ်'





'နောက်မှ အစ်ကိုကြီးကြိုက်သလိုလုပ်ပါ၊ အရေးကြီးတာက ကျွန်တော့်သမီးလေးကို ကယ်တင်ဖို့ပဲ၊ စံက နောက်ထပ်နာရီဝက်ဆိုရင် သက်ဆိုင်ရာကို တိုင်တော့မယ်'

'မင်း တားထားစမ်း ကိုကိုညို၊ ငါရှာမယ်၊ သက်ဆိုင်ရာကို မတိုင်အောင် အချိန်မီတားပေးပါ'

ဦးကိုကိုညို ဆက်ပြီးမပြောနိုင်တော့သဖြင့် အဓိပတိကိုပဲ ဖုန်း ဆက်နိုင်းရသည်။

'အန်တီစံ လောလောဆယ် သက်ဆိုင်ရာကို မတိုင်ပါနဲ့ဦး၊ သုန္ဒရီကို တွေ့တော့မယ်၊ ဦးနောင်လတ်တို့လည်း ကူညီပါတယ်'

'မဖြစ်ဘူးနော်၊ ဒင်းတို့က လူယုတ်မာတွေ၊ အကြံပက်စက်တယ်၊ ငါ့သမီးလေး ဘာဖြစ်နေပြီလဲ အဓိပတိ'

'ဒီလောက်ကြီး စိတ်မပူပါနဲ့ အန်တီစံ၊ ဘယ်ကိုမှ မတိုင်ပါနဲ့ဦး၊ အားလုံးရှုပ်ကုန်လိမ့်မယ် ခဏလေး'

'မင်းအန်ကယ်ညိုရော'

'ရှိတယ်၊ ဦးနောင်လတ်နဲ့ စကားပြောပြီး အန်ကယ်ညိုလည်း စိတ်လှုပ်ရှားလွန်းလို့ စကားတောင်မပြောနိုင်တော့ဘူး၊ သုန္ဒရီအတွက် မပူပါနဲ့'

အဓိပတိ ဖုန်းဆက်၍ တော်တော်လေးဖျောင်းဖျပြောဆိုလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အန်ကယ်ညိုလည်း မောနေ၏။ အသက်ဝအောင်ပင် ပြင်းပြင်း ရှူနေရ၏။ ကားထဲကနေ နှလုံးငြိမ်ဆေးကို ငုံထားခိုင်းလိုက်ရသည်။

'စိတ်ကိုထိန်းပါ အန်ကယ်ညို၊ နောက်ဆုံးကျတော့လည်း ဘာ တတ်နိုင်မှာလဲ၊ ကံကြမ္မာအရလို့ပဲ သတ်မှတ်ပါ၊ ကံသာက သုန္ဒရီ့ အပေါ် ချစ်ပြီးပေါက်ကွဲနေတာပါ၊ ဒီလောက်အထိ မရက်စက်နိုင်ပါ ဘူး'

ပြောသာပြောနေရသည် စိတ်တည်ငြိမ်လွန်းတဲ့ အဓိပတိပင် ရင်တွေပူလောင်ပြင်းပြစွာ တုန်လှုပ်နေရသည်။ သုန္ဒရီရယ် မင်းကို ကယ်တင်နိုင်ပါ့မလား။ မင်း ကံကောင်းပါစေ။ အဓိပတိ ဆုတောင်း ပေးနေဖို့ပဲ တတ်နိုင်တာမျိုး ဖြစ်နေလေသည်။

☺



(၂၀)

'သုန္ဒရီ··· နင်က အဓိပတိဆီ သတင်းပို့နေတာပေါ့ ဟုတ် သား၊ နင့်စိတ်တတ်ကို သိရပြီပဲ၊ ကံသာ့ဒေါသကို နင်သိပါတယ်၊ ဟား··· ဟား··· ဟား'

နင်လုပ်ချင်တာလုပ်တော့ ကံသာ။ ဟုတ်တယ်။ နင့်ကို ငါ ဘယ်တုန်းကမှ သံယောဇဉ်မတွယ်ခဲ့ဘူး။ နင့်အကျင့်စရိုက်တွေကို ငါ အမြဲတမ်းရွံတယ်။ နင်က သည်းခံသလိုလို၊ အနွံတာခံသလိုလိုနဲ့ အငြိုးအတေးကြီးတဲ့ကောင်ပဲ။ သူမ ဘာမှမပြောတော့။ ကံသာ့မျက်လုံး တွေထဲမှာ ဒေါသတွေ တောက်နေသည်။

'ဒီတစ်ခါတော့ နင့်ကို လုံးဝခွင့်မလွှတ်တော့ဘူး သုန္ဒရီ၊ ကံသာ့အကြောင်း ကောင်းကောင်းသိစေရမယ်'

'နင်ကြိုက်သလိုလုပ်ပါ ကံသာ၊ နင်တို့မိသားစုက ငါတို့မိသားစု အပေါ် ဒုက္ခပေးဖို့ နှစ်ပေါင်းများစွာ ကြံစည်နေခဲ့ကြတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'နင့်ကိုလည်း အပိုင်သိမ်းမယ်၊ နင့်အဖေလည်း ထောင်ထဲဝင်ရမယ်၊ ဟား… ဟား… ဟား အရသာရှိလိုက်တာ၊ ကျေးဇူးကန်းတဲ့လူတွေ တစ်မိသားစုလုံး ဒုက္ခရောက်စေရမယ်'

မထူးတော့ဘူး… သုနန္ဒရီကို တစ်နေရာခေါ်သွားဖို့ ကံသာ ဆုံးဖြတ်လိုက်သည်။ ဒက်ဒီ့ဆီက ဖုန်းလာ၏။ သုနန္ဒရီကို ပြန်ခေါ်လာခဲ့တဲ့။ မဖြစ်နိုင်ဘူး။ ဦးကိုကိုညို ထောင်ကျဖို့ထက် သုနန္ဒရီကို အပိုင်သိမ်းဖို့ အရေးကြီးတယ်။ သုနန္ဒရီဘဝ စုတ်ပြတ်သတ်သွားစေရမယ်။ သူဖုန်းကို ပိတ်ထားလိုက်သည်။

'သွားကြမယ်၊ နင့်ကို ဘယ်တော့မှ ပြန်မပို့ဘူး၊ ဘာပဲဖြစ်ဖြစ်ဟာ၊ နင်ကတော့ ငါ့လက်ထဲမှာပဲ ဘဝကို နိဂုံးချုပ်ရမယ်၊ ငါ့ရဲ့ ညှင်းပန်းနှိပ်စက်မှုတွေအောက်မှာလေ'

'အရူးကောင်'

'ဖြန်း'

'ခွေး'

'ဖြန်း… ဖြန်း'

ဖေဖေ… သမီး သေပစ်ဖို့ပဲ ဆုံးဖြတ်လိုက်ပြီ။ ကံသာလိုကောင်မျိုးရဲ့ တစ်သက်လုံး ညှင်းပန်းနှိပ်စက်နေတာတော့ မခံနိုင်ဘူး။ သူတို့မိသားစုလည်း ကံသာ့ကို ဆုံးရှုံးစေရမယ်။





သုနန္ဒရီ့ရင်ထဲမှာ နာကျည်းမုန်းတီးမှုတွေနှင့် ပြည့်နှက်နေလေသည်။ ကံသာက ကားကို အရှိန်မြှင့်ကာ မောင်းနေ၏။ သုနန္ဒရီ ဘယ်လိုလုပ်ပစ်ရမလဲဆိုတာ စဉ်းစားနေသည်။

'နင် ကားကို တစ်ခုခုလုပ်ဖို့တော့ မကြိုးစားနဲ့နော် သုနန္ဒရီ၊ ငါ အသေမခံနိုင်ဘူး၊ နင့်ကိုလည်း အသေမခံနိုင်ဘူး၊ တစ်ခုတော့ရှိတယ်နော်၊ နင် တောင်းပန်လိုက်လေ၊ အနူးအညွတ်ပေါ့၊ ငါ ခွင့်လွှတ်ဖို့ စဉ်းစားမယ်'

'နင့်လိုကောင်မျိုးကို ငါ ဘယ်တော့မှ မတောင်းပန်နိုင်ဘူး ကံသာ၊ လုပ်ချင်တာလုပ်'

'ကြိုက်တယ်၊ အဲဒီမာနကို ကြိုက်တယ်၊ ကံသာ့လိုကောင်ကို အပြတ်စိန်ခေါ်လိုက်တာပဲ'

သုနန္ဒရီ မျက်ဝန်းတွေကို ပိတ်ပစ်လိုက်သည်။ အန္တရာယ်တစ်ခုခုနှင့်တော့ ရင်ဆိုင်ကြုံတွေ့ရတော့မယ်ဆိုတာ သုနန္ဒရီ သိနေ၏။ ဖြစ်ချင်ရာဖြစ်တော့။ ဖေဖေနဲ့မေမေကို သမီးကန်တော့ပါတယ်။ သမီး ဘယ်လိုမှ မကူညီနိုင်တော့ဘူး။ အဓိပတိရယ် နင်နဲ့ရော ဘာဖြစ်လို့ လာပြီးတွေ့ဆုံကြရတာလဲ။ အဓိပတိကြောင့် မဟုတ်ပါဘူး။ သုနန္ဒရီ့ကြောင့်ပါပဲ။ အဓိပတိကိုသာ သုနန္ဒရီ မချစ်ခဲ့ဘူးဆိုရင် ဒီလိုပြဿနာတွေ ဖြစ်လာနိုင်စရာ အကြောင်းမှမရှိတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ခဲ့ပါတယ် အဓိပတိရယ်။ ကံကြမ္မာအတိုင်းပဲလေး

ကားလေးက လေအဟုန်ကိုခွင်းပြီး ပြေးနေသည်။

'နင် အဓိပတိဆိုတဲ့ကောင်အကြောင်းတွေ စဉ်းစားနေတာ မဟုတ်လား၊ နင့်ရင်ထဲမှာ ဘာပဲရှိရှိ နင့်ခန္ဓာကိုယ်ကတော့ ကံသာ ပိုင်ဆိုင်စေရမယ်၊ ဟား... ဟား... ဟား'

အခုလောက်ဆိုရင် ကံသာ့နောက် ရဲတွေလိုက်နေပြီဆိုတာ သူ သိသည်။ ဒက်ဒီက နောက်ထပ်နာရီဝက်လောက်အတွင်းမှာ သုန္ဒရီ မိဘတွေက ရဲကိုတိုင်ကြတော့မယ်တဲ့။ ဒက်ဒီက သုန္ဒရီကို ပြန်ခေါ် ဖို့ပြောပေမယ့် သူက လက်မခံနိုင်။ နောက်ထပ် သုန္ဒရီနှင့် ဘယ်လို ပေါင်းဆုံဖို့မလွယ်တော့ဘူးဆိုတာ သူ သဘောပေါက်နားလည်ထား ဖြစ်၏။

နင့်ကို ငါနဲ့အတူတူ ကမ္ဘာကြီးရဲ့အပြင်ဘက်အထိ ခေါ်သွား မယ် သုန္ဒရီ။ ကံသာ နှုတ်ခမ်းတွေကို တင်းကြပ်စွာ စေ့ကပ်ထား သည်။

'ဝေါ... ဝေါ'

'ဝေါ...'

'ဝုန်း... ဒိုင်း'

'ကျွီ... ကျွီ'



'အား...'

ကားလေးက လေထဲမှာ အရှိန်နှင့် ထိုးခွင်းမောင်းလာ၍ အရှိန် လွန်ပြီး လမ်းဘေးမှသစ်ပင်ကြီးကို ဝင်တိုက်မိသွားတာပဲ သုန္ဒရီ သိလိုက်ပြီး သူမအမြင်အာရုံတွေထဲမှာ အမှောင်ထုတွေက အထပ်လိုက် ပြိုကျလာလေသည်။

'သုန္ဒရီ... ဘယ်မှာလဲဟင်... မင်း ဘယ်မှာလဲ သုန္ဒရီ၊ ရဲတွေ... ရဲတွေ... ငါ့နောက်ကို လိုက်လာနေပြီ... သုန္ဒရီ'

သားရဲ့အော်ဟစ်သံကြောင့် ဦးနောင်လတ်နှင့် ဒေါ်သွေးရှင်တို့ ဝမ်းသာအားရနှင့် သားလက်ကလေးကို ဆုပ်ကိုင်ထားမိသည်။

'သား... သတိရလာပြီလား၊ ဒက်ဒီနဲ့မာမီပါ၊ ရဲတွေမဟုတ်ပါ ဘူး'

'ရဲတွေ... ရဲတွေ... နောက်ကလိုက်နေတယ်၊ သုန္ဒရီရော၊ ငါ့လက်ထဲကနေ သုန္ဒရီကို ဘယ်တော့မှ လုယူဖို့မကြိုးစားနဲ့ အဓိပတိ၊ မင်းကို အသေသတ်ပစ်မယ်... အား'

'သား သတိထားပါကွယ်၊ ဒက်ဒီနဲ့မာမီပါ၊ အခု ဆေးရုံရောက် နေတယ်... သား'

သားကတော့ မိမိတို့နှစ်ယောက်လုံးကို မမှတ်မိတော့ပေ။ ဒဏ် ရာတွေများစွာဖြင့် ကယောင်ကတမ်းတွေ အော်ဟစ်နေခြင်းသာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးနောင်လတ် နောင်တတွေကြီးစွာရနေ၏။ တစ်ဦးတည်းသော
သားလေး ဆုံးရှုံးရတော့မည်။ တစ်ဘက်မှာ ရွှေသုန္ဒရီလည်း ဒဏ်
တွေနှင့် ကိုကိုညိုတို့ စိတ်သောကတွေ ရောက်နေကြသည်။

'နင်မသေပါနဲ့ သုန္ဒရီရယ်၊ ငါပဲ သေမယ်၊ နင့်မှာအပြစ်
မရှိတာပဲ၊ နင်ချစ်တာ မင်းအမိပတီပဲ၊ နင် သူ့ကိုပဲယူပါ၊ ဒါ
နင် မသေရဘူး'

'သား'

'သားလေးရယ်'

သားကံသာ ကယောင်ကတမ်းတွေပြောပြီး ငြိမ်သက်
သည်။ ဦးနောင်လတ် စိုးရိမ်တကြီးဖြစ်သွားရကာ ဆရာဝန်တွေ
ပြေးခေါ်လိုက်၏။ ဒါပေမဲ့ သားကံသာက ဦးနောင်လတ်တို့
နှုတ်ပင်မဆက်တော့ဘဲ အပြီးအပိုင် ထွက်ခွာသွားပြီဖြစ်လေသည်။

'သား... ကံသာရယ် ဖြစ်မှဖြစ်ရလေ၊ မာမီ ဘယ်လိုပြော
ကွယ်၊ မာမီ မဆုံးမ မသွန်သင်နိုင်ခဲ့လို့ သား အခုလိုဖြစ်ရတာ

ဒေါ်သွေးရှင် သားခန္ဓာကိုယ်လေးအား ပွေ့ဖက်ထား
ကြေကွဲစွာ ငိုကြွေးမိသည်။ ဦးနောင်လတ်လည်း ဘာမှမတတ်နိုင်
မိမိလည်း မှားခဲ့တယ်။

ကိုကိုညိုတို့မိသားစုအပေါ် မကောင်းကြံစည်၍ စီးပွား





လက်ဝါးကြီးအုပ်ထားဖို့ ကြိုးစားကြံစည်ခဲ့သည်။ သားကိုလည်း
သုန္ဒရီအား ကားတင်ပြေးဖို့ မိမိပဲစီစဉ်ပေးခဲ့၏။ ကံကြမ္မာဆိုးတွေကို
ဆီး၍မရတော့။ သားကံသာကို လက်လွှတ်ဆုံးရှုံးလိုက်ရပြီ
ဖြစ်သည်။

'သွေး... စိတ်ကို ဖြေပါကွာ၊ အရာအားလုံး တို့အပြစ်တွေ
ပါပါတယ်၊ ကံကြမ္မာပဲလေ၊ တစ်ဘက်မှာလည်း သုန္ဒရီလေး
ဖြစ်နေပြီလဲမသိဘူးကွာ၊ သုန္ဒရီလေးကိုတော့ မသေစေချင်ပါဘူး၊
ရဲ့ဆန္ဒပဲ'

ဒေါ်သွေးရှင်လည်း နောင်တတွေ ကြီးမားစွာ ရနေမိသည်။
တွေ၊ မာန်မာနတွေကို ဖယ်ထုတ်ပစ်ရတော့မည်ဖြစ်၏။ စိတ်ထား
ကောင်းတဲ့သူတွေရဲ့ နောက်ဆုံးသွားရာလမ်းက မကောင်းနိုင်ဘူးဆို
မိမိမျက်မြင်တွေ့ကြုံလိုက်ရပြီ ဖြစ်လေသည်။

သားအလောင်းကို သယ်ဆောင်ဖို့ သက်ဆိုင်ရာတွေကို ခွင့်ပြု
လိုက်ရ၏။ ပြီးတော့မှ သုန္ဒရီလေးကို သွားတွေ့ဖို့ ဆုံးဖြတ်လိုက်
သည်။ တစ်ဘက်မှာတော့ ရွှေသုန္ဒရီလည်း ဒဏ်ရာတွေ အပြင်းအထန်
ပေမယ့် အသက်အန္တရာယ်မှ မစိုးရိမ်ရတော့။

သို့သော်လည်း သုန္ဒရီ သတိမရခင်မှာပင် ဖခင်ဖြစ်သူ ဦးကိုကို
တော့ နှလုံးရောဂါ အပြင်းအထန်ဖောက်ပြန်၍ အသက်သေဆုံး
ခဲ့ရပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မယောကျ်ားကို သောင်တဲပိုဦးမလို့လား ဦးနောင်လတ်ဘာလာလုပ်ကြတာလဲ၊ ကိုကိုညိုလည်း သေပြီလေ'

'အစ်ကိုကြီးတို့တောင်းပန်ပါတယ်ရွှေ မြသက်စံရယ်၊ တို့လူကြီးတွေလည်း အားလုံးမှားကြပါတယ်၊ မာနတွေ ပြိုင်ဆိုင်ခဲ့ကြတယ်လေ ကလေးတွေနဲ့ အပြိုင်ပဲမဟုတ်လား'

'စံရယ် မမသွေးလည်း တောင်းပန်ပါတယ်ကွယ်၊ ကံသာလည်း ဆုံးသွားပါပြီ'

'ရှင်'

'သုန္ဒရီ အသက်ရှင်ကျန်ရစ်ခဲ့တာပဲ ဝမ်းသာရပါတယ်လေ'

ဒေါ်မြသက်စံလည်း ဆုံးရှုံးနစ်နာမှုတွေနှင့် ရင်ဆိုင်တွေကြုံခဲ့ရသော နောင်တတွေ ရနေသည်။ မိမိ အမြဲတမ်း ကွာရှင်းချင်နေခဲ့သော ခင်ပွန်းကိုကိုညို ဆုံးသွားပြီ။ မိမိတို့ကို စွန့်ခွာသွားခဲ့ပြီ ဖြစ်သည်။

'တို့တွေအားလုံး ပြဿနာတွေကို အေးအေးဆေးဆေး ရှင်းကြမယ်၊ သေတဲ့လူတွေလည်း သေကြပြီပဲ'

သုန္ဒရီလေး သတိမရသေးပေ။ ဒေါ်သွေးရှင် စိတ်မကောင်းကြီးစွာဖြင့် သုန္ဒရီလေးရဲ့ နဖူးမှ ဆံနွယ်လေးများကို ပွတ်သပ်ဖယ်ရှားပေးမိနေသည်။

'သုန္ဒရီလေး ကျန်းမာဖို့ အရေးကြီးတယ် စံ၊ တခြားမုန်းတီးမှုတွေ မေ့ပျောက်ပစ်လိုက်ကြရအောင်'





'ဟုတ်ကဲ့ပါ မမသွေး၊ စံလည်း နောင်တရမိပါတယ်၊ လူကြီးတွေရဲ့ အတ္တကြောင့်လည်း ပြဿနာက ကြီးထွားလာခဲ့ရတာပါ'

'သုန္ဒရီလေးကို ဂရုစိုက်ပါ'

'ဟုတ်ကဲ့'

ဒေါ်သွေးရှင်တို့ပြန်သွားပြီးမှ သမီးလေးသုန္ဒရီ သတိရလာသည်။

'အဓိပတိ… အဓိပတိရောဟင်'

'ရှိတယ် သုန္ဒရီ၊ နင် သတိရပြီလား၊ ငါရှိတယ်'

သုန္ဒရီ သတိရလာသဖြင့် အဓိပတိ ဝမ်းသာအားရနှင့် သုန္ဒရီလက်ကို ဆုပ်ကိုင်ထားမိသည်။ နင် သတိရရချင်း အဓိပတိကို သတိရတာ ဝမ်းသာတယ်။ နင် ဘာမှမဖြစ်တာလည်း ဝမ်းသာတယ်။ ကံသာကတော့ လူ့လောကကြီးထဲကနေ ထွက်ခွာသွားရပြီ။ ကိုယ်စိတ်မကောင်းပါဘူး။

'မေမေနဲ့ မေမေရော'

'ရှိတယ်၊ ခဏလေး အပြင်ထွက်သွားတယ်'

'ကံသာရောဟင်'

'မင်း အနားယူသင့်တယ်၊ ဒဏ်ရာက ပြင်းထန်တာပါ၊ နားသိုက်နော်'



www.burmeseclassic.com

www.burmeseclassic.com



'ကံသာရောလို့ မေးနေတယ်လေ အဓိပတိ၊ ငါ ဘာမှမဖြစ်ပါဘူး ခံနိုင်ရည်ရှိတယ်၊ ပြောပါ'

ကံသာ ဘာဖြစ်သွားလဲ သူမ သိချင်နေသည်။ ဒဏ်ရာက တော့ ပြင်းထန်ပုံပင်။ ကံသာက မျက်နှာချင်းဆိုင်ပဲ။

'သုန္ဒရီ နင်သိပ်ပြီး မတုန်လှုပ်နဲ့နော်၊ ကံသာ့ဒဏ်ရာက ပြင်းတယ်၊ သူ ဆုံးသွားပြီလေ'

'အင်း… ထင်တယ်၊ ကံသာ သိပ်ပြီးအတွယ်ကြီးတယ်၊ ကြောက်စရာကောင်းလောက်အောင် ပေါက်ကွဲခဲ့တာပါ'

'အန်ကယ်နောင်နဲ့ အန်တီသွေးတို့လည်း အရမ်းကိုနောင်တရနေကြတယ်၊ နင့်ကိုတောင် လာကြည့်ကြတယ်'

'ဟုတ်လား'

ကံကြမ္မာတွေက ပြောင်းလဲသွားပြီလားဟင်။ ကံသာက ရဲရဲလိုက်လာပြီထင်တယ်ပြောပြီး ကားကို အရှိန်မြှင့်လိုက်ရာမှ သစ်ပင်ကြီးကို တည့်တည့်ဝင်တိုက်မိသွားသည်။ ကံသာ့အတွက် စိတ်မကောင်းတော့ ဖြစ်မိသည်။

'သမီးလေး သတိရလာပြီလား၊ ဝမ်းသာလိုက်တာကွယ်'

'မေမေ'

'ဟင်'





'မေမေရော၊ အိပ်မက်ထဲမှာ မေမေ့ရှေ့က သမီး [illegible] နေခဲ့တယ်၊ သမီးလေးမေမေ့ကိုပဲ ဂရုစိုက်တဲ့ သမီးကို [illegible] သွားတယ်၊ မေမေရောဟင် သမီးအရမ်းစိတ်ပူတာပဲ'

ဒေါ်မြသက်စံ ဘယ်လိုမှ ထိန်းချုပ်မထားနိုင်တော့တဲ့ [illegible] တွေသာ တလိမ့်လိမ့်ကျဆင်းလာသည်။

'မေမေ ဘာဖြစ်သွားပြီလဲ ပြောပါ'

'သုန္ဒရီ နင့်စိတ်တွေကို ထိန်းချုပ်ပါဟာ၊ အန်ကယ်ညို နင်ကားတိုက်မှုသတင်းကြားကတည်းက မူးလဲသွားတာ ဆုံးသွားရှာပါပြီ'

'ဟင်… မေမေ ဆုံးပြီဟုတ်လား၊ မေမေ့အလောင်းရောဟင် ငါကြည့်ချင်တယ်၊ ရှိသေးတယ်မဟုတ်လား၊ မေမေ သမီးကိုပြပါ'

'မဖြစ်ဘူး သမီး၊ ဆရာဝန်က ခွင့်မပြုဘူး၊ သမီး သွေးလည်း သွင်းနေရတယ်၊ ပိုက်တွေနဲ့ ထလို့လည်း မရဘူး၊ ကံကြမ္မာလို့ပဲ သတ်မှတ်လိုက်ပါတော့ သမီးလေးရယ်'

'မေမေရယ်'

သုန္ဒရီ ဘယ်လိုဖြေရမလဲဟင်။ မေမေ့ကို ကာကွယ်စောင့်ရှောက်ပေးချင်ခဲ့တာပါ။ သမီးကို အရမ်းချစ်တာ အရမ်းနောက်ကျမှ သမီး နားလည်သဘောပေါက်ခဲ့ရပါတယ်။

ကံကြမ္မာအလှည့်အပြောင်းကလည်း ကြောက်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ မမေရယ်။ ဒီညနေပဲ မေမေ့အလောင်းကို သင်္ဂြိုဟ်တော့မယ်တဲ့။ မမေက ပြောပြီးငိုနေ၏။

သူမ စောင့်ရှောက်ပေးရမှာ မမေရှိပါသေးလားဟု အတွေးဝင်လာတော့လည်း ကြေကွဲဝမ်းနည်းမှုတွေ လျော့ပါးသွားရသလိုတော့ ဖြစ်သွားလေသည်။



BURMESE CLASSIC .com

(၂၁)

နှစ်တွေလည်း အရမ်းကြာညောင်းသွားခဲ့လေပြီ ဖြစ်သည်။ အတိတ်က ဖြစ်ရပ်တွေကို မေ့ပျောက်ပစ်ဖို့ ကြိုးစားရင်း မေမေ့ကိုလည်း ပြုစုရင်းနှင့် သူမသည် ဒေါက်တာရွှေသုနှရီ ဖြစ်လာခဲ့ရ၏။

သူမနှင့်အတူတူပင် မင်းအမိပတိလည်း ဒေါက်တာမင်းအမိပတိ ဖြစ်လာခဲ့ရသည်။ ဒါပေမဲ့ သူမတို့နှင့်အတူတူ မနေထိုင်တော့။ သူမရဲ့ဆန္ဒပဲ ဖြစ်၏။

အမိပတိနှင့် ရင်ဆိုင်မိတိုင်း သူမစိတ်တွေ ချောက်ချားနေရ၍ကံသာ့ကိုလည်း အားနာမိနေ၍ အမိပတိနှင့် အဝေးဆုံးမှာနေခဲ့မိသည်။

'သမီးလေး နယ်မှာတာဝန်ကျတော့မယ် တစ်ယောက်တည်းဖြစ်ပါ့မလားကွယ်'

'ဖြစ်ပါတယ် မေမေရယ်၊ သုနှရီ သတ္တိရှိပါတယ်၊ ကလေးမှမဟုတ်တာ၊ စိတ်ချ၊ နောက်မှ မေမေလိုက်ခဲ့လေ၊ မေမေသွေးနဲ့အတူတူ'



www.burmeseclassic.com

www.burmeseclassic.com



'အင်း… လိုက်ခဲ့မယ်၊ မေမေက တစ်ခါတည်းတောင် လိုက်လာချင်တာပါ၊ ကျန်းမာရေးမကောင်းလို့၊ သမီးကို ဘယ်သူလိုက်ပို့ပေးမှာလဲ၊ မေမေသွေးထင်တယ်'

'ဟုတ်တယ် သမီးကို လာခေါ်မှာ၊ မေမေ့ကို သမီးကန်တော့ခဲ့ပါတယ်၊ မေမေ နေကောင်းအောင် လုပ်နော်၊ တကယ်ပါပဲ သမီးသွားရပါမယ်ဆိုမှ'

'အေးကွယ် အချိန်ကိုက်ပဲ'

'သမီးအတွက် မပူနဲ့နော်၊ မေမေဖျားနေတာပဲ ဂရုစိုက်၊ သမီးသွားတောင် မသွားချင်တော့ဘူး'

'မေမေ့အတွက်လည်း စိတ်မပူပါနဲ့၊ ရိုးရိုးဖျားတာပါ၊ တစ်ပတ်အတွင်း မေမေလိုက်လာမှာပါကွယ်'

'ကောင်းပါပြီ မေမေ၊ သမီးသွားပြီနော်၊ ဟော… မေမေသွေးကားနဲ့ရောက်လာပြီ ထင်တယ်'

သုနန္ဒရီကို ဒေါ်ဒေါ်ထားက ခြံထဲအထိ လိုက်ပို့ပေးသည်။ လောကကြီးက အခုလိုကျတော့လည်း တစ်ချိန်က ဘာမှမဖြစ်ခဲ့ကြသလို အေးချမ်းနေ၏။ မေမေသွေးက ကြင်နာစွာဖေးမ၍ ကားထဲဝင်စေသည်။

'သမီးလေး သုနန္ဒရီ ကားပေါ်တက်လေ၊ မေမေသွေး လိုက်ပို့





ပေးမယ်၊ နယ်စပ်မြို့လေးကိုရောက်ဖို့အထိတော့ ကားနဲ့တစ်ယောက် လိုက်ပို့ပေးလိမ့်မယ်'

'ရှင်… သုနန္ဒရီ အဝေးပြေးယာဉ်နဲ့ သွားမယ်လေ၊ ဘယ်သူက လိုက်ပို့ပေးမှာလဲ'

'အဝေးပြေးကားနဲ့ စိတ်မချလို့တဲ့၊ လမ်းလည်းကြဲနေတယ်လေ၊ မေမေသွေးလည်း စိတ်ချလို့ပါ၊ သူကလည်း သမီးလေးသွားမယ့်နယ်ကို တာဝန်ကျတာပဲ၊ သွားကြရအောင်၊ လမ်းကနေ စောင့်နေလိမ့်မယ်'

သုနန္ဒရီကတော့ တစ်ယောက်တည်းနေထိုင်ရဟာကို နှစ်သက်သည်။ တစ်ခါတစ်ရံ အဓိပတိကို သတိရတာမ်းတမိပေမယ့် ကင်းရှင်းအောင်ပဲ နေခဲ့၏။ လူကြီးတွေ စိတ်ဒုက္ခမရစေချင်လို့ပါ။

သူမကို မေမေသွေးက လမ်းတစ်ဝက်တွင် ရပ်ပေးပြီး စောင့်နေဖို့ပြောရင်း သမီးလေးသုနန္ဒရီ ပျော်ရွှင်ပါစေတဲ့။ သူမ ခပ်ကြောင်ကြောင်ဖြင့် ရပ်နေမိသည်။

ထိုအချိန်တွင် သူမနားသို့ ကားတစ်စီးထိုးရပ်ပြီး သူမကို လာကြိုတဲ့ကားပဲ ဖြစ်နိုင်၏။ သူမ လှမ်းကြည့်မိတော့ ကားပေါ်မှ ဆင်းလာတဲ့သူက မင်းအဓိပတိဖြစ်နေသည်။

'ဟင်… နင်… မင်းအဓိပတိ ဘာလာလုပ်တာလဲ'

'နင့်ကို လာခေါ်တာလေ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာပြောတယ်'

'မေမေသွေး မပြောဘူးလား၊ ဒေါက်တာမင်းအဓိပတိနဲ့ တစ်နယ်တည်း တာဝန်ကျတယ်လို့'

'ဟင်'

မေမေသွေးပြောတာ နင်လား အဓိပတိ။ ငါမစဉ်းစားမိဘူး ကြည့်စမ်း။ မေမေသွေးစိတ်ထဲမှာ နင့်ကိုမုန်းနေမယ် ထင်တာပါ။ အဓိပတိရယ်။ သူမ ပျော်သွားပေမယ့် မျက်နှာလေးကို တည်ထားသည်။

'နင်နဲ့ဘယ်လိုဖြစ်လို့ တစ်မြို့တည်း ကျရတာလဲ အဓိပတိ။ စိတ်ပျက်တယ်၊ မလိုပါဘူး၊ ငါ အဝေးပြေးကားနဲ့ပဲ သွားမယ်၊ နင်ဟာ နင် သွားပါဟာ'

'သုန္ဒရီ'

အဓိပတိ အချိန်တွေ စောင့်လာခဲ့ရတာ အရမ်းကိုကြာသွား၍ အခုအချိန်မှာတော့ တစ်နာရီ တစ်စက္ကန့်မျှပင် မစောင့်နိုင်တော့ပါဘူး။ သုန္ဒရီလက်လေးကို ဆွဲယူ၍ သူ့ကားထဲ ဝင်ထိုင်စေသည်။

'ဘာလုပ်တာလဲ အဓိပတိ၊ တို့နှစ်ယောက် ဝေးအောင်နေကြရင် ကောင်းမယ်၊ အထူးသဖြင့် မေမေသွေး စိတ်မကောင်းဖြစ်အောင် သုန္ဒရီ မလုပ်ချင်လို့ပါ'





'မေမေသွေးကိုယ်တိုင် အဓိပတိကို လာရှာပြီး နင့်ကိုအပ်တာဟ၊ တစ်မြို့တည်းကျအောင်လည်း မေမေသွေးပဲ လျှောက်ခိုင်းတာပါ၊ မေမေသွေးက အဓိပတိကို သားတစ်ယောက်လို သတ်မှတ်ထားတယ်တဲ့၊ မင်းလို ထူးချွန်ထက်မြက်တဲ့ယောကျ်ားလေးတစ်ယောက်က ရွှေသုန္ဒရီလို လိမ်မာရေးခြားရှိတဲ့ မိန်းကလေးနဲ့ လိုက်ဖက်ပါတယ်တဲ့၊ ပညာတွေလည်း စုံနေကြပြီမို့ စဉ်းစားမနေကြတော့ဘဲ လက်ထပ်ကြတော့တဲ့လေ'

အဓိပတိအပြောတွေက သူမနှလုံးသားထဲအထိ အပျော်တွေအဖြစ် တိုးဝင်စီးဆင်းသွားသည်။ ရှက်လိုက်တာ။

သူမက မေမေသွေးကို စိတ်ထိခိုက်ကြေကွဲမှုတွေ မခံစားစေချင်လို့ပါနော်။ အခုတော့ မေမေသွေးကိုယ်တိုင်က အဓိပတိနှင့် စည်ကြည်ပြုံးပြုံး သဘောတူလက်ခံနေပြီ ဖြစ်သည်။

'မင်းရင်ထဲမှာ ကဲသာရှိနေသေးလို့လား သုန္ဒရီ၊ ကိုယ့်ကို အားမနာပါနဲ့ကွာ၊ ကိုယ်နားလည်နိုင်ပါတယ်'

'တကယ်တမ်း ဝန်ခံရရင်တော့ သုန္ဒရီရင်ထဲမှာ အဓိပတိပဲ ရှိနေတာပါ၊ မေမေသွေးလည်း သားဆုံးရှုံးခဲ့ရလို့ စိတ်ထိခိုက်ရမှာမျိုး မဖြစ်စေချင်လို့ပါ အဓိပတိရယ်'

'အခု မေမေသွေးကိုယ်တိုင်က ကိုယ်နဲ့သဘောတူကြည်ဖြူ



www.burmeseclassic.com

www.burmeseclassic.com



တာပါ သုနန္ဒရိရယ်၊ ဘယ်လိုမှ မင်းနဲ့အဝေးဆုံးမှာ မနေနိုင်ဘူး၊ ကိုယ့်အပေါ် စိမ်းကားမနေပါနဲ့တော့'

အမိပတိနဲ့လည်း သုနန္ဒရိ အဝေးဆုံးမှာ မနေနိုင်တော့ပါဘူးမောင်။ မေမေကလည်း သုနန္ဒရီအား အမိပတိနှင့် စိမ်းစိမ်းကြီး မနေဖို့ပြောဆိုနေခဲ့သည်။ သုနန္ဒရီ ဟန်မဆောင်ချင်တော့ပေ။ သူမရဲ့ ပန်းလေးကို ယူလာတဲ့ အမိပတိရဲ့လက်တွေကို ဖယ်ရှားမပစ်တော့ဘဲ သူ့ရင်ခွင်မှာ အလိုက်သင့်လေး တိုးဝင်မှီတွယ်လိုက်လေတော့သည်။

☺

BURMESE CLASSIC .com

သင်မြတ်နိုး

နိုးဝင်းမြင့်မောင်

www.burmeseclassic.com